www.burmeseclassic.com

တောခွေးမ၊ အောက်ချင်းငှက်၊ လင်းတ၊ ကတိုး
ဇီဝိုး၊ လင်းနို့၊ ဥသြ၊ ခွေးအ၊ ဒီပိုး၊ သင်းခွေချပ်
လိပ်၊ ဝင်ကျွပ်၊ ခွေး၊ ရွှန်ရဲ စသည့် တိရစ္ဆာန်တို့၏
စိတ်ဝင်စားဖွယ် ဓလေ့ သဘာဝ အလေ့အထများကို
သည်းထိတ်ရင်ဖို ရသမြောက်ရေးဖွဲ့ထားသည့်
ဝတ္ထုတိုများ

BURMESE CLASSIC .com



# မိုးကျော့

# မီးလောင်မြေနှင့် အခြားဝတ္ထုတိုများ

cover illustration and
design by Zaw Mong.2003

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | **ဒို့အရေး** | **တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ။** |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | **ဒို့အရေး** | **တပ်မတော် ဖြိုခွဲမည့်အကြံ ဒို့လက်မခံ။** |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | **ဒို့အရေး** | **ဘယ်သူခွဲခွဲ ဒို့မခွဲ အမြဲစည်းလုံးမည်။** |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ကိုးတိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

ဓဒပေလောကာ

www.burmeseclassic.com

စာပေလောကစာအုပ် အမှတ် ၃၄၁

# ဖိုးကျော့

# မီးလောင်မြေ

# နှင့်

# အခြားဝတ္ထုတိုများ

စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
[ ဖုန်း - ၂၈၃၁၆၆ ]
e-mail : splkygn@mptmail.net.mm

www.burmeseclassic.com

**စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ်**
[ ၁၁၂၆/၂၀၀၂ (၈) ]
**စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ်**
[ ၁၁၄၈/၂၀၀၃ (၁၂) ]

**မျက်နှာဖုံး**
မော်မောင်

---

**ပုံနှိပ်ခြင်း**
ပထမအကြိမ်
(၁၀၀၀)

---

**ထုတ်ဝေခြင်း**
ဇန်နဝါရီ၊ ၂၀၀၃

---

**စာအုပ်ချုပ်**
မူ-ပွင့်ဖွေး

ဦးတင့်ဆွေ (၃၈၂၃)၊ သော်တာစာပေ
အမှတ် ၆၀၂၊ သုမင်္ဂလာလမ်း၊ မြောက်ဥက္ကလာ
ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၈၇၈)၊ စာပေလောကပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများ ပုံနှိပ်သည်။

**[ တစ်အုပ် ၇၀၀ ကျပ် ]**

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | နှလုံးသားမီးလောင်မြေ | ၁ |
| ၂။ | သစ္စာမပျက် အချစ်ငှက် | ၂၉ |
| ၃။ | လေကိုစား၍ ကြီးထွားလာကြသူများ | ၃၆ |
| ၄။ | အထီးကျန် ကန္တာရကိုဖြတ်၍ | ၄၆ |
| ၅။ | အန္တိမ၏ ကာလနောက်ဆုံးမှာ | ၇၉ |
| ၆။ | အမှောင်ထဲက သူတို့ကမ္ဘာ | ၈၂ |
| ၇။ | လွမ်းချင်းသီဖွဲ့ သူ ဆို၏ | ၉၂ |
| ၈။ | လူတို့၏ ဝန်းကျင်၌သာ | ၁၀၀ |
| ၉။ | ကိုယ့်သေတွင်း ကိုယ်တူးလာသူ | ၁၄၀ |
| ၁၀။ | တန်ခိုးရှင်နှင့် အကြင်လူသား | ၁၄၇ |
| ၁၁။ | မိခင်စိတ် | ၁၅၈ |
| ၁၂။ | ကိုယ်အငှားနဲ့ သူ့ခန္ဓာ | ၁၆၇ |
| ၁၃။ | သစ္စာဖောက် | ၁၇၆ |
| ၁၄။ | တိုက်ပွဲဖော်တို့၏ ဘဝခရီး | ၁၈၃ |
| —။ | စာရေးသူ၏ စာပေနှင့် ဘဝဖြစ်စဉ် မှတ်တမ်း | ၂၁၃ |

www.burmeseclassic.com

# နှလုံးသား မီးလောင်မြေ

တိတ်ဆိတ်နေသော သားရဲတွင်းထဲတွင် သားသမီးများ၏ အိပ်မောကျ အသက်ရှူသံကို မှန်မှန်ကြားနေရသည်။ ဝမ်းဗိုက်၏ ဆာလောင်မွတ်သိပ်မှုက သားကောင်ထွက်လိုက်ရန် သူ့ကို စေ့ဆော်နေသည်။ အိပ်မောကျနေကြသော သားသမီးငါးကောင်ကို သူ တစ်ချက် စွေကြည့်လိုက်၏။ ကျိုးကျိုးကျဲကျဲ မွေးနုများနှင့် တစ်ကောင်ပေါ်တစ်ကောင် တိုးခွေ့အိပ်နေကြသော ကလေးများကို မြင်ရချိန်မှာ သူ့ဝမ်းဗိုက်က ပို၍ ဆာလောင်လာသည်။ သားသမီးငါးကောင်၏ နို့ဆွဲထားမှုကြောင့် သူ့မှာ ပို၍ နွမ်းဖတ်ကြုံလှီနေသည်။

ညင်သာစွာထ၏။ သမ်းဝေခြင်းနှင့်အတူ ပျင်းကြောတစ်ချက် ဆန့်လိုက်၏။ တောင့်တင်းနေသော ကိုယ်အင်္ဂါအစိတ်အပိုင်းများအားလုံး နိုးထလာသည်။ စတင်လှုပ်ရှားရတော့မည်ကို သဘာဝကအသိပေးလာသည်။ သားရဲတွင်းပေါ် သွက်လက်စွာ သူ တက်လာသည်။

သည်နှစ် နှောင်းဝသန္တ၏ ပါးလျားလွင့်ပြေသွားကြသော နှင်းစက်ပွင့်များကို သူ ကောင်းစွာ သတိမထားနိုင်ခဲ့။ ရက်ပေါင်းများစွာ စိုစွတ်ထိုင်းမှိုင်းနေခဲ့သော သားရဲတွင်း နှုတ်ခမ်းဝများ ခြောက်သွေ့လာသည်ကို ယခုမှ သတိပြုမိသွားသည်။

သားရဲတွင်း နှုတ်ခမ်းဝတွင် ရှေ့လက်နှစ်ချောင်းပေါ် မေးတင်ကာ ဟေမန္တ၏ ကြမ်းရှအေးစိမ့်လာတော့မည့် ဆောင်းသရုပ်ကို တွေးမိသွားသည်။ ဆောင်းသမယသည် သူ့အတွက် အစာအာဟာရ ရှာဖွေ၍ကောင်းသော သမယမဟုတ်။ သူ လိုက်လာသောသားကောင်သည် ဆောင်းသမယ၌ အမောခံနိုင်သည်။ စမ်းအိုင်ချောင်းပေါက်တို့မှာလည်း မခန်းခြောက်သေးသဖြင့် ပြေးရင်းလွှားရင်း အမောပြေ ရေတစ်စက်တစ်ပေါက်ကို သောက်သွား၍ရသည်။ မောပန်းလာသော သက်ရှိတို့အတွက် ရေသည်ကြီးမားသော အင်အားကို ဖြစ်စေသည်။

ထို့ကြောင့် သူတို့အတွက် သားကောင်လိုက်ကောင်းသော၊ သားကောင် ရလွယ်သော ရာသီမှာ စမ်းဖျားစမ်းပေါက်များ၌ ရေခန်းခြောက်နေသော ဂိမ္ဟသမယ နွေရင့်ရက်ကာလများသာ ဖြစ်သည်။ မိုးနှင့်ဆောင်းတွင် သားကောင်လိုက်၍၊ သားကောင်ဖမ်း၍ မကောင်း။ ရေရှားသော နွေကာလတွင်သာ သားကောင်များအမောလွယ်၍ အချိန်တိုတိုအတွင်း ဖမ်းမိတတ်ကြ သည်။ သူတို့အတွက်မှာမူ သားကောင်လိုက်နေသူများအားလုံး အမောပြေ ရေကို သယ်လာပေးသူ သီးသန့်အုပ်ထဲပါလာသဖြင့် အဝအလင် မဟုတ်သော်လည်း အမောပြေရေကိုတော့ လျက်သောက်ကြရသည်။

သူသည် သားရဲတွင်းနှုတ်ခမ်းဝတွင် လက်နှစ်ချောင်းပေါ် မေးတင်ရင်း၊ သားကောင်လိုက်ရန်စဉ်းစားရင်းက အဖော်များကို သတိရလာပြန်သည်။ သူ ပျိုရွယ်စဉ်က တက်တက်ကြွကြွ သားကောင်လိုက်ခဲ့ကြရသည်ကို လွမ်းဆွတ် တ သ လာသည်။ သို့သော် ယခုမူ သူတစ်ကောင်တည်း။ သူနှင့်တကွ သားသမီးငါးကောင်၏ အသက်ဇီဝသည် သူတစ်ဦးတည်းအပေါ်၌သာ တည်နေသည်။

သူသည် အဖော်များနှင့် ခွဲခွာလာခဲ့ရသည်များကိုလည်း လွမ်းလွမ်းတတ သတိရမိလိုက်ပြန်သည်။ အထူးသဖြင့် ဝမ်းဗိုက်က အစာအာဟာရ တောင့်တလာချိန်မှာ အဖော်များကို ပို၍ သတိရတတ်သည်။ အဖော်များနှင့်

တပျော်တပါး သားကောင်လိုက်ခဲ့ကြရသော ကုန်လွန်ရက်များကို ပြန်၍ မြင်ယောင်လာမိသည်။ တမ်းတမ်းတတ ဖြစ်လာသည်။

မခွဲမဖြစ်၍ အဖော်များကို ခွဲခွာလာခဲ့ရသော်လည်း သူကား အဖော်များကို တစ်နေ့မှမမေ့။ သားသမီးဇောကြောင့်သာ ခွဲခွာလာခဲ့ရသော်လည်း အခြေအနေအရ တစ်နေ့တော့ အဖော်များနှင့် ပြန်လည်ပေါင်းစည်းရန်ကို သူ မျှော်လင့်ထားသည်။ ယခုမူ သူ့ သားသမီးတွေက ငယ်သေးသည်။ ရက်သားကလေးတွေသာ ရှိသေးသည်။ အဖော်များရှိရာကို ဘယ်လိုမှ သွားပူးပေါင်း၍ မဖြစ်နိုင်သေး။ ယခုအချိန်တွင် သူ့အဖော်များရှိရာသွားပြီး ပူးပေါင်းမည်ဆိုပါက သင်းအုပ်ကြီးမှသည် အရွယ်ရောက်စ အထီး အမ ငယ်လေးများပါမကျန် သူတို့မိသားစုကို ဝမ်းပန်းတသာ ကြိုဆိုကြမည်။ သို့သော် မကြာမီ ရက်ပိုင်းအတွင်းမှာပင် သူ့သားသမီးများသည် လက်သည် မပေါ်ဘဲ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြမည်ကို သူ သိသည်။ ထို့ကြောင့်လည်း သူ့အဖော်များဆီသွားရန် အချိန်အခါ မရောက်သေးသည်ကို သူ ကောင်းစွာသိထားလေသည်။

ယခုနေခါမူ သူ့အဖော်များရှိရာ သွားပူးပေါင်းရန်ကို မဆိုထားနှင့် သူတို့ မိသားစု၏ သားရဲတွင်းရှိရာကိုပင် သူ့အဖော်များသိသွားမှာ စိုးရိမ် ထိတ်လန့် နေနေရသည်။ သားရဲတွင်းအသစ်ကို သူ့အဖော်များ မသိ မရိပ်မိအောင် သူသည်လနှင့်ချီ၍ တိတ်တဆိတ်လှုပ်ရှားခဲ့ရသည်။ သူ့အဖော် များနှင့် သားကောင်အတူလိုက်နေရင်းမှ လည်းကောင်း၊ သားရဲတွင်းမှ လည်းကောင်း သူသည် တိတ်တဆိတ်ထွက်ကာ သားရဲတွင်းအသစ်တစ်တွင်း ကို ရှာဖွေတူးဖောက်ခဲ့ရသည်။ ဤသည်ကို အဖော်များကလည်း သိသည်။ သို့သော် ဤသည်မှာ သဘာဝနှင့် သင်းအုပ်ကြီးကို ကြောက်ရွံ့ကြသဖြင့် မသိလိုက် မသိဘာသာ နေနေကြသည်။

အထီးသော်လည်းကောင်း၊ အမသော်လည်းကောင်း ကောက်ကျစ် စဉ်းလဲတတ်သော တစ်ကောင်တလေကမူ သူ၏ အမူအရာနှင့် သားရဲတွင်း

အသစ်ရှာလုပ်နေခြင်းကို နောက်ယောင်ခံ ချောင်းမြောင်းကြသည်။ နေရာသိရန် ကြိုးစားကြသည်။ သူတို့ထဲတွင် အထီးသည်လည်းကောင်း၊ အမသည်လည်းကောင်း ဤသို့ ကောက်ကျစ်စဉ်းလဲသည့် စုန်းပြူးတစ်ကောင်တလေတော့ ပါတတ်စမြဲပင်။

ထိုကောက်ကျစ်စဉ်းလဲသူ တစ်ကောင်ကောင်သည် သူ မွေးပေါက်လာမည့် သားသမီးများကို စားသောက်နိုင်ရန်အတွက် ကြိုတင်လိုက်ချောင်းထားခြင်း ဖြစ်သည်။ အကယ်၍ ရာသီဥတုကြမ်းတမ်းသောနှစ်၊ သားကောင်လိုက်မရလောက်အောင် သရောကြီးခိုင်းသော နှစ်များဆိုလျှင် သူတို့သည် ကလေးများကိုသာမက အချင်းချင်းပင် ကြီးနိုင်ငယ်ညှဉ်း ကိုက်သတ်စားတတ်ကြသည်။ ထို့ကြောင့်လည်း သူ၏ မွေးပေါက်မည့် သားရဲတွင်းသစ်ကို မည်သူမျှမသိအောင် သူက လျှို့ဝှက်စွာလုပ်ခဲ့ရသည်။ သူ ထိုသို့လှုပ်ရှားခဲ့ရသော အစွမ်းကြောင့် ယခု သူ့သားသမီးငါးကောင်သည် ဘေးမသီရန်မခဘဲ သားရဲတွင်းထဲတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေနိုင်ခဲ့ကြခြင်းဖြစ်လေသည်။

* * *

သားရဲတွင်းထဲမှ ‘ဟင့်’ ခနဲ ညည်းသံတစ်ချက်ကို ကြားလိုက်ရသည်။ တောခွေးမကြီး၏ နှားရွက်နှစ်ဘက်က ဆတ်ခနဲ ထောင်လှုပ်သွားသည်။ မှုန်ပျပျ ပါးလျလျ ဆောင်းပန်းချီကားကို ငေးနေရင်းက သူ လန့်သွားသည်။ ဝမ်းဗိုက်ကလည်း ချက်ချင်းဆာလောင်လာသည်။ အရေးတကြီးနှင့်သူသည် ပတ်ဝန်းကျင်ကိုကြည့်သည်။

သူ့နောက်ကို လိုက်ချောင်းနေသူ၊ သူ့ကို အန္တရာယ်ပြုလာမည့်သူ တစ်ကောင်တလေ၏ အရိပ်အယောင်ကိုမျှ မမြင်ရ။ ရက်သားသာ ရှိသေးသော သူ့ ကလေးငယ်များသည်လည်း သားရဲတွင်းထဲက တွားတက်မလာနိုင်

www.burmeseclassic.com

ကြသေး။ အကယ်၍ တွားတက်လာကြလျှင်လည်း သူတို့၏ ခြေလှမ်းများသည် တွင်းနှုတ်ခမ်းဝ၌ပင် ပြိုင်တူရပ်တန့်သွားကြလိမ့်မည်။ နယ်ပယ်မကျွမ်းကြသေးသော သူ့ကလေးများသည် မိခင်ကြီးမပါဘဲ သားရဲတွင်း၏ နှုတ်ခမ်းဝမှ တစ်ထွာတစ်မိုက်ခရီးကိုပင် မထွက်ဝံ့ကြသေး။ သားရဲတွင်းဝမှ ထွက်သွားထွက်လာ ဆော့ကစားနိုင်ရန် သူ့သားသမီးများကို သူ သင်ပြလေ့ကျင့်ပေးရဦးမည်။

တောခွေးမကြီးသည် သူ့သားသမီးများကိုထား၍ စိတ်ချလက်ချပင် သားကောင်လိုက်ရန် ထွက်လာလေသည်။ ဆောင်းဦးသမယက အေးစိမ့်နေသည်။ သစ်တောစိမ့်မြိုင်ကြီးတစ်ခုလုံးကို ဆောင်းသရုပ်က လွှမ်းခြုံထားသည်။ အထူးသဖြင့် သူ၏ သားရဲတွင်းရှိရာမှာ တောင်ချိုင့်ကျသဖြင့် ဟေမန္တ၏ ပန်းချီကားတစ်ချပ်သဖွယ် ပီပြင်နေသည်။ နေရာတိုင်းမှာ စွတ်စိုနေသည့် သစ်ရွက်များပေါ်မှ နှင်းစက်နှင်းပေါက်များ သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက်များအပေါ် တဖြောက်ဖြောက်ကြွေကျနေသံကို ကြားနေရသည်။

တစ်နာရီလျှင် မိုင်သုံးဆယ်ခန့်အထိ ပြေးလွှားနိုင်သော သူ့ခြေထောက်များကို သူ အသုံးမပြုသေး။ သားကောင်၏အနံ့ကို မရမချင်း သူ့ ခြေလေးချောင်းသည် နှင်းစက်နှင်းပေါက်များကို စည်းချက်နင်းကာ ဆင်ခြေလျှောအတိုင်း တက်လာသည်။ ဆောင်းသမယတွင် သူ ဖမ်းဆီးရနိုင်သော သားကောင်များ၏ အာရုံရိပ်သည် သူ့ စိတ်ထဲ ထင်လာသည်။

တောင်ကြောတစ်ခု၏ လျှိုမြောင်အစတွင် သူ့ခြေလှမ်းက အလိုလိုရပ်တန့်သွားသည်။ သူ့ဦးခေါင်းသည် အလိုလိုမော့လာသည်။ လေထဲက သားကောင်နံ့ကို သူ ရလိုက်ပြီ။ သူတည်ရှိရာ ဗဟိုချက်မှ အရှေ့အနောက် တောင်မြောက်ကို ဝှေ့ဝိုက် အနံ့ခံလိုက်သည်။ သားကောင်နံ့ရရာဘက်ကို ချက်ချင်း သူ လှည့်ပြေးလာသည်။

သားကောင်ဖမ်းရာတွင် သူကား ချောင်းမြောင်းခုန်အုပ်၍ ဖမ်းတတ်သူ မဟုတ်။ သားကောင်နှင့်အပြိုင် ပြေးလိုက်ကာသာ ကိုက်ဖမ်းဆီးတတ်သူ

ဖြစ်သည်။ ယခု သားကောင်နံ့ရရာဆီသို့ သူ တစ်ဟုန်ထိုးပြေးချလာသည်။ သို့သော် သားကောင်ကို မြင်လိုက်ရချိန်တွင် သူ့ခြေလှမ်းတွေက အလိုလို ရပ်သွားပြန်သည်။ ဤပြောင်ပေါက်ကြီးကို သူ တစ်ကောင်တည်းနှင့် ဘယ်လိုမှ ဖမ်းဆီးသတ်ဖြတ်၍ မရနိုင်မှန်း သိလိုက်သည်။ အဖော်အပေါင်းနှင့်သာဆိုလျှင် ရဲရင့်သော သူမသည် ယခုလောက်ဆို ပြောင်ကြီး၏ နောက်ခြေ တံကောက်ကွေးကို တစ်ချက်နှစ်ချက်ပင် ကိုက်ဖဲ့ခါထုတ်ပစ်လိုက်ပြီး ဖြစ်မည်။

ယခုမူ သူတစ်ကောင်တည်းအနေနှင့် ပြောင်ပေါက်ကြီးအနားကိုပင် ပြေးကပ်ရန် မဝံ့။ တစ်ကောင်ချင်းဖြစ်သော ရန်သူကို၊ ပြောင်ကြီးသည်လည်း ဦးတည်ရာတစ်ခုတည်းအနေဖြင့် တိုက်ခိုက်လာပါက ကန်ချက်ပြင်းသော ပြောင်ခြေထောက်နှင့် ဇော့ချက်မြန်သော ဦးချိုဖျားတွင် သူ့အသက် ပါသွားနိုင်သည်။ ယခင်က သူသည် ပြောင်များကို တိုက်ခိုက်ရာ၌ သုံးလေးကြိမ်မက အောင်ပွဲရ၍ အောင်သေအောင်သား စားခဲ့ဖူးသည်။ သို့သော် ယခုလို ကောင်တည်းမဟုတ်။ သင်းအုပ်ကြီးနှင့် သူ့အဖော်များက ရှေ့နှင့် ဘေးနှစ်ဘက်မှ တိုက်ခိုက်နေကြစဉ် သူသည် ပြောင်ကြီး၏ နောက်ခြေ တံကောက်ကွေးကို ပြေးခဲပြီး ပြောင်ကြီးလဲကျသွားအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ယခုမူ အပေါင်းအသင်း အဖော်သဟဲမပါသော သူသည် ပြောင်ကြီးနားကိုပင် မကပ်ဝံ့ဘဲ လှည့်ထွက်လာခဲ့ရလေ၏။

ပြောင်နံ့ရ၍ စောစောက သူ ပြေးလာခဲ့ရသော ခရီးမှာ နှစ်မိုင်နီးပါး ရှိသဖြင့် အင်အားကုန်ခမ်းသွားသည်။ အာဟာရခေါင်းပါးနေသော သားသည် အမေ တောခွေးမအနေဖြင့် စိတ်ဓာတ်ပါကျသွားသလို ခြေလှမ်းတွေလည်း နှေးကွေးသွားသည်။ သားကောင်နံ့ရစဉ်က အားမာန်သည် ပြောင်ကြီးကို မြင်လိုက်ချိန်တွင် အလိုလိုလျော့ကျသွားသည်။ သို့သော် သူမ၏ ဝမ်းဗိုက်ကမူ ဆာလောင်မြဲ။ နှေးကွေးသော ခြေလှမ်းများကိုလည်း ဆက်၍ လှမ်းနေဆဲ။

www.burmeseclassic.com

သစ်ပင်ကိုင်းခက် ရွက်လက်ရိုးတံ အကြိုအကြားမှ နေစက်နေပြောက်များက မျက်နှာကို လာထိချိန်တွင် ရုတ်တရက် သူ့မျက်စိပြာသွားသည်။ မှောင်မည်းပိန်းပိတ်နေသော သားရဲတွင်းထဲတွင် မီးနေသည်တစ်ဦးအဖြစ် တစ်ရက် နှစ်ရက်ခန့်နေခဲ့ရသော သူ့မျက်လုံးအစုံက နေရောင်ခြည်ကို ရုတ်တရက် အလေ့အကျင့်မရှိသေး။ ထို့ကြောင့် သူသည် အညိုရောင်တွင် အပြာ ခရမ်းရောင်ရောပြွမ်းနေသော မျက်လုံးအစုံကို ဘယ်ညာဝေ့ အလေ့အကျင့် ပြန်လုပ်ကာ ခြေလှမ်းမပျက် ဆက်လျှောက်လာလေ၏။

သွားရင်းနှင့်ပင် သားကောင်နံ့တစ်ခုကို သူ ရပြန်ပြီ။ ထိုအချိန်တွင် သစ်တော တစ်ခုလုံးကို နေရောင်ခြည်က ထိုးဖောက်ဝင်ရောက်လာရာ သူ သိလိုက်ရသော သားကောင်နံ့နှင့် နေရောင်ခြည်ကို ဆက်စပ်တွေးမိသွားသည်။ နေရောင်ခြည်တွင် ပျော်မြူးကျက်စားတတ်သော သားကောင်များရှိရာသို့ သူ အပြေးအလွှားသွားရပြန်လေသည်။

ဤတစ်ခါတွင်တော့ သူ၏ အားမာန်မှာ ယုတ်လျော့မသွားတော့။ နေရောင်ဖြန့်ကျက်ထားသော မြက်ခင်းပြင်တွင် ပျော်မြူးစွာ ခုန်ပေါက်ပြေးလွှားနေကြသော ဆတ်မောင်နှံနှစ်ကောင်ထဲမှ မည်သည့်အကောင်ကိုမဆို သူအပြေးလိုက် ဖမ်းကိုက်နိုင်သည်ဟု မုချသိလိုက်လေသည်။

ဆာလောင်နေသော ဝမ်းဗိုက်၏ စေ့ဆော်မှုနှင့်အတူ သူသည် ဆတ်ဖားကြီးရှိရာသို့ တစ်ဟုန်ထိုးပြေးလိုက်သည်။ ခုန်ပေါက်ပျော်မြူးနေသော ဆတ်လင်မယား၏ ခြေပေါက်သံပြင်းပြင်းကြောင့် သူ့ခြေသံကို ဆတ်လင်မယားက သတိမထားမိသော်လည်း သားပေါက်ပြီးခါစ သူ့အနံ့ကို သိသွားသောအခါ ဆတ်လင်မယားသည် ချက်ချင်း ကဆုန်ပေါက်ထွက်ပြေးကြသည်။ သူလည်း ဆတ်လင်မယားနောက်ကို အပြင်းပြေးလိုက်လာသည်။

ဆတ်လင်မယားသည် ဖုန်းဆိုးစ မြက်ခင်းမှ ကျောက်စရစ်တောင်ကြောကို ပြေးတက်သွားကြသည်။ ထိုအချိန်မှာ ဆတ်လင်မယားနှစ်ကောင် ကန်ကျောက်ထားခဲ့သော ကျောက်လုံး ကျောက်ခဲများသည် သူ့ကို အနှောင့်

အယုက် ပေးလာတော့သည်။ နွယ်နှင့်ငြိမှာစိုး၍ သူ၏ ဦးချိုကို ကျောတွင်ကပ် လည်မော့ကာ တအားပြေးနေသော ဆတ်ဖားကြီးဆီမှ အရှိန်အဟုန်ပြင်းစွာ လာနေကြသော ကျောက်ခဲကျောက်လုံးများက သူ့မျက်နှာနှင့်တကွ တစ်ကိုယ်လုံးကို လာထိသည်။ သွေးပူနေသောသူသည် နာကျင်ခြင်းကို အမှတ်မရနိုင်ဘဲ ပြေးလိုက်လာစဉ် ခွာသီးတစ်လုံးထက်ပင်ကြီးသော ဆတ်ကန်ကျောက်ခဲတစ်လုံးသည် သူ့နားထင်ကို တည့်တည့်မတ်မတ် လာမှန်လေသည်။ သူ၏ မျက်လုံးအစုံမှ ရောင်စုံတန်းများဖြာထွက်သွားချိန်တွင် သူ ယိုင်လဲကျသွားသည်။

သူ့နားထဲတွင် ဆတ်ခွာပေါက်သံသဲ့သဲ့ကို ကြားနေရသည်။ ပြီးတော့ ကလေးများ၏ နို့တောင်းသံ၊ ညည်းညူနေကြသံ။ ထိုအခါ သူ ရုတ်တရက် ခုန်ထလိုက်သည်။ အမြင်အာရုံထဲတွင် ဆတ်လင်မယားကို မမြင်ရတော့။ ဆတ်ခွာပေါက်သံကိုလည်း မကြားရတော့။ သူ ကြားနေရသည်မှာ သူ့ကလေးများ၏ နို့တောင်းသံ၊ ညည်းညူနေကြသံသာ။ သူ ကမန်းကတမ်းကိုယ်ကို ပြန်မတ်လိုက်သည်။ ကလေးမွေးထား၍ အားအင်ကုန်ခန်းနေသော်လည်း သူ့အသိထဲ အားမာန်တွေ ပြန်ဝင်လာ၏။ ယနေ့ သားကောင်တစ်ကောင်ကောင်ကို သူရအောင် ဖမ်းနိုင်မှဖြစ်တော့မည်။

သို့သော် သူကား ပန်းဟိုက်နေပြီ။ ယခင် သူ့ အဖော်များနှင့် သားကောင်လိုက်ခဲ့ကြသည်ကို သတိရလာပြန်သည်။ ထိုစဉ်က ဤသို့ သားကောင်လိုက်နေချိန်၊ မောပန်းနေချိန်ရောက်လျှင် ရေသယ်ခွေးတစ်ကောင်ကောင်သည် သူ့အနား ရောက်လာတတ်သည်။ သူတို့သဘာဝ သားကောင်လိုက်ကြရာတွင် ရေသယ်ခွေးတွေမှာ သားကောင်ကိုမလိုက်ဘဲ သားကောင်လိုက်နေသော တောခွေးများ မောပန်းနေချိန်တွင် သူတို့တစ်ကိုယ်လုံးကို ရေဆွတ်လာပြီး သားကောင်လိုက်နေသော တောခွေးများကို ရေလာပို့ကြသည်။ သားကောင်လိုက်နေရ၍ ရေငတ်မောပန်းနေသော တောခွေးများကလည်း ရေသယ်လာသော ခွေးတို့၏ တစ်ကိုယ်လုံးရှိ ရေစက်ရေစိုမွေးတွေကို

www.burmeseclassic.com

လိုက်လျက်ကြခြင်းဖြင့် အမောဖြေကြသည်။ ထိုအခါ သားကောင်ကို ဆက်လိုက်နိုင်ကြသည်။

ယခု သူသည် သူ့အဖော်များနှင့် သားကောင်လိုက်ခဲ့ကြစဉ်က ရေသယ်ခွေးများကို သတိရလိုက်သောအခါ ဝမ်းဗိုက်၏ ဆာလောင်မွတ်သိပ်နေမှုထက် လည်ချောင်းထဲမှ ရေငတ်မှုဝေဒနာက ပို၍ ပြင်းပြလာသည်။ ရေကို တောင့်တလာသည်။ တစ်နေကုန် သားကောင်လိုက်ခဲ့ရ၍ ပင်ပန်းနွမ်းနယ်နေမှုက ရေအာဟာရသို့ စိတ်ကရောက်သွားသည်။ ထိုအခါ ရေရှိရာ စမ်းပေါက်၊ စမ်းချောင်းများဆီ သူ့ခြေလှမ်းတွေက သူ့ကိုယ်ကို အလိုလို သယ်ဆောင်လာမိပြီးသား ဖြစ်သွားလေသည်။

* * *

ရေတံခွန်တစ်ခုမှ စမ်းရေကျသံသည် သူ့ ခြေလှမ်းများကို ပို၍ မြန်စေသည်။ တစ်ကိုယ်လုံးကို ရေအာလယကလွှမ်းခြုံလျက်ရှိရာ သူသည် ရေတံခွန်နားသို့ ချက်ချင်း ရောက်လာ၏။ သူကဲ့သို့ပင် ရေနုမှော်မြက်ပေါ် အာလယကြီးစွာ စားသောက်နေသော ချေ(ဂျီ)ငယ်တစ်ကောင်ကို မမျှော်လင့်ဘဲ မြင်လိုက်ရသည်။ ထိုအချိန်မှာ သူ့စိတ် သူ့ကိုယ်သည် ထိန်းမရလောက်အောင် ဖြစ်သွားသည်။ ရေတံခွန်မှ တစ်ဟုန်ထိုးသွန်ကျနေသော ရေစီးသံကြောင့် ချေငယ်သည် သူ့ ခြေသံကို မကြားမိသလို သူ့ ကိုယ်နံ့ကိုလည်း သတိထားမိပုံမရပေ။ ဤသည်မှာ စိမ်းစိုသော မှော်မြက် မှော်ရွက်ပြတ်များမှ ထောင်းထောင်းထွက်နေသော စိမ်းရွှေရွှေအနံ့ကြောင့်လည်း ဖြစ်နိုင်သည်။

တောခွေးမ၏ စိတ်သည် ရေအာလယမှ ဝမ်းဗိုက်၏ ဆာလောင်မွတ်သိပ်မှု အာဟာရကို ပြောင်းရောက်သွားသည်။ ထိုအခါ သူသည် မဆိုင်းမတွပင် ချေငယ်ကို ကိုက်သတ်ရန် ခုန်ချလိုက်သည်။ သူ ခုန်ချလိုက်သံနှင့်အတူ ချေငယ်ကလည်းလန့်ပြီး ထခုန်လိုက်သည်။ ယခင်ကမူ သူတို့၏

သဘာဝအရ သားကောင်၏ သေနိုင်လောက်သော သို့မဟုတ် မပြေးနိုင် မမြင်နိုင်လောက်သော ခြေတံကောက်ခွက်၊ မျက်စိ၊ ဒူါရ စသည့် သားကောင်၏ အချက်အချာ နေရာများကိုသာ ရွေးကိုက်တတ်သော တောခွေးမသည် ဤတစ်ခါတော့ ဆာလောင်မွတ်သိပ်လာသော အာလယစိတ်နှင့် ချေငယ်၏ ကျောကုန်းကို ကိုက်မိလိုက်သည်။ ချေငယ်က လည်ပြန်လှည့်အပက်တွင် တောခွေးမ၏ ရှေ့လက်ပြင်တစ်နေရာကို ပက်မိသွားသည်။

သို့သော် တောခွေးမသည် နာကျင်ရမှန်းမသိတော့ဘဲ ချေငယ်ကို ထပ်ကိုက်သည်။ အစွယ်မရှိသော်လည်း ဆောက်ခုန်းများလို ထက်မြက်သော သူမ၏ သွားထဲတွင် ချေငယ်၏ အသားတစ်ခဲက အကွင်းလိုက်ပြုတ်ပါလာ သည်။ ချေငယ်သည် အထိတ်တလန့်နှင့် ထခုန်ပြန်၏။ ဤတစ်ခါတော့ သတိဝင်လာ၍ တိုက်ပွဲများစွာကို နွှဲခဲ့ဖူးသော တောခွေးမသည် ချေငယ်၏ လည်ပင်းကို ဆက်တိုက်ကိုက်ခဲ ခါယမ်းပစ်လိုက်၏။

လည်ပင်းသွေးကြောကြီး ပြတ်ပေါက်သွားသော ချေငယ်သည် ဆန့်ငင်ဆန့်ငင် ဖြစ်ကာ ရေမှော်တောထဲ လဲကျသွားသည်။ ထိုအခါမှ သူသည် ချေငယ်၏ ဒွါရမှ အူတွေကို ကိုက်ထုတ်ဆွဲကာ အသည်းကလီစာ ဝမ်းတွင်းသားများကို အငမ်းမရ ကိုက်ဝါးစားပစ်လိုက်သည်။ အထဲမှ ဝမ်းတွင်းသားများ ကုန်သွားသောအခါ အသားဆိုင် အသားခဲများကို သူ ဆက်စားပြန်လေသည်။

ဗိုက်ကားသွားသော တောခွေးမသည် သူစား၍မကုန်နိုင်ဘဲ ကျန်နေ သေးသော ချေငယ်၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို စိမ်းစိမ်းကြီးစိုက်ကြည့် ကာ ယခင်က သားကောင်လိုက်ပွဲများကို သတိရလာပြန်သည်။ အဖော် အပေါင်းများနှင့် သားကောင်လိုက်၍ အောင်ပွဲရခဲ့သော ကာလတစ်လျှောက် မှာ သူသည် ယခုကဲ့သို့ ဝဝလင်လင် တစ်ခါမျှ မစားရခဲ့။ အသည်းအူ ဝမ်းတွင်းသား ကလီစာများမှာ သူတို့၏ သတ်မှတ်ချက်အရ သင်းအုပ်ကြီးနှင့် လက်ထောက်ရေသယ် ခွေးများ၏ အစားအစာသာ။ သူတို့လို ပိုျူရှယ်ငယ်နှ

သေးသူများအတွက်မူ အသားရွတ်၊ အသားမာများနှင့် အရိုးအရင်းများသာ။ သူတို့လို နောက်လိုက် တောခွေးမငယ်များအတွက် သားကောင်လိုက်နေချိန်တွင် မိရာ သားကောင်၏ လမ်းခွတ်လတ်၌ တစ်ဖဲ့တစ်ကိုက်သည်သာ အသားဟု မှတ်မှတ်ရရ စားခဲ့ကြရသည်။

အုပ်နှင့်သင်းနှင့် သားကောင်လိုက်ပွဲများနှင့် စာလျှင် ယခုပွဲသည် တောခွေးမအတွက် ကျေနပ်စရာပွဲပင်။ ထို့ကြောင့်လည်း တောခွေးမသည် သူစားသောက်၍ မကုန်ဘဲ ကျန်နေသေးသော ချေငယ်၏ အပိုင်းအစများကို နှမြောတသစွာ စိုက်ကြည့်နေတုန်းပင်။ သို့သော် ကျန်နေသော ချေငယ်၏ အပိုင်းအစများကို သားရဲတွင်းထဲ ကိုက်ချီယူသွားရန် သဘာဝအလေ့အထ မရှိသလို တစ်ရက် နှစ်ရက်သားသာ ရှိနေကြသေးသော သားငယ်များမှာလည်း စားတတ်ကိုက်တတ်သောအရွယ် မဟုတ်သေးသဖြင့် သူစားမကုန်သော ချေငယ်၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို တောခွေးမမှာ သည်အတိုင်းပင် ပစ်ထားခဲ့လေသည်။

ရေသောက်ပြီး၍ သားရဲတွင်းသို့ပြန်ရန် စမ်းချောင်းမှ လှမ်းအတက်တွင် ချေပက်ထားသော ရှေ့လက်တစ်ဘက်က နာကျင်လာသည်။ ထိုအခါမှ သူ့ကိုယ်မှ ဒဏ်ရာကို သူ သတိပြုမိလာသည်။ ချေသေကိုစားသောက်နေတုန်းက အာဟာရ အာလယကြောင့် နာကျင်မှုဝေဒနာစိတ်ကို ဖုံးလွှမ်းထားခဲ့သည်။ ယခုဗိုက်ပြည့်၍ ဆာလောင်မွတ်သိပ်မှုဝေဒနာ ငြိမ်းသွားမှ နာကျင်မှုဝေဒနာကို ခံစားလာရသည်။ ထိုဝေဒနာနှင့်တစ်ဆက်တည်းပင် ဆတ်ခွာပေါက် ကျောက်ခဲထိဒဏ်ရာကို မမြင်သာသော်လည်း အမွေးကျွတ်ပြီး သွေးစို့နေသော ချေပက်ဒဏ်ရာကိုမူ ထင်ထင်ရှားရှားမြင်နေရလေသည်။

ဤသည်တို့မှာ တိုက်ပွဲကျော် သူရဲကောင်းတို့၏ အောင်ပွဲရအမှတ်တံဆိပ်မှန်း သူ သိသည်။ သင်းအုပ်ထဲ သူ နေခဲ့စဉ်က သင်းအုပ်ကြီးနှင့်အတူ တိုက်ပွဲပျော် သူရဲကောင်းတို့၏ ကိုယ်ပေါ်တွင် အမာရွတ်များ၊ ဒဏ်ရာဒဏ်ချက်များနှင့် မျက်စိတစ်ဘက်ကန်းနေသူ၊ ခြေလက်အင်္ဂါတစ်ခုခု ချို့ယွင်း

 www.burmeseclassic.com 

နေသူများကို သူမြင်ဖူး တွေ့ဖူးထားခဲ့သည်။ ထို့ကြောင့် သူ့ကိုယ် သူ့လက်ပြင်ရင်းမှ ချေပက်ထားသောဒဏ်ရာမှ သွေးစသွေးနများကို သူသည် သူရဲကောင်းတို့၏ ဘွဲ့တံဆိပ်တစ်ခုပမာ လျှာနှင့် ယုယုယယလျက်ပွတ်ကာ စမ်းထဲမှ တက်လာခဲ့လေသည်။

ထိုအခါ သူသည် အချိန်ကာလတည်းဟူသော နိယာမကို သတိရမိလိုက်သည်။ သစ်ရိုင်းပင်ကြီးတစ်ပင်မှ ငှက်ကလေးများ၏ အိပ်တန်းလုရန်ပွဲသည် နေဝင်တော့မည် ဆိုသည်ကို သတိပေးနေသည်။ တောရိပ်တောင်ရိပ်တို့သည် မှိုင်းပျလာသည်။ သူ့ ဗိုက်မှာလည်း အစာအာဟာရတို့နှင့် တနင့်တပိုး ဖြစ်လာပြီမို့ ယခုတော့ သားရဲတွင်းထဲက သားသမီးများကို တမ်းတမ်းတတ သတိရလာတော့သည်။ ထိုအခါ တောခွေးမ၏ ခြေအစုန်မှာ နှာကျင်ကိုက်ခဲမှု ဝေဒနာများကိုမေ့ပျောက်ကာ သားရဲတွင်းရှိရာ၊ သူ့သားသမီးများ ရှိရာသို့သာ ပြေးချလာလေသည်။

* * *

သားသမီး မွေးပေါက်ရတော့မည်ဟူသောဇောစိတ်ကြောင့် သူသည် ဝသန္တ၏ ပါးလျားလွင့်ပြေသွားသော မိုးစက်ပွင့်များကို သတိမထားနိုင်ခဲ့သလို ဟေမန္တ၏ မှုန်ပျပျ ဆေးသားများကိုလည်း ကောင်းစွာ သတိမထားမိခဲ့။ နေရောင်ခြည်ထဲတွင် ပြေးလွှားဆော့ကစားနေကြသော သားသမီးများကို ငေးကြည့်နေရာမှ သစ်ရွက်ကြွေသံများကို ကြားရသဖြင့် နွေဦးပေါက်ပြီကို သတိရသွားသည်။ ထိုအခါမှ ပတ်ဝန်းကျင်ရှိ တောတောင်များကို သတိထားကြည့်မိလိုက်သည်။

အရွက်ခြွေထားကြသော သစ်ရိုင်းပင်ကြီးများကို အရိုးဖြိုင်ဖြိုင်နှင့်မြင်နေရသည်။ ခါတိုင်းနှစ်နှင့်စာလျှင် ဤနှစ်သည်နွေရောက်စောခြင်းလား၊ သားသမီးဇောနှင့် သူကပဲ သတိမထားမိခဲ့လေသလားဆိုသည်ကို သူ ဆက်

 www.burmeseclassic.com 

မတွေးတော့။ ငယ်ရွယ်နုပျိုစဉ်ကမူ ရမ္မက်ဇောနှင့် ငေးငိုင်တွေဝေခြင်း၊ တောတောင်ရေမြေ သဘာဝနှင့် သားကောင်လိုက်ရရေးတို့ကိုသာ တွေးတောခြင်း သူ ပြုလုပ်လာခဲ့သည်။ သန္ဓေရချိန်မှစ၍ သူသည် တောတောင်ရေမြေ သဘာဝနှင့် သားကောင်လိုက်ရရေးတို့ထက် သားသမီးမွေးပေါက်ရန်အတွက်သာ လုံးပန်းလာခဲ့သည်။

ယခု သူ့သားသမီးများအား သားကောင်ဖမ်းနည်း နိသျရည်းများကို သင်ကြားရင်း၊ ကလေးများနှင့် သားကောင်အတူလိုက်ရင်းက ဟေမန္တ၏ ကာလတစ်လျှောက်ကို ကျော်ဖြတ်လာခဲ့သည်။ ယခုဆိုလျှင် သူ့ သားသမီးများသည် မိခင်ကြီးနှင့်အတူ သားကောင်ဖမ်းလိုက်ရာမှ သားကောင်ဖမ်းနည်း နိသျရည်းများကိုပင် တတ်မြောက်ကျွမ်းကျင်နေကြပြီ။ သူ့စိတ်ကူးမှာ သစ်ရိုင်းပင်များ ရွက်နုဝေလာချိန်၌ သင်းအုပ်ရှိရာသို့ ပြန်သွားရန် စိတ်ထက်သန်နေသည်။

ထိုအခါ သားသမီးများ တစ်ပြုံတစ်မနှင့် သူပြန်ရောက်လာသည်ကို အားလုံးက ကြိုဆိုကြလိမ့်မည်ဟု သူ ထင်ထားသည်။ တစ်ခုတော့ရှိ၏။ သူ့သားသမီးများထဲတွင် ခြေစလက်စ အလုံးအထည်ကြီးထွားလာကြမည့် တစ်ကောင်တလေကိုတော့ သင်းအုပ်ကြီးက မျက်လုံးတောက်တောက်နှင့် စစ်ဆေးကြည့်ရှုခြင်းကို ခံရမည်။ အကယ်၍ သူ့သားသမီးများထဲတွင် ခြေတံလက်တံမြင့်မားပြီး ကြီးထွားလာနိုင်မည့်သူ တစ်ကောင်တလေပါရှိမူ သင်းအုပ်ကြီးသည် စိုးရွံ့စိတ်နှင့် စောင့်ကြည့်နေမည်။ တစ်ချိန်ချိန်၌ တိုက်ခိုက်ကာ သင်းအုပ်တစ်ခုလုံးကို လုယူနိုင်သူပါလာပါက တစ်နည်းနည်းနှင့် ရန်ရှာ မောင်းထုတ်ပစ်လိမ့်မည်။

သို့သော် ထိုအချိန်တွင် မိခင်နှင့် မွေးချင်းများလည်း ရှိနေပြီဖြစ်သော သူ့သားသမီး တစ်ကောင်ကောင်သည် သင်းအုပ်ကြီးအား ပြန်လည်တိုက်ခိုက်နိုင်သည့် ခွန်အားဗလကို ပိုင်ဆိုင်ထားသူဖြစ်ကောင်းဖြစ်နေမည်။ အနိမ့်ဆုံးအဆင့်က သင်းအုပ်ကြီးကို ပြန်၍ မတော်လှန်နိုင်သည့်တိုင်အောင် သင်းခွဲ

တစ်ခုကို တည်ထောင်နိုင်သူလည်း ဖြစ်ကောင်းဖြစ်လာနိုင်သည်။ နောက်ဆုံး အနေနှင့် သူအပါအဝင် သူ့မိသားစုသည် သင်းခွဲတစ်ခုအနေနှင့် နေရလျှင် လည်း မွေးချင်းများသော သူတို့ မိသားစုအတွက် ဤတော ဤတောင် ဤကန္တာရတွင် နေ၍ ရနိုင်သည်။

တောခွေးမကြီးသည် ဥမမည် စာမမြောက်ကြသေးသော သားသမီး များအရေးကို ရှည်ရှည်လျားလျား စဉ်းစားတွေးတောနေစဉ် တောကြက် များ၏ လန့်ပျံပြေးလာကြသံနှင့် တောတိရစ္ဆာန်များ၏ ခြေသံမျိုးစုံကို ရုတ်တရက် ကြားလိုက်ရသည်။ နေရောင်ထဲတွင် ဆော့ပြေးကစားနေကြ သော သားသမီးများကို လက်ပေါ်မေးတင်ကာ အကြာကြီး ကျေကျေနပ်နပ် ငေးစိုက်ကြည့်နေခဲ့သော တောခွေးမသည် မြေပြင်တွင်ဝပ်နေရာမှ ရုတ်တရက် ခုန်ထလိုက်သည်။

သူ့ တစ်သက်တာတွင် ဤကဲ့သို့ တစ်တောလုံးတစ်တောင်လုံးရှိ သားရဲတိရစ္ဆာန်များ ဝရုန်းသုံးကား ပြေးလာကြသည်ကို တစ်ခါမှ မကြုံဘူး။ ထို့ကြောင့် သူ လန့်သွားသည်။ အမှန်က သူသာမဟုတ်၊ ပြေးဆော့ကစား နေကြသော သူ့သားသမီးများအားလုံးသည်လည်း အထိတ်တလန့်ဖြစ်ကာ သူ့အနား ချက်ချင်းပြေးလာစုကြသည်။ နားရွက်ထောင် နားစွင့်ကာ မျက်စိသူငယ် နားသူငယ်နှင့် ခေါင်းထောင်ကြည့်နေကြသည်။

ထိုအချိန်မှာပင် သူတို့လို မိသားစုအနားကို သိရဲရန်မဆိုထားနှင့် အနံ့ရ အသံကြားသည်နှင့် ဝေးဝေးသို့ ရှောင်ပြေးတတ်ကြသည့် သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်တို့ အားလုံးသည် သူတို့မိသားစုအား ဝင်တိုး တိုက်သွားမတတ် နီးနီးကပ်ကပ်မှ ပြေးလွှားခုန်ပေါက်သွားကြသည်။ ခြေ လေးချောင်းရှိသော တောတိရစ္ဆာန်များသာမက အာကာသထဲ အနိမ့်အမြင့် ဝဲပျံနိုင်ကြသော ငှက်အုပ်များသည်ပင် အထိတ်တလန့်မြည်တွန်ကာ ပျံဝဲ ပြေးသွားနေကြသည်။

သူ တွေးတောကြံဆရန် ဘယ်လိုမှအချိန်မရလိုက်၊ မျက်တောင်တစ်ခတ်၊ လျှပ်တစ်ပြက်အတွင်းမှာပင် လေပွေလုံးကြီးနှင့်အတူ မီးတောက်မီးလျှံကြီးသည် သစ်တောတစ်ခုလုံးကို ဝါးမျိုတိုက်လောင်လာသည်။ ဖြိုးဖြိုးဖျောက်ဖျောက် မီးတောက်မီးလျှံတွေ ကြုံးဝါးသံနှင့်အတူလေပွေကြမ်းကြီး၏မွှေနှောက်လာမှုသည် သူ့ကိုယ်ကိုပါ အပူလာဟပ်သည်။ မီးခိုးမီးသင်းနံ့ဆိုးနှင့်အတူ ပတ်ဝန်းကျင်တစ်ခုလုံး မှုန်ဝါးသွားသည်။

သူ့ သားသမီးများကိုပင် တဒင်္ဂ မေ့သွားကာ သူသည် အထိတ်တလန့်နှင့် သားရဲတွင်းထဲ ဝင်ပြေးလိုက်ရသည်။ သူ့တစ်သက်တွင် တစ်ခါမှမကြုံဘူး၊ မတွေ့ဘူးသော မီးတောက်မီးလျှံများကို ကြောက်ရွံ့ကာ လက်ရှိသားရဲတွင်းကိုပင် နက်နိုင်သမျှ အနက်ရအောင် တူးဆွယက်ဖောက်နေမိသည်။ အကြောက်လွန်သွားသော တောခွေးမသည် ထိုအချိန်အထိ သားသမီးများကို သတိမရနိုင်သေး။ အကြောက်လွန်ကာ သွေးရူးသွေးတန်းနှင့် သားရဲတွင်းကိုသာ နက်အောင် ကုတ်ခြစ် တူးဖောက်နေမိသည်။

သို့သော် သူ့သားသမီးများ အထိတ်တလန့် အော်ဟစ်လိုက်ကြသံက သူ့စိတ်ကိုပြန်၍ ဆောက်တည်ရာရသွားစေသည်။ မြေကျင်းတူးယက်နေရာမှ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ သားရဲတွင်း လိုဏ်ခေါင်းထဲ ရောက်လာကြသော သူ့သားသမီးများသည် ကြောက်လန့်၍ တဆတ်ဆတ် တုန်နေကြသည်။ သူ့ကိုယ်ပေါ်ကိုလည်း အားကိုးတကြီးနှင့် ခုန်တက်လာကြသည်။ သားသမီးများကို ခါထုတ်ပစ်ကာ ပါးစပ်မှလည်း ကျိန်ဆဲညည်းညူသံများထွက်သွားသည်။ သူ၏ ညည်းညူကျိန်ဆဲလိုက်သံမှာ သားသမီးများကိုလား၊ တောမီးကြီးကိုလားဆိုသည်ကိုတော့ သူကိုယ်တိုင်ပင် မသိလိုက်ဘဲ ကြောက်လန့်တကြား ပါးစပ်ထဲက ထွက်သွားသော အသံပင်။ သူ့စိတ်ထဲမှာ သူသေရတော့မည်ဟု ထင်သွားသည်။

သူ့ကိုယ်ပေါ် ကြောက်လန့်တကြား ဖက်တက်နေကြသော သားသမီးများကို ဘာကြောင့်မှန်းမသိဘဲ သူ ကြောက်လန့်နေသည်။ သူ၏အသက်

ဇီဝကို ချက်ချင်းချေပစ်နိုင်သော အမှောင့်ပယောဂ တစ်စုံတစ်ခုသည် သူ့သားသမီးများနှင့်အတူပါလာသလို သူ့စိတ်ထဲမှာ ခံစားနေရသည်။ ထို့ကြောင့် သူ့ကိုယ်ပေါ် အားကိုးတကြီးနှင့် ခုန်တက်နေကြသော သားသမီးများကို သူသည် သတိမေ့စွာ ခါထုတ်နေမိသည်။

သူမည်မျှ ခါထုတ်ခါထုတ် သားသမီးများကလည်း သူ့ကိုယ်ပေါ်ချည်း သူ့ထက်ငါဦး ခုန်တက်နေကြ၏။ ထိုအခါ သူသည် ဒေါသထွက်လာပြီး သားသမီးများကို ကိုက်ခဲပစ်လိုက်သည်။ သူ့စိတ်မှာ ယခုထိ ဆောက်တည်ရာမရသေး။ သားသမီးများကလည်း အထိတ်တလန့်နှင့် သူ့ကိုယ်ပေါ် ခုန်တက်တွယ်ခိုရန် ပြင်းပြင်းထန်ထန် ကြိုးစားနေကြဆဲ။

သားရဲတွင်း မြေအောက်ကမ္ဘာထဲတွင် သူတို့မိသားစုသည် ဝရန်းသုန်းကားနှင့် လှည့်ပတ်ခုန်ပေါက်ကာ သွေးရူးသွေးတန်းနှင့် ရန်ပွဲဆင်နေကြသည်။ သားသမီး လေးငါးကောင်ကို ဘယ်လိုမှ ရှောင်တိမ်း၍ မရသောအခါ တောခွေးမသည် သတိလက်လွတ်နှင့် သားရဲတွင်းပေါက်ဝကို ပြေးတက်လာ၏။ သူ ကျင်းပေါက်ဝသို့ ခေါင်းပင် မပြူလိုက်ရ။ မီးရှိန်က သူ့မျက်နှာကို လာဟပ်သည်။ ဆောက်တည်ရာမရဖြစ်ကာ သားရဲတွင်းထဲ ပြန်ဆင်းပြေးလာရ၏။

ကျင်းပေါက်ဝကို ခေါင်းပင်မပြူလိုက်ဘဲ မီးဟပ်ခံလိုက်ရမှ အပြင်က မီးရန်သူကို သတိရသွားသည်။ အပြင်က မီးရန်သူကို ကြောက်လန့်၍ သားရဲတွင်းထဲ ပြန်ဆင်းအလာမှာ သူ့ခြေထောက်အစုံမှာ သားသမီးများကို ခလုတ်ဝင်တိုက်ပြီး အကိုက်ခံလိုက်ရသည်။ သူ့သားသမီး သုံးလေးကောင်မှာလည်း သူကဲ့သို့ပင် ဆောက်တည်ရာမရ ဖြစ်နေကြသည်။ မိခင်ကြီးနှင့် ညီအစ်ကိုမောင်နှမများဟူသော အသိသည် ယခုအချိန်တွင် ကွယ်ပျောက်နေကြသည်။ ကြောက်စိတ်နှင့်အတူ ဒေါသစိတ်တွေဝင်ကာ တစ်ကောင်နှင့်တစ်ကောင် သည်းခံခွင့်လွှတ်စိတ်ပင် မရှိတော့ဘဲ သွေးရူးသွေးတန်းနှင့် ရန်လိုနေကြသည်။

ကမ္ဘာမီးလောင် သားကောင်ချနင်းဖြစ်နေသော တောခွေးမသည် သူ့ခြေထောက်တစ်ဖက် အကိုက်ခံလိုက်ရသောအခါ နီးစပ်ရာတစ်ကောင်ကို ထိုးဟပ်ကိုက်ချီပြီး တအားကြီးကို ခါလွှင့်ပစ်လိုက်သည်။ မိခင်ကြီးကိုက်ခဲကာ လွှင့်ပစ်လိုက်သော တောခွေးငယ်မှာ သားရဲတွင်းနံရံနှင့် ဆောင့်ကာ အထိတ်တလန့် အော်ဟစ်လိုက်သည်။ ရက်လချီ၍ ဆာ့ကစားထားကြသော သားရဲတွင်းထဲက ဖုတ်တောထဲ လဲနေသော တောခွေးငယ်သည် မိခင်ကို တမ်းတမြည်ဟစ်ကာ ပြန်ထနိုင်ရန် ကြိုးစားနေသည်။

ထိုအခါမှ တောခွေးမသည် မိခင်စိတ်ပြန်ဝင်လာကာ စောစောက သူ ကောက်ချီလွှင့်ပစ်လိုက်သော အရာဝတ္ထုမှာ ရန်သူမဟုတ်ဘဲ သူ့သားသမီး တစ်ကောင် ဖြစ်နေသည်ကို သတိရသွားသည်။ သတိရသွားသည်နှင့် တစ်ပြိုင်နက် နှောင်တရသံ ညင်ညင်သာသာကိုပေးကာ ခွေးကလေးကို ကိုက်ချီ ထူမလိုက်သည်။ ထိုအချိန်မှာ မိခင်စိတ်က သူ့တစ်ကိုယ်လုံးကို ပျံ့နှံ့ပေါ်လာပြန်ရာ အန္တရာယ်တောမီးကြီးကို သူလုံးလုံးလျားလျား တဒင်္ဂ မေ့သွားပြန်လေသည်။

အနာတရဖြစ်နေသော သူတို့အဖော်အား မိခင်ကြီးက ကြင်ကြင်နာနာ ယုယလျက် ပွတ်နေသည်ကိုမြင်မှ ကျန်သောခွေးကလေးများသည် သူတို့၏ မိခင်ကြီးနား ကပ်ရဲလာကြသည်။ သူတို့၏ တစ်ကိုယ်လုံးမှာမူ အချင်းချင်း ရန်လိုကိုက်ခဲကြမှု၊ ဒေါသထွက်ကာ သွေးရူးသွေးတန်းဖြစ်သွားသော မိခင်ကြီး၏ ကိုက်ခဲကန်ကျောက် ကုတ်ခြစ်ထားမှု ဒဏ်ရာတွေ ကိုယ်စီကိုယ်ငနှင့်သာ။

တောမီးကြီးသည် သူတို့၏သားရဲတွင်းကို စက္ကန့်ပိုင်းမျှသာ ဖြတ်ကျော်သွားသော်လည်း အလင်းရောင်ကြီးကိုပင် ကြောက်ရွံ့နေကြသော တောခွေးမတို့ မိသားစုမှာ အပြင်သို့ မထွက်ဝံ့ကြသေး။ မှောင်မည်းနေသော မြေအောက်ကမ္ဘာထဲ၌သာ အချိန်ကြာကြာ အောင်းနေကြသည်။ ယခုနေ အခါမှာ သူတို့သည် အမိမှန်း သားသမီးမှန်း ညီအစ်ကိုမောင်နှမမှန်းသိသွား

ကြပြီဖြစ်သဖြင့် အချင်းချင်းလည်း ရန်သူအမြင်ပျောက်ကာ ကြောက်ရွံ့ခြင်း မရှိကြတော့။ တစ်ကောင်နှင့် တစ်ကောင် ပို၍ ကြင်နာယုယမှုကိုပြကာ တိုးတိုးဖော့ဖော့နှင့် ပွတ်ပွတ်သပ်သပ် လျက်လျက်နမ်းနမ်း ဖြစ်သွားကြသည်။ သို့သော် ရန်သူအထင်နှင့် သွေးရူးသွေးတန်း ကိုက်ခဲလွှင့်ပစ်ထားခြင်းခံလိုက်ရသော တောခွေးငယ်တစ်ကောင်မှာ ယခုထိ မထနိုင်သေး။ ညည်းညည်းညူညူနှင့်ပင် သားရဲတွင်းထဲက မြေအောက်ကမ္ဘာကြီးထဲတွင် ဆန့်ငင်ဆန့်ငင် ဖြစ်နေသေးသည်။

မိခင်ကြီးနှင့်တကွ ညီအစ်ကိုမောင်နှမများ ယုယနမ်းရှုတ်ပွတ်သပ် လျက်ပေးကြသည့် ကြားထဲကပင် တောခွေးငယ်လေးသည် ရက်လများစွာ နေလာခဲ့သော သားရဲတွင်း မြေအောက်ကမ္ဘာနှင့် အမိကိုလည်းကောင်း၊ ညီအစ်ကိုမောင်နှမ အဖော်များကိုလည်းကောင်း စွန့်ခွာသွားလေသည်။ ထိုအခါမှ မိခင်ကြီး၏ သောကမှာ သူ့တစ်ကိုယ်လုံးကို လောင်မြိုက်ခံရတော့သည်။ သားသေအမေ၏ သောကနှင့် ဆောက်တည်ရာမရ ဖြစ်နေတော့သည်။

သားရဲတွင်းထဲတွင် ဆောက်တည်ရာမရဖြစ်နေသော တောခွေးမသည် သားသေကောင်ကိုကိုက်ချီ၍ နေရာရွှေ့လိုက်၊ ပြန်ကောက်ချီလိုက် ပြန်ချလိုက် နောက်သားသမီးများကို နမ်းရှုံ့လိုက် လျှာနှင့်လျက်လိုက် လုပ်နေရာမှ သူ့သားသမီးများအရေအတွက်ကို ယခုမှ သတိရလာသည်။ ငါးကောင်သော သားသမီးများထဲမှ အသေတစ်ကောင်အပါအဝင် ယခုအခါ လေးကောင်သာ ရှိတော့သည်။ တစ်ကောင်သော သားကိုမူ သားရဲတွင်းထဲ၌ ရှာမတွေ့ဖြစ်သွားပြန်၏။

တောမီးကြီးအန္တရာယ်ကြောင့် သားရဲတွင်းထဲတွင် ဝရုန်းသုန်းကား ပြေးလွှားနေခဲ့ကြစဉ်က ရှုတ်ယှက်ခတ်နေကြသဖြင့် တစ်ကောင်သောကလေးကို သူ သတိမထားမိခဲ့။ ယခု ထိုတစ်ကောင်သောသားသည် မီးထဲပါသွားလေသည်လားဟူသော အတွေးစိတ်နှင့် ကယောင်ချောက်ချား သားရဲတွင်း

www.burmeseclassic.com

ထဲက ပြေးတက်လာမိသည်။ တောမီးကြီးသည် ဘယ်အချိန်ကပင် သူ၏ သားရဲတွင်းကို ဖြတ်ကျော်သွားသည် မသိ။ အပြင် တောတောင်တစ်ခွင် တစ်ပြင်လုံးသည် မီးလောင်မြေဖြစ်၍ ကျန်ခဲ့လေသည်။ သူ၏ သားရဲတွင်းနှင့် မနီးမဝေးရှိ တောင်ကုန်းတစ်ခုပေါ်မှ အော်လဲနတ်သတ် သစ်ခြောက် ပင်ထောင် တစ်ပင်ကိုမူ မီးစွဲလောင်နေတုန်း။ ထိုအပင်ကဲ့သို့ပင် အခြား အခြားသော သစ်ခြောက်ပင်များ၏ ပင်စည်များမှ မီးတောက်မီးလျှံများနှင့် နေရာအနှံ့အပြားမှ မီးခိုးတလူလူများကို မြင်နေရတုန်း။

သားသေအမေဘဝနှင့် သားပျောက်အမေဘဝ နှစ်ခုလုံးကို ပေါင်း စည်း ခံစားနေရသော တောခွေးမမှာ အပြင်ကိုရောက်မှ ပို၍ ဆောက်တည်ရာ မရ ဖြစ်သွားရှာသည်။ တောမီးကြီးလောင်ကျွမ်းသွား၍ အောက်ခြေရှင်း သွားသော တောတောင် တစ်မျှော်တစ်ခေါ်ကြီးကို လှမ်းမြင်နေရသော်လည်း ပျောက်သွားသောသား၏ အရိပ်အယောင်ကို ဘယ်နေရာမှာမှ မမြင်ရ။ တောမီးကြီးလောင်ကျွမ်း၍ ဟင်းလင်းပွင့်နေသော သတ္တရာဘန်ကြီးကဲ့သို့ သူ့ရင်သည်လည်း ဟင်းလင်းပွင့်သွားလေပြီ။

တောခွေးမသည် သတိမေ့ကာ သားရဲတွင်းဝတွင် အကြာကြီး ဆောင့်ကြောင့်ထိုင်နေသည်။ မီးလောင်မြေ ဟင်းလင်းပြင်ကို ကြေကြေကွဲကွဲ ငေးကြည့်နေသည်။ သူ့အမြင်ထဲတွင် မီးခိုးများ၊ သစ်ခြောက်ပင်မှ မီးတောက် မီးလျှံများ၊ မီးမလောင်ဘဲမတ်တတ်ပင်ထောင်ကျန်ခဲ့သော သစ်စိမ်းပင်များက တရိပ်ရိပ်ရောထွေး ရှုပ်ယှက်ခတ်နေသည်။

သည်တွင် သူတို့၏ အမျိုးလေးပါးထဲမှ မြေခွေးတစ်ကောင်၏ ဆွဲဆွဲငင်ငင် ကြေကြေကွဲကွဲ အူလိုက်သံကို ကြားလိုက်ရသည်။ တဒင်္ဂ၌ တောခွေးမ၏ စိတ်သည် မြေခွေးများဆီ ချက်ချင်းရောက်သွားပြန်သည်။ မြေခွေးများ ဤကဲ့သို့ ဆွဲဆွဲငင်ငင် အူလိုက်သံသည် တောတောင်ထဲ၌ အန္တရာယ်တစ်စုံတစ်ရာ မရှိတော့ဟူသော သင်္ကေတပင်။ ကောက်ကျစ်စဉ်းလဲ

သော မြေခွေးများသည် တောတိရစ္ဆာန်များအတွက် ဤတစ်ချက်တော့ ကျေးဇူးတင်ဖွယ်ဖြစ်သည်။

ဆွဲဆွဲငင်ငင် အူလိုက်ကြသောအသံနှင့် ကြေကြေကွဲကွဲ မြေခွေးအူသံများနှင့်အတူ ဝေးလံသီခေါင်သော အရပ်တစ်ပါးမှ ချေဟောက်သံတစ်ခုကလည်း တောခွေးမ၏နားစည်ကို လာရိုက်ခတ်သွားပြန်သည်။ ချေဟောက်သံကို ကြားလိုက်ရသောအခါ တစ်မြန်နေ့ကမှ ချေငယ်တစ်ကောင်ကို သူကိုက်စားခဲ့ရသည်ကို သတိရသွားပြန်သည်။ ထိုအခါ သူ့ဝမ်းဗိုက်သည် အာလယတစ်ခုနှင့် ဆာလောင်မွတ်သိပ်လာပြန်၏။ ထိုအာလယစိတ်နှင့်ပင် သူသည် ပတ်ဝန်းဘယ်ညာကို ကြည့်သည်။ သို့သော် တမျှော်တခေါ်မြင်နေရသော ဤဟင်းလင်းပြင် မီးလောင်မြေတွင် သားကောင်ကို မဆိုထားဘိ ပိုးပုရွက်များပင် အသက်ရှင်သန် ကျန်နေကြမည် မဟုတ်ဟူသော အတွေးကို တွေးမိလိုက်သည်။ ထိုအခါ ဆောင့်ကြောင့်ထိုင် ထောက်ထားသော သူ့လက်နှစ်ချောင်းမှာ အလိုလို ကွေးကျသွားပြီး သူ ကိုယ်တိုင်သည်လည်း မြေပြင်တွင် ဝပ်ကျသွားသည်။

တောခွေးမသည် ဝပ်လျက်နှင့်ပင် မီးလောင်မြေ၏ ဟင်းလင်းပြင်ကို အဓိပ္ပာယ်မဲ့ ကြေကြေကွဲကွဲ ငေးကြည့်နေပြန်သည်။ စောစောကမှ အူသံကြားလိုက်ရသော မြေခွေးမိသားစုသုံးကောင်သည် မြေပြင်ကို ငုံ့နမ်းလိုက်၊ အနံ့ခံလိုက်နှင့် စိုက်စိုက် စိုက်စိုက် သူ့အနားကို ရောက်လာကြသည်။ မီးသင်းအနံ့နှင့် ပြာမှုန့်နံ့ကလွဲပြီး ဘာမှမရှိသော ဤမီးလောင်မြေပေါ်တွင် မိုက်မဲစွာ အစာအာဟာရရှာနေကြသော မြေခွေးမိသားစုကို တောခွေးမသည် စက်ဆုပ်ရွံရှာစွာ တစ်ချက်လှမ်းကြည့်လိုက်သည်။

အမျိုးလေးပါးထဲတွင် မြေခွေးဆိုသော တိရစ္ဆာန်မှာ ကောက်ကျစ်စဉ်းလဲရန်သာသိပြီး အသိဉာဏ်ကမူ ခေါင်းပါးလွန်းသည်ဟု ခွေး၊ ခွေးအ၊ တောခွေးတို့က ခွေးရာမသွင်းကြ။ မြေခွေးသည် အမျိုးလေးပါးထဲ၌ အသိဉာဏ် မည်မျှခေါင်းပါးသနည်းဟူမူ ပေါက်ပင်မှ ပေါက်ပွင့်ကိုပင် သားတစ်

www.burmeseclassic.com

အမှတ်ဖြင့် ရက်ရှည်လများ ပေါက်ပွင့်ကြွေကျသည်အထိ ပေါက်ပင်အောက်က စောင့်တတ်သူအဖြစ် အစဉ်အလာနှင့် ပျက်ရယ်ပြုခြင်းခံရသည့် အမျိုးယုတ် မြေခွေးပင်။

တောမီးကြောင့် သတ္တရဘာန်တစ်ခုလုံး ဟင်းလင်းပြင်ဖြစ်သွားသောပြာပုံထဲတွင် ဤမြေခွေးမိုက်သုံးကောင်သည် အဘယ်မည်သော စားသောက်ဖွယ်ရာကို ရနိုင်မည်နည်းဟု တွေးကာ တောခွေးမသည် မြေခွေးသုံးကောင်ကို ဒေါသဖြစ်နေသည်။ မထိတရိနှင့် သူ့အနားက ပြာပုံတွေကို လာလျက်နမ်းရှုပ်နေကြပြန်သောအခါ သူ သည်းမခံနိုင်တော့။ အသိဉာဏ်ခေါင်းပါးကာ ပြာပုံကို လာနမ်းလျက်သော မြေခွေးတစ်ကောင်အား တောခွေးမသည် အော်ဟစ်လှမ်းပုတ်ကာ မောင်းထုတ်ပစ်လိုက်သည်။

ဘိုးစဉ်ဘောင်ဆက်အရ အမျိုးလေးပါးတွင် အားလုံးကိုကြောက်ရသော မြေခွေးမိုက်သုံးကောင်မှာ ယခုလည်း သူ အော်ဟစ်ရန်ရှာလိုက်သဖြင့် ပေစောင်းပေစောင်းနှင့် သူ့အနားမှ ခွာသွားကြသည်။ သို့သော် အသိဉာဏ်ခေါင်းပါးမိုက်မဲစွာနှင့် မီးလောင်ပြင်ထဲက ပြာပုံမှာတော့ သူတို့က စားသောက်စရာကို အနံ့ခံ ရှာဖွေတူးယက်၍ သွားနေကြဆဲသာ။

သူ့ သားရဲတွင်းနှင့် သုံးလေးလံမျှသာဝေးသော ပြာပုံထဲမှ မြေခွေးတစ်ကောင်က မီးကျွမ်းထားသော အရာဝတ္ထုတစ်ခုကို ကိုက်ယူချီလိုက်သောအခါ ရုတ်တရက် တောခွေးမ အံ့သြသွားသည်။ အသိဉာဏ်ခေါင်းပါး၍ မိုက်မဲသော ဤမြေခွေးသည် မီးကျွမ်းသစ်တုံးတစ်တုံးကို စားစရာအထင်နှင့် ကိုက်ချီလိုက်ခြင်းဟု သူ ထင်လိုက်၏။ သို့သော် မြေခွေးကိုက်ချီလိုက်သော အရာမှာ မီးကျွမ်းသစ်တုံးပိုင်း ဖြစ်ပုံမရ။ ထို့ကြောင့်လည်း နောက်နှစ်ကောင်ကပါ စားသောက်ရန် လုယက်ကြသောအခါ ထိုမြေခွေးသည် မီးကျွမ်းအရာဝတ္ထုကို ကိုက်ချီ၍ ထွက်ပြေးသွားသည်။ ထိုမြေခွေးမိုက်နောက်ကို ကျန်နှစ်ကောင်က အပြေးလိုက်လုနေကြသည်။

ထိုအခါမှ အမျိုးလေးပါးတွင် အသိဉာဏ်ခေါင်းပါးသည်ဟု အရာမသွင်းကြသော ဤမြေခွေးများသည် ကျရာဘဝ၊ ခံစားနေကြရသော ဒုက္ခကြားထဲမှ သူတို့ဘဝ ရှင်သန်ရေးကိုတော့ တစ်နည်းနည်းနှင့် ကြိုးစားရှာဖွေ နေထိုင်တတ်ကြသူများပါလားဟု တောခွေးမက တွေးမိလိုက်သည်။ တောခွေးမတို့အနေမှာ ဤလိုအခြေအနေမျိုး၌ မြေခွေးများလို ရှာမစားတတ်ကြ။ သားကောင်ကို မြင်မှ တွေ့မှ လိုက်ကိုက် သတ်ဖြတ်စားသောက်ကြရသည်နှင့်စာလျှင် မြေခွေးများ၏ အစာရှာဖွေရေး ဇီဝအသက်ဆက်ရေးတို့မှာ သက်သောင့်သက်သာရှိလှသည်။ ကောက်ကျစ်စဉ်းလဲသလို ဉာဏ်နီဉာဏ်နက်များသော မြေခွေးများသည် သားကောင်ကို ကိုယ်တိုင်အပင်ပန်းခံကာ လိုက်လံတိုက်ခိုက်ကြခြင်း မပြုဘဲ သူတစ်ပါးကိုက်သတ်ထားခဲ့သော သားကောင်များ၊ တိရစ္ဆာန်ကြီးများ၏ စားကြွင်းစားကျန်များကို အချောင်စားသောက်နိုင်ရန် အချိန်ကာလကြာမြင့်စွာ စောင့်ဆိုင်းသည်းခံစားသောက်ကြသည်ကိုတော့ တောခွေးမ မြင်ဖူးထားသည်။

ယခု မြေခွေးများ သူ၏ သားရဲတွင်းနားမှ ရှာဖွေယူသွားကြသော သားကောင်မှာ မည်သည့်သားကောင်မျိုးဖြစ်သနည်းဟု သူ တွေးလိုက်ချိန်မှာတော့ သူ့တစ်ကိုယ်လုံးသည် ကြက်သီးဖြန်းဖြန်း ထသွားလေသည်။ မြေခွေးမိုက်များ ကိုက်ချီတူးဖော်ယူသွားကြသော သားကောင်မှာ တောမီးကြီး အဟပ်ခံလိုက်ရ၍ သေကျန်ခဲ့သော သူ့သားမှန်း ယခုမှ သိလိုက်သည်။ သူ့အသိက နောက်ကျသွားလေပြီ။ ဒေါသတကြီးနှင့် သူ ဆတ်ခနဲ ထရပ်ပြီး လှမ်းကြည့်လိုက်ချိန်တွင် မြေခွေးများကား တောင်ကုန်းတစ်ခုပေါ်၌ မီးဖုတ်ထားသော သူ့သားငယ်ကို ကိုက်ဖွဲ့စားသောက်သွားကြလေပြီ။ ယခုအချိန်မှာ မြေခွေးများကို ရန်ရှာကိုက်သတ်ရန် သူပြေးလိုက်သွား၍လည်း မမီနိုင်တော့။

ဤအဖြစ်အပျက်ကြောင့် တောခွေးမ၏ ကိုယ်စိတ် နှလုံးမှာ ရုတ်တရက် ထိခိုက်သွားကာ မြေပြင်သို့ ဝပ်ကျသွားပြန်သည်။ ရှေ့လက်

နှစ်ချောင်းဖျားပေါ် နွမ်းနွမ်းခွေခွေ မေးထိုးတင်လိုက်ကာ မီးလောင်မြေ ဟင်းလင်းပြင်ကို ကြေကြေကွဲကွဲ အဓိပ္ပာယ်မဲ့ ငေးကြည့်နေပြန်သည်။

အချိန်မည်မျှ ကြာသွားသည်မသိ။ မီးလောင်ပြင်မှ မီးတောက်မီးလျှံများကို မြင်လာရပြန်သည်။ ပတ်ဝန်းကျင် ဘယ်ညာ တစ်ခွင်တစ်ပြင်လုံးမှ မီးတောက် မီးလျှံများသည် သူ့ သားရဲတွင်းကို ဝိုင်းထားကြသည်ဟု သူ့ စိတ်ထဲ ထင်မိလိုက်သည်။ ထိုအခါ ရုတ်တရက်လန့်ဖျပ်ပြီး သူ၏ မြေအောက် ကမ္ဘာ သားရဲတွင်းထဲ မီးခိုလှုံရန် ဝင်ပြေးလာပြန်သည်။

အမှန်မှာမူ ညရောက်လာပြီဖြစ်သဖြင့် မီးလောင်ပြင်ရှိ ပင်ထောင် သစ်ခြောက်ပင်များမှ မီးရောင်များဖြာထွက်ကာ အဝေးအနီးရောယှက်လာပြီး သူ့မျက်စိအမြင်မှာ သားရဲတွင်းထဲကို မီးဝိုင်းလာခြင်းဟု ထင်မှားခြင်းသာ။

သို့သော် မီးဟပ်ခံထားရသော တောခွေးမမှာ ဤသည်ကိုမသိ။ တောမီးကြီးသည် ဒုတိယအကြိမ် လောင်မြိုက်လာပြန်ပြီအထင်နှင့် သားရဲ တွင်းထဲ အထိတ်တလန့် ဝင်ပြေးလာမိခြင်းသာ။

သားရဲတွင်းထဲ ရောက်လာ၍ သူ့သားသမီးများ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြသည်ကို တွေ့သောအခါ တစ်ကောင်စီကို လိုက်နမ်းပွတ်လျက် လိုက်သည်။ သို့သော် သေသွားသော သူ့သားငယ်၏ အစအနကိုမူ လုံးဝ မတွေ့ရတော့။ ချက်ချင်း တောခွေးမ သိလိုက်ပြီ။ ဆာလောင်မွတ်သိပ် နေသော သားသမီးသုံးကောင်သည် သူ့သားငယ်၏ အရိုးအရင်းကိုပင် မချန်ဘဲ ဆာဆာနှင့် အကုန်ကိုက်ဝါးစားပစ်လိုက်ကြလေပြီ။ ထို့ကြောင့်လည်း သားသမီးသုံးကောင်သည် သူ့နောက် သားရဲတွင်းပေါ် တက်လိုက်မလာကြဘဲ စားပိုးနင့်ကာ တစ်နေ့လုံး သားရဲတွင်းထဲ အိပ်နေခဲ့ကြခြင်း ဖြစ်၏။

အစာဝ၍ တုံးလုံးပက်လက် အိပ်စက်နေကြသော သားသမီးများကို မြင်ရသောအခါ သူ့ဝမ်းဗိုက်မှာလည်း အစာတောင်းလာသည်။ ထိုအခါ တောခွေးမသည် သားရဲတွင်းပေါ် တက်လာပြန်၏။ သားကောင်ထွက် လိုက်ရန် ရည်ရွယ်ချက်နှင့် သားရဲတွင်းကတက်လာသော တောခွေးမသည်

www.burmeseclassic.com


မီးလောင်ပြင်မှ မီးတောက်မီးလျှံများကို မြင်လိုက်ရပြန်သောအခါ ကြောက်ကြောက်နှင့် သားရဲတွင်းထဲ ပြန်ဆင်းပြေးလာပြန်၏။ သည်လိုနှင့် တစ်ညလုံး ဝင်လိုက် ထွက်လိုက် လုပ်ရင်းက မိုးလင်းသွားသည်။ ထိုအခါ သစ်ခြောက်ပင်များဆီမှ မီးတောက်မီးလျှံများမှာလည်း မှေးမှိန်ငြိမ်းသွားကြပြီးဖြစ်ရာ ဆာလောင် မွတ်သိပ်မှုနှင့်အတူ သားကောင်လိုက်လိုသော စိတ်ဆန္ဒက ဖြစ်ပေါ်လာပြန်သည်။

သို့သော် ဟင်းလင်းပြင် မီးလောင်မြေကို မြင်နေရ၍ ဤပတ်ဝန်းကျင်တွင် မည်သည့်သားကောင်မှ မရှိတော့ဆိုသည်ကိုတော့ သူ သတိရသည်။ သူ့အနေမှာ မြေခွေးများလိုလည်း အစာရှာစားတတ်သူ မဟုတ်သဖြင့် မီးလောင်မြေကို ချက်ချင်းစွန့်ခွာရန် သတိတရားက နိုးကြားလာသည်။ ထိုအချိန်မှာပင် သားရဲတွင်းထဲ အိပ်ပျော်နေကြသော သားသမီးများကလည်း သူ့အနားရောက်လာကြရာ သူ၏ ဆုံးဖြတ်ချက်မှာ ပို၍ ခိုင်မာသွားလေသည်။

သည်လိုနှင့် တောခွေးမတို့မိသားစုသည် မီးလောင်မြေကိုစွန့်ခွာလာခဲ့ကြသည်။ သတ္တရာဘန် တောင်စဉ် တောင်ထပ်များကို လောင်ကျွမ်းသွားသော တောမီးကြီးမှာ ဤအချိန်တွင် ငြိမ်းသွားပြီဖြစ်သော်လည်း တောခွေးမ၏ နှလုံးသားကို လောင်ကျွမ်းသွားခဲ့သော မီးကား မငြိမ်းသေး၊ မသေသေး။

**[ ရွှေရတုနှစ်ပတ်လည် ။ ။ စက်တင်ဘာ၊ ၂၀၀၁ ]**

www.burmeseclassic.com

## သစ္စာမပျက် အချစ်ငှက်

ထောင်သောင်းမကသော ငှက်မျိုးပေါင်း မြောက်မြားစွာထဲတွင် ဤငှက်တစ်မျိုးကား အလွန်ထူးဆန်း အံ့ဩဖွယ်ကောင်းလေသည်။ အကြောင်းအမျိုးမျိုးကြောင့် အဖိုသေလျှင် အမပါ လိုက်သေတတ်သလို အမသေလျှင်လည်း အဖိုကပါ လိုက်သေ၏။ အဖိုကလည်းကောင်း၊ အမကလည်းကောင်း သစ္စာပျက်ယွင်းသည်ဟု သံသယဝင်ရုံနှင့် တစ်သိုက်တစ်မြုံ အကုန်သေတတ်သည်။ ထို့ကြောင့် ငှက်လောကတွင် ထိုငှက်မျိုးကို သစ္စာငှက်၊ အချစ်ငှက်ဟု ခေါ်ဆိုကြသည်။

အချစ်နှင့် ပတ်သက်လျှင် အသက်အသေခံ၍ သစ္စာစောင့်သည်။ တခြားငှက်များလို မျိုးတူ မြင်ကရာ တွေ့ကရာ အထီး အမတို့နှင့် ပျော်ပါးလေ့မရှိ။ တစ်ကောင်နှင့်တစ်ကောင် စုံမက်မြတ်နိုး၍ မိတ်လိုက်ကြပြီဆိုလျှင်လည်း ရာဝဇီဝံ အသက်ထက်ဆုံးပင်။

အထူးခြားဆုံးမှာ အသိုက်အမြုံဖွဲ့ခြင်းနှင့် သားသမီး၊ ဇနီးမယားအပေါ် ငှက်ဖိုထီးက ပြုစုစောင့်ရှောက်ခြင်း၊ ယုယကြင်နာခြင်းပင်။

*　　*　　*

'အောက်ကလောက်၊ အောက်ကလောက်၊ လောက် လောက် လောက်'

ငိုက်မျဉ်းနေသော သူ့ တစ်ကိုယ်လုံး သည်အသံကြောင့် ကြက်သီး မွေးညင်းထသွားသည်။ မွေးရင့်မွေးတောင်များကြားမှ မွေးနုပင်ငယ်များပါ ထောင်ထလာသည်။ ကြွရွလာသော အမွေးအမှင်ကြောင့် ကိုယ်ခန္ဓာကြီးမား လာသည်။ ကိုယ် ခက်ထရော်ထလာသည်။

ကြောက်ရွံ့ထိတ်လန့်၍ ခံစားလိုက်ရသော ဝေဒနာမဟုတ်။ တပ်မက် တွယ်ငြိတတ်သော သံယောဇဉ်ကို ဖွဲ့သီရင့် ကျူးတတ်သော ချစ်ခြင်းမေတ္တာ နှင့် ယှက်နွယ်တတ်သော သမုဒယ ချစ်ခြင်းကြောင့်ဖြစ်သော ဝေဒနာ အာလယပင်။

သည် 'အောက်ကလောက် အောက်ကလောက်' အော်မြည်နေသော ငှက်ငယ်မဆီ ဦးခေါင်းငဲ့ကြည့်လိုက်၏။ ငှက်ငယ်မ၏ အသွင်က ကြွရွ လှပနေသည်။ သစ်ရိုင်းပင်ဖျားရှိ ကိုင်းတစ်ကိုင်းမှသည် နောက်တစ်ကိုင်းသို့ အဆောတလျင် ကခုန် အော်မြည်ပျံသန်းသွားသည်။

သူ၏အဖိုမာနက ရတ်ခြည်း ထကြွလာသည်။ နှလုံးသည်းပွတ်မှ ရတ်ခြည်းပေါ်လာသော ဝေဒနာအာလယသည် သူ့လည်တံ အစ်တစ်တစ် ကြီးဆီ လာဆို့နှင့်၏။ ထိုအခါ သူသည်လည်း ငှက်ငယ်မအော်သလို လည်ချောင်းသံအစ်အစ်နှင့် ကျယ်လောင်စူးရှစွာ အော်မြည်ပစ်လိုက်သည်။

ခက်လက်ဝေဆာနေသော သစ်ရိုင်းပင်ဖျားရှိ နေရောင်ခြည် ပြောက် ကြားထဲတွင် ငှက်ငယ်မသည် ခုန်ပေါက်ပျံလွှားနေသည်။ ငှက်ငယ်မ၏ မထိတရီ မြူးကြွသော ကခုန်ဟန်ကြောင့် သူလည်း တစ်မုဟုတ်ချင်း မြူးကြွကခုန်ချင်သည်။ ရတ်ခြည်းထခုန်ကာ ငှက်ငယ်မရှိရာ ကိုင်းတစ်ခုသို့ ပြေးကူးလာ၏။ ငှက်ငယ်မသည် သူခုန်ကူးလာသည်ကို မြင်သဖြင့် သစ်ရိုင်း ပင်ဖျားမှ လေထဲ ပျံတက်သွားသည်။ သူလည်း အားကျမခံ လေထဲသို့ ပျံလိုက်လာလေသည်။

* * *

www.burmeseclassic.com


နွေဦး၏လေသည် တသွင်သွင်တိုက်ခတ်နေသည်။ ငှက်ဖို ငှက်မနှစ်ကောင်သည် လေဟုန်စီးကာ ကောင်းကင်ပေါ် ပျံဝဲနေကြသည်။ တောင်ထိပ်ပေါ်မှသည် တောင်ကြိုတောင်ကြား သစ်ရိုင်းပင်ကြီးများရှိရာသို့ နိမ့်ဆင်းလာကြသည်။ တစ်ကောင်နှင့်တစ်ကောင် ထိုးဆိတ်ကာ ကျီစယ်ကလူလာကြသည်။

တောင်ခြေတွင် မင်းလွင်များ ပြာလွင်နေကြသည်။ မြူခိုးနှင့် မင်းလွင်ကြားတွင် သူတို့ ပျံသန်းမြူးထူးနေကြသည်။ ခြောက်ကောင်၊ ခုနစ်ကောင်မှသည် ဆယ်ကောင်၊ ဆယ့်နှစ်ကောင်ထိအုပ်ဖွဲ့နေကြရာမှ သူတို့နှစ်ကောင်သည် ဘယ်လိုအကြောင်းကြောင့် အုပ်မှခွဲထွက်ပျံသန်းလာကြသည်ကိုပင် သတိမရကြတော့။

အတောင်ညောင်းလျှင် သစ်ပင်ကြီးများပေါ် နားသည်။ ဆာလောင်မွတ်သိပ်မှု ဖြစ်လာလျှင် တောထဲတွင် သစ်သီးဝလံများကို အတူရှာစားကြသည်။ သူတို့ နှစ်ကောင်သည် ထိုအချိန်ကစပြီး သွားအတူ၊ လာအတူ၊ အိပ်လျှင်လည်း အတူတူပင်။

ငှက်လောကတွင် သူတို့အမျိုးလောက် သစ္စာရှိသော၊ အချစ်ကြီးသော ငှက်မျိုးကား မရှိပေ။ အဖိုသေလျှင် အမပါ လိုက်သေတတ်သော ငှက်မျိုး၊ အမသေလျှင် အဖိုပါလိုက်သေတတ်သော ငှက်မျိုးဖြစ်သည်။ ထို့ကြောင့်လည်း သူတို့သည် လူသူလေးပါး ငှက်ခတ်ယောကျ်ား၊ မုဆိုးများနှင့်ဝေးသော တောကြီးမျက်မည်းထဲ၌သာ နေတတ်ကြသည်။

ငှက်ခတ်ယောကျ်ား မုဆိုးများက အဖိုကိုလည်းကောင်း၊ အမကိုလည်းကောင်း ဤလိုအချိန်မျိုးတွင် တစ်ကောင်ကောင်ကို ပစ်ခတ်သတ်ဖြတ်သွားလျှင် ကျန်တစ်ကောင်မှာ မိုးစွန်တိမ်ညွန့်ဖျားထိ ပျံတက်သွားပြီး အတောင်ကို ရုတ်ချကာ မြေပြင်ပေါ် ထိုးချ အသေခံတတ်လေသည်။ ထို့ကြောင့် ဤငှက်မျိုးမှာ ရှားပါးစာရင်းဝင်ငှက်များ ဖြစ်လေသည်။

* * *

အမျိုးပေါင်း ထောင်သောင်းမကရှိသော ငှက်လောကတွင် ငှက်ဖိုငှက်ထီးများမှာ မိတ်လိုက်ပြီးသည်နှင့် မျိုးဆက်သန္ဓေစိတ်ကုန်သွားသည်နှင့် တစ်ပြိုင်နက် အမကို စွန့်ခွာသွားတတ်ကြသည်။ အမ၏တာဝန်မှာ ဥအုရန်နှင့် ငှက်ငယ်များ မွေးပေါက်ရန်၊ အစာရှာကျွေးရန်ဖြစ်သည်။

သို့သော် ဤငှက်မျိုးမှာကား ထိုသို့မဟုတ်ပေ။ မိတ်လိုက်ပြီးကတည်းက ငှက်မ၏အနားက လုံးဝမခွာတော့။ သားပေါက်၍ ငှက်ကလေးများ အရွယ်ရောက်သည်ထိ အစာရှာကျွေးကာ လူသားများကဲ့သို့ သူ့မြို့၊ သူ့သိုက်၊ သူ့ မိသားစု၊ သူ့ လောက၊ သူ့ ကမ္ဘာကို တည်ထောင်တတ်သူများ ဖြစ်လေသည်။

ငှက်မသည် ဥအုရန်အတွက် မြင့်မားဝေသီသော သစ်ပင်များမှ သစ်ခေါင်းများကို ရှာဖွေတတ်သည်။ ငှက်မက ထိုသို့သစ်ခေါင်းများကို ဥအုရန်ရှာဖွေချိန်တွင် ငှက်ဖိုမှာလည်း ငှက်မနှင့်အတူလိုက်ကာ သစ်စေး၊ သစ်ရည်ရရှိနိုင်မည့် သစ်ပင်များကို ရှာဖွေထားတတ်သည်။ ထိုအချိန်မျိုးတွင် လူယောကျ်ားများ ကိုယ်ဝန်ရှိသောဇနီးများကို အရေးတယူ ဂရုစိုက်သလို ငှက်ဖိုသည် ငှက်မ၏ အလိုကိုလိုက်ကာ တစ်ကိုင်းတည်းတွင် ကိုယ်ချင်းကပ်၍ အိပ်တတ်သည်။ ငှက်မသည် ငှက်ဖို၏ အတောင်ပံကြားထဲ ခေါင်းသွင်းပြီး အိပ်သလို ငှက်ဖိုကလည်း ငှက်မ၏အတောင်ပံကြားထဲ ခေါင်းလျှို၍အိပ်သည်။

ငှက်မသည် ဥအုရန် သစ်ခေါင်းပေါက်ရှာရာ၌ **(Instinct)** ဇာတိစိတ်ဖြင့် သစ်ပင်၏ အမျိုးအစားကို ရွေးချယ်တတ်ကြသည်။ ဥပမာ ညောင်တက်နေသော သစ်ပင်များကို ဥအုရန် မရွေးတတ်ကြပေ။ အဘယ်ကြောင့်ဆိုသော် ညောင်မြစ် ညောင်ပင်များမှာ အမြစ်အသားများ တက်လွယ်ပွားလွယ်သဖြင့် သစ်ခေါင်းပေါက်ပေါ် အမြစ်များ ဖြတ်သန်းသွားပြီး လပိုင်းအတွင်း သစ်ခေါင်းပေါက် ပိတ်သွားမှာစိုး၍ ဖြစ်သည်။

www.burmeseclassic.com

ငှက်မသည် သူ သားပေါက်နိုင်ရန် သစ်ခေါင်းပေါက်ကို ရှာတွေ့ပြီး ပါက ထိုသစ်ခေါင်းပေါက်ထဲကို အမှိုက်သရိုက်များ၊ သစ်ရွက်များကိုထည့်ကာ သစ်ခေါင်း၏ ကြမ်းပြင်ကို ညီညာအောင် သူ တစ်လ နှစ်လ သက်သောင့် သက်သာ နေနိုင်အောင် ဖြန့်ခင်းရသည်။

ငှက်မက အသိုက်လုပ်ရန် အမှိုက်သရိုက်နှင့် သစ်ရွက်ခြောက်များကို လိုက်ကောက်စုစည်းနေချိန် ငှက်ဖိုထီးမှာလည်း အလွန်အလုပ်များ ပင်ပန်းနေရသည်။ ငှက်ဖိုထီးသည် ဝေးလံသီခေါင်သော တောင်ကျွန်း၊ မြောက်ကျွန်း၊ အရှေ့ကျွန်း၊ အနောက်ကျွန်း ကျွန်းလေးကျွန်းဆီ အခေါက်ခေါက်အခါခါ ပျံသန်းပြီး လေးကျွန်းမြေကို ကိုက်ချီသယ်ပေးနေရသည်။

ငှက်ဖို သယ်ယူလာပေးသော လေးကျွန်းမြေကို ငှက်မက သူဖြန့်ခင်းထားသော အမှိုက်သရိုက်နှင့် သစ်ရွက်ခြောက်များပေါ် တစ်ဖန်ဖြန့်ခင်းရပြန်သည်။ ဥအုနိုင်ရန်နှင့် လနှင့်ချီနေရမည့် သစ်ခေါင်းအတွင်းပိုင်းကို ပြုပြင်ရသည်။

(ငှက်ဖိုထီး ယူလာပေးသော လေးကျွန်းမြေကို ငှက်မ သားပေါက်ပြီး အသိုက်ဟောင်းဖြစ်သွားသောအခါ လူသားတို့ တွေ့ရှိပါက ဆေးဝါးအဖြစ် ယူတတ်ကြသည်။ ထိုလေးကျွန်းကို သွေးလိမ်းလျှင် လေးဘက်နာ၊ လေဖြတ်နာ၊ ထုံနာတို့မှာ သုံးခါလိမ်းရုံနှင့် လုံးဝပျောက်ကင်းတတ်သည်ဟု လူတို့ အယူရှိကြသည်။)

လေးကျွန်းမြေ ရှာဖွေပေးရသော ငှက်ဖိုမှာ အနားမရသေး။ တစ်ဖန် သစ်စေး အမျိုးအမည် အမျိုးမျိုးကို ရှာဖွေသယ်ယူ၍ ပေးရပြန်သည်။ ငှက်ဖို ရှာဖွေယူလာပေးသော သစ်စေးများနှင့် ငှက်မသည် သစ်ခေါင်းထဲမှနေ၍ သစ်ခေါင်းပေါက်ကို ပင်ကိုယ်သစ်သားနှင့်ဆက်၍ သရိုးကိုင်မွမ်းမံရသည်။ ငှက်မက အတွင်းက သရိုးကိုင် မွမ်းမံနေသလို ငှက်ဖိုကလည်း အပြင်က သစ်စေးတွေနှင့် သရိုးကိုင် မွမ်းမံနေသည်။ ငှက်ဖိုနှင့် ငှက်မတို့ ထိုသို့ အတွင်းအပြင် သရိုးကိုင် မွမ်းမံလိုက်ကြရာ နောက်ဆုံးမှာ ငှက်မသည်

www.burmeseclassic.com


အတွင်းသစ်ခေါင်းထဲက မထွက်နိုင်ဘဲ နှုတ်သီးတစ်နေရာစာသာ အပြင်ကို ထုတ်နိုင်တော့သည်အထိ သစ်စေးများနှင့်သစ်ခေါင်းကို သရိုးကိုင်ပြီးသား ဖြစ်သွားလေသည်။ ရက်မကြာမီမှာပင် သစ်စေးသရိုးတို့လည်း မာခြောက် သွားလေရာ ငှက်မမှာ သစ်ခေါင်းထဲက လုံးဝမထွက်နိုင်တော့။

သူတို့၏ အသိုက်ဖြစ်သော သစ်ခေါင်းကို ထိုသို့ ငှက်မ နှုတ်သီး တစ်ခုစာ ဝင်ဆံ့ရုံသာ ချန်ထားခြင်းမှာ အတွင်းထဲရှိ ငှက်မ လေရှူရန်နှင့် ငှက်ဖိုက အစာရေစာရှာလာပေးလျှင် အပြင်ကို နှုတ်သီးထုတ်၍ စားနိုင်ရန် ဖြစ်လေသည်။ ဤငှက်မမှာ ဥအုနေစဉ်၊ ဝပ်နေစဉ်၊ သားပေါက်နေစဉ်ထိ တခြားငှက်မများလို အပြင်တွင် ပျံသန်းသွားလာဖို့ မဆိုထားနှင့် သစ်ခေါင်း ထဲကပင် သုံးလလောက်ထိ အပြင်ကို လုံးဝမထွက်ရဘဲ နေနေရပေတော့မည်။

ငှက်မ သစ်ခေါင်းထဲ ရှိနေသမျှ ကာလပတ်လုံး ငှက်ဖိုထီးမှာ ငှက်မအား အစာရေစာ ရှာလာပေးနေရသည်။ ငှက်မ တစ်ကောင်တည်း ကိုသာမဟုတ် မွေးပေါက်လာကြမည့် ငှက်ကလေးများအားလုံး သစ်ခေါင်း ထဲက ထွက်မလာကြမချင်း အားလုံး၏ အစာရေစာကို ငှက်ဖိုထီးကပင် ရှာဖွေကျွေးမွေးနေရပေတော့မည်။ သူ၏ တစ်သိုက်၊ တစ်မြုံ၊ တစ်ထွေး၏ စားသောက်ရေးတာဝန်ကို အပြင်တွင် သွားလာလှုပ်ရှားနိုင်သော ငှက်ဖိုထီး ကသာ တာဝန်ယူထားရလေသည်။

* * *

ငှက်မ သစ်ခေါင်းထဲရှိနေသမျှကာလပတ်လုံး ငှက်ဖိုထီးမှာ နေ့စဉ်နှင့်အမျှ မရပ်မနား အလုပ်များနေရတော့သည်။ သစ်ခေါင်းထဲ ရောက်နေသော ငှက်မ ကို အစာရှာကျွေးရသလို ရေလည်း နေ့စဉ်တိုက်ရသည်။

အစာကို နှုတ်သီးနှင့်ကိုက်ချီလာပြီး ရေကိုမူ သူ၏နှုတ်သီးပေါ်တွင် မွေးလာတည်းက အပိုပါလာသော (အမောက်) ရေကန်ထဲ ထည့်လာရ၏။

သူ၏ နှုတ်သီးပေါ်မှ ရေကန်မှာ ငှက်မတစ်ကောင်တည်းအတွက်သာမဟုတ် ပေါက်ဖွားလာမည့် သားသမီး သုံးလေးကောင်အတွက်ပါ ဖူလုံလေသည်။ ထို့ကြောင့် သူ၏ နှုတ်သီးပေါ်မှ အပိုရေကန်ကို အခြားငှက်များစွာထက် ထူးခြားအောင် သဘာဝ ဘုရားသခင်က သူ့အား ဖန်ဆင်းပေးလိုက်ခြင်း ဖြစ်သည်။

ငှက်ဖိုထီးမှာ ဥအုနေသော ငှက်မအား အစာနှင့်ရေကိုသာ ရှာဖွေ တိုက်ကျွေးနေရသည် မဟုတ်။ သူ မွမ်းမံထားခဲ့သော ရွှံ့စေးမျက်နှာပြင် တစ်ခုလုံးကိုလည်း သစ်စေး သစ်ရည်များနှင့် အပြင်ကထပ်၍ မွမ်းမံပေးနေ ရသေး၏။ ဤသို့ မွမ်းမံရာတွင် သာမန်ကာ လျှံကာ မဟုတ်။ ကနုတ်ပန်း ပြောက်များပမာ အကွက်၊ အရစ်၊ အဖု၊ အချွန်၊ အမို့အမောက်တွေနှင့် အမှတ်တံဆိပ် ခတ်နှိပ်ထားလေသည်။

ဤသို့ သူ့အမှတ်အသားနှင့်သူ သစ်စေးသစ်ရည်တို့နှင့် အမှတ် တံဆိပ် ခတ်နှိပ်ထားခြင်းမှာ သူ့ကြင်ယာသက်ထားအား တခြား ငှက် တစ်ကောင်ကောင်ကများလာပြီး အစာကျွေးခြင်း၊ ရေတိုက်ခြင်း၊ ချစ်တင်း နှောခြင်း လုပ် မလုပ် သိလို၍ ဖြစ်သည်။ အကယ်၍ ထိုသို့ပြုလုပ်လိုလျှင် နှုတ်သီးတစ်ပေါက်စာသာ ချန်ထားသောနေရာက ပြုလုပ်ရမည်ဖြစ်ရာ ထိုနေရာ၌ ငှက်ဖိုထီးသည် သစ်စေး သစ်ရည်တို့ဖြင့် အမှတ်အသားတံဆိပ် လုပ်ထားလေသည်။

ထိုအမှတ်အသားသည် မည်သည့် အကြောင်းကြောင့်ပဲဖြစ်ဖြစ် သူ၏ လက်ရာခြေရာပျက်နေလျှင် အထဲတွင်ရှိသော ငှက်မအား အစာလည်း မကျွေးတော့ ရေလည်းမတိုက်တော့။ သူကိုယ်တိုင်ကလည်း မိန်းမ၏ သစ္စာဖောက်ခြင်းခံရမှု ပူဆွေးသောကကြောင့် မိုးတိမ်ညွှန့်ထိ ပျံတက်ကာ မြေပြင်ပေါ်သို့ ထိုးချ၍ သေပွဲဝင်ရမည် ဖြစ်သည်။ ဤသည်မှာလည်း သူ၏ ကြင်ယာသက်ထား ငှက်မသည် သားသမီးပေါက်ဖွားပြီး အပြင်ကို မရောက်မချင်း ဖြစ်သည်။

ငှက်မကြီးအနေကလည်း သူ၏ခင်ပွန်း တစ်နေ့ အစာလာမကျွေး၊ တစ်နေ့ ရေလာမတိုက်ရုံနှင့် နောက်နေ့တွေမှာ အစာလာကျွေးကျွေး၊ ရေလာတိုက်တိုက် မစားမသောက်ဘဲ အသေခံသွား၏။ သဘောမှာ သူ ဥဝပ်နေချိန်တွင် သူ့ခင်ပွန်းသည် အခြားငှက်မတစ်ကောင်ကောင်နှင့် ပျော်ပါးနေ၍ သတိမေ့သွားသည်ဟု ထင်သဖြင့် ဖြစ်လေသည်။

ထို့ကြောင့်လည်း ငှက်ခတ်သမားများ၊ မုဆိုးများသည် သူတို့၏ အသိုက်အမြုံကိုတွေ့သော်လည်း ဖျက်ဆီးယူငင်ရန်ကို မဆိုထားနှင့် ထိုသစ်ပင်နားကိုပင် ကပ်မသွားကြပေ။ အကယ်၍ ထိုသစ်ပင်နားကိုကပ်သွားပါက ထိုသစ်ပင်ထက်၌ တခြား သားငှက်တစ်ကောင်ကောင်ကိုတွေ့၍ ပစ်ခတ်ဖမ်းဆီးရာတွင် အောက်ချင်းငှက်ဖို ပြုလုပ်ထားသော သစ်စေးသရိုးကိုင်ထားသော အမှတ်အသားတံဆိပ် ပွန်းပဲ့သွားမှာစိုး၍ ဖြစ်သည်။

အောက်ချင်း ငှက်ဖိုသည် သူ ပြုလုပ်ထားခဲ့သော အမှတ်အသားတံဆိပ်များ ပွန်းပဲ့ ပျက်သွားလျှင် သစ်ခေါင်းထဲရှိ ငှက်မနှင့်တကွ သားသမီးများကိုပါ လုံးဝ အစာရေစာ မကျွေးတော့ဘဲ သူ့ကိုယ်သူလည်း သတ်သေတတ်သဖြင့် ဖြစ်သည်။

သူ့အား နေ့စဉ်နေ့တိုင်း အခေါက်ခေါက်အခါခါလာပြီး အစာရေစာကျွေးမွေးနေသော ငှက်ဖိုထီးက အစာလာမကျွေးလျှင် သစ်ခေါင်းထဲရှိ ငှက်မကြီးနှင့်တကွ ငှက်ကလေးများမှာ အစာရေစာပြတ်၍ သေရုံသာရှိတော့သည်။ သစ်ခေါင်းထဲကမူ ဘယ်လိုမှ အပြင်သို့ထွက်၍ မရနိုင်။ အတွင်းက ရွှံ့နှင့် မံထားသလို အပြင်ကလည်း ငှက်ဖိုကြီးက သစ်စေးသစ်ရည်တို့နှင့် သရိုးကိုင်ထားရာ သစ်စေးသရိုးတွေမှာ မာကျောခြောက်သွေ့ပြီး ပင်စည်နှင့်တစ်သားတည်း ဖြစ်သွားလေသည်။ ဘယ်လိုမှ ကိုက်ဖျက်ဖွဲချ၍ မရနိုင်တော့ပါ။

ထို့ကြောင့် သစ်ခေါင်းထဲတွင် ဥအုရန် ကျင်းဝပ်နေသော ငှက်မသည် သူ့ခင်ပွန်း ငှက်ဖိုထီးအသံကို မကြားမချင်း နှုတ်သီးကို သရိုးမံထားသော အပေါက်ကွဲကြောင်း ကျဉ်းကျဉ်းကလေးထဲက အပြင်ထုတ်ပေးလေ့မရှိပေ။

www.burmeseclassic.com

သူ့ခင်ပွန်း အောက်ချင်းဖိုကြီးအသံမှန်း တိတိကျကျသိမှ နှုတ်သီးကိုထုတ်၍ အစာတောင်းခံတတ်လေသည်။

* * *

အောက်ချင်းငှက်မ သစ်ခေါင်းထဲဝင်ပြီး ဥအုနေချိန်မှာလည်း ငှက်ဖိုသည် ငှက်မကို အစာကျွေးရင်း သူလုပ်ထားသော သစ်စေးသရိုး အမှတ်အသားများ မပျက်မယွင်း ပကတိအတိုင်း ရှိ မရှိကို နေ့စဉ် စစ်ကြည့်တတ်သည်။ သူ့အမှတ်အသားပေါ် တခြား ငှက်တစ်ကောင်ကောင်လာနားရာ သူ့ငှက်မနှင့် ဆက်ဆံပြောဆိုရာ မတွေ့မှ သူ့ဇနီးကို အစာရေစာ ဆက်ကျွေးသည်။ ထိုသရိုးကိုင်မွမ်းမံမှု ပြီးသည်နှင့် ငှက်မအုထားသော ဥများမှ ငှက်ကလေး သုံးလေးကောင် ပေါက်လာကြတော့သည်။

ထိုအခါ ပါးစပ်ပေါက်တွေက တိုးပွားလာရာ ငှက်ဖိုထီးမှာ သား မယား သားသမီးများအတွက် အစာရှာရ၊ ရေသယ်ရနှင့် ပို၍အလုပ်များလာ လေသည်။ ထို့ကြောင့် တစ်နေ့လျှင် သူ့မိသားစုရှိရာ အသိုက်နားသို့ အောက်ချင်းငှက်ဖိုမှာ အကြိမ်ခြောက်ဆယ် ခုနစ်ဆယ်ခန့် အခေါက်ခေါက် အခါခါ လွန်းထိုးသွားလာနေရသည်။

သို့သော် ဤသည်ကို အောက်ချင်းငှက်ဖိုက ပင်ပန်းသည်ဟု မထင်။ သံယောဇဉ်ကြီးတတ်သော သူတို့၏ မျိုးရိုးဗီဇစိတ်နှင့် ဤသို့ ပင်ပင်ပန်းပန်း မိသားစုအတွက် ရှာဖွေကျွေးမွေးရသည်ကိုပင် သူကား ပျော်နေလေသည်။

အသိုက်နားရောက်၍ ငှက်မကြီးနှင့် ကလေးငယ်များ ကျည်ကျည် ကျာကျာ အစာတောင်း အော်မြည်သံကိုကြားရလျှင် ရတ်ခြည်း အမောပြေသွားတတ်သည်။ သူ ပြုလုပ်မှတ်သားထားသော အမှတ်တံဆိပ်သစ်စေး တို့ကလည်း ခြေရာလက်ရာမပျက်သည်ကို တွေ့ရလျှင် သူ့ဇနီးငှက်မသည် သူ့အပေါ် သစ္စာရှိလေစွဟူသော ကျေနပ်နှစ်သိမ့်စိတ်နှင့် ခွန်အား ဗလများပင်

အလိုလို တိုးပွားလာတတ်လေသည်။

အောက်ချင်းငှက်မ သစ်ခေါင်းအသိုက်ထဲ ဝင်သွားသည်ကစပြီး ယခုသားပေါက်လာသည်အထိ အချိန်ကာလကို တွက်ဆလျှင် သုံးလခန့် ရှိနေလေပြီ။ သို့သော် အောက်ချင်းငှက်ဖိုထီးကား သူ၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တုန်းပင်။

နွေဦးမှစခဲ့သော သူတို့နှစ်ဦး၏ အိမ်ထောင်ရေးမှာ မိုးဦးသို့ ရောက်သောအခါ တစ်သိုက်၊ တစ်မြုံ၊ တစ်ထွေး ဖြစ်လာလေပြီ။ သားသမီးတို့ ပွားစည်းလာလေပြီ။ ထို့ကြောင့် မိုးသံ လေသံနှင့်အတူ အောက်ချင်းငှက်ဖိုကား အပျော်ကြီးပျော်နေလေသည်။ ယခင်က နှုတ်သီးလောက်သာ မြင်နေရသော ငှက်မကြီးနှင့် သားသမီးများကို ယခုအခါ အကောင်အထည်မြင်ရတော့မည် ဖြစ်သဖြင့် 'ကလောက် ကလောက်' ဟူသော အော်မြည်သံကိုပေးကာ သူ့ မယားနှင့် သူ့သားသမီးများရှိသော သစ်ပင်ပေါ်ကို ဘယ်ငှက် ဘယ်တိရစ္ဆာန် များမှ လာမနှားနိုင်အောင် စောင့်ရှောက်လျက်ရှိလေသည်။

သည်လိုနှင့် မိုးတစ်ကြိမ် နှစ်ကြိမ်ရွာလာသည်။ ပင်စည်ထိပ်ဖျားမှ မိုးရေများသည် ရွှံ့စေးနှင့် သစ်စေးတို့ကို ရောနှောကာ သရိုးကိုင်ထားသော ငှက်သိုက် အခေါင်းပေါက်ထဲ စီးကျလာကြသည်။ အစားအစာအတွက် နှုတ်သီးတစ်ဝင်စာသာ ကွဲကြောင်း အပေါက်ကျဉ်းကျဉ်းလေးထဲမှ မိုးရေများ သစ်ခေါင်းထဲ စီးဝင်ကုန်ကြတော့သည်။

ထိုအခါ ရွှံ့စေး သစ်စေးတို့မှာ ပျော့ကုန်ပြီဖြစ်သဖြင့် အတွင်းရှိ အောက်ချင်းမက ရွှံ့စေးတွေကို ကိုက်နွာဖွဲ့ချသလို အပြင်ရှိ အောက်ချင်းဖိုကြီး ကလည်း သားမယားများကို မြင်လိုဇောဖြင့် သူ လုပ်ထားသော သစ်စေးသရိုး တွေကို အားကြိုးမာန်တက် ကိုက်ခဲခွာချလိုက်လေသည်။

သစ်စေးသရိုးတွေကို ကိုက်ဖွဲ့ခွာချလိုက်သည်နှင့်တစ်ပြိုင်နက် ဇနီး မယားနှင့် သမီးသား သုံးလေးကောင်တို့ကို မြင်ရပါလေပြီ။ သို့သော် အောက်ချင်းငှက်ဖိုကြီးသည် ဇနီးသည် အောက်ချင်းငှက်မကို ကြည့်ကာ

www.burmeseclassic.com

ရုတ်တရက် ရင်နင့်သွားပုံရသည်။ ထို့ကြောင့် ဘာအသံမျှ ထွက်မလာသေးဘဲ ခဏ ငူငူငိုင်ငိုင် စိုက်ကြည့်နေသေး၏။ အောက်ချင်းငှက်မကြီးမှာ ပူပြင်းသော နွေရာသီတစ်လျှောက်လုံး သစ်ခေါင်းထဲအောင်းနေခဲ့ရသဖြင့် သူ့ကိုယ်ပေါ်တွင် ယခင်ကလို လှပတောက်ပြောင်သော အမွေးအတောင်ဆို၍ တစ်ပင်တလေမျှ မရှိတော့။ သူ့ခများမှာ အာဝေနိကဒုက္ခကြောင့် အမွေးအတောင်တွေကျွတ်ကာ သူ့ကလေးငယ်များနည်းတူ ကိုယ်တုံးလုံးဖြစ်နေ၏။

ဤမြင်ကွင်းကြောင့် အောက်ချင်းငှက်ဖိုသည် ဆို့နင့်ငေးငိုင်နေရာမှ သတိတရားပြန်ရကာ စူးစူးရှရှ တစ်ချက်အော်လိုက်သည်။ ထိုအခါ သူနှင့်အတူ အောက်ချင်းငှက်မကြီးရော သူ့ကလေးတွေပါ သံပြိုင်အော်မြည်ကြသည်။ ဤတစ်ခါ သူတို့မိသားစု အော်ဟစ်လိုက်ကြသံမှာ သူတို့လောက သူတို့ဘဝအတွက် အားမာန်ပါသော သံပြိုင်တေးပင် ဖြစ်လေသည်။

ထို့ကြောင့်လည်း အောက်ချင်းငှက်ဖိုသည် အတောင်ကျွတ်သွား၍ မပျံနိုင်သေးသော သူ့မယားနှင့် အတောင်မစုံ၍ မပျံနိုင်သေးသော သူ့သားသမီးများအတွက် ဆက်လက်တာဝန်ထမ်းဆောင်ရန် အစာရှာထွက်သွားရပြန်လေသည်။ အောက်ချင်းငှက်ဖို၏ တာဝန်မှာ သူ့ဇနီးနှင့် သားသမီးများ အတောင်အလက် မစုံမချင်း ဖြစ်လေသည်။

[ ပန်းတိုင် ။ ။ ဒီဇင်ဘာ၊ ၁၉၈၈ ]

www.burmeseclassic.com

# လေကိုစား၍ ကြီးထွားလာကြသူများ

ကန္တာရသည် နက်ရှိုင်းလွန်းလှ၏။ ဝေသီမြင့်ခေါင်သော တောင်တန်းကြီးများသည် မိုးသို့ဦးခိုက် ထိုးစိုက်နေကြသည်။ ထိုတောင်တန်းကြီးများရှိ သစ်ရိုင်းပင်ကြီးများမှာလည်း မတ်စောက် ဝေသီလွန်းလှသည်။ တစ်ခုသော သစ်ခြောက်ပင်ကြီး၏ ခွကြားတွင် သူ့ကို မွေးဖွားခဲ့လေသည်။

အမှန်မှာ သူသည် လောကထဲသို့ တစ်ဦးတည်း တစ်ကောင်တည်း အဖော်မဲ့စွာ ဝင်ရောက်လာသူ မဟုတ်။ အဖော်အပေါင်း နှစ်ဦးနှင့်အတူ ရောက်ရှိလာသူသာ ဖြစ်သည်။

အမိ၏ ဥခွံထဲမှ ထွက်လာကတည်းကပင် သူတို့တွင် ကြီးမားသော ဆန္ဒနှစ်ခု ပါလာကြလေသည်။

တစ်ခုသောဆန္ဒမှာ လောကကြီးကို ရှင်းလင်းပြတ်သားစွာ ကြည့်လိုမြင်လိုမှုနှင့် ဆာလောင်မွတ်သိပ်မှုတည်းဟူသော အာဟာရ၏ ချင်ခြင်းတပ်မက်မှုပင်။ ထိုဆန္ဒနှစ်ခုကြောင့်ပင် သူတို့သည် သိုက်မြုံထဲ၌ ရုန်းကန်လှုပ်ရှားခဲ့ကြသည်။ အမြင်နှင့် အာဟာရတည်းဟူသော ဆန္ဒကို ပြင်းပြစွာ ချင်ခြင်းတပ်လျက်ရှိကြသည်။ သို့သော် သူတို့မှာ မျက်စိနှစ်ကွင်းပင် အလင်း

မရကြသေးရာ အစာအာဟာရဆိုသည်မှာ အိပ်မက်ထဲက မျှော်လင့်ချက်သာ။

အမိနှင့် အဖတို့သည် သူတို့အပေါ် စိမ်းကားလွန်းကြသည်။ မိခင်၏ ကိုယ်ငွေ့နှင့်ယုယကြင်နာမှု အပြုအစုကိုလည်း မခံစားကြရ။ ဖခင်ဆိုသည် ကတော့ ဝေလာဝေးပင်။ အားကိုးမဲ့စွာသောသူတို့သည် ကြီးမားသောဆန္ဒ နှစ်ခုနှင့် ရုန်းကန်လှုပ်ရှားနေကြသည်။ ရုန်းကန်မှုကိုမူ တစ်ရံတစ်ဆိတ်မျှ ရပ်နားမထားကြ။

လောကကိုကြည့်ရှုလိုမှုဆန္ဒသည် ဆီးပိတ်ထားသော မျက်ခွံများ ကိုပင် ဖောက်ထွင်းထိုးထွက်နေကြသလို ခံစားရ၏။ ကြီးမားသော မြင်လိုမှု ဆန္ဒအားကြောင့် လောကသည် ပိန်းပိန်းပိတ် မည်းမှောင်မနေဘဲ အရောင် တည်းဟူသော အလင်းအာရုံကို ဥခွံမှထွက်လာကတည်းကပင် မြင်နေခဲ့ကြ သည်။ မပီမသသော အလင်း၏ အာရုံရိပ်ကြောင့်လည်း သူတို့သည် ပို၍ ရုန်းကန်လှုပ်ရှားခဲ့ကြခြင်း ဖြစ်လေသည်။

ဒုတိယအာရုံဖြစ်သော ဆာလောင်မွတ်သိပ်မှုဆန္ဒ ချင်ခြင်းကို သည်း မခံနိုင်သောအခါ ပါးစပ်ကိုဟ၍ အော်ဟစ်ညည်းတွားကြသည်။ ထိုစဉ် ပါးစပ်ထဲဝင်လာသော လေပြင်းကြောင့် အားလုံး အော့အန် သီးဖြန်းကုန်ကြ ၏။ တစ်ဦး၏အသံကို တစ်ဦးကြားရသည်ထိ အော့အန်ကုန်ကြ၏။ ထိုအခါ အော်ဟစ်ညည်းညူနေကြသောပါးစပ်ပေါက်များကို ရုတ်ခြည်းပိတ် လိုက်ကြသည်။ သို့သော် ဝေသီမြင့်ခေါင်လွန်းသော သူတို့နေရာ၏ လေတိုက် နှုန်း ဖိအားကို ဟန့်တားခြင်းငှာကား မစွမ်းနိုင်ကြ။ ပါးစပ်ပေါက်တွေ ပိတ်ထားကြသောအခါ တဟူးဟူးတိုက်ခတ်နေသော လေအလျင်သည် နှာသီးပေါက်နှစ်ခုမှ တိုးဝင်လာပြန်၏။ လေပြင်းသည် နှာသီးပေါက်မှ ဝမ်းဗိုက်အထိ စီးဝင်လာ၏။ ထိုအခါ ဆာလောင်မွတ်သိပ်နေသော ဝမ်းမီး သည် ရုတ်တရက်အေးငြိမ်းသွားသလိုပင်။ ယင်းကြောင့် တဟူးဟူးတိုက်ခတ် လာသောလေကို ထပ်ကာ ထပ်ကာ ရှူရှိုက်မိကြသည်။ သူတို့ အငမ်းမရ

ရှုရှိုက်မိကြသော လေသည် ဝမ်းမီးကို တဒင်္ဂ ငြိမ်းအေးစေမှန်း သိလာကြ၏။ ပါးစပ်ဟပြီးလေကို ပြန်ထုတ်လိုက်သောအခါ သူတို့ကိုယ်သည် လေထဲ ပျံတက်သွားမတတ် ကြွရွပေါ့ပါးသွားသည်။ ဤအထိ အသိကြောင့်ပင် သူတို့သည် လေကို အားပါးတရ ရှုရှိုက်လျက် ရှိနေကြလေသည်။

လေကို ရှုရှိုက်နေကြရင်းက ကာလမကြာမီ သူတို့တောင့်တနေခဲ့ကြသော ချင်ခြင်းတစ်ခုသည် သူတို့ဆီသို့ ရုတ်ခြည်းရောက်လာပြန်လေသည်။ သူတို့၏ မျက်စိနှစ်ကွင်းသည် လေကို ရှုရှိုက်ရင်း ဟင်းလင်းပွင့်လာကြ၏။ ပြာလွင်သော မိုးကောင်းကင်ကို ဦးစွာမြင်ကြရသည်။ ဖြူဖွေးရွေ့လျားနေသော တိမ်ထုများရွေ့လျားမှုကို တပ်မက်စွာ ငေးကြည့်နေမိကြသည်။ ထို့နောက် စိမ်းလန်းစိုပြည်သော တောကြီးမျက်မည်းများ၊ ဝေသီမြင့်ခေါင်သော တောင်တန်းကြီးများ၊ ပြာလွင်နက်ရှိုင်းသော သမုဒ္ဒရာအဏ္ဏဝါ ရေပြင်ကျယ်ကြီးများ။

သာယာသောလောကကြီးကို ငေးကြည့်၍ မှင်တက်နေမိကြစဉ် ဝမ်းဗိုက်ထဲမှ ဆာလောင်မွတ်သိပ်မှု ချင်ခြင်းဝေဒနာသည် ရုတ်တရက် ပြန်ပေါ်လာပြန်သည်။

* * *

အရပ်ဆိုး အကျည်းတန်လွန်းလှသော သူတို့၏ မိခင်သည် အသိုက်ပေါ်သို့ လာ၍ နားလေ၏။ ကြီးမားသော မိခင်၏ ကိုယ်ခန္ဓာကြောင့် သူတို့၏ အသိုက်သည်ပင် သိမ့်သိမ့်ခါသွားလေသည်။ ဝေးလံသောအရပ်မှ ပြန်လာရဟန်ရှိသော မိခင်သည် မောပန်းနွမ်းနယ်နေ၏။ ရှည်လျားသော လည်တိုင်ကို ကိုင်းညွတ်ကာ သူတို့အား အပေါ်စီးက မိုးကြည့်လေသည်။

မိခင်ကိုမြင်ရ၍ အားရဝမ်းသာဖြစ်ကာ လေရှုမှု ရပ်သွားကြသော သူတို့မှာ ချက်ချင်း ဆာလောင်မွတ်သိပ်မှုဝေဒနာ ချင်ခြင်းက ပေါ်လာပြန်

သည်။ လေရှူရန်ကို သတိမရဘဲ အားကိုးကြီးစွာနှင့် သူ့မိခင်ကိုသာ မော့ကြည့်နေကြသည်။ သို့သော် သူ့မိခင်၏ နှုတ်သီး ခြေလက်တို့တွင် သူတို့အတွက် အစာအာဟာရဆို၍ ဘာမှ ပါမလာပေ။ မိခင်သည် သူတို့ကို ငုံ့ကြည့်ကာ လေကိုသာ စားသောက်နေသကဲ့သို့ ရှိချေ၏။ သူတို့ဆီသို့ လာရာ၌လည်း သားသမီးများအား အစာရေစာကျွေးမွေးရန် လာသည်နှင့် မတူဘဲ ခရီးသွားဟန်လွှဲ ဝင်လာသလိုပင်။

ဝမ်းဗိုက်၏ ဆာလောင်မွတ်သိပ်မှု ဝေဒနာကြောင့် သူတို့သည် ပါးစပ်ကိုဟကာ သူ့မိခင်ဆီ၌ အစာအာဟာရကို အော်ဟစ်တောင်းဆိုကြသည်။ မိခင်သည် သူတို့အား နှုတ်သီးနှင့် တို့ထိချော့မြူကာ သားတို့အတွက် အစာရှာထွက်လိုက်ဦးမည်ဟူသော သဘောနှင့် ရုတ်တရက်ထပ်ပျံသွားလေ၏။

လေအလျင်ကိုထိုးဖြတ်ကာ တိမ်ယံမိုးထက်သို့ ပျံတက်သွားသော မိခင်ကို ငေးကြည့်ကာ သူတို့မှာ အော်မြည်ကျန်ရစ်ကြသည်။ ထိုအခါ ဝမ်းဗိုက်ထဲမှ ဆာလောင်မွတ်သိပ်မှုဝေဒနာသည် ပို၍ ပြင်းပြင်းပြပြ ဖြစ်ပေါ်လာပြန်သည်။ သို့သော် နောက်တစ်ခါ မိခင်ပြန်ရောက်လာလျှင် သူတို့အတွက် အစာအာဟာရသည် မုချ ပါလာတော့မည်ဟူသော မျှော်လင့်ချက်ဖြင့် သူတို့အတွက် တဒင်္ဂမျှ ဝမ်းမီးကို ငြိမ်းစေတတ်သော လေရှူခြင်း အာနာပါန လုပ်ငန်းကိုပင် ဆက်လုပ်နေကြရပြန်လေသည်။

* * *

တစ်ရက် နှစ်ရက်ကြာသောအခါ သူတို့ အမေသည် သူတို့ဆီသို့ တစ်ခေါက်ပြန်ရောက်လာပြန်၏။ သို့သော် သူတို့ မျှော်လင့်တောင့်တနေကြသော အစာအာဟာရကား ဗလာနတ္ထိသာ။ နှုတ်သီးခြေလက်တို့၌ သားသမီးအတွက်ဆို၍ တစ်မျှင်တစ်စသော အစာအာဟာရကိုပင် ကိုက်ဆုပ်ယူငင်မလာခဲ့ပါချေ။ မိခင်၏ပါးစပ်မှ ပုပ်ဟောင်နံစော်နေသော အနံ့အသက်တစ်ခုကိုသာ အားလုံးရှူရှိုက်မိကြသည်။

ဥခွံမှ စထွက်ကတည်းကပင် ဆာလောင်မွတ်သိပ်မှု ချင်ခြင်းဝေဒနာ စွဲကပ်နေကြသော သူတို့မှာ မိခင်ပါးစပ်မှ အနံ့အသက်ကြောင့် ပို၍ ဆာလောင်မွတ်သိပ်မှု ဖြစ်ကုန်ကြသည်။ မွေးကတည်းကပင် ကြီးစွာတပ်မက် လာကြသော ချင်ခြင်းဝေဒနာကို ယခုအခါ မခံမရပ်နိုင်အောင် ခံစားမိကြ သည်။ ထိုအခါ မိခင်အား အော်ဟစ်ဆူညံစွာ အစာအာဟာရကို တောင်းဆို မြည်တမ်းကြပြန်၏။

မိခင်သည် သူတို့ကိုယ်စီအား ထိပါးပွတ်သပ်၍ နှစ်သိမ့်မှုကိုပြုသည်။ အမေသည် သားတို့အတွက် အစာအာဟာရကို တော တောင် ရေ မြေ၊ ပင်လယ် သမုဒ္ဒရာအနှံ့ ရှာဖွေခဲ့ပါသော်လည်း ဤနေ့၌ မရခဲ့ပါ။ နောက်နေ့ မှာမူ သားတို့အတွက် အစာအာဟာရသည် မုချပါလာလတ္တံ့။ မကြာမီ အမေ ပြန်လာမည့်အခါကာလကို သားသားတို့ စောင့်မျှော်နေကြပါကုန်ဟု ပြောကာ ရုတ်ခြည်း ထပျံသွားပြန်လေ၏။

သူတို့အတွက် အစာအာဟာရရှာဖွေရန် လေထုထဲသို့ တရစ်ဝဲဝဲ ပျံတက်သွားသောအမိကို ငေးကြည့်ပြန်ကာ သူတို့မှာ ကြီးစွာသော ဆန္ဒတစ်ခု ချင်ခြင်းတပ်လာကြပြန်သည်။ ထိုဆန္ဒမှာ မိခင်ကဲ့သို့ပင် သူတို့လည်း တိမ်စွန်ဝေဟင်ထက် ပျံတက်လိုကြသော ဆန္ဒပင်။ ထို့ကြောင့် သူတို့သည် မရိုးမရွနှင့် အတောင်ပံများကို တဖြောင်းဖြောင်းရိုက်ခတ်ကာ အသိုက်ထဲတွင် ခုန်ဆွခုန်ဆွ ဖြစ်နေကြသည်။

ဆန္ဒသစ်သည် သူတို့ကို တစ်မျိုးတက်ကြွစေပြန်၏။ မိခင်ကဲ့သို့သော သူတို့သည် မိုးထက် အဇ္ဈောပေါ် ဝဲပျံတက်နိုင်ပါက တောတောင်များထဲတွင် အစာအာဟာရများကို မုချရှာဖွေနိုင်ကြပေလိမ့်မည်ဟု ယုံကြည်မိကြသည်။ သူတို့၏ စူးရှထက်မြက်သော မျက်လုံးအစုံသည် ဝေးလံသော တောင်တန်း ပေါ်ရှိ သစ်ပင်များမှသေးငယ်သော ပိုးပုရွက်များကိုပင် မြင်နိုင်စွမ်းသော အမြင်ကို ရရှိနေကြလေပြီ။ ကောင်းကင် အာကာသပေါ်ကသာ စီးမိုး ပျံဝဲ

 www.burmeseclassic.com 

ကြည့်ရလျှင် အလွန်ပြင်းပြနေသော အစာအာဟာရ ချင်ခြင်းကို မုချရှာဖွေ တွေ့ရှိနိုင်ကြမည်။

အာဟာရတည်းဟူသော ချင်ခြင်းအတွေးကို တွေးမိလိုက်ကြသည်နှင့် တစ်ပြိုင်နက် ဝမ်းဗိုက်ထဲမှ ဆာလောင်မွတ်သိပ်မှုတည်းဟူသော ချင်ခြင်း ဝေဒနာသည် ရတ်ခြည်းမခံမရပ်နိုင်အောင် ပေါ်လာပြန်သည်။

* * *

အစာအာဟာရကို တောင့်တနေစဉ် ဝမ်းဗိုက်ထဲမှ ဆာလောင်မွတ်သိပ်မှု ဝေဒနာသည် ပိုမိုပြင်းပြစွာ ပေါ်လာပြန်လေသည်။ ထိုအခါ လေရှူသော အလုပ်ကို ထပ်ခါတလဲလဲ လုပ်ကြရပြန်၏။

အစာအာဟာရတည်းဟူသော ချင်ခြင်းဝေဒနာပျောက်ကင်းစေခြင်း အလို့ငှာ လေကို တအားရှူသွင်းမိရာ သူတို့၏ တစ်ကိုယ်လုံးမှာ ရတ်ခြည်း လေထဲသို့ ကြွတက်လာကြသည်။ ကောင်းကင်မိုးယံ ဝဲပျံတက်လိုသော အာရုံသစ်ဆန္ဒကြောင့် သူတို့၏ကိုယ်သည် သိုက်မြုံထဲမှ လွတ်ထွက်လာ လေသည်။ မိမိ၏ ခွန်အားကို များစွာ စိတ်မချကြသေးသဖြင့် သစ်ခြောက်ပင် ကြီးပေါ်တွင် ဟိုကိုင်းသည်ကိုင်း ခုန်ကူးကာ လောကသစ်ကို စိတ်ကူးအိပ်မက် မက်နေကြလေပြီ။ သူတို့၏ တခြားမျိုးတူ လောကသားများကိုလည်း တွေ့နေမြင်နေကြရလေပြီ။ သို့သော် သူတို့အတွက်ခက်နေသည်မှာ အစာ အာဟာရတည်းဟူသော ချင်ခြင်းတပ်မက်မှု ဝေဒနာသည် သူတို့ကိုအလစ် မပေးဘဲ အမြဲဝင်ရောက် တိုက်ခိုက်နေကြ၏။ ထိုအခါ မြင့်သော၊ ပို၍မြင့် သော၊ လေတိုက်အားကြီးမားသော သစ်ပင်ဖျားပေါ် ခုန်ပျံတက်ကြသည်။ နှစ်ဘက်သောအတောင်ပံများကို ဖြန့်ကားကာ လေကို တစ်ဝကြီးရှူရှိုက်နေကြ ပြန်သည်။ တဒင်္ဂမှာ ဝမ်းမီးငြိမ်းအေးရန် အရေးကြီးနေသည် မဟုတ်ပါလား။

မိခင်ကြီးသည် တစ်ခေါက်ပြန်ရောက်လာပြန်သည်။ သူ့သားသမီး များကို သစ်ပင်ဖျားပေါ် မြင်ရသောအခါ များစွာ ဝမ်းသာသွားပုံရ၏။

www.burmeseclassic.com


ပျော်ရွှင်ချမ်းမြေ့သော အသံကို အကြိမ်ပေါင်းများစွာ ကြွေးကြော်အော်ဟစ်လေတော့သည်။ သို့သော် သားသမီးများကို ကျွေးမွေးရန် အစာအာဟာရဆို၍ကား သူ့ဆီ၌ လုံးဝပါမလာချေ။

သားသမီးများမှာ မိခင်ကြီးကို မြင်သည်နှင့်တစ်ပြိုင်နက် အစာအာဟာရကို မျှော်လင့်တကြီး အော်ဟစ် တောင်းဆိုကြပြန်လေသည်။ မိခင်ကြီးကမူ ထုံးစံအတိုင်း ဤနေ့သည်လည်း သားသမီးများအတွက် အစာအာဟာရကိုရှာဖွေ၍ မရခဲ့ပြန်ဟု ဆိုလေသည်။ သို့သော် မိခင်ကြီးနှုတ်ဟလိုက်တိုင်း သူတို့ ချင်ခြင်းတပ်နေသော အစာအာဟာရ၏အနံ့အသက်များသည် အပြင်သို့ အမြဲထွက်ပေါ်လာတတ်၏။ ဝေးဝေးလံလံ၌ရှိသော အစာအာဟာရကိုသာ အနံ့ခံနိုင်အားမရှိကြသော်လည်း မိခင်ကြီးပါးစပ်မှ ထွက်ပေါ်လာသော အစာအာဟာရ၏ အနံ့အသက်ကိုမူ သူတို့သည် မိခင်ကြီး ရောက်လာတိုင်း ရှူရှိုက်ဖူးနေကျ ဖြစ်၏။ ထိုအခါ ဆာလောင်မွတ်သိပ်မှုသည် ပို၍ ဖြစ်ပေါ်လာပြန်သည်။ သို့နှင့် မိခင်အား အစားအစာပေးပါရန် ဝိုင်းဝန်းအော်ဟစ် တောင်းဆိုကြပြန်လေသည်။

သားသမီးများ၏ အော်ဟစ်တောင်းဆိုမှုကို နောက်တစ်ခါမှ ယူလာခဲ့မည်ဟူသော ပြောဆိုနေကျ ဥပါယ်တံမျဉ်အတိုင်း မိခင်ကြီးသည် ဟိုကိုင်းသည်ကိုင်း လူးလာခေါက်ပြန် လျှောက်သွားရင်း ရှောင်ရှား ပြောဆိုနေ၏။ မိခင်ကြီးအပေါ် ယုံကြည်မှုခေါင်းပါးနေကြသော သားသမီးတို့သည် မိခင်ကြီး ပြေးရှောင်နေရာသို့ ဝိုင်းလိုက်ကြသည်။ သည်လိုနှင့်မိခင်ကြီးသည် သစ်ခြောက်ပင်ထိပ်ဖျားမှ မိုးထက်ဝဠာသို့ ပြေးတက်ကာ ပျံသွားပြန်လေ၏။ သူတို့သည်လည်း မိခင်ကြီး အတုကိုယူကာ ပျံတက်ပြေးလိုက်ကြသည်။

ရက်ပေါင်းများစွာ လေ့ကျင့်လာခဲ့ကြသော လေရှုမှုအစွမ်းကို သူတို့သည် လေဟာနယ်ထဲရောက်တော့မှ ပို၍ ခံစားမိလာကြသည်။ အတောင်ပံနှစ်ဘက်ကို လေထဲတွင် မလှုပ်မယှက် ဖြန့်ကားထားပြီး နှာသီးဖျားမှ

 www.burmeseclassic.com 

လေကို တအားရှူသွင်းလိုက်ရုံနှင့် သူတို့ကိုယ်သည်လျင်မြန်စွာ လေဟာနယ်ထဲ ပျံ့ဝဲတက်လာနိုင်၏။ လေရှူမှု ရပ်ထားလိုက်သော တဒင်္ဂတွင် သူတို့ကိုယ် သည် လေဟာပြင်ထဲ၌ ဝဲပျံစီးမျောနေလေ၏။ လေကိုတစ်ခါထပ်ရှူကြည့်ကြ ပြန်ရာ သူတို့ကိုယ်သည် ပို၍မြင့်သော လေဟာနယ်ထဲသို့ မြင့်တက်လာ ပြန်၏။ သူတို့သည် ဤနည်းဖြင့် မိခင်ကြီးနောက်သို့ ရဲရဲဝံ့ဝံ့ ပျံဝဲလိုက်လာ နိုင်ကြသည်။ မိခင်ကြီးသည်လည်း သူတို့အား မြင့်သထက်မြင့်သော၊ နက်ရှိုင်းကျယ်ဝန်းမက နက်ရှိုင်းကျယ်ဝန်းသော အာကာသထဲသို့ ခေါ်ဆောင် ၍ လာလေ၏။ အတွေ့သစ် အာရုံသစ်များစွာနှင့် သူတို့သည် မိခင်ကြီး နောက် လိုက်လာကြသည်။

အာကာသပေါ်မှ တောတောင်ရေမြေများကို စီးမိုးကြည့်ကာ သူတို့ သည် အစာရှာလိုသော တတိယ အာရုံကို ကောင်းစွာ ပိုင်ဆိုင်ခဲ့ကြသည်။ သူတို့၏ ထက်မြက်စူးရှသော အမြင်စွမ်းအားသည် မြေပြင် ရေပြင်နှင့် တောတောင် သမုဒ္ဒရာထဲမှ သူတို့၏ အရိပ်ကိုပင် ပြန်မြင်နေကြရလေသည်။ မိခင်ကြီးသည် သူတို့အား မိမိအရိပ်ကို မိမိငုံ့ကြည့်၍ မမြင်ရသော အာကာသ လေဟာနယ်ထဲထိ ခေါ်ဆောင်လာခဲ့လေသည်။ ဤတွင် သူတို့ကဲ့သို့ လေကို ရှူရှိုက်ကာ အာကာသထဲ၌ ပျံဝဲအာရုံခံစားနေကြသော မျိုးတူအပေါင်းအဖော် များကို တွေ့ကြရလေသည်။

သူတို့သည် လေဟာနယ်ထဲတွင် စက်ဝိုင်းသဏ္ဌာန် တရစ်ရစ် တပတ်ပတ် ဝဲပျံကြရင်း လေကိုစားကာ ကြီးထွားလာကြလေသည်။ လေကို ရှူရှိုက်သောက်စားနေကြစဉ် ဝမ်းမီးသည် ငြိမ်းအေးလျက် ဆာလောင် မွတ်သိပ်မှုကိုလည်း တဒင်္ဂပဟာန်ဖြင့် တွန်းလှန်မေ့ဖျောက်ထားနိုင်ကြသည်။ သို့သော် အစာအာဟာရစားလိုမှုတည်းဟူသော ချင်ခြင်းဝေဒနာကမူ အခါ မပြတ် တရစပ်သာဖြစ်ပေါ်လျက်ရှိကြကုန်၏။ သို့နှင့် သူတို့သည် လေဟာ

နယ်ထဲတွင် ပျံဝဲရင်း အစာအာဟာရတည်းဟူသော ချင်ခြင်း တပ်မက်မှုကို ရှာဖွေတောင့်တလျက်ပင် ရှိနေကြသေးသည်။

*　*　*

လေဟာနယ်ထဲတွင် ပျံဝဲလှည့်ပတ်နေကြစဉ် တစ်နေ့သ၌ သူတို့၏ အမြင်ထဲတွင် ချင်ခြင်းဝေဒနာနှင့် စပ်ယှဉ်သော အာရုံတစ်ခုသည် ရုတ်တရက် ပေါ်လာပြန်လေသည်။ ထိုထင်မြင်လာသော အာရုံပေါ်တွင် သူတို့အားလုံးသည် အလေးဂရုပြုကာ လေဟာနယ်ထဲမှ တဖြည်းဖြည်း ပျံဝဲဆင်းသက်လာကြ၏။ မြင်စကနဦးကမူ ချုံပုတ်တောစပ်မှ အမည်းအစက် အကွက်ကလေးများကို မိမိတို့အရိပ်များဟုပင် ထင်ခဲ့ကြသည်။ သို့သော် မဟုတ်ပါ။ ထိုအမည်းစက်ကလေးများသည် အရိပ်နှင့်မတူဘဲ မည်းနက်လွန်းကြသည်။ ထင်ရှားစွာ လှုတ်ခတ်နေကြသည်။ ထို့ကြောင့်လည်း သူတို့အားလုံးသည် ထိုအမည်းစက်များ၏ လှုပ်ရှားမှုကို ငုံ့ကြည့်ကာ တရစ်ဝဲဝဲ ဆင်းသက်လာကြ၏။ ထိုအခါ အစာအာဟာရတည်းဟူသော ချင်ခြင်းတပ်မက်မှုတဏှာသည် သူတို့ကိုယ်ခန္ဓာ၌ ဆီးမရ တားမနိုင် ဖြစ်လာကြသည်။ ချင်ခြင်းအပေါ် အာသာငမ်းငမ်း တက်လာကြသည်။

သို့သော် သူတို့သည် တခြားသိန်းငှက်စွန်ရဲများလို အစာအာဟာရရှိရာသို့ တည့်တည့်မတ်မတ် ထိုးစိုက်လာနိုင်ကြခြင်း မရှိပေ။ လေကိုရှုရှိုက်ကာ တရစ်ဝဲဝဲသာ လေးပင့်စွာ ဆင်းသက်လာနိုင်ကြ၏။ အဘယ်ကြောင့်ဆိုသော် အာကာသလေဟာနယ်ထဲ၌ အာနာပါန ကမ္မဋ္ဌာန်းကို ကာလများစွာဝင်စားလာခဲ့ကြသဖြင့် ကြီးထွားချင်တိုင်း ကြီးထွားနေကြသော သူတို့၏ အတ္တဘောခန္ဓာအိမ်ကြီးကို ရုတ်တရက် ထိုးဆင်းစိုက်ချ၍ မရခြင်းကြောင့် ဖြစ်လေသည်။

သို့နှင့် သူတို့၏ လေးလံကြီးမားလွန်းလှသော အတ္တဘောခန္ဓာကိုယ်ကြီးကြောင့် တခြားသိန်းငှက် စွန်ရဲများလို သက်ရှိတိရစ္ဆာန်များကိုလည်း

www.burmeseclassic.com

ထိုးသုတ်ဖမ်းစားခြင်းငှာ မစွမ်းသာကြသော လင်းတများမှာ ကျိုးကန်းမည်းများ ထိုးဆိတ်စားသောက်နေကြသော ရွာနားတောစမှ ခွေးသေကောင်ပုပ်ပေါ်၌သာ ချင်ခြင်းဖြည့်ဆည်းရန် ဆင်းသက်၍ လာကြလေသတည်း။

## မှတ်ချက် နှင့် ကျမ်းကိုး

ပဋ္ဌာန်းပါဠိတော် မြန်မာပြန် နှစ်ဆယ့်လေးပစ္စည်းမှ ပစ္ဆာဇာတ ပစ္စည်း။ ပစ္ဆာဇာတ ပစ္စယေန၊ လင်းတငယ်တို့၏ အာဟာရ၌ ချင်ခြင်း စေတနာသည် နောက်မှဖြစ်၍ ထင်ရှားရှိသော ကိုယ်အား ကျေးဇူးပြုသကဲ့သို့ နောက်မှဖြစ်သော ပစ္ဆာဇာတ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**[ ချယ်ရီ။ ။ ဖေဖော်ဝါရီ၊ ၁၉၈၅ ]**

www.burmeseclassic.com

# အထီးကျန် ကန္တာရကိုဖြတ်၍

သူ့ဘဝသည် အထီးကျန်နိုင်လွန်းလှသည်။

ဘဝသာမဟုတ်၊ သူကျင်လည် ကျက်စားရာ လောကသည်လည်း ပျင်းရိညည်းငွေ့ဖွယ်ရာ ရှိလှသည်။ ပတ်ဝန်းဘယ်ညာ ဘယ်နေရာ ကြည့်ကြည့်၊ နှင်းဦးပေါင်း ဆောင်းထားသော တောင်ထွတ် တောင်မြင့်များ၊ ဝေသီမြင့်ခေါင်လွန်းသော ရေခဲတောင်များ၊ နှင်းဖတ်ဆီးမြုပ်များ ပေကျံပြီး ကျိုးပေါင်း အထပ်ထပ်တက်နေသော ကျောက်တုံးများ၊ အေးစက်တောင့်တင်းစွာ ထီးထီးမားမားရပ်နေကြသော ထင်းရှူးပင်မြင့် ပင်စောက်များ။

သူ ကျင်လည်ကျက်စားရာ မဟာပထဝီမြေပြင်သည်လည်း ရေခဲအထပ်ထပ်လွှမ်းကာ အေးခဲမာကျောနေလေသည်။

ပင်လယ်ရေမျက်နှာပြင်မှ ပေတစ်သောင်းနီးပါး မြင့်သော ရေခဲတောင်ပေါ်တွင် မိုးသက်လေပြင်းများ၊ နှင်းမုန်တိုင်းများ ယှဉ်တွဲကာ သူ့ဘဝ၊ သူ့လောကသည် စတင် သန္ဓေတည်လာခဲ့ရလေသည်။

*　　*　　*

www.burmeseclassic.com

သူ့ နားထဲတွင် တဝေါဝေါ အော်မြည်တိုက်ခတ်နေသော မိုးသက်လေပြင်း ကျသံကို ကြားနေရသည်။ တရှဲရှဲမြည်နေကြသော ထင်းရှူးပင်များ၏ ညည်းတွားသံတွေကလည်း ဆူညံနေသည်။ တဝေါဝေါ အော်မြည်ပြိုဆင်း လာကြသော တောင်ကျရေများ၏ အသံဗလံတို့ကမူ လောကတစ်ခုလုံးကို ဖြိုဖျက်တိုက်စားပစ်လိုက်ကြလေပလားဟုပင် ထင်ရလေသည်။

သို့သော် ထိုစဉ်က သူ့မှာ မျက်စိနှစ်ကွင်း အလင်းမရသေး။ အသံဗလံ များကလွဲပြီး လောကတစ်ခုလုံးသည် မှောင်အတိ ကျနေသေး၏။ သူ့စိတ်ထဲ ခံစားနေရသည်မှာ တစ်ကိုယ်လုံး ချမ်းအေးတုန်ခိုက်နေခြင်းသာ။

ချမ်းအေးမှုဒဏ်ကြောင့် မိုးသံ လေသံများကိုပင် မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေ၏။ ထိုစဉ် နွေးထွေးမှုတစ်ခုသည် သူ့ကိုယ်ပေါ်သို့ အလိုအလျောက်ကျရောက်လာလေသည်။ မမြင်မစမ်းနှင့် နွေးထွေးမှုထဲ ဦးခေါင်းနှင့်ဝင်ခွေ့လိုက်၏။

ချမ်းအေးမှုကိုသာ ခိုလှုံခွင့်ရသည် မဟုတ်။ ဆာလောင်မွတ်သိပ်မှု၏ ငြိမ်းအေးရာ လမ်းစကိုလည်း နွေးထွေးမှုထဲတွင် ရုတ်ခြည်းတွေ့လိုက်ရ လေသည်။

သူသည် မိခင်၏ရင်ငွေ့ကို ခိုလှုံကာ မိခင်၏နို့ရည်ကိုသောက်စို့ရင်း မိခင်၏ ရင်အုပ်ကြားတွင် ရှန်းကန်လှုပ်ရှားနေလေသည်။

အပြင်လောကတွင် မိုးသက်လေပြင်းကား ကျဆဲ။ အသံဗလံများက ဆူညံဆဲ။ အမှောင်သည်လည်း ကြီးစိုးမင်းမူနေဆဲပင်။

သူ၏ အမြင်တွင် မိခင်၏ ရုပ်သွင်သည် ထင်းထင်းပေါ်လာသည်။ အားကိုးတွယ်တာစိတ်သည် အတိုင်းအဆမရှိ၊ သူ့တစ်ကိုယ်လုံး ပျံ့နှံ့သွား သည်။ အပြင်လောကသို့ ရောက်လာသည်မှာ သူတစ်ဦးတည်း မဟုတ်။ သူနှင့် သက်တူရွယ်တူ အဖော်တစ်ဦးကိုလည်း သူနှင့် ယှဉ်တွဲတွေ့ရ၏။

စိမ်းညို့မှိုင်းပျသောထင်းရှူးတောကြီးကား အဆုံးအစမသိ ကျယ်ပြော လှသည်။ ကန္တာရထဲရှိ ထင်းရှူးပင်များအကြိုအကြားတွင် မိုးနှင်းတို့ အုံပျ ရစ်ဝဲနေကြသည်။ တစ်လောကလုံးသည် အေးစက် စိုထိုင်းနေတုန်းပင်။

မိုးနှင်းများအုံဖွဲ့နေသော ထင်းရှူးပင်များ၏ အကြိုအကြားအတိုင်း သူတို့နှစ်ဦးသည် မိခင်နောက် ကောက်ကောက်ပါ လိုက်လာကြသည်။ မိခင်ကြီး စားသောက်သော သစ်ရွက်နွယ်မြက်များကို နမ်းရှုံ့ကြည့်ကြ၏။ အနံ့ရသော်လည်း မိခင်ကြီးလို နွယ်မြက်သစ်ရွက်များကို မစားတတ်သေး။ သူတို့၏ ဇီဝအသက်ရှင်ရေးမှာ မိခင်၏ နို့ရည်သာဖြစ်လေ၏။

မိခင်ကြီး အစာစားနေစဉ် သူတို့နှစ်ဦးသည် မိခင်၏ နို့ရည်ကို အလုအယက်စို့ကြသည်။ တစ်ဦးနှင့်တစ်ဦး တိုးဝှေ့တွန်းတိုက်ကြသည်။ မိခင်သည် သားသမီးများ မမှီမကမ်းနို့ဆွဲနေကြသည်ကို သိသဖြင့် ရှေ့လက်ထက် ရှည်သော နောက်ခြေနှစ်ချောင်းကို ကွေးညွတ်ပေးသည်။

နွယ်မြက်သစ်ရွက်အဖူးအညွန့်များကို လှော်ကစားရင်း တစ်လှမ်းချင်း သွားနေသော မိခင်၏နောက်တွင် သူတို့နှစ်ဦးသည်လည်း နို့ဆွဲရင်း တစ်လှမ်းချင်း လှမ်းလိုက်လာကြသည်။

* * *

နွေးထွေးသော နေရောင်ခြည်တန်းများသည် သစ်ပင် ကိုင်းခက်ရွက်လက် ရိုးတံများကြားမှ မြေပြင်သို့ ထိုးဆင်းဖြာကျလာသည်။ မိုးနှင်းမြူမှုန်များသည် တစ်စတစ်နှင့် နေလာနှင်းပျောက် ပြေလွင့်ပျောက်ကုန်ကြသည်။

ကိုယ်ပေါ်သို့ကျလာတတ်သော နေပြောက်များကြောင့် နူးညံ့သော သူတို့နှစ်ဦး၏ ကိုယ်ပေါ်မှ အမွေးများသည် ထောင်ထလာကြ၏။ မီးခိုးရောင် အညိုရောင်ရှိသော သူတို့နှစ်ဦး၏ မွေးနုများသည် မိခင်ကြီး၏ အမွေးကဲ့သို့ ကြမ်းတမ်းခက်ထရော်စ ပြုလာကြ၏။

ထိုအချိန်မှာ မိခင်ကြီးစားသော နွယ်မြက်သစ်ရွက် အဖူးအညွန့်များကိုလည်းသူတို့နှစ်ဦး စားတတ်စပြုနေပြီ။ တစ်ခါ တစ်ခါတွင် မိခင်ကြီးထက်ပင် ရှေ့သို့ပြေးထွက်ပြီး နွယ်မြက်သစ်ရွက် အဖူးအညွန့်များကို သူတို့နှစ်ဦး လုယက်စားသောက်တတ်ကြသည်။

www.burmeseclassic.com


သားသမီးနှစ်ဦး၏ ရှေ့ပြေးလျင်မြန်မှုကို မိခင်ကြီးသည် ကြည်နူးနှစ်သိမ့်မှုအပြည့်နှင့် တဒင် တစ်ခဏ ငေးကြည့်နေတတ်သည်။ မိခင်ကြီး၏ ငေးစိုက်ကြည့်နေသော မျက်လုံးအစုံမှ ရောင်လျှံဖြာလက်မှုသည် သူတို့နှစ်ဦးအား ပိုမိုမြူးကြွသွားစေသည်။

ထိုအခါ သူတို့နှစ်ဦးသည် မိခင်ကြီးနှင့် လေးငါးလံအဝေးသို့ ပြေးသွားလိုက်၊ ပြန်ပြေးလာလိုက်၊ မိခင်ကြီး၏ ရင်အောက်ထဲဝင်လိုက်၊ ပြန်ထွက်ပြေးလိုက်နှင့် ပျော်မြူးရွှင်ပျနေကြသည်။ သို့သော် မိခင်ကြီးကို ခွာ၍ ဝေးဝေးလံလံသို့မူ မသွားရဲကြသေး။ မိခင်ကြီးကို မစွန့်ခွာရဲကြသေး။ မိခင်ကြီးအပေါ် အားကိုးမှီခိုလိုစိတ်သည် လုံးလုံးလျားလျား မကင်းစင်သေး။

သည်လိုနှင့် သူတို့နှစ်ဦး၏ ကိုယ်ပေါ်မှ မီးခိုးရောင်အမွေးများသည် နီညိုရောင်သို့ တဖြည်းဖြည်းပြောင်းလာ၏။ ရင်ဘတ်တွင် အဖြူစက် အဖြူပြောက်ကလေးများ စတင်ဖြစ်ပေါ်လာချိန်မှာတော့ သူတို့သည် အပူကို ငြီးငွေ့လာကြလေသည်။

မိခင်ကြီးကမူ အပူကို ပို၍ ငြီးငွေ့နေပုံရ၏။ သစ်တောထဲထိုးဆင်းဖြာကျနေသော နေရောင်ခြည်များကို အတတ်နိုင်ဆုံးရှောင်ကွင်းသွားသည်။ မိခင်ကြီးနှင့် သူတို့ အလွန် နှစ်သက်သော နွယ်မြက်သစ်ရွက် အဖူးအညွန့်များ နေရောင်ထဲရှိနေလျှင်ပင် ထွက်မစားကြဘဲ နေရိပ်ကျသော၊ အေးစိမ့်စိုထိုင်းနေသော မြိုင်ထဲရှိ နွယ်သစ်ရွက်များကိုသာ ရှာဖွေစားသောက်ကြလေသည်။

သူတို့သည် အပူကြောက် အအေးကြိုက် တိရစ္ဆာန်များဖြစ်လေရာ နေရောင်ခြည်စူးရှသော သစ်တောများကို ရှောင်ရှားကြသည်။ သို့သော် သူတို့သွားလာကျက်စားလေ့ရှိသော တောတောင်ကန္တာရထဲတွင် နေရောင်ခြည်ကား ကြာမြင့် ရှည်လျားစွာ စိုးမိုးခြင်းမရှိခဲ့။ ခဏသာ ရောက်လာပြီး မကြာခင် ပျောက်ကွယ်သွားကြသည်။

နံနက်တိုင်းတွင် မြင်တွေ့နေကျ မိုးနှင်းပါးပါးလျှလျှပေါ်သို့ သီးခဲ လုံးဝန်းသော ဆောင်းနှင်းဥတို့ အုံဖွဲ့ပြိုကျလာသည်။ သီးခဲလုံးဝန်းသော နှင်းဥနှင်းစက်များသည် မညီမညာ အဆင်းသဏ္ဌာန်ပြိုပျက်ကာ ထင်းရှူးပင်များ၏ ရွက်လက်ရိုးတံများတွင် ကပ်ငြိစွန်းပေလာကြသည်။

ထိုအချိန်တွင် သူတို့မိသားစု သွားလာကျက်စားနေကြသော တောတောင် ကန္တာရထဲတွင် တစ်နေ့လုံးနေရောင်ခြည်ကို လုံးဝ မမြင်ကြရတော့။ သတ္တာရဘာန် တောင်စဉ်အထပ်ထပ်သည်လည်း အေးစိမ့်မှိုင်းပျလာသည်။

အပူကြောက် အအေးကြိုက်သော သူတို့မိသားစုသည် သဘာဝ တောတောင်ရေမြေကို ကြည့်ကာ ပိုပြီး မြူးထူးရွှင်ပျလာကြ၏။ ဆီးခဲ နှင်းဖတ်များ ထင်းရှူးပင်ရွက်ပေါ် ခိုတွဲမှီကပ်လာကြသောအခါ ထင်းရှူးရွက်များသည် ဆီးခဲနှင်းဖတ်များ အလေးဒဏ်ကြောင့် မြေပြင်သို့ တဖြောက်ဖြောက် ကြွေကျကုန်သည်။

တောတောင်ကန္တာရရှိသစ်ပင်ကိုင်းခက်များပေါ်တွင် ဆီးခဲနှင်းဖတ်တို့ ကျိုးပေါင်းတက် တွယ်ကပ်လာကြ၏။ မြောက်လေနှင့်ရောပါလာသော ဆီးခဲနှင်းဖတ်များအထပ်ထပ် ကျိုးပေါင်းတက်ခံနေရသော သစ်ပင်ကြီးငယ်များသည် အရွက်ကြွေ၍ ထီးထီးတည်နေကြသည်။

သစ်ပင်များပေါ်မှ ကြွေကျနေကြသော သစ်ရွက်များကို ဆီးခဲနှင်းဖတ်များ အထပ်ထပ်ဖုံးအုပ်လာပြန်၏။ မြေပြင်သည် စိုစွတ်ထိုင်းမှိုင်းနေရာမှ တစ်စစ အေးခဲကာ ရေခဲပြင်အတိ ဖြစ်လာသည်။

သည်လိုနှင့် ထင်းရှူးပင်ကြီးများ၏ မျဉ်းစောင်းများသည် ရေခဲထဲ နစ်မြုပ်လာကြ၏။ ပင်ခြေရင်း၌ပင် ဆီးခဲနှင်းဖတ်တွေက ဒုတက်လာကြသည်။ ရေခဲပြင်ထဲ ခြေကျွံနစ်အစ်နေကြသော သစ်ပင်များသည် မလှုပ်မချောက်နှင့် ပို၍ ထီးထီးတည်တည် ဖြစ်လာကြသည်။

ယင်းအချိန်တွင် သူတို့မိသားစုသည် ရေခဲတောင်ပေါ်ထက်သို့ တရွေ့ရွေ့ လျှောက်လှမ်းတက်လာကြ၏။ နီရဲနေသော နေဝန်းနှင့် နေရောင်

www.burmeseclassic.com

ခြည်ဆိုသည်မှာလည်း အိပ်မက်ထဲ၌ပင် တစ်ရံတစ်ဆိတ်မမြင်မိတော့။ သူတို့ မိသားစုနှင့်တကွ တောတောင်ရေမြေအားလုံးသည် ဆီးခဲ နှင်းတောထဲ ကျရောက်သွားကြလေသည်။

*　　*　　*

နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း အေးစိမ့်သော မြောက်လေသည် တရစပ် တိုက်ခတ်နေသည်။ ဆီးခဲနှင်းသီးများ ရေခဲပြင်ပေါ် တဖြောက်ဖြောက် ကျသံသည် အကာလ ညအခါ၌ ပိုကျယ်လေ၏။ တရှဲရှဲမြည်သံနှင့် အတူ ဆီးခဲများ တဖြောက်ဖြောက်ကျသံတို့မှာ တစ်ညလုံး ဆူညံနေလေသည်။

သူတို့မိသားစုသည် ရေခဲတောင်ပေါ်ရှိ လေကွယ်ရာ ကျောက်ဆောင် လိုဏ်ခေါင်းများကို ရှာပြီး ညအိပ်ကြသည်။ နံနက်နှင့် ညနေပိုင်းတွင် အစာရှာထွက်ကြ၏။

နွယ်မြက်သစ်ရွက်များကို ရေခဲဖုံးသွားသဖြင့် အစာရှာရသည်မှာ ပို၍ ခက်ခဲလာသည်။ ဆာလောင်သောဝမ်းဗိုက်သည် နေ့စဉ်လိုလို အစာအာဟာရကို တောင့်တနေသည်။ ထိုအခါ နံနက်မှသည် မိုးချုပ်မှောင်ရီအထိ အစာရှာလျက်နေကြရသည်။

သဘာဝအသိနှင့် အတွေ့အကြုံရင့်ကျက်နေသော မိခင်ကြီးသည် အာဟာရအတွက် ယခုထိ ဦးဆောင်ဦးရွက်မှုကိုပြုတုန်းပင်။ ရေခဲပြင်ပေါ်တွင် ပေါက်တတ်သော ရေခဲမှိုကျင်းများကို စတွေ့ရသော နေ့သည် သူတို့နှစ်ဦး အတွက် တစ်သက် မမေ့နိုင်စရာပင်။

အမှန်မှာ မိခင်ကြီးသည်လည်း ဤသို့ပင် နှစ်စဉ်နှစ်တိုင်း ပေါက်ရောက်တတ်သော ရေခဲမှိုကျင်းများကို အမှတ်သညာရှိခဲ့ပုံရသည်။ ထို့ကြောင့်လည်း ဤရာသီ ဤကာလ၌ သားသမီးနှစ်ဦးအား သူသည် ရေခဲပြင်ပေါ်မှ မှိုကျင်းများရှိရာသို့ တည့်တည့်မတ်မတ် ခေါ်လာနိုင်ခဲ့ခြင်း ဖြစ်လေသည်။

BURMESE CLASSIC .com

နွယ်သစ်ရွက် အဖူးအညွန့်များနှင့်စာလျှင် ပို၍ နူးညံ့သော ရေခဲမှို များကို သူတို့သည် ပို၍ နှစ်သက်ကြလေသည်။ ထို့ကြောင့်လည်း ရေခဲတောင် တစ်လျှောက်လုံးကို သူတို့၏ မိသားစုမှာ မှိုရှာစားရင်း ဆီးခဲနှင်းတောထဲ မရပ်မနား လျှောက်သွားနေကြလေသည်။

ဆာလောင်မွတ်သိပ်မှုနှင့် ရေခဲမှို၏ အာလယကြောင့် သူတို့မိသားစု သည် လေပြင်းဆီးတောထဲ တိုးဝှေ့သွားနေကြသည်ကို ပို၍ နှစ်သက် သဘောကျနေကြသည်။

* * *

တစ်နေ့သ၌ ရေခဲမှိုကျင်းကို အားရပါးရစားနေကြစဉ် သူတို့၏ မိခင်ကြီးသည် ဆတ်ခနဲ ဦးခေါင်းထောင်လိုက်၏။ ရေခဲပြင်ပေါ်နင်းထားသော ခြေလက် တို့လည်း မသိမသာ မြောက်ကြွသွားသည်။

မိခင်ကြီး၏ အထိတ်တလန့် ဖြစ်သွားမှုကြောင့် သူတို့နှစ်ဦးလည်း ရုတ်ခြည်း ချောက်ချားသွားကြသည်။ သူတို့ မိသားစုသာမဟုတ် သူတို့နှင့် မနီးမဝေးတွင် ရေခဲငှက်များဖမ်းရန် ကြိုးစားနေသော မြေခွေးတစ်ကောင်၏ လှုပ်ရှားမှုမှာလည်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

အန္တရာယ်တစ်ခုခု ကျရောက်တော့မည်ဆိုသည်ကို သူတို့အားလုံး ချက်ချင်း သိလိုက်ကြသည်။ မိခင်ကြီး ငေးကြည့်နေရာဘက်သို့ သူတို့ ဖျတ်ခနဲ လှည့်ကြည့်ကြ၏။ နေရောင်ကြောင့်အလင်းရှိနေသော သူတို့ ဝန်းကျင်နားတစ်ဝိုက်သည် ချက်ချင်းမှောင်ရိပ်သန်းသွားသည်။ ထီးထီးတည် နေသော ထင်းရှူးပင်များ လှုပ်ရှားလာချိန်မှာ ဆီးခဲနှင်းရိပ်မည်းမည်းသည် ရေခဲတောင်ထိပ်မှ အလိပ်လိပ် လိမ့်ဆင်းလာကြ၏။ ပတ်ဝန်းကျင်တစ်ခွင် တစ်ပြင်လုံးသည် ချက်ချင်းမည်းမှောင်သွားလေသည်။

ရေခဲငှက်ဖမ်းရန် ချောင်းမြောင်းနေသော မြေခွေး၏ လျင်မြန်မှုနှင့် အတူ သူတို့ မိသားစုသည်လည်း နှင်းမုန်တိုင်းလွတ်ရာသို့ တစ်ဟုန်ထိုး

www.burmeseclassic.com


စွတ်ပြေးလာကြ၏။ နှင်းမုန်တိုင်းကြီးသည် သူတို့နောက်မှ တရိပ်ရိပ် ပြေးလိုက်လာနေသည်။

ရေခဲပြင် တောင်ကြောချိုင့်ဝှမ်းရှိ ကျောက်ဆောင်ကြီးနားတစ်ခုသို့ ရောက်လာကြသည်။ သူတို့ရှေ့က ထွက်ပြေးသွားသော မြေခွေးကိုမူ အရိပ်အယောင်ပင် မမြင်ရတော့။ သူတို့ထက်လျှင်သော မြေခွေးသည် ဘယ်ကျောက်ဆောင် ကျောက်တုံးကြားထဲ ဝင်သွားသည်ကိုပင် သူတို့မိသားစု မသိလိုက်ကြ။

သူတို့မိသားစု ကျောက်ဆောင်နားရောက်လာချိန်တွင် နှင်းမုန်တိုင်းကြီး၏ ဆူညံစွာ အော်မြည်ကြွေးလာသံကို အတိုင်းသားကြားလာရသည်။ နှင်းမုန်တိုင်းကြီး၏ အော်မြည်လာသံနှင့်အတူ ဝံအီသံ၊ ဝံပုလွေများအူသံ၊ ခွေးအမများ မြည်တမ်းသံနှင့်တကွ တောတိရစ္ဆာန်များ အထိတ်တလန့်အော်ကြသံတို့မှာ သတ္တရဘန်၌ ကြွက်ကြွက်ညံသွားလေသည်။

သူတို့ သားအမိသုံးဦးသည် ကိုယ်ပေါ်တွင် သီးခဲကပ်ပါလာကြသော နှင်းခဲဆီးဖတ်များကို တဖြုန်းဖြုန်းခါချပစ်လိုက်ကြသည်။ သူတို့ကိုယ်ပေါ်မှ လွင့်စဉ်သွားသော ရေခဲဆီးဖတ်များသည် ကျောက်ဆောင်နံရံများကို ထိရိုက်ကာ အရည်ပျော်ကျသွားကြသည်။

သူတို့မိသားစုသည် ကျောက်ဆောင်ကြီးထဲရှိ လိုဏ်ခေါင်းတစ်ခုထဲ ဝင်ပုန်းနေကြ၏။ နှင်းမုန်တိုင်းကြီးသည် ရေခဲပြင်တစ်ခုလုံးကို ဝှေ့ယမ်းတိုက်ခတ်နေသည်။

သူတို့ မိသားစုမှာ အအေးကြိုက်သတ္တဝါများဖြစ်လေရာ ချမ်းအေးတုန်ခိုက်ခြင်းတော့ မရှိပေ။ အတွေ့အကြုံရင့်ကျက်နေပြီးဖြစ်သော မိခင်ကြီးသည် နှင်းမုန်တိုင်းကြီးကို များစွာ ဂရုစိုက်ပုံမရ။ သူ့ကိုယ်ပေါ်ကပ်နေသော နှင်းခဲ နှင်းဖတ်များကို အရည်ပျော်ကျသွားအောင် အာငွေ့ နှာငွေ့တို့ဖြင့် မှုတ်ထုတ်ချနေသည်။

ကလေးအရွယ်သာရှိသေးသော သူတို့နှစ်ဦးကမူ ရေခဲပြင်ပေါ်၌ ပထမဦးဆုံး ကြုံတွေ့ရသော နှင်းမုန်တိုင်းကြီးတိုက်ခတ်နေရာ ရေခဲလွင်ပြင်ပေါ် ထိတ်ထိတ်လန့်လန့် ငေးကြည့်နေကြသည်။ နှင်းမုန်တိုင်းကြီးနှင့်အတူ လွင့်ပါလာကြသော ဆီးခဲနှင်းလုံးများသည် သူတို့မိသားစု ခိုဝင်နေကြရာ လိုဏ်ခေါင်းဝကို မိုးသီးမိုးပေါက်များပမာ တဖြောင်းဖြောင်း တဖြောက်ဖြောက် လာရောက် ရိုက်ခတ်နေကြသည်။

သူတို့မိသားစု ကျောက်ဂူလိုဏ်ခေါင်းထဲရောက်၍ မကြာခင်မှာပင် ဝံပုလွေကြီး သုံးလေးကောင်သည် ဟောဟဲ ဟောဟဲ အသံကိုပြုကာ သူတို့ လိုဏ်ခေါင်းဝနား ရောက်လာကြ၏။ အထီးကြီးတစ်ကောင်သည် လိုဏ်ဝထဲခေါင်းပြူကာ သူတို့ မိသားစုကို စိမ်းစိမ်းဝါးဝါးကြည့်နေ၏။

မိမိကိုယ်ပေါ်မှ နှင်းခဲဆီးဖတ်များကို အာငွေ့နှာငွေ့တို့ဖြင့် မှုတ်ထုတ် နေသော မိခင်ကြီး လှုပ်ရှားလိုက်၏။ ထိုအခါ ဝံပုလွေကြီးမှာ ရှေ့ဆက် တိုးဝင်မလာဘဲ ခြေလှမ်းတန့်သွားသည်။

ဝံပုလွေကြီးများသည် သူတို့ မိသားစုအား မကောင်းဆိုးဝါး တစ်ကောင်ကောင်ကိုတွေ့သလို စိမ်းစိမ်းကြည့်နေကြသည်။

သူတို့ ကလေးနှစ်ဦးမှာ ထိတ်ထိတ်ပျာပျာနှင့် မိခင်ကြီးနား တိုးကပ် သွားကြ၏။ သူတို့အထင်မှာ ရေခဲပြင်ပေါ် အစဉ်ထာဝရ စိုးမိုးမင်းမူနေ ကြသော ဝံပုလွေကြီးများသည် သူတို့မိသားစုအား ချက်ချင်း ဝင်ကိုက်ကြ တော့မည်ဟု ထင်သည်။ ဝံပုလွေကြီးများမှာ ရေခဲပြင်ပေါ်၌ မည်သည့် တောတိရစ္ဆာန်ကိုမှ ချမ်းသာပေးကြသူတွေ မဟုတ်။ တွေ့မရှောင် ကိုက်သတ် စားသောက်တတ်သော အန္တရာယ်ကောင်ကြီးများ ဖြစ်လေသည်။

ယခုလည်း သူတို့သည် မိမိတို့မိသားစုအား လိုဏ်ခေါင်းထဲဝင်၍ ကိုက်သတ်စားကာ လိုဏ်ခေါင်းထဲ၌ပင် မုန်တိုင်းခိုလှုံရန် လာနေကြပြီ ထင်၏။ ဝံပုလွေကြီးများ၏ အကြည့်မှာ ရန်လိုခြင်း၊ မလိုမုန်းထားခြင်းနှင့် စက်ဆုပ်ရွံရှာခြင်းတို့ကို ဆောင်နေကြသည်။ ထို့ကြောင့် သူတို့ကလေးငယ်

 www.burmeseclassic.com 

နှစ်ကောင်မှာ ဝံပုလွေကြီးများကို ကြောက်ရွံ့ကာ မိခင်ကြီး၏ ရင်အောက်ထဲ ပို၍ တိုးဝင်လိုက်ကြ၏။

သို့သော် သူတို့ထင်သလိုကား ဖြစ်မလာချေ။ သူတို့၏ မိခင်ကြီးသည် တိုနံ့နံ့ အမြီးကိုလှုပ်ပြီး ကိုယ်ကို ယိမ်းလိုက်သည်နှင့်တစ်ပြိုင်နက် ဝံပုလွေကြီး သုံးလေးကောင်သည် သူတို့ရှိရာ ကျောက်ခေါင်းလိုဏ်ဝမှ ချက်ချင်း ဖယ်ကြဉ်ပြေးထွက်သွားကြ၏။ သူတို့ထက် လေးငါးရှစ်ဆကြီးပြီး အင်မတန် ရန်လိုသော ဝံပုလွေကြီးများ သူတို့မိသားစုရှိရာသို့ ဝင်မလာရဲဘဲ ပြန်ထွက်ပြေးသွားကြသည်ကို ကြည့်ကာ သူတို့ကလေးနှစ်ဦးမှာ အံ့သြမဆုံးဖြစ်သွားကြလေသည်။

မိခင်ကြီးကမူ မည်သို့သော ထူးခြားချက်ကိုမှ မပြ။ နှင်းမုန်တိုင်းကြီး ကျရောက်မွှေနှောက်နေရာ ဂူအပြင်ဘက်သို့လည်း တစ်ချက်ပင် လှမ်းမကြည့်။ သူ၏ကိုယ်ပေါ်မှ ဆီးခဲနှင်းဖတ်များကိုသာ ကျောက်နံရံနှင့် ပွတ်တိုက်နေလေသည်။

လိုဏ်ဂူအပြင်ဘက်ရှိ ရေခဲပြင်တစ်ခုလုံးသည် နှင်းမုန်တိုင်းကြီးကြောင့် မိုးတဝါးဖြစ်နေသည်။ မိုးဝါးနေသော ရေခဲပြင်ထဲတွင် ခိုနားစရာကို ရှာဖွေပြေးလွှားနေကြသော တိရစ္ဆာန်များ၏ အရိပ် ဝိုးတိုးဝါးတားများကိုလည်း မကြာခဏ မြင်နေရသည်။

နှင်းမုန်တိုင်းကြီးပို၍ ပြင်းထန်လာ၏။ တရှဲရှဲ လေရဟတ်များ၏ မြည်ကြွေးသံနှင့်အတူ တောင်ခြေတောစမှ ထင်းရှူးပင်ကြီးများ တဝေါဝေါ လဲပြိုကျသံကိုလည်း မကြာခဏ ကြားလာရသည်။ သူတို့မိသားစု ခိုအောင်းနေကြသော ကျောက်တောင်ကြီးခြေရင်းမှ လဲပြိုကျလာသော ထင်းရှူးပင်ကြီး တစ်ပင်၏ ကိုင်းဖျားတစ်ခုသည် လိုဏ်ဝကိုပင် ကန့်လန့်ဖြတ်တင်နေလေသည်။

တဖြည်းဖြည်းနှင့် မိုးကြီးချုပ်လာ၏။ နှင်းမုန်တိုင်းကြီးကား မစဲ သေး။ နှင်းခဲ ဆီးဖတ်များသည် အမှောင်ထဲတွင် ပိုးစုန်းကောင်များလို

အရောင်တလက်လက်တောက်ကာ မိုးသီးမိုးပေါက်များပမာ ရေခဲပြင်ပေါ် လျှောက်ပြေးပျံ့လွင့်နေကြသည်။

မိခင်ကြီးသည် မတ်တတ်က ငိုက်မြည်းစပြုလာ၏။ သူတို့နှစ်ဦးမှာလည်း အပြင်မှ နှင်းခဲဆီးလုံးများ တောက်စားပျံ့လွင့်နေကြသည်ကို ငေးကြည့်ကာ ငိုက်မျဉ်းလာကြလေသည်။

နှင်းမုန်တိုင်းကြီးကား အပြင်၌ အားကောင်းဆဲတည်း။

မိုးလင်းပိုင်းတွင် ဆွဲဆွဲငင်ငင် အူလိုက်သော ဝံပုလွေသံကြောင့် သူတို့မိသားစု ငိုက်မျဉ်းနေရာမှ လန့်နိုးလာကြသည်။ ဤသည်မှာ မကြာခင် နှင်းမုန်တိုင်းကြီး စဲတော့မည်ဟူသော သင်္ကေတပင်တည်း။

*        *        *

နှင်းမုန်တိုင်းကြီး၏ အော်မြည်သံနှင့် ဆီးခဲနှင်းလုံးများ တဖြောက်ဖြောက်ကြွေကျသံတို့ကို မကြားရတော့။ အလင်းသည် လိုဏ်ကျင်းဝမှ ရွေ့ရွေ့လျားလျား တိုးဝင်လာသည်။ သူတို့မိသားစုသည် လိုဏ်ခေါင်းထဲမှ အပြင်သို့ ထွက်လာကြ၏။

ညက နှင်းမုန်တိုင်းကြီး တိုက်ခတ်သွားသဖြင့် မိုးကောင်းကင်သည် ပြာလွင်ကြည်သန့်နေ၏။ နှင်းရိပ်နှင်းမည်းများကိုမူ တောင်ချိုင့် ချိုင့်ဝှမ်းကြားတို့၌သာ ပျပျမြင်ရ၏။ ဖန်ရောင်မှန်ရောင်ထနေသော ရေခဲတောင်ထိပ်ပေါ်တွင် နေရောင်ခြည်များ တလက်လက်တောက်ပနေကြသည်။ ရေခဲပြင်တစ်ခွင်တစ်ပြင်လုံးကား အငွေ့ပြန်ကာ ဝိုးဝါးမှုန်ပြလာပြန်သည်။

နွေးထွေးသောနေရောင်ခြည်ရှိရာ တောင်ထိပ်ပေါ်ကို ရေခဲငှက်များ ပျံသန်းသွားနေကြသည်။ သူတို့သည် တစ်ညလုံး စိုစွတ်နေသော တောင်ပံများကို နေရောင်ခြည်ထဲ၌ ပျံသန်းရင်း ခြောက်သွေ့သွားအောင် ပြုလုပ်နေကြသည်။

BURMESE CLASSIC .com

မြင့်မြင့်မပျံနိုင်သော ရေခဲငှက်များကို ခေါင်းတမော့မော့ကြည့်ကာ မြေခွေးသည် သားရေတမြားမြားနှင့် အလျှိုလျှိုပေါ်လာကြ၏။ တစ်ကောင် တလေသော မြေခွေးမိုက်များသည် နေစာလှုံနေသော ရေခဲငှက်များကို ချောင်းမြောင်းဖမ်းဆီးရန် ကျောက်တောင်ပေါ် တွယ်တက်နေကြသည်။

ရေခဲပြင်ထဲတွင် သားစားဘုရင်များဖြစ်သော ဝံပုလွေကြီးများကမူ ညက နှင်းမုန်တိုင်းကြီးထဲ နစ်မြုပ်သေဆုံးသွားသော သားသမင်ကြီး တစ်ကောင်၏ အလောင်းကို လုယက်တူးဖော်ကာ စားသောက်နေကြသည်။ သူတို့နှင့် မလှမ်းမကမ်းတွင် ဝံပုလွေကြီးများ စားကြွင်းစားကျန်ကို ကောက်စားရန် အသင့်စောင့်နေကြသော ခွေးအကြီး မိသားစုတစ်စုကိုလည်း အတော်ဝေးဝေးတွင် လှမ်းမြင်နေရသည်။

သူတို့ မိသားစုမှာ သားစားတိရစ္ဆာန်များမဟုတ်သဖြင့် ဤသည်တို့ကို များစွာ စိတ်ဝင်စားမှုမရှိကြ။ ထို့ကြောင့် ဝံပုလွေကြီးများ၊ ခွေးအများ ဝေးရာက ရေခဲလွင်ပြင်ထဲ ဖြတ်လျှောက်လာကြ၏။

ယခုအချိန်၌ သူတို့မိသားစု၏ အစာအာဟာရမှာ ရေခဲပြင်ပေါ် ပေါက်တတ်သော မှိုမွေးများပင်တည်း။ ရေခဲဖုံးလွှမ်းထားသဖြင့် နွယ်မြက်သစ်ရွက်တို့မှာ အားလုံးရေခဲပြင်ထဲ ရောက်သွားကြပြီ မဟုတ်လား။

သူတို့မိသားစုအား မကောင်းဆိုးဝါးကောင်များကို ကြည့်သလို စိမ်းစိမ်းဝါးဝါး လှမ်းကြည့်နေကြသော တောတိရစ္ဆာန်များကို လုံးဝ ကြောက်ရွံ့ခြင်း မရှိဘဲ သူတို့မိသားစုသည် ရေခဲမှိုရှာရန် တောင်ကမ်းပါးယံတစ်ခုပေါ် လှမ်းတက်လာကြလေသည်။

*    *    *

နွေဦးသည် နှေးကွေးပျင်းရိဖွယ်ရာ ရေခဲတောင်များပေါ် ကျရောက်လာ၏။ မြင့်မားဝေသီသော တောင်ထိပ်မှ ဆီးခဲနှင်းဖတ်များသည် အလွှာလွှာ ကွာကျ

နေကြသည်။ ရေခဲပြင်တစ်ခုလုံးသည် နေရောင်ခြည်ကြောင့် ပို၍ တလက်လက် တောက်ပလာ၏။ ရေခဲငွေ့များသည် နေရာတကာ၌ လျှံတက်လွင့်အူလာကြသည်။

ရေခဲချောင်းများထဲမှ ရေခဲတုံးများ မျောပါထိဆောင့်သံတွေမှာ တစ်ခါတစ်ခါ လန့်စရာပင်။ ရေခဲတွေ အလွှာလွှာ ကွာကျသံတွေကိုလည်း ရေခဲတောင်ကမ်းပါးယံများမှ အခါမပြတ် ကြားလာရပြီ။

အပူမကြိုက်သော သူတို့ မိသားစုသည် ရေခဲတောင်ပေါ်မှ အောက်ဘက်ရှိ ထင်းရှူးတောများဆီသို့ လျှောက်ဆင်းလာကြသည်။ နွေဦးရာသီတွင် ရေခဲတောင်ပေါ်၌ ရေခဲမှုံများ တုံးသွားကြလေပြီ။ ရေခဲပြင်နှင့် သစ်တောအစတွင် နွေမြက်နုများ ခေါင်းထောင်ထစ ပြုလေပြီ။

တစ်ဆောင်းလုံး ရေခဲကျီးပေါင်းတက်ကာ မလှုပ်မချောက် မားမားကြီး ရပ်နေခဲ့ကြသော ထင်းရှူးပင်များ၏ ကိုင်းခက်များပေါ်တွင် နွေရွက်နုပုရစ်တို့ ဖူးကိုက်ငုံစိစ ပြုလာပြီ။

မြေပြင်သည် ကောင်းစွာမခြောက်သွေ့တတ်သေးသော်လည်း ရေခဲများ မရှိတော့။ ဆီးမြုပ်နှင်းပွင့်တွေနှင့် ပေကျန်မနေတော့။ အချို့နေရာတွင် မြေသားများပေါ်မှ ဝါဖန့်စိမ်းညိုသော မြက်နုတို့သည်ပင် ထွက်ပြူစပြုလာကြလေပြီ။

သူတို့မိသားစုသည် ရေခဲပြင်နှင့် ထင်းရှူးတောစသို့ ရောက်လာကြသည်။ နှင်းခဲဆီးဖတ်များ ကွာကျသွားသော ခြုံများပေါ်တွင် နွယ်ရှည်တို့ ဖူးငုံစပြုနေကြပြီ။ မြက်နှင့်ရောနေသော သစ်နွယ်ပင်များ အဖူးအငုံကို စားကာ သူတို့မိသားစုသည် ထင်းရှူးတောထဲ၌ စခန်းချနေကြပြန်လေ၏။

* * *

နွေရင့်လာသည်နှင့်အမျှ ချုံများပေါ်တွင် ပန်းမွေးများ ပွင့်လာကြပြန်သည်။ အမွှေးအကြိုင်ကို အလွန်ကြိုက်နှစ်သက်သော သူတို့မိသားစုသည် ဆောင်း

www.burmeseclassic.com

တွင်း ကာလတစ်လျှောက်လုံးတွင် ရေခဲမှုံမွေးများကို ရှာစားသလို ယခု နွေကာလတစ်လျှောက်လုံးမှာလည်း မြက်မွေး၊ နွယ်မွေးပွင့်များနှင့် သစ်မွေး ပွင့်များကို ရှာစားကာ သစ်တောမြိုင်ယံထဲ လျှောက်သွားနေကြသည်။

ချုံနိမ့်ပင်များပေါ် လိမ်တက်နွယ်ယှက်ပြီး ပွင့်နေကြသော နွယ်မွေး ပွင့်များကို မိသားစုစားနေကြစဉ် တစ်နေ့သ၌ ထူးဆန်းသော အနံ့တစ်ခုသည် ကလေးနှစ်ဦး၏ စိတ်ကို ကယောက်ကယက်ဖြစ်သွားစေသည်။

အန္တရာယ်ကောင် တစ်ကောင်ကောင်၏ အနံ့မဟုတ်ဆိုသည်ကိုတော့ သူတို့နှစ်ဦးသည် ဗီဇစိတ်အရ သိလာကြသည်။ သို့သော် ထိုထူးခြားသော အနံ့ကို သူတို့စိတ်ထဲမှာ မရိုးမရွဖြစ်သွားကြ၏။

မှုံမွေးပန်းမွေးများ၏ အနံ့အသက်နှင့်သာ မတူသည်မဟုတ်၊ အသွင် ကွဲသော အခြားသော တောတိရစ္ဆာန်များ၏ အနံ့အသက်လည်း လုံးဝမတူ သော ထိုအနံ့အသက်ကြောင့် သူတို့နှစ်ဦးသည် မိခင်ကြီးအား ပျာပျာ သလဲ လှည့်ကြည့်ကြ၏။

သက်တမ်းတစ်လျှောက်လုံးတွင် ကြုံတွေ့ခဲ့ရသော တောတိရစ္ဆာန် များ၏ အနံ့ကို အာရုံမှန်းဆတွေးဆ၍ ငေးနေကြသော သားသမီးနှစ်ဦးအား မိခင်ကြီးသည်လည်း ထူးထူးခြားခြား ပြန်ကြည့်နေသည်။

မိခင်ကြီး၏ မျက်ဝန်းထဲတွင် လျှမ်းတောက် အရည်လဲ့နေသော ထူးခြားသည့် အရောင်တစ်မျိုးကို မြင်လိုက်ကြရသည်။ ထိုအခါ သူတို့ နှစ်ဦးသည် မိခင်ကြီးဆီ ပြေးသွားကြ၏။ သို့သော် မိခင်ကြီးက ခါတိုင်းနေ့ တွေလို အကပ်မခံတော့။ သူတို့ပြေးလာကြသလို မိခင်ကြီးသည်လည်း သူတို့နှင့် ဝေးရာသို့ပြေး၏။ ထိုအခါမှ သူတို့မကြုံဘူး မခံစားဘူးသော အနံ့တစ်မျိုးသည် သူတို့မိခင်ကြီးဆီမှ ထွက်ပေါ်လာသော အနံ့မှန်း သူတို့ ချက်ချင်း သိလိုက်ကြလေသည်။

ကြောက်စိတ် ပြေသွားသော်လည်း သူတို့ နှစ်ဦး၏ စိတ်ထဲတွင် မရိုးမရွဖြစ် ကျန်ရစ်ကြ၏။

www.burmeseclassic.com


ထိုအချိန်အခါကပင် မိခင်ကြီးသည် သူတို့နှစ်ဦးအား စွန့်ခွာသွားလေသည်။

မိခင်ကြီးသည် ဘယ်တော၊ ဘယ်တောင်၊ ဘယ်အရပ်၊ ဘယ်ဒေသသို့ ထွက်ပြေးသွားသည်ကို သူတို့ လုံးဝမသိရတော့။ မိခင်ကြီးစွန့်ပစ်ထားခဲ့သော်လည်း သူတို့နှစ်ဦးသည် များစွာပူဆွေးသောကစိတ် မဖြစ်မိကြ။

အနီးအနားတွင် ပန်းမွေး နွယ်မြက်များကို စားသောက်ကာ တစ်ဦးကိုတစ်ဦး အဖော်သဟဲပြုရင်း အတူတကွ အစာရှာစားလျက် ကျန်နေခဲ့ကြလေသည်။

*　　*　　*

နွေပါးလျားသော အရပ်ဖြစ်သဖြင့် မိုးဦးသည် ဆောလျင်စွာ ဝင်ရောက်လာ၏။ ထိုအခါ အမိပစ်သွားသော သူတို့နှစ်ဦးအတွက် အစာရေစာသည် ရှားပါးလာ၏။

ဆောင်းနှင့် နွေလတို့တွင် နံနက်နှင့် ညနေပိုင်းသာ အစာရှာထွက်လေ့ရှိကြသော်လည်း မိုးသမယ၌ကား အခါမရွေး အချိန်မရွေး အစာရှာထွက်လျက် နေကြရ၏။

ဆောင်းလေနှင့်စာလျှင် အအေးပေါ့သော မိုးသက်လေပြင်းတွေကို သူတို့မမှုကြ။ သူတို့အား သဘာဝဘုရားသခင်က ဖန်ဆင်းပေးထားသော အမွေးကြမ်းကြီးများကို မိုးသက်လေပြင်းတွေက တိုးမပေါက်နိုင်။ မိုးရေမိုးပေါက်များကြားထဲ သူတို့ လျှောက်သွားနေကြသော်လည်း မိုးသီးမိုးပေါက်များသည် သူတို့ကိုယ်ပေါ်၌ ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့သာ။

သူတို့ အကြိုက်ဆုံး အနှစ်သက်ဆုံးဖြစ်သော ပန်းမွေး မှိုမွေးများသည် ဆောင်းနှင့် နွေသမယလို ပေါက်ရောက် ပေါများခြင်းမရှိ။ ထို့ကြောင့် သူတို့သည် တစ်နေ့ပတ်လုံး အစာရှာစားလျက်ရှိကြသည်။

 www.burmeseclassic.com 

တစ်နေ့သ၌ ထင်းရှူးတောနှင့် ရေခဲတောင်ခြေစတွင် မြက်နုတစ်ခင်းကိုတွေ့ရာ သူတို့နှစ်ဦးသည် အငမ်းမရ စားသောက်နေကြသည်။

ထိုသို့ စားသောက်နေကြစဉ် မမျှော်လင့်ဘဲ အဖော်ဖြစ်သူ၏ ပါးစပ်မေးရိုးအောက်မှ ဖြူဖွေးလှစ်ထွက်နေသော သွားစွယ်ငုတ်တိုတစ်ခုကို သူမြင်လိုက်ရ၏။ သူ့စိတ်ထဲတွင် ရုတ်ခြည်း မရိုးမရွဖြစ်သွားသည်။

မြက်နုများကို ဗြိဗြိမြဲမြဲ မြည်သွားအောင် ကိုက်ဆွဲစားနေသော သူ့အဖော်ပါးစပ်မှ အစွယ်ငုတ်တိုလေးကို သူသည် အံ့သြစွာ အကြာကြီးငေးကြည့်နေ၏။ တဒင်္ဂတွင် ဆာလောင်မွတ်သိပ်မှုနှင့် အစာစားသောက်ခြင်းတို့ကိုပင် မေ့လျော့သွားသည်။

သူ့အဖော်လို သူ့ ပါးစပ်ထဲ၌ အစွယ် ရှိ မရှိကို သူသည် မြက်ဝါးရင်း အံကြိတ်ကြည့်၏။ သူ့အဖော်လို သူ့မှာ ပါးစပ်ထဲ၌ လုံးဝ အစွယ်မရှိပေ။ သူ့စိတ်ထဲ ပျော်သလို ကြည်နူးသလို ခံစားလိုက်ရ၏။ တစ်ကိုယ်လုံးလည်း ပီတိတွေဖြာကာ အမွေးအမင်များပင် ရုတ်ခြည်းပင် ထောင့်ထလာသည်။

ရုတ်ခြည်း ကြက်သီးမွေးညင်းထကာ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်သွားသော သူ့အခြေအနေကို သူ့အဖော်သည်လည်း ချက်ချင်းရိပ်မိသွားပုံရသည်။ သူ့အဖော် အစွယ်ပိုင်ရှင်သည် သူ့ကို စိမ်းစိမ်းကြည့်ကာ ချောက်ချောက်ချားချား ဖြစ်နေ၏။ ဤသည်ကို သူလည်း သတိထားမိလိုက်သည်။

သူသည် ဆက်၍ အစာစားရန်ပင် သတိမရဖြစ်နေစဉ် သူ့အဖော်သည် သူ့အခြေအနေကို ထိတ်ထိတ်ပျာပျာနှင့် အကဲခတ်ကြည့်နေသည်။ သူ့မျက်လုံးထဲတွင် သူ့အဖော်၏ အကြည့်ထဲ၌ ချောက်ချားတုန်လှုပ်မှုကို မြင်နေရသည်။ သူ့မျက်လုံး အကြည်ဓာတ်များသည်လည်း ရုတ်ခြည်းဝိုးဝါးမှုန်မှိုင်းသွားသလို ခံစားလိုက်ရပြန်သည်။

သူသည် ကြီးစွာ တုန်လှုပ်ချောက်ချားသွား၏။ တစ်ဦးတည်းသော သူ့အဖော်၏ ပစ်ခွာစွန့်ပြေးခြင်းကို သူ့စိတ်ထဲမှာ ခံပြင်းလောင်မြိုက်နေသည်။

သူ၏ ကိုယ်ခန္ဓာထဲမှ အသည်းနှလုံးများကို သူ့ အဖော်သည် ချက်ချင်း ထုတ်ယူပြေးသွားသလိုလည်း ခံစားလိုက်ရသည်။

ထို့ကြောင့် သူသည် ချက်ချင်း သူ့အဖော်ရှိရာသို့ ပြေးလိုက်သည်။ သူ ထင်ထားသကဲ့သို့ပင် သူ့အဖော်သည် သူ့ကို စွန့်၍ ဧကန်ပြေးလေပြီ။ အထီးကျန်ခြင်းဝေဒနာသည် ရုတ်ခြည်း သူ့တစ်ကိုယ်လုံးပေါ် ပျံ့နှံ့လာလေသည်။

သူသည် ရှေ့လက်ထက်ပိုရှည်သော နောက်ခြေထောက်ကို အားပြုကာ သူ့အဖော်ရှိရာသို့ တစ်ဟုန်ထိုးပြေးလိုက်သည်။ သူ့စိတ်ထဲမှာ အဖော်မဲ့သွားခြင်းကို ဘယ်လိုမှ သည်းမခံနိုင်ပေ။ ထို့ကြောင့် အလျင်မြန်ဆုံးပြေးလိုက်နေရ၏။

သူ ပြေးလိုက်သည်ကို မြင်သောအခါ သူ့အဖော်ကလည်း ပို၍ ပို၍ အားသွန်ခွန်စိုက်ပြေး၏။ ရက်ပေါင်းများစွာ၊ လပေါင်းများစွာ အတူတကွ နေလာခဲ့ကြသော သူ့အား သူ့အဖော်သည် အသက်ဇီဝိန်ကိုချေဖျက်ပစ်ရန် လိုက်လာနေသော အန္တရာယ်ကောင်တစ်ကောင်ကောင် ရှေ့ကပြေးနေသလို လျင်မြန်သော အရှိန်အဟုန်နှင့် ပြေးနေ၏။

သူ့အနေမှာလည်း သူသာ စွန့်ခွာသွားခြင်းခံရလျှင် ဤလောက၌ နေစရာမရှိသူ တစ်ဦးတစ်ယောက်ကဲ့သို့ ဆောက်တည်ရာမရှိသူတစ်ဦးပမာ သူ့နောက်ကို အပြေးအမြန်လိုက်ရသည်။ သူ့နောက်သို့ လိုက်ရခြင်းကို သူက ပင်ပန်းကြီးလှပြီဟု မထင်မိ။

မောပန်းနွမ်းလျမှုပင် စိုးစိမျှမရှိဟု ထင်မိ၏။ သဘာဝ၏ ထူးခြားဆန်းကြယ်စွာ စွမ်းအားရှိသော ဆန္ဒတစ်ခုနှင့် သူသည် သူ့အဖော်နောက်ကို မမောနိုင် မပန်းနိုင် ပြေးလိုက်လျက်ရှိသည်။

သူ့အဖော် အစွယ်ပိုင်ရှင်သည် သူ အမီလိုက်လာမှာကို သေမလောက် ကြောက်ရွံ့မှုနှင့် တောတောင် ရှုံမြောင်များကို ဖြတ်ပြေးသွားသည်။ သူ စတင်

 www.burmeseclassic.com 

ပြေးလိုက်ချိန်တွင် သူ့ အဖော်မှာ အတော်ဝေးဝေးသို့ပင် ရောက်နေပြီး ဖြစ်သဖြင့် ဘယ်လိုမှ သူက လိုက်မမီပေ။

သို့သော် သူကား လုံ့လဥဿဟကို မလျှော့။ သူ့အဖော်နောက်ကို လိုက်မြဲလိုက်၏။ ပြေးရင်း လိုက်ရင်းနှင့်ပင် သူ့အဖော်သည် သူ၏ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်။ မိုးသီးမိုးပေါက်များကြားထဲတွင် သူ့အား စွန့်ပစ်ထားခဲ့လေပြီဟူသော အသိကြောင့် ပိုပြီး ထိတ်လန့်သွား၏။

သူ့အဖော် အစွယ်ရှင်အား သူသည်ကြီးစွာသော တွယ်တာမှုသမုဒယ ဖြစ်နေသည်။ ပြေးရင်းလိုက်ရင်းက သူ့အဖော်၏ ရုပ်ဒြပ်သူ့စက္ခုအမြင်ထဲမှ ပျောက်ကွယ်သွားသောအခါ သူ့အဖော် တိုးတိုက်သွားသော သစ်ပင်ချုံပုတ်များ၏ လှုပ်ရှားကျန်ရစ်နေမှုကို မှန်းဆ၍ လိုက်ရသည်။

မိုးသက်လေပြင်းများ ကျလာသောအခါ သစ်ပင်ချုံပုတ်များ၏ လှုပ်ရှားမှုကို မှန်းဆ၍ လိုက်မရတော့။ တစ်တောလုံးရှိ သစ်ပင်ချုံပုတ်များသည် မိုးသက်လေပြင်းများကြောင့် အားလုံးလှုပ်ရှားယိမ်းခါနေကြလေပြီ။ သူ့အဖော်သည် ဤသည်ကို အခွင့်ကောင်းယူ၍ ပြေးသွားသည်။

သို့သော် သူကား ဇွဲလုံ့လ မလျှော့သေး။ သူ့အသည်းနှလုံးသည် အဖော်မဲ့သွားမှုကြောင့် သတ္တရဘာန်မှ သစ်ပင်ချုံပုတ်များနည်းတူ လှုပ်ခါယိမ်းခတ်နေလေပြီ။ ထို့ကြောင့် သူသည် သူ့အဖော်၏ အနံ့ကိုခံကာ ဆက်လိုက်ပြန်လေ၏။

အဖော်မဲ့၍ အထီးကျန်မှုဝေဒနာသည် သူ့တစ်ကိုယ်လုံးပျံ့နှံ့နေ၏။ သူ့ အမိသည်လည်းကောင်း၊ သူ့ အဖော်သည်လည်းကောင်း သူ့အား အဘယ်ကြောင့် စွန့်ပြေးသွားကြသည်ကိုမူ ကတိုးမငယ်လေးသည် ယခုထိ လုံးဝ မသိရှာသေးပေ။ သူ၏ ပူဆွေးသောကရောက်နေမှုမှာ အထီးကျန်ခြင်း ဝေဒနာ၏ နှိပ်စက်ကလူပြုနေမှုသာ။ ဤဝေဒနာ၏ လောင်မြိုက်ခြင်းကို သူ မခံမရပ်နိုင်အောင် ဖြစ်နေမိလေသည်။

အမှန်မှာ သူတို့နှစ်ဦးအား မိခင်ကြီး ကတိုးမက ပစ်ထားခဲ့ခြင်းမှာ သဘာဝအဖော် ရှာလို၍ဖြစ်သည်။ သူ့အဖော် ကတိုးထီးလေးက ယခုသူ့အား စွန့်ပြေးသွားခြင်းမှာ အရွယ်ရောက်လာ၍ အစွယ်ပေါက်လာ၍ဖြစ်သည်။ အရွယ်ရောက်လာသော ကတိုးထီးများသည် အရွယ်ရောက်လာသော ကတိုးမများကို ကြောက်ကြသည်။ ရှောင်ပြေးကြသည်။

အဘယ်ကြောင့်ဆိုသော် ကတိုးကောင်များ မိတ်လိုက်ရာတွင် အမကသာ အထီးများကို လိုက်တတ်ကြသောကြောင့်ဖြစ်၏။ တခြား တောတိရစ္ဆာန်များလို အထီးက အမကို လိုက်လေ့မရှိပေ။ ဤသည်မှာ ကတိုးကောင်တို့၏ သဘာဝ ထူးခြားချက်ပင်။

* * *

အဖော်မဲ့သွားသော ကတိုးမငယ်သည် သစ်တောထဲတွင် ယောင်ပေပေနှင့် တစ်ကောင်တည်း လျှောက်နေ၏။ အထီးကျန်ခြင်းဝေဒနာသည် သူ့ကို ထာဝရ နှိပ်စက်လျက်ရှိလေသည်။

သို့သော် သည်တော၊ သည်တောင်၊ သည်ကန္တာရထဲတွင် ကတိုးကောင်များရှိနေသည်ကို ဗီဇစိတ်က သိနေသည်။ ယင်းစိတ်ကြောင့်ပင် သူသည် မျိုးတူဇာတ်တူ ကတိုးကောင်များကို ကန္တာရထဲဖြတ်သွား၍ ရှာနေ၏။ အဖော်ကိုမင်သော သူ့စိတ်သည် အဖော်မဲ့မှုကြောင့် မခံမရပ်နိုင်အောင် ဖြစ်နေသည်။

တစ်နေ့ တွေ့နိုး တစ်နေ့ တွေ့နိုးနှင့် အဖော်ကိုရှာနေသော်လည်း ကန္တာရထဲမှာ ကတိုး ဆို၍ကား တစ်ကောင်တလေကိုမှ မတွေ့ရသေး။ ကာလကြာသောအခါ သူသည် စိတ်ဓာတ်ပါချောက်ချားလာသည်။

ထိုအခါမျိုးတူဇာတ်တူ ကတိုးကောင်များကို ရှာမတွေ့သဖြင့် အခြေလေးချောင်းရှိသော သူနှင့်အရွယ်ပမာဏ နီးနွယ်ညီမျှသော ဒရယ်မိသားတစ်စုနားဆီ ရင်းနှီးမိတ်ဖွဲ့လိုမှုနှင့် ချဉ်းကပ်သွား၏။

www.burmeseclassic.com


သူတို့ မိသားစုရှိရာသို့ ယောင်ပေပေနှင့် လျှောက်လာနေသော ကတိုးမငယ်ကို မြင်သောအခါ ဒရယ်မိသားစုမှာ ရုတ်ခြည်း ချောက်ချောက်ချားချား ဖြစ်သွားကြသည်။ သူတို့အားလုံးသည် မကောင်းဆိုးဝါး တစ်ကောင်ကောင်ကို မြင်ရဘိသကဲ့သို့ ကတိုးမငယ်အားထိတ်ထိတ်လန့်လန့် ပြူးတူးပြဲတဲ ငေးကြည့်နေကြသည်။

ကတိုးမငယ် သူတို့အနားရောက်လာသောအခါ အန္တရာယ်ကောင်တစ်ကောင်လာနေသည်ကို မြင်ရဘိသကဲ့သို့ ဒရယ်မိသားစုသည် ရုတ်ခြည်းတောနက်ထဲဘက် ထွက်ပြေးသွားကြ၏။ ဒရယ်မိသားစုက သူ့အား အပေါင်းအဖော် မလုပ်လိုသလို ထွက်ပြေးသွားကြသည်ကို ငေးကြည့်ကာ ကတိုးမငယ်ခမျာ ဝမ်းနည်းပက်လက် ကျန်ရစ်ခဲ့လေသည်။

သို့သော် အဖော်အပေါင်းရှာနေသော အထီးကျန် ဝေဒနာသည် ကတိုးမလေးကား ဤမျှနှင့် စိတ်ဓာတ်မကျသေး။

ဤတော ဤတောင် ဤကန္တာရထဲတွင် သူ့အား ဒရယ်မိသားစုကသာ အပေါင်းအသင်းမလုပ်လိုကြသော်လည်း သူကဲ့သို့အခြေလေးချောင်းရှိသော တိရစ္ဆာန်များကား ဤပတ်ဝန်းကျင်တွင် ဒုနှင့် ဒေးပင်။ ထို့ကြောင့် ကတိုးမငယ်သည် သစ်တောနှင့် ရေခဲပြင်အစဘက်သို့ ထွက်လာ၏။ ရာသီဥတုမှာလည်း ဆောင်းဦးသို့ရောက်လာပြီးဖြစ်ရာ ဆီးခဲနှင်းဖတ်များသည် ထင်းရှူးပင်များပေါ်သို့ ကျီးပေါင်းတက်စပြုလာကြပြီး ထင်းရှူးရွက်များသည် ဆီးဖတ်နှင်းခဲတွေ တဖြည်းဖြည်းလာကပ်သောဒဏ်ကို မခံနိုင်သဖြင့် အရွက်များ တဖြောက်ဖြောက် ကြွေဆင်းနေကြသည်။ ဤလိုရာသီမျိုး၌ ရေခဲပြင်တွင်လျှောက်ပြီး အဖော်လိုက်ရှာနေရသည်ကို သူ အလွန်သဘောကျနေလေသည်။

ထို့ကြောင့်သူသည် ထင်းရှူးပင်တောစမှ ရေခဲလွင်ပြင်ဘက် လျှောက်လာ၏။ ထိုမှာတွင် သူနှင့် အတော်ဝေးဝေး၌ ရေခဲငုက်နှင့် ယုန်ကလေးများကို အလစ်ချောင်းဖမ်းရန် ကြိုးစားနေကြသော မြေခွေးမိသားစုတစ်စုကို လှမ်းမြင်

ရ၏။ မြေခွေးမိသားစုကို မြင်ရသဖြင့် ကတိုးမငယ်သည် အတိုင်းမသိ ဝမ်းသာသွား၏။

ဒရယ်မိသားစုကသာ သူ့အား အဖော်အပေါင်း မလုပ်လိုကြသော်လည်း မြေခွေးမိသားစုသည် သူ့အား ပျူပျူငှာငှာပင် ကြိုဆိုလက်ခံကြလိမ့်မည်ဟု ထင်လိုက်မိ၏။ ဤစိတ်ကြောင့်ပင် သူသည် မြေခွေးမိသားစုရှိရာသို့ တစ်ဟုန်ထိုးပြေးသွားလေ၏။ သူ ပြေးလာသော ခြေသံကြောင့် မြေခွေးကြီးတစ်ကောင်သည် ရုတ်ခြည်း အထိတ်တလန့်ထအော်သည်။ ထိုအခါ ရေခဲငှက်ဖမ်းရန် ချောင်းမြောင်းနေကြသော မြေခွေးမိသားစုအားလုံးမှာ ရုတ်ခြည်း ကြက်ပျောက်ငှက်ပျောက် ပြေးပျောက် ရှောင်ရှားသွားကြပြန်လေသည်။

ကတိုးမငယ်သည် ဤသည်ထိ သူ့အားမြေခွေးမိသားစု ဘာကြောင့် ရှောင်ပြေးသွားကြသည်ကို သတိမထားမိသေး။ အခြေလေးချောင်းရှိသော ဒုတိယတိရစ္ဆာန်များ သူ့အား ရှောင်ပြေးသွားကြခြင်းကို အဖြေရှာမရသေး။ မိမိ၏အဖြစ်ကိုသာ ပိုပြီး ဝမ်းနည်းပူဆွေးမှုဖြစ်ကာ နောက်ထပ် အဖော်သစ်ကို ထပ်မံရှာနေပြန်လေ၏။

မကြာပါချေ။ ရေခဲလွင်ပြင်ကြီး တစ်ခုပေါ်တွင် ဝံပုလွေမိသားတစ်စုကို လှမ်းမြင်ရပြန်၏။ ဝံပုလွေ မိသားစုများရှိရာနားသို့တော့ သူ အပြေးမသွားရဲ။ အဘယ်ကြောင့်ဆိုသော် ဝံပုလွေများမှာ အလွန်ရန်လိုပြီး အခြေလေးချောင်းရှိသော ဇာတ်တူသား တောတိရစ္ဆာန်များကို ကိုက်သတ်စားသောက်တတ်ကြသဖြင့် ဖြစ်လေသည်။

ထို့ကြောင့် ကတိုးမငယ်သည် ဝံပုလွေကြီးများရှိရာသို့ မဝံ့မရဲနှင့်သာ လျှောက်လာဝံ့သည်။ အဖော်မဲ့သော အထီးကျန်ခြင်းဝေဒနာကို နှစ်ရှည်လများ ခံစားနေရသည်နှင့်စာလျှင် ဝံပုလွေများကို အပေါင်းအသင်းလုပ်နေရသည်ကမှ စိတ်သက်သာရာ ရလေမလားဟူသော မျှော်လင့်ချက်နှင့် သူ ချဉ်းကပ်လာခြင်းဖြစ်၏။ သူသာ ပါးနပ်လိမ္မာစွာ နေထိုင်တတ်လျှင် ဝံပုလွေ

များသည် သူ့အား ပိုးစိုးပက်စက်တော့ ကိုက်သတ်စားသောက်ပစ်ကြမှာ မဟုတ်ဟုလည်း သူ ယုံကြည်ထားသည်။ ဤယုံကြည်ချက်နှင့်ပင် သူသည် ဝံပုလွေများရှိရာသို့ မယောင်မလည်နှင့် ဆက်လျှောက်လာခြင်းဖြစ်၏။

သားစားကြူးသော ဝံပုလွေများသည် သူလျှောက်လာနေသည်ကို မလိုမုန်းထားစွာ ငေးကြည့်နေကြသည်။ ရန်လိုသောအသံကိုလည်း ပြိုင်တူ ပြုကြသည်။ ထိုအခါ သူသည် ဝံပုလွေကြီးများဆီသို့ တိုးမသွားရဲတော့။ ဤတွေ့မရှောင် ကိုက်သတ်စားသောက်တတ်ကြသော ဝံပုလွေကြီးများသည် သူ့ကိုလည်း ကိုက်သတ်စားသောက်ကြလေမလားဟု ကြောက်ရွံ့သွားသည်။

ထို့ကြောင့် ကတိုးမငယ်သည် ခြေလှမ်းကို တုံ့လိုက်ကာ ဝံပုလွေများကို အကဲခတ်နေ၏။ ဝံပုလွေကြီးများကလည်း သူ့ကို အကဲခတ်ကြည့်နေကြသည်။

တစ်ချိန်တည်းမှာပင် ကတိုးမငယ်သည် ငယ်စဉ်ဘဝက ဝံပုလွေကြီးများနှင့် ကြုံဆုံဖူးသည်ကို ချက်ချင်းသတိရသွား၏။

ထိုစဉ်က သူတို့မိသားစုသုံးကောင်သည် နှင်းမုန်တိုင်းကြီးကျရောက်လာသဖြင့် ကျောက်ဆောင်တစ်ခုထဲ မုန်တိုင်းဝင်ခိုနေကြ၏။ သူတို့မိသားစုကဲ့သို့ပင် လေမုန်တိုင်းဝင်ခိုရန်လာကြသော ဝံပုလွေကြီးများသည် သူတို့မိသားစုကို မြင်ရသဖြင့် ချက်ချင်းထွက်သွားကြသည်။ ဤသည်မှာ ဝံပုလွေများသည် ကတိုးကောင်များအား အပေါင်းအသင်း မလုပ်လိုကြသည်မှာ ထင်ရှားခဲ့လေသည်။

ကတိုးမငယ်၏ အတွေးမဆုံးခင်မှာပင် ဝံပုလွေကြီးများသည် တဟုတ်ဟုတ် နှာချေလာကြသည်။ မခံမရပ်နိုင်လောက်အောင် ဖြစ်လာကြသလို လေအောက်မှ လေညာသို့လည်း ချက်ချင်းဆင်းပြေးသွားကြ၏။ ထိုအခါမှ သူသည် မိမိကိုယ်မိမိ လေညာသို့ ရောက်နေမှန်း ကတိုးမငယ်သိသွား၏။ ပြီး သူ၏ အနံ့အသက်ကို ဘယ်တိရစ္ဆာန်မှကြာရှည်စွာ မခံနိုင်ကြမှန်းလည်း သဘောပေါက်သွားလေသည်။

သူ၏ အနံ့အစွမ်းကြောင့်လည်း သူ့မိခင်သည် အရွယ်ကောင်းစွာ မရောက်ကြသေးသော သူတို့နှစ်ဦးအား ဤကန္တာရထဲတွင် မျက်နှာလွှဲခဲ့ပစ်ထားရဲခဲ့ခြင်း ဖြစ်၏။ သူ့သားသမီးနှစ်ကောင်အား ဤတော ဤတောင် ဤကန္တာရထဲတွင် မည်သည့်သားစားကြူး တိရစ္ဆာန်ကမှ ကိုက်သတ်စားသောက်ခြင်းငှာ မပြုနိုင်ကြတော့။ ကိုက်သတ်စားသောက်ရန်မဆိုထားနှင့် သူတို့ရှိနေလျှင် အနီးပတ်ဝန်းကျင်ကို မည်သည့်တိရစ္ဆာန်ကမှ လာမသီဝံ့ကြတော့ဟုလည်း ယုံကြည်စိတ်ချသွားလေသည်။

သူ၏ အနံ့အစွမ်းကို သိသွားသော ကတိုးမငယ်သည် ဤတော ဤတောင် ဤကန္တာရထဲတွင် သူ့အား မည်သည့် တောတိရစ္ဆာန်ကမှ ရန်သတ္တရုမပြုနိုင်ကြတော့သည် ဆိုသည်ကို သိသွား၏။ ထိုအခါ သူ့စိတ်ထဲမှာ ပို၍ အထီးကျန်လာသလို ခံစားရမိပြန်လေသည်။

သူ့ကိုယ်မှ အနံ့အသက်ကြောင့် တောတိရစ္ဆာန်များအားလုံးသည် သူ့အား ဖယ်ကြဉ်သွားကြလေပြီ။ သူ့မှာမူ အလုံးစုံသော တောတိရစ္ဆာန်များ မောင်းထုတ်ခြင်းခံရသော ဝေဒနာသည်တစ်ဦးပမာ တစ်ကောင်တည်း တစ်ဦးတည်းသာ။

*　*　*

သတ္တရုဘာန်ရှိ တောတိရစ္ဆာန်များအားလုံးက ကြဉ်ရှောင်ထားခြင်းခံရသော ကတိုးမငယ်တစ်ကောင်သည် တစ်နေ့သ၌ ရေခဲမှိုကျင်းနားတစ်ခုတွင် အမျိုးတူဇာတ်တူဖြစ်သော ကတိုးမကြီးတစ်ကောင်ကို ရုတ်တရက် မမျှော်လင့်ဘဲ လှမ်းမြင်လိုက်ရ၏။

အထီးကျန်ခြင်း ဝေဒနာကို ရက်ရှည်လများ ခံစားလာခဲ့ရသော ကတိုးမငယ်လေးသည် အဖော်ရပြီဟူသော ဝမ်းသာအားရစိတ်နှင့် ကတိုးမကြီးရှိရာသို့ ပြေးလိုက်သွား၏။ ကတိုးမကြီးသည် သူ့ဆီသို့ ပြေးရောက်

www.burmeseclassic.com

လာသော ကတိုးမငယ်လေးအား ပျူငှာခြင်းအလျဉ်းမရှိ။ ရုတ်ခြည်း ဆီး၍သာ ကိုက်ခဲလေသည်။

မမျှော်လင့်ဘဲ ရုတ်တရက် အကိုက်ခံလိုက်ရသော ကတိုးမငယ်မှာ ကြောင်တိ ကြောင်တောင် ဖြစ်သွားသည်။ ကတိုးမကြီးသည် သူ့အား ဘာကြောင့် ဆီး၍ကိုက်ရသည်ကိုလည်း ကတိုးမငယ်က ယခုထိ မရိပ်မိသေး။ သူ့အနားတွင်ရှိနေသော ရေခဲမှိုကျင်းကိုလုစားရန် လာသည်အထင်နှင့် ကိုက်ခဲခြင်းသာဟု ထင်လိုက်ပါ၏။

ထို့ကြောင့် ကတိုးမငယ်သည် မှိုကျင်းနှင့်ဝေးရာသို့ ခပ်ခွာခွာ ရှောင်ထွက်လာ၏။ သို့သော် သူ ထင်သလိုမဟုတ်ပြန်။ မှိုကျင်းမှာ ကတိုးမကြီးနှင့်သာ အနီးဆုံးနေရာ၌ရှိသော်လည်း ကတိုးမကြီးကား ရေခဲမှိုကျင်းကို သွားမစား။ သူ ရှောင်ပေးသည်ကိုလည်း လုံးဝ အသိအမှတ်မပြု။ သူ့ဆီ သို့သာ အငြိုးကြီးစွာနှင့် ပြေးလိုက်လာနေ၏။

မျိုးတူ ဇာတ်တူချင်းပင် သူ့အား အပေါင်းအသင်းမလုပ်လိုကြသဖြင့် ကတိုးမငယ်မှာ ပို၍အားငယ်နွမ်းလျသွားသည်။ ထိုအချိန်တွင်အပြေးသန် သော ကတိုးမကြီးသည် အငြိုးကြီးစွာနှင့် သူ့အနားကို ချက်ချင်းပြေးရောက် လာ၏။ ကတိုးမကြီးဆီမှ တထောင်းထောင်းထလာသော ညှီစို့စို့ အနံ့အသက် တစ်မျိုးသည်လည်း ကတိုးမငယ်၏ နှာခေါင်းထဲ ရုတ်ခြည်းတိုးဝင်လာ ပြန်၏။ ထိုအနံ့အသက်ကြောင့်ပင် ကတိုးမငယ်၏ တစ်ကိုယ်လုံးရှိ အမွေး အမှင်တွေမှာ ချက်ချင်းထောင်ထလာကြသည်။

ကတိုးမကြီးဆီမှ တထောင်းထောင်းထနေသော ဤလိုအနံ့အသက် မျိုးကို သူဘယ်မှာ ရှူဖူးပါလိမ့်ဟု တွေးလိုက်စဉ် သူ့မိခင်ကြီး၏ ပုံရိပ်သဏ္ဍာန် သည် ချက်ချင်း သူ့အမြင်ထဲ ပေါ်လာလေ၏။ ကိုယ်မှ ဤအနံ့အသက်မျိုး ထွက်လာချိန်တွင် မိခင်ကြီးသည် သူတို့နှစ်ဦးအား စွန့်ထားခဲ့ခြင်း ဖြစ်လေ သည်။

ကတိုးမကြီးဆီမှ အနံ့အသက်သည် လျှပ်စီးလက်သကဲ့သို့ သူ့ဆီ ချက်ချင်း ကူးစက်လာ၏။ ထိုအခါ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထလာသော ကတိုးမငယ်သည် အလိုလို ဒေါသအမျက်ချောင်းချောင်း ထွက်လာသည်။ ကတိုးမကြီးကိုလည်း ပြန်၍ရန်လိုလာသည်။ ကတိုးမကြီးကဲ့သို့ပင် ယခုအခါ သူ့ကိုယ်မှာလည်း အနံ့အသက်တွေ ထောင်းထောင်းထွက်နေလေပြီ။ ထိုအနံ့အသက်သည် သူ့အား ရုတ်တရက် ခွန်အားထည့်ပေးလိုက်သလို မကြောက်မရွံ့စိတ်ကို ဖြစ်ပေါ်လာစေသည်။

ရေခဲတောင်စောက်နားတစ်ခုတွင် သူ့ကိုမီသွားသော ကတိုးမကြီးသည် အငြိုးကြီးစွာနှင့် သူ့ကို မညှာမတာ ဝင်ကိုက်၏။ ဒေါသစိတ်မွှန်နေသော ကတိုးမငယ်ကလည်း ကြီးသည်၊ ငယ်သည်၊ နိုင်မည်၊ ရှုံးမည်ကို လုံးဝမတွေးမိဘဲ ရန်ငြိုးတကြီး ပြန်ကိုက်သည်။

လုံးထွေးကိုက်ခဲကြရင်း သူတို့နှစ်ဦးသည် မာကျောနေသော ရေခဲတောင်စောင်းတစ်ခုမှ ပြိုင်တူလိမ့်ကျလာကြသည်။ ရေခဲတောင်ကမ်းပါးယံမှ သူတို့နှစ်ဦးလိမ့်ကျလာကြသောနေရာမှာ စွပ်ကြောင်းကြီး အရာထင်ကာ ကျန်ခဲ့သည်။

သူတို့ကိုယ်လုံးနှင့် တိုးတိုက်မိ၍ စဉ်ထွက်သွားသော ရေခဲအစအနများသည်လည်း စွပ်ကြောင်းကြီးဘေးတစ်လျှောက်တွင် ပန်းထွက်ဖြာစင်လျက် ကျန်နေခဲ့၏။

ပကတိအားဖြင့် အငွေ့မျှဉ်းမျှဉ်းထွက်နေတတ်သော ရေခိုးရေငွေ့များပင် စွပ်ကြောင်းနားတစ်လျှောက်တွင် တလူလူဝေသွားသည်။

သို့သော် သူတို့နှစ်ဦးကား ဤသည်တို့ကို လုံးဝ သတိမထားမိခဲ့ကြ။ တစ်ကောင်နှင့်တစ်ကောင် အငြိုးကြီးစွာနှင့်သာ လုံးထွေးကိုက်ခဲရင်း မြင့်မားသော ရေခဲတောင်ပေါ်မှ လိမ့်ကျလာကြသည်။

ကတိုးမငယ်သတိရ၍ ရေခဲပြင်ပေါ် ရုတ်တရက် မတ်တတ်ထရပ်လိုက်သောအခါ ကတိုးမကြီးကို မတွေ့ရတော့။ သူနှင့်အတူ ရေခဲတောင်

ပေါ်မှ လိမ့်ကျလာသော ကတိုးမကြီးသည် ရင့်သန်သောအတွေ့အကြုံအရ လမ်းခုလတ်ကပင် ဖျတ်ခနဲ မတ်တတ်ခုန်ထကာ သူ့အားတောင်အောက်သို့ တွန်းချ လိုက်ပုံရသည်။

ကတိုးမငယ်၏ ဒေါသစိတ်မှာ ယခုထိ မပြေပျောက်သေး။ တရှူးရှူး အနံ့ခံကာ ကတိုးမကြီးကိုသာ အသေကိုက်သတ်ရန် စိတ်စောနေ၏။ ထိုအခါ ကတိုးမကြီးကဲ့သို့ သူ့ကိုယ်မှ ညှီစို့စို့ အနံ့အသက် တစ်မျိုးသည် ပို၍ တထောင်းထောင်းထလာသည်။

သူသည် ရန်လိုမုန်းတီးစွာနှင့် အနီးအနားတစ်ဝိုက်တွင် ကတိုးမကြီးကို လိုက်ရှာသေး၏။ သို့သော် သူ၏ အမြင်အကြား ဝန်းကျင်ထဲက ရေခဲပြင်ပေါ်တွင် ကတိုးမကြီးကိုကား လုံးဝမမြင်မတွေ့ရတော့။

ဒေါသမပြေသေးသော ကတိုးမငယ်သည် ကတိုးမကြီးရှိမည် ထင်ရသော နေရာများသို့ ဒေါသအလျောက် ပြေးလျှောက်လာနေသေးသည်။

*　　*　　*

ကတိုးမကြီးဆီမှ ကူးစက်ကျန်ရစ်ခဲ့သော ဝေဒနာ အာလယသည် လုံးဝ ပျောက်လွင့်မသွား။ ပို၍သာ ကြီးထွားပြင်းထန်လာသည်။ အနံ့အသက် များကလည်း ပို၍ သာ၍ တထောင်းထောင်းထလာ၏။

ပျံ့နှံ့လာသော ဝေဒနာအာလယနှင့် အတူမိတ်လိုက်လိုသော အာသာ ဆန္ဒသည် ကတိုးမငယ်အား လုံးလုံးလျားလျား နှိပ်စက်နေလေပြီ။ ထိုအခါ ကတိုးမငယ်သည် ပြင်းပြလာသောဆန္ဒကြောင့် ရေခဲပြင်ပေါ်၌ ဖိုသတ္တဝါ ကတိုးထီးများကို နေ့ညမအား ရှာဖွေနေလေသည်။ လိင်တူသော မသတ္တဝါ များကိုလည်း တွေ့မရှောင် ကိုက်ခဲတိုက်ခိုက်ရန် ပြင်းပြသောဆန္ဒ ရှိနေ လေသည်။

သည်လိုနှင့် တစ်နေ့မှာ ရေခဲမှီစားနေသော ကတိုးထီးတစ်ကောင်ကို သူတွေ့၏။ ကတိုးငယ်ကိုမြင်သည်နှင့်တစ်ပြိုင်နက် ကတိုးထီးသည် ရေခဲ

တောင် ကမ်းပါးယံကို ချက်ချင်း ဖြတ်ပြေး၏။ ကတိုးမငယ်ကလည်း အာလယ ပြင်းပြစွာနှင့် ကတိုးထီးနောက်ကို တစ်ဟုန်ထိုးပြေးလိုက်လေသည်။

မသတ္တာဝါနှင့် နဖူးတွေ့ ဒူးတွေ့ ဆုံရမှာကို သေမလောက် ကြောက်ရွံ့နေတတ်သော ကတိုးထီးသည် ကတိုးမငယ် ပြေးလိုက်လာနိုင်လိမ့်မည် မထင်သော ရေခဲတောင်မြင့်မြင့်မတ်မတ်များပေါ် ကြောက်အား လန့်အားနှင့် ကမူးရှူးထိုး တက်ပြေးသွားပြန်၏။ ခွာချွန်၍ နောက်ခြေကန်အားကောင်းသော ကတိုးမငယ်ကလည်း ပြင်းပြသောဆန္ဒနှင့် ကတိုးထီးပြေးရာကို ထက်ကြပ်မကွာ လိုက်ပါနေသည်။

သစ်ပင်ချုံပုတ်များရှိသဖြင့် တစ်မျှော်တစ်ခေါ် ကြည့်မြင်နေရသော ရေခဲတောင်ပေါ်တွင် မည်မျှပြေးပြေး ကတိုးမ၏ ရန်က လွတ်ပုံမပေါ်သော ကတိုးထီးသည် ရေခဲတောင်ပေါ်မှသည် တောင်အောက်ထင်းရှူးတောဘက် တစ်ဖန် ဆင်းပြေးပြန်၏။

ကတိုးမငယ်သည်လည်း ကတိုးထီးနည်းတူ ရေခဲတောင်ပေါ်မှ လျှောချကာ ကတိုးထီးနောက် လိုက်မြဲလိုက်လာသည်။ ကတိုးထီးများကို အကောင်အထည်မမြင်ရဘဲ အာလယဆန္ဒနှင့် လျှောက်သွားရှာဖွေခဲ့ရသော ကတိုးမငယ်မှာ ယခု ကတိုးထီးကို မြင်နေရသောအခါ ပို၍ ပြေးလိုက်လာပြန်သည်။ အာသာဆန္ဒ၏ ရမက်အားကြောင့် ပို၍ ခွန်အားတက်လာသည်။

ဆီးခဲနှင်းဖတ်များ တွယ်ကပ်ကျီးပေါင်းတက်ထားသဖြင့် အရွက်များ ကင်းမဲ့ကာ အေးခဲတောင့်ရပ်နေကြသော ထင်းရှူးတော၌လည်း ကွယ်စရာ ပုန်းစရာ ချုံမရှိပေ။ ထိုအခါ ကတိုးထီးခမျာ ထင်းရှူးတောကိုစွန့်၍ ကိုယ်ရောင်ဖျောက် ပုန်းကွယ်နိုင်သော ချုံနွယ်ပိတ်ပေါင်းများရှိရာ တောထဲသို့ သေပြေးရှင်ပြေး ဝင်ပြေးရပြန်၏။

ရမ္မက်ဆန္ဒနှင့် အာလယပြင်းစွာ လိုက်လာသော ကတိုးမ၏ ရန်မှ လွတ်ကင်းရန် ဟိုချုံဝင်၊ သည်ချုံပုန်း၊ ဟိုတောတိုး၊ သည်တောကွေ့နှင့် ကိုယ်ရောင်ဖျောက်ပြေးနေရ၏။

သို့သော် အရွယ်ရောက်နေပြီဖြစ်သော ကတိုးထီးတွင် ချက်အိမ်ထက်၌ အမွေးအိတ်သည် ရှိ၏။ ထိုသဘာဝအမွေးအိတ်သည် သူဘယ်ကိုပြေးပြေး ကတိုးမအား လာလိုက်ခဲ့ဟု ခေါ်နေသယောင် အနံ့ပေးလမ်းကြောင်းပြလျက် ရှိလေ၏။

ကတိုးမငယ်၏ ရန်ကိုကြောက်သဖြင့် သေပြေးရှင်ပြေး ပြေးရသော ကတိုးထီးသည် တောင်ခြေနားတစ်နေရာ၌ ခွေးအ မိသားစုတစ်စုကို မမျှော်လင့်ဘဲ ဝင်တိုးမိလိုက်၏။

လေညာမှ ရုတ်တရက် စွတ်ပြေးဝင်လာသော ကတိုးထီးတစ်ကောင်၏ အမှတ်မထင် ဝင်တိုးသွားမှုကြောင့် ခွေးအများမှာ တအိုင်အိုင် တအင်အင်အော်ဟစ်ပြီး အားလုံး မူးမေ့လဲကျန်ခဲ့ကြသည်။

ကတိုးအိတ်မပါသော ကတိုးမများသည် ကတိုးထီးများကို မိတ်လိုက်ရာ၌ အကောင်အထည်မမြင်ရသော်လည်း အနံ့အသက်ခံကာ ကတိုးထီးများ၏ ပြေးလမ်းအတိုင်း မှန်မှန်ကန်ကန် လိုက်လာနိုင်ကြသည်။

ကတိုးကောင်၏ အမွေးလွန်အဆိပ်နံ့ကို ရှူရှိုက်မိ၍ မခံမရပ်နိုင်အောင် မူးမေ့အော့အန်နေကြသော ခွေးအ မိသားစု၏ အသံသည် ကတိုးမငယ်လေးအတွက် ကတိုးထီးကိုအမိဖမ်းရန် အထင်ရှားဆုံးသာဓကပင် ဖြစ်လေသည်။

မူးမေ့ကာ ဖင်တရွတ်ဆွဲပြီး တအိုင်အိုင်အော်ဟစ်နေကြသော ခွေးအ များကို ခုန်ကျော်ကာ ကတိုးမငယ်သည် ကတိုးထီးပြေးသွားရာနောက်လမ်းကြောင်းမလွဲပြေးလိုက်လာ၏။

မိမိတွင် အစွယ်ရှိသော်လည်း အာလယရမ္မက်ကြီးစွာ ပြေးလိုက်လာသော ကတိုးမငယ်အား ဘယ်လိုမှ ဆီးတားကိုက်ခဲရန် အချိန်မရလိုက်။ သူ၏ အစွယ်နှစ်ချောင်းသည် နွယ်မြက်သစ်ခက်များကို ဖြတ်တောက်ပေးရုံကလွဲပြီး ဤနေရာ၌ ဘာမှ အသုံးမကျပေ။ ခဏအကြာမှာပင် ကတိုးမငယ်သည် သူ့ကို မီလာလေ၏။

ပထမဦးဆုံး အရွယ်ရောက်လာသော ကတိုးမငယ်သည် ပြင်းပြသော အာလယနှင့် ကတိုးထီး၏ တိုနန့်နန့် အမြီးကို ပြေးငုံမိသွားသည်။ ပင်ပန်းကြီးစွာ ပြေးလိုက်လာသော ကတိုးမငယ်သည် ကတိုးထီး၏ အမြီးဖျားကို တအားစုပ်ငုံပစ်လိုက်လေသည်။

နှစ်လက်မခန့်သာရှည်သော ကတိုးထီး၏ အမြီးထိပ်ရှိ အသားဖုလုံးလေးများမှ သန္ဓေရည်များသည် ချက်ချင်း ပန်းထွက်လာကြသည်။ ထိုအခါ ကတိုးထီးမှာ အလိုလိုငြိမ်ကျသွားလေ၏။

ကာလများစွာ အထီးကျန်ခြင်းဝေဒနာကို ခံစားလာရသော ကတိုးမငယ်သည် ဤတစ်ခါတော့ ဆန္ဒပြည့်ဝသွားလေပြီ။ သူ့အား ရှောင်ပုန်းပြေးလွှားနေခဲ့သော ကတိုးထီးကိုလည်း ဤတစ်ခါ သူ့မျက်စိအောက်က အပျောက်မခံနိုင်တော့။ ဘယ်သွားသွား ဘယ်လာလာ သူ့အနားမှာ ကတိုးထီးကို အမြဲ ရှိနေစေရမည်။

ဘယ်လိုမှ ပြေးမလွတ်မှန်းသိသွားသော ကတိုးထီးကလည်း ဒီတစ်ခါတော့ ပြေးရန် မကြိုးစားဝံ့တော့ချေ။ သူသည် ကတိုးမငယ်၏ အလိုဆန္ဒအတိုင်း ကတိုးမငယ်နှင့်အတူ သီတင်းတစ်ပတ် နှစ်ပတ်တော့ မကွဲမကွာနေရပေဦးမည်။

ကတိုးမငယ် သန္ဓေမရမချင်း သူ၏အမြီးကို ဤသို့ပင် မကြာခဏ အငုံအစုပ်ခံနေရမည်ကိုလည်း သူ၏ ဗီဇစိတ်က အသိပေးနေသည်။

ကတိုးမငယ် သန္ဓေရ၍ သူ့အား ဥပက္ခာပြုနိုင်သော ကာလသို့ရောက်မှ ကတိုးထီးသည် ဤကတိုးမငယ်၏ အနားမှ ဝေးရာသို့ပြေးရပေဦးမည်။

**[ သဘင်မဂ္ဂဇင်း ။ ။ မေ၊ ၁၉၈၇ ]**

www.burmeseclassic.com

# အန္တိမ၏ ကာလနောက်ဆုံးမှာ

တစ်နေ့သ၌ ကရဝိက်ငှက်သည် ထူးဆန်းအံ့ဩဖွယ်သော သတင်းထူး တစ်ခုကို ပြောကြားလေသည်။

အို အချင်း တိရစ္ဆာန်အပေါင်းတို့။

လူသားများသည် အချင်းတို့ ကျွန်ုပ်တို့ အကောင်အထည် မမြင်ရသော ဆုပ်ကိုင်ဖမ်းဆီးခြင်းငှာ တတ်နိုင်စွမ်းမရှိသော လေကိုပင် ဖမ်းဆီးချုပ်ကိုင်ကာ သူတို့ဆန္ဒရှိရာသို့ သွားလာနေထိုင်နိုင်ရန်ခိုင်းစေနေကြပါပြီ။ လေကိုခိုင်းစေကာ သမုဒ်ပြင်ကျယ်ကို လှေရွက်နာဝါများနှင့် ဖြတ်သန်း သွားလာနေကြသော လူသားများကို အကျွန်ုပ်ကိုယ်တိုင် မျက်ဝါးထင်ထင် မြင်လာခဲ့ရပါပြီ။

အို အချင်းတို့၊ အကောင်အထည်မမြင်ရသောလေကိုပင် လိုချင်သလို ခိုင်းစေနိုင်သော လူသားများသည် တစ်နေ့ကျလျှင် အချင်းတို့ အကျွန်ုပ်တို့ ကိုလည်း ဖမ်းဆီးခိုင်းစေလာကြမည်မှာ မြေကြီးလက်ခတ် မလွဲပါတည်း။

အို အချင်းတို့ သို့ဖြစ်ပါသောကြောင့် လူသားများဖမ်းဆီးခြင်းကို မခံရမီ အချင်းတို့ အကျွန်ုပ်တို့သည် လူသားများနှင့် ဝေးရာကို ပြေးကြပါကုန်စို့။

သတ္တရဘာန် တောင်စဥ်ခုနစ်ထပ်တွင် သွားလာကျက်စားကြကုန်သော တိရစ္ဆာန်များသည် ကရဝိက်၏စကားကြောင့် ရုတ်ခြည်း လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။ ကရဝိက်၏စကားကို သို့လော သို့လောလည်း တွေးတောကြ၏။ သူတို့ မျက်စိပသာဒဖြင့်ပင် ကြည့်၍မမြင်ရသောလေကိုခိုင်းစေကာ လူသားများ သမုဒ်ပြင်ကျယ်ကို နာဝါလေ့ဖြင့် ဖြတ်သွားနေကြသည်ဆိုခြင်းမှာ ဟုတ်မှ ဟုတ်ပါလေစ။ ကရဝိက်၏ စကားကို မယုံကြည်သဖြင့် အတောင်ရှိသော တိရစ္ဆာန်များသည် ကရဝိက်ကို လမ်းပြခေါ်ကာ သွားကြည့်ကြ၏။

မှန်ပေသည်။ လူသားများသည် လေကိုခိုင်းစေကာ ပင်လယ်သမုဒ္ဒရာပေါ် ခြေချသွားလာနေကြပြီ။ အသို့ လုပ်ကြရပါအံ့နည်း။ ကရဝိက်ငှက်ကမူ အကျွန်ုပ်အား ယခုကပင် လူသားများနှင့်ဝေးရာ ဟိမဝန္တာသို့ ပြေးတော့မည်ဟု ဆို၏။

ထိုအခါ ကုန်းနေတိရစ္ဆာန်များထဲတွင် ခွန်အားဗလအကြီးဆုံး၊ ကိုယ်ခန္ဓာအကြီးမားဆုံးဖြစ်သော ဆင်ကြီးအား ကရဝိက်ငှက်ကဲ့သို့ လူသားများနှင့်ဝေးရာသို့ ပြေးသင့် မပြေးသင့် တိုင်ပင်မေးမြန်းကြသည်။ ထိုအခါ ခွန်အားဗလကြီးသော ဆင်ကြီးက

'အို အချင်းတို့၊ ကျွန်ုပ်၏ ခွန်အားနှင့် အဘယ်လူသားကို ကြောက်ရအံ့နည်း၊ အကျွန်ုပ်လို ခွန်အားဗလကြီးသောသူကို အဘယ်လူသားက ဖမ်းဆီးနိုင်အံ့နည်း၊ သယ် သည်တော သည်တောင်မှာ ငါ့လိုအကောင်သည် လူသားများကို ကြောက်၍ ဟိမဝန္တာသို့ ထွက်ပြေးရမည်ဆိုသည်မှာ ရာဇဝင်ရိုင်းပေမည်၊ အကျွန်ုပ်ကားမပြေး' ဟု ဆိုကာ မြေပြင်ကို ခြေနှင့်ဆောင့်ကန်လိုက်၏။

ပတ်ဝန်းကျင်တစ်ခုလုံး သိမ့်သိမ့်ခါ တုန်လှုပ်သွားသည်။

ဆင်ကြီးနည်းတူ ဝက်ကြီးကလည်း သူ့အနားမှ သစ်ပင်ကြီးတစ်ပင်ကို အစွယ်နှင့်လှမ်းပက်ကာ အကျွန်ုပ်သည်လည်း အဘယ်

www.burmeseclassic.com

လူသားကိုမှ မကြောက်။ အကျွန်ုပ်၏ အစွယ်နှင့် လှမ်းပက်လျှင် အဘယ်လူသား ခံနိုင်ပါအံ့နည်းဟု ကြုံးဝါး၏။

ဝက်ကြီးလှမ်းပက်လိုက်သော သစ်ပင်မှ သစ်ခေါက်များသည် အလွှားလွှား ကွာပြတ်ကျကုန်၏။

ထိုအခါ ဆင်ကြီး၊ ဝက်ကြီးတို့ကဲ့သို့ ဦးချိုရှိသော တိရစ္ဆာန်တို့သည် ဦးချိုနှင့် အင်အားပြကြ၏။ အစွယ်ရှိသော တိရစ္ဆာန်တို့သည် အစွယ်ဖြင့် အင်အားပြကြ၏။ အတောင်ရှိသော တိရစ္ဆာန်တို့သည်လည်း မိုးထက်သို့ပျံတက်၍ အင်အားပြကြ၏။

'အကျွန်ုပ်တို့သည် အဘယ်လူသားများ၏ ဖမ်းဆီးခိုင်းစေခြင်းကိုမှ မခံ' ဟုလည်း သံပြိုင်ကြွေးကြော်ကြလေ၏။

ထိုအထဲတွင် တိမ်ညွှန့်ကိုစား၍ အသက်ရှင် နေထိုင်သော ဓိဝဒိုးငှက်သည်လည်း တခြားငှက်တကာထက် မြင့်မြင့်သို့ ပျံတက်ကာ ကြွေးကြော်ကြုံးဝါးခဲ့လေသည်။

ငါကဲ့သို့သော တိမ်ညွှန့်စား ငှက်ကို အဘယ် လူသားသည် ဖမ်းဆီး နိုင်အံ့နည်း။

* * *

သူတို့သည် အခြား အခြားသော တောင်ပံရှိ ငှက်တိရစ္ဆာန်များလို သစ်သီးဝလံ ကောက်နှံစပါး အရွက်အညွှန့်များကို မစား။ သက်ရှိတိရစ္ဆာန်များဖြစ်သော ပိုးကောင် ပိုးရွမျ်ားကိုလည်း မစား။ သူတို့စားသော အစာအာဟာရမှာ လေထဲတွင် လွင့်မျောပါလာသော ပရမာမြူမှုန့် မြူမှုန်များကိုသာစား၏။ လေထဲတွင် လွင့်မျောပါလာသော ပရမာမြူမှုန့် မြူမှုန်များကို ရရှိရန်အတွက် လေဟာနယ် အာကာသထဲကို မြင့်နိုင်သမျှ မြင့်မြင့်ပျံတက်ကာ လေထဲတွင် လွင့်မျောပါနေသော ပရမာမြူမှုန်များကိုသာ စားသောက်လေ့ရှိကြသည်။

www.burmeseclassic.com


ထို့ကြောင့်လည်း လူသားများသည် သူတို့အားဖမ်းဆီးယူခြင်းငှာ ပို၍ ခက်ခဲကြပေသည်။ မြင့်မြင့်ပျံတက်နိုင်လေ ပရမာ မြူမှုန့်များကို များများ စားရလေ ဖြစ်သော သူတို့အား လူသားများကမူ တိမ်ညွှန့်စားသော ဓိဝဓိုး ငှက်ဟု သမုတ်ကြသည်။ ဓိဝဓိုးငှက်၏ အသွေးအသားများနှင့် ဓိဝဓိုးငှက်၏ အသိုက်ကို စားသောက်ရလျှင် ခွန်အားဗလတိုး၍ အသက်ရာကျော် ရှည်ကြာ စွာ နေနိုင်ကြသည်ဟုလည်း ယုံကြည်ထားကြလေသည်။

ဓိဝဓိုး ငှက်များသည် နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း မိုးထက်ဝဠာ အဇဋာ အာကာသ၌သာ အနေများကြသည်။ တိမ်ညွှန့်စားသော ငှက်များပီပီ အာကာသ၌လည်း မရပ်မနား ပျံသန်းနေထိုင်နိုင်ကြသည်။

သူတို့သည် တိမ်ညွှန့်ကိုစားရင်း မိုးထက်ဝဠာမှ အောက်သို့ ငုံ့ကြည့်ကြ၏။ ထိုအခါ ငှက်အချို့နှင့် သားရဲတိရစ္ဆာန်အချို့ကို ဦးဆောင်ကာ လူသားများကို ကြောက်ရွံ့ပြီး ဟိမဝန္တာထိ ပြေးသွားသော ကရဝိက်ငှက် ပြောသလို သမုဒ္ဒရာပြင်ထက်တွင် လေကိုစေခိုင်းကာ ရွက်နာဝါ ဖွင့်၍သွားလာ နေကြသော လူသားများကို နေ့စဉ်လိုလို မြင်နေကြရလေသည်။

သို့သော် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဤလူသားများသည် သူတို့ကို သတ်ဖြတ်ဖမ်းဆီးလာကြလိမ့်ဆိုသည်ကိုကား ယောင်၍မျှပင် မတွေးမိခဲ့ကြ ပေ။ ရေပြင် မြေပြင်ကိုသာ အစိုးရသော လူသားများသည် သူတို့သွားလာ ကျက်စားနိုင်ကြသော အာကာသထဲသို့ မည်သည့်နည်းနှင့်မျှ ရောက်လာ နိုင်ကြလိမ့်မည်ဟု မထင်ခဲ့ကြ။

လေထု လေဟာနယ်များတွင် ပရမာ မြူမှုန်များကို စားသောက် ပျော်ပါးရင်း ဓိဝဓိုးငှက်မများသည် ဓိးရှိလာကြသည်။ ထိုအခါ သူတို့၏ မျိုးဆက် သားငယ် သမီးငယ်များကို ပေါက်ဖွားရန်အတွက် အသိုက်အမြုံ ပြုလုပ်ရန် နေရာရှာကြရလေပြီ။

ဓိဝဓိုးငှက်မများသည် အပြောကျယ်လှသော မဟာသမုဒ္ဒရာထဲရှိ ကျောက်ဆောင် ကျောက်တောင်များပေါ် ဆင်းသက်ကြသည်။ သူတို့သည်

www.burmeseclassic.com

ထိုကျောက်ဆောင် ကျောက်တောင်တို့၏ မတ်စောက်သော တောင်နံရံ ကမ်းပါးယံများတွင် အသိုက်တည်ဆောက်ကြလေသည်။

သူတို့မှာ တောတောင်ရေပြင်၌ ကျက်စားသော ငှက်တိရစ္ဆာန်များ မဟုတ်လေရာ အသိုက်တည်ဆောက်ရာ၌လည်း အခြားသော ငှက်တိရစ္ဆာန်များနှင့် မတူဘဲ တစ်မူထူးခြားလေသည်။

သူတို့သည် အခြား အခြားသော ငှက်တိရစ္ဆာန်များလို သူတို့၏ အသိုက်အမြုံကို သစ်ရွက်နှင့် မြက်ခြောက် သစ်ကိုင်း ကောက်ရိုးတို့ဖြင့် မလုပ်တတ်ကြ။ သူတို့ အာခံတွင်းမှ ထွေးထုတ်လိုက်သော အန်ဖတ်အာစေး တို့ဖြင့်သာ အသိုက်လုပ်ပြီး သားသမီးများကို ပေါက်ဖွားလေ့ရှိကြလေသည်။

သူတို့ မျိုးနွယ်ဆက်များသည် ဤသို့ဖြင့် မျိုးဆက်သွေးများကို ပင်လယ်သမုဒ္ဒရာပြင်ထဲရှိ ကျောက်ဆောင် ကျောက်တောင်များပေါ်တွင် ပေါက်ဖွားရှင်သန်လျက် နေထိုင်ကြလေသည်။

* * *

တစ်နေ့သ၌ လူသားများသည် ဘယ်က ဘယ်လို ရောက်လာကြသည်မသိ။ ဓိဝဓိုးငှက်မများ အသိုက်ဖွဲ့ထားကြသော ပင်လယ်ပြင်ထဲမှ ကျောက်တောင် ကျောက်ဆောင်များပေါ် ရောက်လာကြ၏။

လူသားများ ဤကျောက်တောင် ကျောက်ဆောင်ပေါ်ကို အဘယ် အကြောင်းကြောင့် ရောက်လာကြသည်ကို အစကသော် ဓိဝဓိုးငှက်များ သတိမထားမိကြ။ သို့သော် မကြာခင် လူသားတို့၏ သရုပ်သည် ပီပီပြင်ပြင် ပေါ်လာတော့သည်။

လူသားများသည် ဝေသီမြင့်ခေါင်သော ကျောက်တောင် ကျောက်နံရံ များပေါ် တွယ်ကပ်ပြုလုပ်ထားကြသော သူတို့၏အသိုက်များကို ကတ်သီး ကတ်သတ် တက်ခွာယူကုန်ကြ၏။ လူသားတို့၏ ပမာဏဖြင့် လေးလက်မ

ခန့်သာရှိသော ဓိဝဓိုးငှက်သိုက်မှာ ဓိဝဓိုးငှက်မများ နေ့ရက်ပေါင်းများစွာ အာခံတွင်းမှ ထွေးအန်ပြုလုပ်ထားသော အသိုက်များဖြစ်လေသည်။

သူတို့ အနေ့နေ့ အရက်ရက် ပြုလုပ်ထားကြသော အသိုက်အမြုံကို လူသားများသည် နေ့စဉ်ရက်ဆက် ခိုးယူဖျက်ဆီးနေကြလေပြီ။ ဓိဝဓိုးငှက်မများ အသိုက်လုပ် ထွေးအန်နေကြချိန်တွင် လူသားများသည် ပုန်းကွယ်လျှို့ဝှက်၍နေကြသည်။ ဓိဝဓိုးငှက်မများ နောက်ထပ်တစ်ဖန် ထွေးအန်နိုင်ရန်အတွက် ကောင်းကင်မိုးယံထက် ပျံတက်ပြီး ပရမာမြူမှုန်များ စားသောက်စုဆောင်းနေကြချိန်တွင် လူသားများသည်သူတို့၏ အသိုက်ကို ခိုးယူဖျက်ဆီးသွားကြလေသည်။

ဉချရန် ရက်နီးကပ်လာလေ ဓိဝဓိုးငှက်မများမှာ အသိုက်အမြုံကို အန်ထွေး၍ လုပ်ကြရလေပင်။ သူတို့ အာခံတွင်းထဲမှ အန်ထွေးပြုလုပ်ထားသော အသိုက်များကို တစ်ခါပြီးတစ်ခါ ခွာယူလေနှင့် ကြာသော် အသိုက်ပြုလုပ်ရန် အန်ထွေးရလွန်း၍ ဓိဝဓိုးငှက်မများမှာ အာခံတွင်းထဲမှ သွေးများပင်ပါလာလေသည်။

သို့သော် လူသားများကား သူတို့အပေါ် ညှာတာသနားရမှန်းမသိဘဲ ထိုသို့ သွေးစသွေးန စေးကပ်နေသော အသိုက်များကိုပင် ပို၍ တန်ဖိုးထားကာ ကျောက်ဆောင် ကျောက်နံရံများပေါ် ခက်ခက်ခဲခဲ တွယ်ကပ်တက်လာပြီး ခွာယူနေကြ၏။

လူသားများ ခိုးယူဖျက်ဆီးသွားကြတိုင်း ဓိဝဓိုးငှက်မများမှာမူ မအုမပေါက်ရလျှင်မနေနိုင်သော အာဝေနိကဒုက္ခကြောင့် ရင်ထဲမှ အန်ဖတ်အာစေးတွေကို မနားမနေထွေးထုတ်ကာ သားဇော သမီးဇောနှင့် အသိုက်လုပ်ရင်း ရင်ကွဲနာကျပြီး တဖြုတ်ဖြုတ်သေကုန်ကြလေသည်။

သို့သော် ဓိဝဓိုးငှက်သိုက်ရှာသော လူသားများကား သူတို့၏အသိုက်ကို ဖျက်ယူရင်းက ရင်ကွဲနာကျ၍ သေနေသော ဓိဝဓိုးငှက်သေကောင်များကို

www.burmeseclassic.com

သူတို့၏ အသက်ရာကျော်ရှည်ရေးအတွက် ဖုတ်ကင်စားသောက်ကြလေသည်။

ကရဝိက်ငှက်၏စကားကို နားမထောင်မိသော ဓိဝဖိုးငှက်များမှာ နောက်ဆုံးတော့ လူသားတို့၏ အစာသာဖြစ်ရလေသည်။

အမှန်ကတော့ ဓိဝဖိုးငှက်တစ်မျိုးတည်းသာမဟုတ်ဘဲ မိုးပေါ်ကို ပျံတက်နိုင်သော ငှက်အပေါင်းနှင့်တကွ ခွန်အားဗလကြီးမားသော ဆင်ကြီးသည်လည်းကောင်း၊ အစွယ်အားကိုးသော ဝက်ကြီးသည်လည်းကောင်း၊ အားလုံး အားလုံးကုန်သော တောတိရစ္ဆာန်များသည် နောက်ဆုံး၌ လူသားတို့၏အစာ၊ လူသားတို့၏ ခိုင်းစေရာ ဖြစ်ကုန်ကြရလေသည်။

[ ချယ်ရီ ။ ။ ဧပြီ၊ ၁၉၈၆ ]

www.burmeseclassic.com

# အမှောင်ထဲက သူတို့ကမ္ဘာ

သူသည် သစ်တစ်ပင်၌ မှည့်ရှမ်းနေသော သစ်သီးတစ်လုံးကို ဆာလောင်မွတ်သိပ်စွာ စားနေ၏။ ထိုစဉ် သူစားနေသော သစ်သီးကိုင်းသည် ဆတ်ခနဲ လှုပ်ယမ်းခါယိမ်းသွားသည်။

ရုတ်ခြည်း သူ လှမ်းကြည့်လိုက်၏။

ငှက်ရုပ်ဆိုး တစ်ကောင်သည် သူ စားနေသော သစ်သီးကိုင်း၌ လာနား၏။

'အဆွေ၊ အကျွန်ုပ်သည် ငှက်မင်းကြီး၏ တမန်တော်ဖြစ်ပါသည်၊ သင်သည် ငှက်မင်းကြီးထံ အခွန်ဘဏ္ဍာပေးဆက်မှု ပျက်ကွက်သဖြင့် ယခုကဲ့သို့ လာရောက်အကြောင်းကြားရခြင်း ဖြစ်ပါသည်။ ဤနေ့မှစ၍ ခုနစ်ရက်အတွင်း ငှက်မင်းကြီးထံ သင် အခွန်ဘဏ္ဍာလာဆက်ပါလော့'

ကြီးမားသောကိုယ်၊ ချွန်ထက်သောနှုတ်သီး၊ ရှည်လျားသော ခြေ သည်းနှင့် မာကြောသော အသံရှင်ကြောင့် သူ၏ ပါးစပ်မှ သစ်သီးသည် မြေပြင်သို့ လွတ်ကျသွားလေသည်။ သို့သော် သူသည် မိမိ ရှာဖွေစားသောက်ရသော အစားအစာထဲမှ ငှက်မင်းကြီးထံ အခွန်ဘဏ္ဍာအဖြစ်လုံးဝမပေးလို၊

မဆက်လိုသဖြင့် 'ငှက်မင်းကြီး၏ တမန်တော် အဆွေငှက်၊ အကျွန်ုပ်သည် သင်တို့ကဲ့သို့ ငှက်မဟုတ်ပါ' ဟု ပြောလိုက်၏။

'မိတ်ဆွေ သင်သည် ငှက်မင်းကြီးအား အခွန်ဘဏ္ဍာမပေးဆက်လိုသဖြင့် လိမ်ညာပြောခြင်းပါတကား၊ သင်သည် အကျွန်ုပ်တို့ကဲ့သို့ သစ်သီးဝလံများကိုလည်း စား၏၊ ပိုးကောင် မွှားကောင်များကိုလည်း စား၏၊ အဘယ်ကြောင့် ငှက်မဟုတ်ပါဟု လိမ်ညာ ပြောချင်ရပါသနည်း၊ ငှက်ဖြစ်ပါလျက် ငှက်မင်းကြီးထံ အခွန်ဘဏ္ဍာမပေးဆက်လျှင် အကျွန်ုပ်တို့ ငှက်အားလုံးသည် သင့်အား တွေ့ရာမြင်ရာ၌ ထိုးဆိတ် သတ်ဖြတ်ရပါလိမ့်မည်၊ သင့် အသက်ထက် အခွန်ဘဏ္ဍာကို ရှောင်လွှဲရန် မကြိုးစားသင့်ပါ'

'မိတ်ဆွေ၊ အကျွန်ုပ်သည် အခွန်ဘဏ္ဍာကို ကြောက်ရွံ့ရှောင်လွှဲနေသူမဟုတ်ပါ၊ အကျွန်ုပ် ပေးဆက်ရသော အခွန်ဘဏ္ဍာမှာ မြေပြင်ကို အစိုးရသော တွားသွားသတ္တဝါ မြေဘုရင်ကြီးဆီမှာသာ ဖြစ်ပါသည်'

'မိတ်ဆွေ၊ သင်သည် မြေပြင်ကို အစိုးရသော တွားသွားသတ္တဝါဘုရင်အား အဘယ်ကြောင့် အခွန်ဘဏ္ဍာပေးဆက်ရပါသနည်း၊ အာကာလေထဲတွင် ပျံဝဲကျက်စားနိုင်သော စွမ်းအားရှင် အသင်သည် ကျွန်ုပ်တို့ငှက်ဘုရင်ကိုသာ အခွန်ဘဏ္ဍာပေး ဆက်သသင့်ပါသည်'

'မိတ်ဆွေ၊ အကျွန်ုပ်သည် ငှက်မဟုတ်သဖြင့် အာကာသ၌လည်း မပျံဝဲ မကျက်စားနိုင်ပါ'

''အသင်ငှက်၊ သင်သည် ငှက်ဖြစ်ပါလျက် အာကာသ၌ ပျံဝဲနိုင်ပါလျက် ယုတ်ညံ့သော တွားသွားသတ္တဝါဟု အဘယ့်ကြောင့်ဆိုပါသနည်း၊ အကျွန်ုပ်သည် ညနေဆည်းဆာ အိပ်တန်းတက်ခါနီးတိုင်း အသင့်ကို ကောင်းကင်၌တွေ့၏'

'မိတ်ဆွေ ငှက်တမန်၊ သင်သည် မျက်စိအမြင် ကောင်း၏လော၊ အသင်သည် အကျွန်ုပ်အား အခြား အခြားသော ငှက်များနှင့် အမြင်လွဲမှား၍သာ ဤစကားဆိုခြင်းပါတကား၊ အကျွန်ုပ်သည် အသင်တို့ကဲ့သို့

ကောင်းကင်ထဲသို့ တစ်ကြိမ်တစ်ခါမှ မရောက်ဘူး မပျံဝဲဘူးပါ၊ လေထဲတွင် ပျံဝဲနိုင်သော အတောင်ပံလည်း အကျွန်ုပ်တွင် မရှိပါ၊ အကျွန်ုပ်၏ စကားကို သင် မယုံသော် အကျွန်ုပ်၏ ကိုယ်ကို ရှုစားပါလော့'

သူသည် သူ၏ အတောင်ကို ဖွက်သည်။ ကိုယ်နှင့်မကွာ စုစည်း လိပ်ခေါက်သည်။ လက်သည်းရှည်ကြီးများကို ထုတ်ကာ သစ်ကိုင်း၌ တွဲလောင်းပြောင်းပြန် ချိတ်နေလိုက်သည်။

ငှက်တမန်သည် သူ့ကို စူးစူးစိုက်စိုက်ကြည့်နေ၏။

မှန်သည်။ အတောင်ပံ သီးသန့်မပါ။ ခြေသည်း ခြေချောင်း သီးခြားရှိသော ငှက်နှင့်စာလျှင် သူ၏ ခြေချောင်းများမှာ သီးခြားမဟုတ်။ ပြီး လက်သည်းရှည်များကလည်း သစ်ကိုင်းကို ဖက်တွယ်ထားကြသည်။ အထူးခြားဆုံးမှာ စောက်ထိုးပြောင်းပြန် နေနိုင်ခြင်းပင် ဖြစ်၏။

'မိတ်ဆွေငှက်တမန်၊ အကျွန်ုပ်သည် ငှက်မဟုတ်ပါ၊ မြေ၌ ကျက်စားသော တွားသွားသတ္တဝါသာဖြစ်ကြောင်း သင် ယုံကြည်ပြီ မဟုတ်ပါလော၊ နောက်ထပ်အခွန်ဘဏ္ဍာအတွက် အကျွန်ုပ်အား စကားတမန် ယူမလာပါနှင့်တော့'

'မိတ်ဆွေ၊ သင်သည် တွားသွားသတ္တဝါဖြစ်ပါလျက် အဘယ်ကြောင့် ဤသစ်သီးပင်ပေါ် တက်ရောက်နေရပါသနည်း၊ သင် လေထဲက ပျံရောက် လာခြင်း မဟုတ်ပါလော၊ လေထဲ၌ ပျံသန်းသွားလာတတ်သော တိရစ္ဆာန် ဟူသမျှသည် အကျွန်ုပ်တို့ ငှက်မင်းကြီးအား လေရှုရိုက်ခ အခွန်အကောက်ကို ပေးရမြဲထုံးစံရှိ....'

'အသင် ငှက်တမန်၊ အလွန်ရယ်ဖွယ်ကောင်းသောစကားကို မဆိုပါနှင့်၊ သစ်ပင်ပေါ်သို့ အကျွန်ုပ် ရောက်နေရခြင်းမှာ အခြား အခြားသော တွားသွားသတ္တဝါများကဲ့သို့မြေပြင်မှ တွားတက်လာခြင်းသာ ဖြစ်ပါသည်၊ ရှဉ့်သည် သစ်ပင်၌နေ၏၊ လေ၌ပျံသော သတ္တဝါလော၊ မျောက်သည် သစ်ပင်၌နေ၏၊ သစ်သီးကိုစား၏၊ အာကာသမှ ပျံဝဲ၍ ရောက်လာလေ

သလော၊ ခြ၊ ပုရွက်၊ ခါချဉ်တို့သည် သစ်ရွက်များကို စုစည်းအိမ်ဆောက်ကြ၏၊ သစ်ခေါက်ပင်စည်ထဲဝင်နေကြ၏၊ အာကာသမှ ပျံကြလာကြလေသလော၊ သင် စဉ်းစားပါလေ၊ သင်နှင့်စကားရှည်ကြာစွာ ပြောနေရခြင်းသည် ကျွန်ုပ်အတွက် အချည်းနှီးသာ ဖြစ်ပေ၏၊ သွားပေလတ္တံ့’

နေဝင်ရီတရောတွင် အာကာသထဲပျံဝဲ၍ နေ့စဉ်လိုလို တွေ့ရသူကယခု သူ အခွန်အတုပ်စကားလာပြောမှ ငှက်မဟုတ်ဟုငြင်းဆိုခြင်းကို ငှက်တမန်က လုံးဝမကျေနပ်ပေ။ သူ့ကိုပင်အမြင်ကြည်လင်ပါ၏လော၊ မျက်စိအမြင် ကောင်းပါ၏လောဟု မခံချင်စရာ ပြောသွား၏။

ထို့ကြောင့် ငှက်တမန်သည် သူ မည်သို့မည်ပုံ သစ်ပင်ပေါ်က ဆင်းသွားသည်ကို တမင်လိုက်ကြည့်နေလေ၏။

သူသည် သူ၏ လက်သည်း ခြေသည်းကို ဆန့်ထုတ်သည်။ သစ် ကိုင်းများမှ သစ်ကိုင်းရင်းသို့ တွဲလောင်းစောက်ထိုး ကုတ်ခြစ်သွားသည်။ ပင်စည်သို့ရောက်သောအခါ ပင်စည်ကို ဖက်တွယ်ကုတ်ခြစ်၍ တွားဆင်းသွားသည်။

မှန်သည်။ ဤသတ္တဝါသည် မြေပြင်၌ကျက်စားသော သတ္တဝါ တစ်မျိုးပါလား၊ ငှက်ဘုရင် ငှက်လောကအတွက် အခွန်ဘဏ္ဍာပေးဆက်ရန် မသင့်သော တွားသွားသတ္တဝါ အယုတ်အညံ့ပေတည်း။

သူ ပြောသွားသလို မိမိ၏ အမြင်လွဲမှားခြင်းပါတကားဟု ငှက်တမန်က မှတ်ချက်ချလိုက်ရလေသည်။

*   *   *

ငှက်တမန်ဆီမှ အခွန်ဘဏ္ဍာပေးရမည်စိုးသဖြင့် သစ်ပင်ပေါ်က တွားဆင်းလာသောသူသည် သစ်ပင်ရင်းသို့ရောက်လာ၏။ အခွန်အကောက်တောင်းလိုသော ငှက်တမန်များ သူ့ကို လိုက်ချောင်းနေလေသလားဟူသာ စိုးရွံ့စိတ်နှင့် သူသည် မြေပြင်၌ တွားသွားနေပြလေသည်။

www.burmeseclassic.com


သစ်ချုံနားတစ်ခုအရောက်တွင် တွားသွားသတ္တဝါကြီးတစ်ကောင်နှင့် သူ ပက်ပင်းတိုးမိကြ၏။ သူ ထိတ်လန့်သွားသည်ကို မြင်သည်နှင့် တွားသွား သတ္တဝါကြီးသည် သူ့အနား ရောက်လာ၏။

'ဟေ့ တွားသွားသတ္တဝါငယ်၊ အကျွန်ုပ်သည်မြေပြင်ကိုအစိုးရသော မြေဘုရင်ကြီးဖြစ်သည်၊ သင့်ရုပ်ရည် ကြန်အင်လက္ခဏာမျိုးရှိသော တွားသွား သတ္တဝါများသည် အကျွန်ုပ်ဆီသို့ တစ်ကြိမ်တစ်ခါမှ အခွန်ဘဏ္ဍာဆက်သရန် လာသည်ကို ကျွန်ုပ် မတွေ့ဘူး၊ မကြုံဘူး၊ မြေပြင်၌ သွားလာကျက်စားသော တွားသွားသတ္တဝါဖြစ်ပါလျက် သင် အဘယ်ကြောင့် ကျွန်ုပ် မြေဘုရင်အား အခွန်ဘဏ္ဍာလာမဆက်ဘဲ ရှောင်ရှားနေရသနည်း'

'အို မြေပြင်ကို အစိုးရသော တွားသွားသတ္တဝါတို့ အရှင်သခင် မြေဘုရင်ကြီးခင်ဗျား၊ အကျွန်ုပ်သည် အရှင်ပိုင်သော မြေပြင်၌ သွားလာ ကျက်စားတတ်သော တွားသွားသတ္တဝါ မဟုတ်ပါ၊ အကျွန်ုပ်မှာ အာကာသ ထဲ၌ ပျံဝဲကျက်စားတတ်သော ငှက်တစ်ဦးသာဖြစ်ပါသည်။ ထို့ကြောင့် အရှင့်ဆီသို့ အခွန်ဘဏ္ဍာဆက်သရန် မရောက်ကြောင်းပါ'

'ဟေ့ အမိုက်ကောင်ငယ်၊ ငါ၏ ပိုင်နက်မြေတွင် သင် သွားလာ ကျက်စားနေသည်ကို ခုပင် ငါ မြင်၏၊ ငှက်ပါဟု သင်လိမ်လည်လှည့်ဖြား၍ ပြောနေခြင်းမှာ ငါ့အား အခွန်ဘဏ္ဍာဆက်သရမည်ကို နှမြောတွန့်တို၍ ပြောခြင်းမဟုတ်ပါလား၊ သင် ငှက်ဆိုလျှင် ခုပင် ငါ့မြေပြင်မှ ပျံတက်သွား ပါလော'

သူသည် ငှက်များကဲ့သို့ မြေပြင်မှ ရုတ်တရက် ထပျံနိုင်သော အစွမ်း မရှိပေ။ အမှီသဟဲတစ်ခုခုကိုရမှ အတော်အတန်မြင့်သော သစ်ကိုင်းသစ်ပင် ပေါ်က ခုန်ချပြီးမှ ပျံနိုင်စွမ်းရှိ၏။ ထို့ကြောင့် သူသည် မြေဘုရင် တွားသွား သတ္တဝါကြီးအား ဥပါယ်တံမျဉ်နှင့် လိမ်လည်ပြောလိုက်ရသည်။

'အို အရှင်မြေဘုရင်ကြီး၊ အကျွန်ုပ်သည် ငှက်တို့ ဘာသာဘာဝ အာကာသ၌ ပျံသန်းပျော်မြူးကြရာ ငှက်ဆိုးတစ်ကောင်သည် မစိတ်နှင့်

www.burmeseclassic.com

အကျွန်ုပ်၏အတောင်ကို ရိုက်ခတ်သွားပါသည်၊ ထို့ကြောင့် အကျွန်ုပ် ယခုကဲ့သို့ မြေပြင်၌သွားလာရခြင်း ဖြစ်ပါသည်။ သို့သော် အကျွန်ုပ် ငှက်တစ်ကောင်သာဖြစ်ကြောင်း မြေဘုရင်ကြီးအား မကြာခင် ပျံဝဲပြပါမည်၊ အကျွန်ုပ် အတောင်ညောင်းညာနာကျင်ခြင်းမှ သက်သာရာရလေအောင် အရှင့်မြေ၌ ခဏတွားသွားနားနေခွင့်ပြုပါ'

'ကောင်းပြီ' ဟု ပြောပြီး တွားသွားသတ္တဝါ ဘုရင်ကြီးက သူ့ကို စောင့်ကြည့်နေ၏။

သူသည် သစ်ပင်တစ်ပင်၏ ခြေရင်းသို့ တွားသွား၏။ ပင်ရင်းမှသည် အပင်လယ်သို့ ကုတ်ခြစ်တွားတက်သွား၏။ သစ်ပင်၏ အဖျားသို့ပင် သူ မရောက်။ ပင်စည်တစ်ဝက်မှ လေထဲသို့ခုန်ချလိုက်၏။ တွားသွားသတ္တဝါ များလို မြေပြင်သို့ ဖုတ်ခနဲကျမလာ။ လေထဲမှာ ပျံဝဲလှည့်လည်နေ၏။

'ကဲ မြေပြင်ကို အစိုးရသော တွားသွားသတ္တဝါ ဘုရင်ကြီးခင်ဗျား၊ အကျွန်ုပ်သည် အာကာသထဲ၌သာ ပျံဝဲကျက်စားတတ်သော ငှက်တစ်ကောင် ဖြစ်ကြောင်း သင်ယုံပြီ မဟုတ်ပါလော၊ ငှက်တစ်ကောင်ဖြစ်သော အကျွန်ုပ် သည် သင့်အား အခွန်ဘဏ္ဍာဆက်သရန် အဘယ်မှာတာဝန်ရှိတော့အံ့နည်း'

မြေအောက်မှ ခေါင်းမော့ကြည့်နေသော မြေပြင်တွားသွားသတ္တဝါ ကြီးအား သူသည် အထပ်ထပ်အခါခါ အော်မြည်ပြောကြား ပျံဝဲပြရင်း လိုရာ ခရီးသို့ ထွက်ပျံလာလေ၏။

အာကာသကိုစိုးမိုးထားသော ငှက်များနှင့်လည်းကောင်း၊ မြေပြင်ကို စိုးမိုးထားသော တွားသွားသတ္တဝါများနှင့်လည်းကောင်း တွေ့ကြုံခဲ့ရခြင်းသည် သူ့အတွက် ဘဝသင်ခန်းစာပင် ဖြစ်လာလေသည်။

သူသည် ငှက်များကျက်စားတတ်သော နေ့ခင်းနေ့လယ်တွင် အာကာသထဲ၌ ပျံဝဲကျက်စားနေ၍မဖြစ်ပေ။ ငှက်ဘုရင်အား အခွန်အကောက် ပေးရမှာ စိုးသဖြင့် တွားသွားသတ္တဝါပါဟု လိမ်ညာပြောထားသော သူ့ကို ကောင်းကင်ထဲ ပျံဝဲကျက်စားလျက်တွေ့ရလျှင် ငှက်များထိုးဆိတ်ကိုက်တုတ်

www.burmeseclassic.com


ကြမည်။ ထို့ကြောင့် ငှက်များ အိပ်တန်းတက်ပြီးသော အကာလ ညအခါ မှသာ သူ အစာရှာထွက်ရပေမည်။

မြေပြင်၌မူ နေ့၌လည်းကောင်း၊ ည၌လည်းကောင်း သွားလာကျက်စား၍ မရ။ တွားသွားသတ္တဝါများသည် နေ့၌လည်းကောင်း၊ ည၌လည်းကောင်း၊ သွားလာကျက်စားတတ်ကြရာ သူ့ကို အချိန်အခါမရွေး တွေ့သွားနိုင်သည်။

သို့သော် စိုးရိမ်စရာမရှိ။ သူသည် သစ်ပင်သစ်ကိုင်း၌လည်းနေနိုင်၏။ သစ်ခေါင်း ကျောက်ခေါင်း လိုဏ်ဂူများ၌လည်း ခိုအောင်းနေနိုင်၏။

ပြီး မည်သည့်လောကသားကမှ သူ့အား အကောက်အခွန် ဒဏ်စည်းကြပ်ခြင်းကို မပြုလာနိုင်သောနည်းကို သူ ရှာဖွေတွေ့သွားလေသည်။

'အိမ်း လောကကြီးမှာ ဦးစောက်ပြောင်းပြန် နေနိုင်မှ၊ လောကကြီးကို ဦးစောက်ပြောင်းပြန် မြင်နိုင်မှ'

*          *          *

သူတို့သည် အာကာသ၌ ပျံဝဲကျက်စားတတ်သော ငှက်များကိုလည်းကောင်း၊ မြေပြင်တွင် သွားလာကျက်စားတတ်သော တွားသွားသတ္တဝါများကို လည်းကောင်း လုံးဝ အဆက်အသွယ်ဖြတ်ထားကြသည်။ သူတို့ ဤသို့နေနိုင်ကြခြင်းမှာလည်း ကမ္ဘာပေါ်၌ သူတို့အမျိုးပေါင်းသည် ရှစ်ရာခန့်ရှိသဖြင့် ဖြစ်လေသည်။

အထူးခြားဆုံးမှာ အာကာသ၌ ပျံဝဲကျက်စားတတ်သော တိရစ္ဆာန်များ၊ ငှက်များထဲတွင် တစ်မျိုးတည်းသော နို့တိုက်သတ္တဝါဖြစ်သည်။ သစ်ရွက်၊ သစ်ခက်၊ မြက်ခြောက်၊ ကောက်ရိုးမျှင်တို့ဖြင့် အသိုက်အမြုံမလုပ်ဘဲ ဥမအုဘဲ သားပေါက်နိုင်၏။ တစ်ခါပေါက်လျှင် တစ်ကောင်မှ နှစ်ကောင်အထိ ပေါက်တတ်ကြလေသည်။

www.burmeseclassic.com

ပို၍ ထူးခြားသည်မှာ သူတို့တစ်ကိုယ်လုံးကို ဦးစောက်ပြောင်းပြန် ဆွဲချိတ်၍ နေတတ်ကြခြင်းပင် ဖြစ်သည်။ ထိုသို့ နေနိုင်အောင်လည်း သူတို့၏ သဘာဝ ဘုရားသခင်က သူတို့ ကိုယ်ပေါ်တွင် ဖန်ဆင်းမှုကို ပြုပေးထားသည်။

ကိုယ်ဘေးဘက်တွင် လက်မောင်းလက်ဖျံနှင့် လက်ချောင်းများကို ဖုံးအုပ်ထားသော အရေပြား အတောင်ရှိသည်။ လက်ချောင်းငယ်များအနက် လူတို့၏ လက်မ လက်ညှိုးနှင့်တူသော လက်ချောင်းငယ်များတွင် လက်သည်းများလည်း ပါရှိလေသည်။

ခြေထောက်မှာတိုပြီး ခြေချောင်းငယ်များတွင်လည်း ခြေသည်းများ ပါရှိသည်။ ထို့ကြောင့်လည်း သူတို့သည် သစ်ပင် သစ်ကိုင်းများ၌ လည်းကောင်း၊ သစ်ခေါင်း ကျောက်ခေါင်းများ၌လည်းကောင်း သူတို့၏ လက်ခြေများနှင့် ကုတ်ခြစ်ကာ ဦးစောက်ပြောင်းပြန်နေနိုင်စွမ်းရှိကြခြင်း ဖြစ်လေသည်။

အမများတွင် ရင်ဘတ်၌ နို့သီးနှစ်လုံးအပြင် အမတန်ဆာ၏ အောက်နား၌လည်း နို့သီးတစ်စုံ ထပ်မံပါရှိသည်။ သို့ရာတွင် ယင်းနို့သီးများမှမူ နို့ရည်မထွက်ပေ။

သူတို့သည် အကာလ ညအချိန်တွင် လှည့်လည်ကျက်စားနေပြီး နေ့အချိန်တွင် အိပ်စက်နားနေတတ်ကြသည်။ နားနေချိန်တွင် ပါးလွှာသော အတောင်ကိုခေါက်၍ မည်သည့်တိရစ္ဆာန်နှင့်မှ မတူအောင် စောက်ထိုး ဆွဲချိတ်နေကြသည်။

သူတို့၏ မျက်စိအမြင်သည် အလင်းကိုကြောက်သည်။ နေရောင်ခြည်ထဲတွင် အမြင်စွမ်းအား ပိုမိုနည်းပါးသည်။ နေ့ခင်း နေ့လယ်တွင် အကန်းပမာ အမြင်မဲ့တတ်ကြသည်။ ညအချိန်၌လည်း သူတို့၏အမြင်မှာ ဝိုးတဝါးသာ။

သို့သော် သူတို့တွင် ထူးခြားသော စွမ်းအားတစ်မျိုးရှိသည်။ သူတို့ လှည့်လည်ပျံသန်း ကျက်စားရာ၌ သစ်ပင်များ၊ ခေတ်ကြိုးများ၊ အဆောက်အဦများနှင့် မတိုးမတိုက်မိစေရန် သူတို့ပျံသန်းနေချိန်၌ ပါးစပ် သို့မဟုတ် နှာခေါင်းမှ အသံလှိုင်းတစ်မျိုးကို အော်မြည်လွှင့်ထုတ်၍ ပျံသန်းကျက်စားတတ်ကြသည်။

သူတို့၏ ပါးစပ် သို့မဟုတ် နှာခေါင်းမှ ထုတ်လွှင့်လိုက်သော အသံလှိုင်းသည် သူတို့ပျံသန်းရာ လမ်းကြောင်းရှိ သစ်ပင်၊ သစ်ကိုင်း၊ ခေတ်ကြိုး၊ အဆောက်အဦတို့မှ ပြန်၍ အသံလှိုင်းရိုက်ခတ် သတိပေးသည်။ ထို့ကြောင့် တိုးတိုက်မိမည့် အရာဝတ္ထုမှန်သမျှနှင့် ရှောင်ကွင်းနိုင်သော ပဲ့တင်ပြန်သံကို သူတို့သည် ပြန်ဖမ်းနားဆင်ကာ ရှောင်ရှား ပျံသန်းတတ်ကြလေသည်။

ညတွင် သူတို့ပျံသန်းနေစဉ် မည်သည့် ငှက်တိရစ္ဆာန်ကမှ သူတို့အား အနှောင့်အယှက် မပြုရဲကြ။ သူတို့ကိုယ်ပေါ်တွင် ထူးဆန်းသော ပိုးတစ်မျိုးရှိ၏။ ထိုပိုး၏ အနံ့အသက်ကို ငှက်တိရစ္ဆာန်များ မခံနိုင်ကြပေ။ သူတို့ကိုယ်ပေါ်မှ ထိုပိုးသည် သူတို့အား လာရောက်ထိုးဆိတ်ကိုက်ခဲသော မည်သည့် သတ္တဝါကိုမဆို ကူးစက်လွယ်သည်။ သူတို့ကိုက်ခဲ၍ ဒဏ်ရာရသည်ဖြစ်စေ၊ တစ်စုံတစ်ခုကြောင့် ဒဏ်ရာဒဏ်ချက်ပါလာသည်ဖြစ်စေ ထိုဒဏ်ရာဒဏ်ချက်ထဲသို့ သူတို့ဆီက ပိုးဝင်သွားလျှင် ထိုသတ္တဝါ ရှူးသွပ်သွားနိုင်လေသည်။

သူတို့၏ ဆိုးရွားသော အနံ့အသက်ကို သူတို့မှတစ်ပါး အခြားတိရစ္ဆာန်များ မခံနိုင်ကြ။ သူတို့ရှိနေသော ကျောက်ခေါင်း သစ်ခေါင်းထဲတွင် ထို့ကြောင့်လည်း မည်သည့်တိရစ္ဆာန်မှ နေလေ့မရှိ။ သူတို့ကမူ သူတို့အနံ့နှင့် သူတို့ နေသားကျနေတတ်ကြ၏။

အမများသည် သားငယ် သမီးငယ် ပေါက်ရာ၌ မွေးကင်းစကလေးများကို ကိုယ်နှင့်မကွာ ခေါ်သွားတတ်သည်။ သားငယ်၊ သမီးငယ်များသည်

www.burmeseclassic.com

မိခင်အစာရှာထွက်ရာ၌ မိခင်၏ကိုယ်ကို တွယ်ကပ်ကာ ပါသွားတတ်ကြ၏။ သားငယ်များအတန်ငယ်ကြီးသည်နှင့် သစ်ခေါင်းထဲ ဂူထဲတွင် ထားပစ်ခဲ့တတ်ကြသည်။ အစာရှာရာမှပြန်လာသော မိခင်ကြီးသည် မိခင်ပေါင်းများစွာ ပေါက်ဖွားထားသော သားသမီးထဲမှ မိမိ၏ ကလေးငယ်ကို မှန်မှန်ကန်ကန် ရှာဖွေ၍ နို့တိုက်လေ့ရှိ၏။ ဤသည်မှာလည်း သူတို့၏ထူးခြားသော အနံ့အသက်နှင့် အနံ့၏ အာရုံခံစားတတ်မှု စွမ်းအားပင်။

အမျိုးပေါင်းရှစ်ရာကျော်ရှိသော သူတို့အမျိုးထဲတွင် အသီးအရွက် အပွင့်စားသူရှိသလို ပိုးမွှားနှင့် အသားစားသူများလည်း ရှိ၏။ အရက်စက်ဆုံး၊ အကြမ်းကြုတ်ဆုံးသူများမှာ နွား၊ မြင်း၊ ဆိတ်၊ ဝက်၊ ကြောင်နှင့် လူသားများ၏ သွေးကို စုပ်ယူစားသောက်တတ်ကြသူများပင်။

သည်လိုနှင့်သူတို့၏ လင်းနို့လောကကြီးသည် ကမ္ဘာပေါ်၌ ကြီးထွားပျံ့နှံ့၍ လာလေ၏။

[ ချယ်ရီ ။ ။ ဩဂုတ်၊ ၁၉၈၆ ]

www.burmeseclassic.com

# လွှမ်းချင်းသီဖွဲ့ သူ ဆို၏

ဗာရာဏသီ မြို့စွန်ဖျားရှိ တောင်ကုန်း တောအုပ်နားတွင် ခီးကွက်နှင့် ဥသြငှက်တို့သည် အဆွေခင်ပွန်းဖွဲ့နေကြ၏။ တစ်နေ့သ၌ ခီးကွက်ငှက် နေစာလှုံနေစဉ် ဗာရာဏသီမြို့မှ ကလေးတစ်အုပ်က ခီးကွက်ကို လေးခွနှင့် ဝိုင်းပစ်ကြရာ ခီးကွက်၏စအိုဝကို လောက်စာသီးတစ်လုံးလာထိမှန်၏။ လောက်စာသီးမှာ ခီးကွက်၏ စအိုဝ၌ ပြူတစ်ပြူတစ် ဖြစ်နေရာ အထဲလည်း ဝင်မသွား၊ အပြင်လည်းထွက်မကျနှင့် ခီးကွက်ငှက်မှာ နေမရ ထိုင်မရဖြစ်ကာ အဆွေခင်ပွန်းဖြစ်သူ ဥသြငှက်ဆီပြေးပြီး အကျိုးအကြောင်းပြောပြကာ အကူအညီတောင်းရ၏။

ထိုအခါ ဥသြငှက်က အဆွေ ဤကိစ္စကို ကျွန်ုပ်လည်း မကူညီနိုင်ပါ။ သို့သော် ပူပန်စိုးရိမ်မှုများစွာ မဖြစ်ပါနှင့်။ အကျွန်ုပ်၏ ခင်ပွန်းဖြစ်သူ ဆေးဆရာကြီးကို ခေါ်ပေးပါမည်ဟု ပြောပြီး ကြီးကိုခေါ်လာ၏။ ထိုအခါ ဆေးဆရာကြီးက အဆွေခီးကွက် သင်၏ ဝေဒနာကို ကျွန်ုပ် ပျောက်ကင်းအောင် ကုသပေးပါမည်။ ဆေးဖိုးဝါးခအဖြစ် သင် အကျွန်ုပ်အား အဘယ်မည်သော အကျိုးကို ပြုပါအံ့နည်းဟု မေး၏။

 www.burmeseclassic.com 

ထိုအခါ ဝေဒနာ မခံချိမခံသာဖြစ်နေသော ဇီးကွက်ငှက်က အဆွေ အကျွန်ုပ်၏ ရောဂါကို သင် ပျောက်ကင်းအောင်ကုသပေးနိုင်ပါက အကျွန်ုပ်တို့ တစ်ဆွေလုံးတစ်မျိုးလုံး အဆွေကျီးထံ ကျွန်ခံပါမည်ဟု ပြောလိုက်၏။ ထိုအခါ ကျီးက ကောင်းပြီ မိတ်ဆွေဇီးကွက်၊ ဤယနေ့ကစပြီး သင်၏စအိုဝကို ရေအိုင်၌ ရေစိမ်ပါ။ သုံးရက်ကြာလျှင် သင်၏ဝေဒနာ ပျောက်ကင်းသွားပါလိမ့်မည်ဟု ပြောပြီး မိမိကျက်စားရာ အရပ်သို့ ပြန်သွား၏။

ဇီးကွက်ငှက်လည်း ဆေးဆရာကျီး မှာသွားသည့်အတိုင်း သူ၏စအိုဝကို ရေစိမ်လေသည်။ သုံးရက်ခန့်ကြာသောအခါ လောက်စာသီး ရေပျော်ပြီး ဇီးကွက်၏ဖင်ထဲမှ ထွက်ကျသွားလေ၏။

ဝေဒနာပျောက်ကင်းသွားသော ဇီးကွက်ငှက်သည် ကတိစကားအတိုင်း ကျီးဆီတွင် တစ်ဆွေလုံး တစ်မျိုးလုံး ကျွန်ခံရမည်စိုးသဖြင့် ကျီးကို အတွေ့မခံဘဲ ရှောင်နေ၏။ သူ၏ ဆွေမျိုးအားလုံးကိုလည်း ကျီးနှင့်တွေ့လျှင် သူ့အကြောင်းသိသွားမည်စိုးသဖြင့် နေ့ခင်းတွင် အစာရှာမထွက်ကြဘဲ ကျီးအိပ်သောည၌သာ အစာရှာထွက်ကြရန် မှာကြားထားလေသည်။

ထိုအခါ ဇီးကွက်ကို ရှာမတွေ့သူ ကျီးက ဥသြငှက်ထံသွားပြီး အဆွေ၏ ခင်ပွန်းတော် အကျွန်ုပ်ကို လိမ်လည်ရှောင်ရှားသွားပြီ။ သင်သည် အကျွန်ုပ်အား ဆေးဆရာအဖြစ် လာခေါ်သူဖြစ်သည်။ သင်သည် ဇီးကွက်၏ ကြွေးမြီအဖြစ် အကျွန်ုပ်၏ အသိုက်ထဲတွင် ဥတစ်လုံး အမြဲလာအုပေးရမည်ဟု ဆိုလေသည်။

ဇီးကွက်၏ ကတိမတည် လိမ်လည်သွားမှုကြောင့် ဥသြငှက်မှာ ကျီးသိုက်၌ ဥတစ်လုံးစီ အုပေးနေရလေသည်။

မိမိနှင့်ပတ်သက်၍ လူသားများသည် ဤသို့ပင် ယုံကြည်နေကြလေသည်။

မိမိ၏ ဘဝ အမှန်တကယ်မှာမူ....။

*  *  *

ဥခွံမှထွက်လာသောသူတို့သည် အသိုက်ထဲတွင် မမြင်မစမ်းနှင့် တစ်ဦး၏ ကိုယ်ငွေ့ကို တစ်ဦး ခိုလှုံကာ ဇီဝအသက်ကို အားခဲတည်ဆောက်နေကြသည်။ မျက်စိနှစ်ကွင်းသာ အလင်းမရကြသေးသော်လည်း ဆာလောင်မွတ်သိပ်မှုကိုမူ သူတို့၏ ကိုယ်ခန္ဓာမှ တောင်းဆိုလျက်ရှိကြသည်။

အသိုက်ထဲတွင် ရှန်းကန်လှုပ်ရှားရင်းနှင့် တစာစာအော်မြည်ကာ အစာတောင်းလျက် ရှိကြသည်။ မကြာပါချေ။ အမိသည်လည်းကောင်း၊ အဖသည်လည်းကောင်း၊ သူတို့ဆီသို့ အစာအာဟာရကို ကိုက်ချီလာကြသည်။ ကြင်နာယုယစွာ အစာခွံ့ကျွေးကြသည်။

မျက်စိနှစ်ကွင်း အလင်းရလာသောအခါ သူတို့မှာ မွေးချင်းသုံးဦးရှိကြောင်း သိကြရသည်။ တစ်ဦးနှင့်တစ်ဦး တိုးဝှေ့ရင်း အသိုက်ထဲတွင် စည်းစည်းလုံးလုံးရှိကြသေးသည်။ အမိ အဖတို့သည်လည်း သူတို့သုံးဦးအား မျှတသော အစာအာဟာရကို နေ့စဉ် အညီအမျှ ကျွေးမွေးစောင့်ရှောက်လျက်ပင် ရှိကြသည်။

ထိုစဉ်က သူ့ဘဝသည် အေးချမ်းလှ၏။ အမိအဖတို့သည် သူတို့အား အစာရှာကျွေးရုံသာမက အခြား အခြားသော သားစားငှက် တိရစ္ဆာန်များ လာရောက်ထိုးဆိတ် ကိုက်ခဲကြမှာကိုလည်း စိုးရိမ်ကြီးစွာနှင့် အသိုက်နားမှ စောင့်ရှောက်လျက် ရှိကြသည်။

သူတို့အတွက် အမိအစာရှာသွားလျှင် အဖသည် သူတို့အနီးအနားဌ် အမိမလာမချင်း စောင့်နေတတ်သည်။ အဖက အစာရှာသွားသော အခါဌ် လည်း အမိသည် အဖကဲ့သို့ပင် သူတို့အနားဌ် စောင့်ကြပ်လျက်ပင် ရှိလေ သည်။

အမိအဖတို့သည် သူတို့အပေါ်ဌ် အလွန်ပင် ချစ်ခြင်းမေတ္တာကြီးမားကြသည်။ သူတို့အား အခြား အခြားသော သားစားငှက်တိရစ္ဆာန်များ လာရောက်ထိုးဆိတ်ခြင်းကို မဆိုထားနှင့် သူတို့ရှိနေရာ အသိုက်အမြို့နားကိုပင် မည်သည့်တိရစ္ဆာန်ကိုမှ အသီမခံကြ။ ရောက်လာသမျှသော သက်ရှိအားလုံးကို အမိအဖတို့က ထိုးဆိတ်အော်လွှတ်တတ်ကြသည်။

www.burmeseclassic.com


သားသမီးနှင့်ပတ်သက်လာလျှင် သူ့မိ သူ့ဖတို့သည် အသက်စွန့်၍ တိုက်ခိုက်ကြရမှာလည်း တစ်ဆံခြည်မျှ ဝန်မလေးကြ။ သိန်းငှက်၊ စွန်ရဲတို့လို ငှက်တိရစ္ဆာန်များကို မဆိုထားနှင့် သူတို့ကလေးများရှိရာ သစ်ပင်ပေါ်ကို လူသားများတက်လာလျှင်လည်း အမိအဖတို့သည် မိမိတို့ထက် အဆ သိန်းသန်းကုဋေမက ကာယအား၊ ဉာဏအား ကြီးမားသန်စွမ်းကြသော လူသားများကိုပင် ထိုးဆိတ်အော်ဟစ်၍ မောင်းလွှတ်တိုက်ခိုက်ရဲကြသည်။

အမိ အဖတို့သည် သူတို့နှစ်ဦးတည်းနှင့် ရန်သူကို မဟန့်တားနိုင်ဟု သိလျှင် ချက်ချင်း ဆွေမျိုးအသိုက်အဝန်းကို အော်ဟစ်အကူအညီ တောင်းတတ်ကြ၏။ ဆွေမျိုးများလည်း ကြားရာအရပ်က ချက်ချင်း အပြေးရောက်လာတတ်ကြသည်။ ခဏချင်းမှာပင် သူတို့ရှိနေသော အသိုက်အမြုံနားတွင် ဆွေမျိုးများ မည်းမည်းလှုပ်သွားကြ၏။ ဆွေမျိုးသားချင်းများနှင့် ပတ်သက်လာလျှင် အသက်စွန့်ပြီးတိုက်ခိုက်ကြရာမှာ တစ်ဦးတလေကမှ ဝန်မလေးကြ။ သူတို့အမျိုးသည် ရဲစွမ်းသတ္တိနှင့်လည်း အင်မတန်ပြည့်စုံကြသည်။ အမျိုးကို သိခြင်း၊ အမျိုးကိုစောင့်ရှောက်ခြင်း၌လည်း စံထားလောက်လေသည်။

ထို့ကြောင့် ကျီး၏အမျိုး၌လာ၍ ကျီးကလေးတစ်ကောင်ဖြစ်ရခြင်းကို သူသည် များစွာဂုဏ်ယူမိလေသည်။ သူတို့ကား အမျိုးကိုထိလျှင် မချိအောင် နာတတ်ကြသော အမျိုးပေတည်း။

* * *

သည်လိုနှင့် သူတို့မွေးချင်းသုံးဦးအား အမိအဖတို့သည် အစာအာဟာရကို မှန်မှန်ကျွေးမွေး စောင့်ရှောက်လျက်ရှိကြသည်။

သို့သော် တစ်နေ့သောအခါ သူတို့မွေးချင်းထဲမှ တစ်ကောင်တည်းသော သူ့အား အမိအဖတို့သည် တစ်စုံတစ်ခုသော သံသယနှင့် ကြည့်တတ်လာကြသည်။ ထိုအခါမှ သူသည်လည်း သူ့ကိုယ်သူ သတိထားမိလာလေသည်။

အမိ အဖတို့က အစာအာဟာရကို မှန်မှန်ကန်ကန် မျှမျှတတ ကျွေးကြသော်လည်း သူသည် အခြားမွေးချင်းနှစ်ဦးလို ကြီးထွားဖွံ့ဖြိုးမှုမရှိ ကြုံလှီသေးကွေး၍ ခွန်အားဗလနည်းပါး၏။ မွေးချင်းနှစ်ဦးက အတောင် ခြေလက်တို့ကို တဖျပ်ဖျပ်လှုပ်ခတ်ကာ ခုန်ပေါက် ဆော့နေကြချိန်တွင် သူကား အသိုက်ထဲမှ သစ်ကိုင်းသစ်ခက်ပေါ် ခုန်မတက်နိုင်သေး။ ဤသည် ကိုပင် မိဘနှစ်ပါးက အားမလို အားမရစွာ သူ့ကို စိမ်းစိမ်းကားကားကြည့်နေ ကြ၏။

အခြား မွေးချင်းနှစ်ဦးလို မခုန်ပျံနိုင်၍ အားငယ်ရခြင်းနှင့် မိဘ နှစ်ပါး၏ စိမ်းစိမ်းကားကားကြည့်ခြင်းကို ခံရခြင်းတည်းဟူသော ဝေဒနာ သောကသည် သူ့စိတ်၌ စ၍ သန္ဓေတည်လေသည်။ အမှန်မှာ သူသည်လည်း အခြားမွေးချင်းနှစ်ဦးလို ခုန်ပျံချင်၏။ သို့သော် သူ၏ ကိုယ်ခန္ဓာက အခြား မွေးချင်းနှစ်ဦးလို မသန်မာ မထွားကျိုင်း။

ဤသည်ကိုပင် သူ၏ မိဘနှစ်ပါးသည် တစ်စုံတစ်ခုသော သံသယနှင့် သူတို့၏ သားသမီးမဟုတ်သလို စိမ်းကားစပြုလာကြသည်။ သည်ထက် ဆိုးရွားသည်မှာ အမိအဖတို့က ကျွေးမွေးရန်ချီလာသော အစာအာဟာရကို အခြားမွေးချင်းနှစ်ဦးက လမ်းခုလတ်ကပင် ဖြတ်ကိုက်ယူငင်၍ လုယက် စားသောက်တတ်ကြသော်လည်း မသန်မစွမ်းသော သူကမူ ကြို၍ ခုန်ပေါက် ပျံလွှားကာ လုမစားနိုင်ခြင်းဖြစ်သည်။

ဤသည်ကိုလည်း သူ၏ မိဘနှစ်ပါးသည် ဥပေက္ခာပြုထားကြပြန် သည်။ ထိုအခါ သူသည် မိဘနှစ်ပါးပေါ် ကြီးစွာ နာကျင်စိတ်ဖြစ်မိ၏။ သားသမီးချင်းတူသော်လည်း သူ့အား အကြင်နာအသနား ခေါင်းပါးနေကြ သည်။ မသန်မစွမ်းသောသားအား ပိုကြင်နာ သနားရမည့်အစား သားသမီး မဟုတ်သလို ဥပေက္ခာပြုထားရက်ကြသည်။

အမှန်မှာ သူသည် ကျီးဖို ကျီးမတို့မှ မွေးသော ကျီးကလေးတစ်ကောင် စစ်စစ်ဖြစ်ပါသည်။ သို့သော် ပင်ကိုသန္ဓေအရ ချို့တဲ့လာရသဖြင့် သူ့မှာ

www.burmeseclassic.com

အခြား မွေးချင်းနှစ်ဦးလို မသန်စွမ်း မထွားကျိုင်းရခြင်းသာ။ ဤသည်ကိုပင် မိဘနှစ်ပါးက သူတို့မွေးထားသော သားသမီးမဟုတ်သကဲ့သို့ မလိုမုန်းထား ဖြစ်လာကြသည်။ သူတို့မှ ဤကဲ့သို့ မသန်မစွမ်းကလေးတစ်ဦး မွေးထား သည်ကို ရှက်ရွံ့စိုးရိမ်ပုံသဘောလည်း ဆောင်လာကြသည်။

စင်စစ်မှာ သူ၏မသန်မစွမ်းဖြစ်ရခြင်းမှာ သူ့မိ သူ့ဖတို့၏ မဆင် မခြင်သော အစာအာဟာရ စားသောက်မှုကစပြီး ဓာတိ ပဋိသန္ဓေကပင် ချို့တဲ့လာခြင်းသာ ဖြစ်သည်။ သူ့အပြစ်မဟုတ်ပေ။

သူ့မိ သူ့ဖတို့သည် အင်မတန် အစားအသောက် သောင်းကျန်း ကြသည်။ လူသားတို့ စွန့်ပစ်ကြသော ထမင်းကျန်ဟင်းကျန် အသိုးအပုပ် အရိအရွဲ အရိုးအရေကအစ သစ်သီးဝလံ အသိုးအပုပ်စသည် ရရာ တွေ့ရာ ကြုံရာကို စားကြသည်။ ဤသို့စားသောက်ရင်းက အစာအိမ်အချဉ်ပေါက်ကာ အစာမကျေညက်သောရောဂါကို တစ်မျိုးတစ်ဆွေလုံး ခံစားကြရသည်။ ထို့ကြောင့် ကြီးကန်းများသည် ရောဂါဘယ၏ ဒဏ်ကိုလည်း စိုးစိမှ မခံနိုင်ကြ။ ဖြစ်မိသည်နှင့် ချက်ချင်းခေါက်ခနဲ သေတတ်ကြသည်။ အထူး သဖြင့် ကြီးကန်းကြောက်သောရောဂါမှာ ငှက်ဖျားပိုးပင်ဖြစ်လေသည်။ ပင်ကိုကပင် ရောဂါအခံရှိသော ကြီးကန်းများသည် ငှက်ဖျားပိုးနှင့်တိုးမိ ပါလျှင် တစ်ဆွေလုံး တစ်မျိုးလုံး ပြုတ်ပြုတ်ပြုန်းအောင် သေတတ်ကြ၏။ ထို့ကြောင့်လည်း ကြီးကန်းများသည် ငှက်ဖျားပိုးရှိသောအရပ်ကို ဝေးစွာ ရှောင်ကြဉ်ကြခြင်း ဖြစ်လေသည်။

ဤကဲ့သို့ ရောဂါဘယထူပြောသော မိဘများမှ ဆင်းသက်လာသော သူသည် ရောဂါအခံပါလာကာ မသန်မစွမ်းဖြစ်လာလေသည်။ အရွယ်လေး အတော်ရလာသော်လည်း အထီးမဟုတ် အမ မဟုတ်သလိုနှင့် ဣတ္ထိဘော ပုံသော ဖြစ်လာသည်။ လိင်စိတ်ကွဲပြားခြင်း မရှိသော သူ့ဘဝမှာ ပိုပြီး နာကြည်းခံပြင်း စရာတွေနှင့်ချည်း ကြုံဆုံလာခဲ့ရသည်။

သူကဲ့သို့ပင် ကျီးကန်းအသိုက်တိုင်း အသိုက်တိုင်း၌ မသန်စွမ်းသူ ဣတ္တိလိင်လည်း မဟုတ်၊ ပုလ္လိင်လည်း မဟုတ်သော တစ်ကောင်စီသည် အမြဲ ပါလာတတ်ကြလေသည်။

* * *

မွေးချင်းနှစ်ဦးသည် ဟိုပင် သည်ပင် ကူးနေကြ၏။ သူ့မှာကား ဟိုကိုင်း သည်ကိုင်းသာ ကူးနိုင်သေး၏။ မွေးချင်းနှစ်ဦးသည် ဟိုပျံ သည်ပျံ ပျံနေကြ၏။ သူ့အနေကမူ ဟိုခုန် သည်ခုန်သာ ခုန်နိုင်သေး၏။ မွေးချင်းနှစ်ဦးသည် မိဘနောက်လိုက်၍ ဟိုစားသည်စား တွေ့ရာကြုံရာကို စားနေကြပြီ။ သူကမူ အသိုက်ရှိသော သစ်ပင်၌သာ တွေ့ရာကြုံရာ ပိုးပုရွက်ကောင်များကို ကောက်စားနေရ၏။

သူသည် မွေးချင်းနှစ်ဦး၏ ပိပြင်သော ကျီးကန်းဘဝကို မြင်ရသော အခါ နာကြည်းဝမ်းနည်းစိတ်နှင့် အသံကုန် ဟစ်အော်ပစ်လိုက်သည်။

ဤသည်မှာ ကြီးစွာသော သူ၏အမှားပင်ဖြစ်လေသည်။ ဇာတိ ပင်ကိုသန္ဓေကပင် ချို့တဲ့လာသော သူ့အသံသည် သူ တအားအော်လိုက်သော် လည်း ကျီးသံထွက်မလာပေ။

သူ့အသံကိုကြားသော ကျီးများသည် သူ့ဆီဝိုင်းလာကြ၏။ သူတို့ မွေးပေါက်နေကျ အသိုက်အမြဲ့ရှိ သစ်ပင်တွင် အဘယ်ငှက်ဆိုးတစ်ကောင် သည် လာအော်နေပါလိမ့်ဟု သူ့ကို ဝိုင်းဝန်းထိုးဆိတ်ကြသည်။ သူ့အား ကျီးဖို ကျီးမက မွေးသော မွေးချင်းဆွေမျိုးဟု ဘယ်အကောင်ကမှ အရာ မသွင်းကြ။ သူတို့လိုမအော်မြည်တတ်သော တိရစ္ဆာန်မှန်သမျှသည် သူတို့၏ ရန်သူချည်းဟု သဘောထားကြသည်။

သူသည် ကြောက်ကြောက်ရွံ့ရွံ့နှင့် သူ့အား ထိုးဆိတ်ဝိုင်းကိုက် ကြသော ကျီးကန်းများကို မိမိသည်လည်း ကျီးဖို ကျီးမကမွေးသော ကျီး

www.burmeseclassic.com

တစ်ကောင်သာဖြစ်ကြောင်း အော်ဟစ်မြည်တမ်း၍ တောင်းပန်သည်။ သံရှည်ဆွဲကာ ကျိန်တွယ် ငိုယို၍လည်း ပြောပြသည်။ သို့သော် မရပေ။

ကျီးများသည် သူတို့လို မအာ မအော်တတ်သူ၊ သူတို့လို ညိုမည်းသော အဆင်းမရှိသူ။ သူ့လို လူစဉ်မမီသူကို သူတို့အမျိုး၌ သိက္ခာကျခံ၍မထားပေ။ သူတို့လောကသားထဲမှ မောင်းထုတ်လိုက်ကြလေသည်။

*　　*　　*

ကျီးဖို ကျီးမတို့မှ မွေးပေါက်သော်လည်း ကာမာဝါစရ ကုသိုလ်ကံ နွမ်းပါးသော ဥဩငယ်သည် ကျီးတောထဲ၌ မနေရပေ။ တစ်ကောင်ထီးတည်း အကြည့်တန်စွာ ဆွေမျိုးနှင့် ဝေးရာကို ထွက်ပြေးလာရသည်။ ထို့ကြောင့် သူသည် သူ့ဘဝ သူနာကြည်းသည်။ အထူးသဖြင့် မိမိအား ကျီးကန်းများ မောင်းလွှတ်လိုက်သော ရာသီရောက်ပြီဆိုလျှင် သူ့ခမျာ ရင်ကွဲပက်လက် ဖြစ်ရသည်။

ထိုအခါ လောကကို တိုင်တည်၍ အော်မြည်သည်။ တောတောင် ရေမြေ ပင်လယ်သမုဒ္ဒရာ ကမ္ဘာအနှံ့အပြားသွား၍ ငိုကြွေးမြည်တမ်းသည်။ ငှက်လောကတွင် တွေ့သမျှသော ငှက်အုပ်စုများကို မြင်တိုင်း ဝမ်းနည်းပူဆွေးသည်။ တစ်ကောင်တည်းနေရသော သူ့ဘဝကို တင်ပြသည်။ သူ့အသံကို ကြားရသူတိုင်း လွမ်းဆွတ်တသ၍ ဝမ်းနည်းကြေကွဲကြရသည်။

သို့သော် ကျီးမိုက်များကမူ ယခုထိ သူ့ကို သနားရမှန်း မသိကြသေး။ သူကလည်း ကျီးမိုက်များထဲ ယခုထိ မသွားရဲ၊ မဝင်ရဲသေး။ တေးဆိုတုန်း၊ ငိုကြွေးတုန်း တိုင်တည်အော်မြည်တုန်းပင်တည်း။

**[ ချယ်ရီ ။ ။ ဒီဇင်ဘာ၊ ၁၉၈၆ ]**

www.burmeseclassic.com

# လူတို့၏ ဝန်းကျင်၌သာ

တွင်းနှုတ်ခမ်းပေါ် ထိုးကျလာသော နေရောင်ခြည်ကို မြင်ရ၍ သူ ဝမ်းသာသွားသည်။ အမြီးကို တနန့်နန့်လှုပ်လိုက်၏။ သူ အမြီးနှန့်လိုက်သဖြင့် မိသားစုအားလုံး အမြီးနှန့်လာကြသည်။ မိုးကြီးသည်းထန်စွာ ရွာသွန်းနေသဖြင့် သူတို့မိသားစု အပြင်လောကနှင့် အဆက်အသွယ်ပြတ်နေခဲ့သည်မှာ ရက်အတော်ကြာခဲ့လေပြီ။ ထို့ကြောင့် သူသည် သားရဲတွင်းထဲက ထွက်ရန် ပျင်းကြောတစ်ချက် ဆန့်လိုက်သည်။ ပါးစပ်ကိုဟပြီး အသံထွက်သွားသည်အထိ သမ်းဝေခြင်းကို ပြုသည်။ တပ်မက်သောစိတ်နှင့် အပြင်လောကကို ကြည့်၏။ နေရောင်ခြည်သည် တောအနှံ့ တောင်အနှံ့ ပြန့်ကြဲနေလေသည်။

စိုထိုင်းသော သားရဲတွင်းပေါ်ကုတ်ခြစ်ကာ သူထွက်လာ၏။ သူတို့မိသားစုသည် သူ့နောက်၌ တန်းစီ၍ပါလာကြသည်။ အပြင်သို့ ရောက်လာကြ၏။ ကောင်းကင်ကို တစ်ချက်မော့ကြည့်ကြသည်။ ပြာလွင်သော မိုးကောင်းကင်ပေါ်တွင် တိမ်ဖြူတစ်စ နှစ်စတို့ လွင့်မျောနေကြသည်။ သူ့စိတ်သည် အတိုင်းမသိ လွတ်လပ်သွားလေ၏။

 www.burmeseclassic.com 

သူသည် သံရှည်ဆွဲ၍ အူလိုက်သည်။ သူကဲ့သို့ပင် သူ့မိသားစုအားလုံး လိုက်အူကြ၏။ သူတို့မိသားစု ပြိုင်တူ အူလိုက်ကြသံကြောင့် တောကြက်သားပေါက်မတစ်အုပ်သည် ဖရိုဖရဲ လန့်ပြေး အော်ဟစ်သွားကြသည်။

တောကြက်မများ အထိတ်တလန့် ကတော်တိုက်သံကို ကြားရသော အခါ အာဟာရကင်းမဲ့နေသော သူ့ ဝမ်းဗိုက်သည် ချက်ချင်း ဆာလောင်မွတ်သိပ်လာလေ၏။

မြင့်မြင့်ပျံမပြေးနိုင်သော တောကြက်ကလေးများကို သူတို့မိသားစုသည် သစ်ရွက်သစ်ခက်နှင့် ချုံနွယ်ပိတ်ပေါင်းများကြားထဲတွင် လိုက်ဖမ်းကြသည်။ ပြေးမလွတ်သော ကြက်ကလေးတွေ အော်သံနှင့် သစ်ပင်ပေါ်က ကြက်မကြီးများ ကတော်တိုက်သံတို့သည် တစ်တောလုံးဆူညံသွားလေ၏။

ကြက်သားပေါက်ကလေးတွေ တစ်ကောင်စ နှစ်ကောင်စကို ဖမ်းမိချိန်တွင် တောခွေးကြီး သုံးလေးကောင်သည် ဘယ်ကဘယ်လို ပေါ်လာကြသည်မသိ သူတို့အနားသို့ ရောက်လာကြ၏။ မျိုးတူစုတစ်ခုထဲက အမျိုးများဟူသော သဘောဖြင့် သူသည် တောခွေးများကို အမြီးနှန့်ပြလိုက်သည်။ နှုတ်ဆက်သည့်သဘောဖြင့် ပါးစပ်ထဲကလည်း ညိုးညိုးညံညံ အသံပြုရ၏။

သို့သော် တောခွေးရိုင်းများသည် သူ့အားမိတ်ဖွဲ့လိုသည့်သဘောကို မပြ။ မျိုးတူစုချင်း၊ အမျိုးချင်းဟူသော သဘောကိုလည်း လုံးဝ မထောက်ထားဘဲ ဖြူဖွေးရှည်လျားသော အစွယ်များကိုသာ ထုတ်ပြကာ သူ့အား ရန်လိုလာကြသည်။ ရုတ်တရက် သူ ကြောင်သွား၏။ ဆွေမျိုးဟူသော အသံကြောင့် ကြောက်စိတ်တော့ များစွာမဝင်မိသေး။ ထို့ကြောင့် တောခွေးရိုင်းများကို သူ ကြောင်ကြည့်နေ၏။

ထိုစဉ် ကြက်ကလေးတစ်ကောင် ဖမ်းရထား၍ စားမည်လုပ်နေသော သူ့ကလေးတစ်ကောင်ကို တောခွေးမကြီးတစ်ကောင်က ဆတ်ခနဲ ကောက်ကိုက်ပြီး လွှင့်ပစ်လိုက်၏။ သူ့ကလေးပါးစပ်မှ လွတ်ထွက်သွားသော

ကြက်ကလေးကိုလည်း တောခွေးမကြီးသည် တစ်လုတ်တည်းနှင့် ချက်ချင်း ဝါးစားပစ်လိုက်လေသည်။

သူ့ကလေးငယ်သည် အထိတ်တလန့် အော်မြည်ထွက်ပြေးသွား၏။ မျက်စိအောက်တွင်ဖြစ်သဖြင့် သူ ထိတ်လန့်သွားသည်။ အမျိုးတူချင်း ရက်စက်လိုက်ကြတာဟုလည်း ခံပြင်းသွား၏။ သို့သော် သူသည် တောခွေးများကို မည်သို့မျှ မယှဉ်ပြိုင်ရဲပဲ သည်အတိုင်းငေးကြည့်နေရ၏။

တောခွေးများသည် အတိုက်အခိုက် ရဲရင့်ကြသည်။ အစာအာဟာရ၌ တပ်မက်မှုပြင်းပြသည်။ သနားညှာတာခြင်း ကင်းမဲ့ကြသည်။ သူတို့၏ ဝမ်းဗိုက်က ဆာလောင်မွတ်သိပ်လာပြီဆိုလျှင် သူတို့ထက် အဆပေါင်းများစွာ ကြီးမားအားသန်သော တောဆင်ရိုင်းကြီးများကိုပင် အုပ်စုဖြင့် လိုက်လံကိုက်သတ်စားတတ်သည်။ တောခွေးများသည် သားကောင်လိုက်ရာ၌လည်း ဝံပုလွေများထက်ပင် ကျွမ်းကျင်ကြသည်။ ထို့ကြောင့် သူသည် သူ့ကလေးငယ်များအား ကိုက်ခဲသတ်ပုတ်နေကြသော တောခွေးများကို မဟန့်တားရဲပဲ ရှိလေသည်။

သူတို့မိသားစု ဦးစွာတွေ့၍ ရှာဖွေစားသောက်ရန် လိုက်ဖမ်းနေကြသော ကြက်ကလေးများအားလုံးသည် တစ်မုဟုတ်ချင်း တောခွေးများ၏ ပါးစပ်ထဲ ရောက်ကုန်ကြ၏။

သူသည် ခံပြင်းစိတ်နှင့် အော်ဟစ်မြည်တမ်းကာ တောခွေးမ တစ်ကောင်နား ကပ်သွား၏။ ရုတ်တရက် လက်နှင့်လှမ်းရိုက်လိုက်သော တောခွေးမ၏ လက်သည် သူ့မျက်နှာကို တည့်တည့်လာထိသည်။ သူ့မျက်လုံးတွေ ရုတ်တရက် ပြာဝေသွား၏။

စောစောက သူတောခွေးမနား ကပ်သွားခြင်းမှာ သူ့ကလေးများကို မတရား နိုင်ထက်ကလူ ပြုရပါမည်လားဟု ဟန့်တားလိုသည့်သဘောသာ။ ရန်မူရန် မဟုတ်။ သို့သော် သူ ဟန့်တားလာသည်ကို တောခွေးမက လုံးဝမမှု။ လျှပ်တစ်ပြက် ဆီးရိုက်သည်။ တောခွေးများနှင့် ဤမျှ နီးနီးကပ်ကပ်

www.burmeseclassic.com

တစ်ခါမှ မကြုံဘူးသောသူသည် များစွာ ထိတ်လန့်သွား၏။ ဤမျှ လျင်မြန်၍ ရိုက်ချက်ပြင်းလိမ့်မည်ဟုလည်း သူ မထင်ခဲ့ပေ။

ရုတ်တရက် သူ မှင်တက်မိသွားစဉ် နောက်တောခွေးမတစ်ကောင်က သူ့ကိုယ်ပေါ် လျှပ်တစ်ပြက် ခုန်အုပ်လာပြန်၏။ ဒေါသတကြီးနှင့် သူ့ကို ကိုက်ခဲလေသည်။ စူးရှထက်မြက်သော တောခွေးမကြီး၏ သွားက သူ့ ကုပ်ဆက်ကို လာစူး၏။ အထိတ်ထိတ် အလန့်လန့်နှင့် သူရုန်းကန်လိုက်သော အခါ မြေပြင်ပေါ် သုံးလေးပတ်လိမ့်သွားသည်။ တောခွေးများ၏ မာန်ဖီသံက သူ့နားထဲ ဘောင်ဘင်ခတ်သွားသည်။

သူ ကမန်းကတန်းထပြေးရ၏။ သွေးရူးသွေးတန်း ပြေးလာသော သူ့နောက်ကို တောခွေးများလိုက်လာကြလေသလားဟု နောက်ပြန်တစ်ချက် လှည့်ကြည့်၏။ တောခွေးများကို မမြင်ရ။ တောခွေးများအနေကလည်း အမျိုးတူချင်းဖြစ်နေသော သူ့ကို ကြောက်လန့်သွားရုံသာ လှန့်လိုက်ကြပုံ ရသည်။ ထို့ကြောင့် တောခွေးမကြီး ကိုက်လိုက်သော သူ့ကုပ်ဆက်မှာ ပေါက်ပြဲမသွား။ သူ့အရေပြားက ပျော့လွန်းသဖြင့် ရုတ်တရက် ကိုက်ခဲ မရခြင်းလည်း ဖြစ်ကောင်းဖြစ်မည်။ သို့သော် သူကား တောခွေးများကို အကြောက်ကြီးကြောက်သွားလေပြီ။ နောက်နောင်တွင် တောခွေးများနှင့် လုံးဝ မပတ်သက် မဆက်စပ်ရဲတော့။ တောခွေးများကိုမြင်လျှင် ဝေးဝေးက ရှောင်ရမည်ဟူသော အသိတစ်ခုကို ရရှိသွားလေသည်။

ထို့ကြောင့် သူသည် တောခွေးများနှင့် ဝေးရာသို့ ပြေးလာရလေသည်။ သူ့နောက်တွင်မူ တောခွေးများ၏ သားကောင်လိုက်ဖမ်းနေကြသံက တစ်တောလုံးညံစီ၍ ကျန်ခဲ့လေ၏။

*    *    *

ခေါင်းငိုက်စိုက်ချကာ ပြေးလာ၏။ စောစောက တောခွေးများနှင့် ရန်ဖြစ်ခဲ့ကြရသည်ကို တွေးလာသည်။ စိတ်ပျက်လက်ပျက်လျှောက်လာရင်း မိမိ၏သားရဲတွင်းနားသို့ ရောက်လာ၏။ ထိုအခါ သူ့မိသားစုများကို သတိရသွားသည်။

တွင်းဝတွင် ထီးထီးရပ်ကာ အနံ့ခံကြည့်၏။ အမကြီးနှင့် ကလေးများအနံ့ကိုမရ။ ပို၍ ချောက်ချောက်ချားချားဖြစ်သွားသည်။ သူသာ အပြေးမြန်၍တောခွေးတို့၏ အန္တရာယ်မှ လွတ်ကင်းလာသော်လည်း သူ့မိသားစုသည်တောခွေးများ၏ လက်တွင်း၌ ကျရောက်သေကျန်ခဲ့ကြလေပြီလား။ ယခုလောက်ဆိုလျှင် တောခွေးများသည် အမကြီးနှင့် သူ့ကလေးများကို ကြက်ကလေး ငှက်ကလေးများကို ဝါးစားသလို ကျိုးကျိုးကျွတ်ကျွတ် ဝါးစားနေကြပြီလား။

သူ့စိတ်သည် ဆောက်တည်ရာမရဖြစ်သွား၏။ သို့သော် တောခွေးများ ရှိရာသို့မူ အမကြီးနှင့် ကလေးများကိုရှာဖွေရန် တစ်ခေါက်ပြန်၍ သူမသွားရဲတော့ပေ။

အထီးကျန်သောစိတ်သည် သူ့ကိုမခံချိမခံသာ နှိပ်စက်လာ၏။ ပူဆွေးတမ်းတစွာ သံရှည်ဆွဲ၍ အူလိုက်သည်။ သားရဲတွင်းထဲ ဝင်လိုက်ပြန်ထွက်လာလိုက် အနံ့ခံလိုက် ကျင်းဝတွင် ဆောင့်ကြောင့်ထိုင်၍ အူလိုက်အော်လိုက်နှင့် သူသည် သားမယားအတွက် ဆောက်တည်ရာမရ ဖြစ်နေလေသည်။

မကြာခင်ပင် အမကြီးသည် သူ့ကလေးသုံးလေးကောင်ကိုခေါ်၍ ကုတ်ချောင်း ကုတ်ချောင်းနှင့် ရောက်လာ၏။ အမကြီးနှင့် သူ့ကလေးများကိုမြင်သဖြင့် သူ ဝမ်းသာအားရ ပြေးကြိုသည်။ စောစောက တောခွေးမကိုက်မြှောက်လွှင့်ပစ်ခြင်းခံခဲ့ရသော သမီးငယ်နား ပြေးကပ်သွားသည်။ ကလေးများသည် ယခုထိ အကြောက်မပြေကြသေး။ အမကြီးသည်လည်း မျက်စိမျက်နှာပျက်လာ၏။

အမကြီးကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက်တွေ ပါလာ၏။ တောခွေးများ၏ လက်ထဲက သူ့သားငယ်သမီးငယ်များကို မိခင်စိတ်အပြည့်နှင့် ကိုက်ခဲလုယူလာပုံရ၏။ ပင်ပန်းနွမ်းနယ်လာသော အမကြီးနှင့် ကလေးများ သားရဲတွင်းထဲ ဝင်သွားကြသောအခါ သူလည်း ဝင်လိုက်လာရလေသည်။

ဒဏ်ရာရလာသော အမကြီးနှင့် ကလေးများကို သူသည် လျှာနှင့် လိုက်လျက်နေ၏။ အမကြီးနှင့် ကလေးများကို လျှာနှင့်လိုက်လျက်ပြီး နှစ်သိမ့်မှုပေးနေသလို တောခွေးရိုင်းများကိုလည်း မကျေနပ်စိတ်နှင့် အော်မြည်ကျိန်ဆဲနေလေသည်။

* * *

ဆောင်းဥတုသည် လျင်မြန်စွာ ရောက်လာလေ၏။ ဆီးခဲ ဆီးဖတ်များ လာကပ်သဖြင့် သစ်ရွက်များသည် တဖြောက်ဖြောက်ကြွေကာ သားရဲတွင်း နှုတ်ခမ်းပေါ် တစ်ညလုံးကျနေကြသည်။

ကြီးကောင်ဝင်ခါစ သားသမီးများသည် အသီးသီး အသက အသက အစာရှာထွက်တတ်နေကြလေပြီ။ သူသည်လည်းနှင်းမှုန်တွေ တဖွေးဖွေးကျနေသော တောထဲတွင်တစ်ကောင်တည်း အစာရှာလျက်ရှိသည်။

သူအစာရှာ၍ မရခဲ့သော်လည်း တစ်နေ့လယ်တွင် အမကြီးနှင့် သူ့ကလေးများက ကြက်ကလေး ငှက်ကလေးများနှင့် ရှဉ့်ငယ် ပတတ်ငယ်များကို ရလာတတ်ကြသည်။ လေပြင်း၍ နှင်းထန်သောနေ့များတွင် အမကြီးနှင့် သူ့ကလေးများ ရှာဖွေလာကြသော အစာအာဟာရများကို စားရသဖြင့် စိတ်ချမ်းသာနေသည်။

သို့သော် တစ်နေ့တွင် သူ့သားရဲတွင်းနား၌ သစ်ခွေးတစ်ကောင်ကို မမျှော်လင့်ဘဲတွေ့ရ၏။ သူနှင့် အလုံးတူ အရပ်တူနီးနီးဖြစ်သော သစ်ခွေးကို သူ တစ်ချက် အကဲခတ်ကြည့်သည်။ သစ်ခွေးသည် သူ့အား တောခွေးများလို

ရန်မရှာပေ။ သားရဲတွင်းနား၌သာ မယောင်မလည် လုပ်နေ၏။ သူ့ကိုလည်း များစွာ ဂရုမစိုက်။ မထိမဲ့မြင်ဟန်လည်း များစွာမရှိ။ တစ်ချက်တစ်ချက် ခိုးခိုးကြည့်တတ်ရုံကလွဲပြီး သူ့အနားကိုလည်း များစွာလာမကပ်။ သူကလည်း ထိုသစ်ခွေး သူ့အနားလာကပ်မှာကို များစွာ မလိုလား။ သူတို့ အမျိုးစုထဲတွင် မျိုးတူစုချင်းအဖြစ် ပါဝင်နေသော သစ်ခွေးများကို သူ အထင်သေးသည်။ သူတို့ အမျိုးထဲတွင် အပျင်းကြီးပြီး ကလေကချေနေတတ်သော တိရစ္ဆာန်များမှာလည်း ဤသစ်ခွေးတို့ မိသားစုတစ်ခုသာ ရှိ၏။

အပျင်းကြီးသဖြင့် တောခွေး မြေခွေးနှင့် သူတို့မိသားစုလို ကျင်းပေါက် အိုးအိမ် အတည်တကျမရှိ။ ရှားသစ်ပင်မြစ် ပျဉ်းစောင်းနားတွင် ကျင်း မတူးဘဲ ခိုကပ်နေတတ်၏။ တွေ့ကရာ မြင်ကရာကိုစား၍ ချေးကျရာပျော်တတ်သောအမျိုးပင်။ တစ်ခါ တစ်ခါ မိုးကြီးချိန်၊ နှင်းခါးရိုက်၍ လေထန်ချိန်ဆိုလျှင် သစ်ပင်မြစ်ပျဉ်းစောင်းနား မလုံမလဲခိုကပ်ကာ တအီအီ မြည်တွန်တောက်တီး လုပ်နေတတ်သည်။

သို့သော် သစ်ခွေးများကို မည်သည့်အမျိုးကမှ မသနားကြ။ ဝံပုလွေနှင့် တောခွေးများတွေ့လျှင် အော်ဟစ်မောင်းလွှတ်တတ်ကြသလို မြေခွေးတွေကလည်း သစ်ခွေးဆိုလျှင် အကပ်မခံကြ။ မိသားစု မိုးလေခိုရန် ကျင်းပေါက် မြေခေါင်းကိုပင် အခြားအမျိုးများလို ကိုယ့်ဘာသာကိုယ် တူးယက် ဖောက်ထွင်း မနေချင်ကြသော သစ်ခွေးများကို အားလုံးအထင်သေးကြသည်။ ရွံမုန်းကြသည်။ အရာမသွင်း ထားကြသည်။ ဤသည်ကို သစ်ခွေးများကလည်း သိ၏။ ထို့ကြောင့် သူ့ဘာသာသူ အပျင်းထူစွာ ဘာသာလဝါနေတတ်သော တိရစ္ဆာန်ပင်။

ဤသို့ သူ့ဘာသာသူ ဘာသာလဝါနေတတ်သော သစ်ခွေးကယခု သူ့သားရဲတွင်းနား ကပ်လာ၍ မယောင်မလည် လုပ်နေသောအခါ သူ့စိတ်ထဲမှာ ကသိကအောင့်ဖြစ်လာ၏။ ထို့ကြောင့် အကြောင်းခြင်းရာ သိရလေအောင်ဟူသော သဘောနှင့် သူသည် သစ်ခွေးနားသျှောက်လာ၏။

ထိုအခါ သစ်ခွေးသည် သူ့ ထုံးစံအတိုင်း မယောင်မလည်နှင့် သူနှင့်ဝေးရာသို့ ထွက်သွားလေသည်။

အမှန်မှာ သစ်ခွေး၏ အကြံအစည်ကို ထိုစဉ်ကပင် သူ ရိပ်မိဖို့ကောင်း၏။ သို့သော် သူကား လုံးဝ မရိပ်မိခဲ့။ သစ်ခွေးများနှင့် နီးနီးကပ်ကပ်လည်း မနေဖူးသောသူသည် ခရီးသွားဟန်လွှဲ ကြံသဖြင့် သူတို့မိသားစုတစ်ခုဤနေရာ၌ ရှိနေကြသည်ကို သိလို၍ ခဏတစ်ဖြုတ် လာကြည့်သွားခြင်းသာဟု ထင်လိုက်လေ၏။

ထို့ကြောင့် သူသည် သစ်ခွေးအား များစွာဂရုမစိုက်ဘဲ အစာရှာရန်သစ်တောထဲသို့သာ ထွက်လာမိလေ၏။

* * *

အစာရှာရာမှ ပြန်လာသောသူသည် သူ့သားရဲတွင်းနှင့် မနီးမဝေးသို့ရောက်သောအခါ ရုတ်တရက် ခြေလှမ်းတုံ့သွားသည်။ သူရရှိလာသော ကြက်ကောင်ကိုပင် ရုတ်တရက် ပါးစပ်ထဲက လွှတ်ချမိမတတ် ဖြစ်သွား၏။ ကြီးစွာထိတ်ထိတ်လန့်လန့် ဖြစ်သွားမိသည်။ အကြောင်းမှာ သူ၏ သားရဲတွင်းဆီမှ အမကြီးနှင့် သူ့ကလေးများ အော်ဟစ်ဆူညံနေကြသံကို ကြားသဖြင့်ဖြစ်လေသည်။

သူ့ထက်စော၍ အစာရှာရာမှ ပြန်လာကြသော သူ့ကလေးတွေနှင့်အမကြီးတို့ဆီက ကြက်ငှက်များကို တောခွေးကြီးများသည် တစ်နေ့ကရန်ငြိုးနှင့် လာရောက်လုယူနေကြပြီဟု ထင်လိုက်သည်။ ဤမျှ အစားအသောက်မက်ပြီး မျိုးတူစုချင်းပင် ညှာတာထောက်ထားခြင်းမရှိသော တောခွေးများကိုဤတစ်ခါတော့ သူသေကိုယ်သေ တိုက်ခိုက်ရတော့မည်ဟူသော ဒေါသစိတ်နှင့် သူသည် အမကြီးနှင့် ကလေးများရှိရာ သားရဲတွင်းသို့ တစ်ဟုန်ထိုးပြေးချလာလေသည်။

www.burmeseclassic.com


ကြက်ကောင်ကြီးကိုက်ပြီး သားရဲတွင်းနားရောက်လာသော သူ့အား အမကြီးနှင့် ကလေးများက လုံးဝ ဂရုမစိုက်အားကြ။ သားရဲတွင်းဝကိုသာ နှုတ်သီးနှင့် ထိုးထိုးဟပ်ပြီး ကိုက်ခဲအော်ဟစ်နေကြ၏။ သူသည် ကိုက်ချီလာသော ကြက်ကောင်ကို ကမန်းကတန်း ပစ်ချကာ တွင်းဝထဲငုံ့ကြည့်လိုက်၏။ ကြီးစွာဒေါသထွက်သွားသည်။ စောစောက သူ့ သားရဲတွင်းနားလာပြီး မယောင်မလည်လုပ် ကျန်ရစ်ခဲ့သော သစ်ခွေးမိုက်သည် ယခုတော့ သူတို့ မိသားစု အနှစ်နှစ် အလလက ပင်ပန်းတကြီး တူးယက်ဖောက်လုပ်ထားသော သားရဲတွင်းကို အပိုင်စီးထားလေပြီ။

သစ်ခွေးယုတ်သည် သားရဲတွင်းဝမှ နှုတ်သီးဖော်ရုံမျှဖော်ကာ သူတို့ မိသားစုကို ရန်ရှာနေ၏။ အထဲတွင် သူ၏ ကြင်ယာ ဇနီးသစ်ခွေးမနှင့် သူ့ကလေးများကိုပါ အပိုင်အနိုင် သွင်းထားပြီးဖြစ်သည်။ သူ့ဒေါသသည် ချက်ချင်း ပေါက်ကွဲတော့၏။

ရုတ်ခြည်းသစ်ခွေး၏ခေါင်းကို ထိုးကိုက်လိုက်၏။ မမိ။ ရင်ခေါင်းသံကြီးနှင့် ခြိမ်းခြောက်ကာ သားရဲတွင်းထဲခေါင်းသွင်းသွား၏။ သူက ခေါင်းလျှို၍ ဝင်ကိုက်သောအခါ ပြန်ပြီးခံကိုက်သည်။ သစ်ခွေးမနှင့် ကလေးများကလည်း သူ့အား ကြောက်လန့်သွားအောင် တွင်းထဲက ဝမ်းခေါင်းသံကြီးများနှင့် အော်ဟစ်ခြောက်လှန့်သံ ပေးနေကြ၏။

သားရဲတွင်းထဲ ခေါင်းသွင်း၍ မရသော်လည်း သစ်ခွေးယုတ်နှင့် နှုတ်သီးချင်းဆိုင်ပြီး သူက ကိုက်ခဲတိုက်ခိုက်သည်။ သစ်ခွေးယုတ်အား သူ့ခွေးမနှင့် ကလေးတွေက တွင်းထဲမှအော်ဟစ်အားပေးနေကြသလို သူ့ကိုလည်း အမကြီးနှင့် ကလေးများက အပြင်မှ အော်ဟစ်အားပေးကြ၏။

သူ့သားရဲတွင်းကို သက်သက်ဗိုလ်ကျပြီး လာရောက်ခိုဝင်နေသော သစ်ခွေးယုတ်ကို သူက တအားကြိုးစား၍ ဖိကိုက်သည်။ သို့သော် သစ်ခွေးယုတ်က နေရာကောင်းဦးမိထားသဖြင့် ရှေ့သို့ သူ မတိုးနိုင်ဖြစ်နေ၏။

သို့သော် သူက ဇွဲမလျော့။ သစ်ခွေးယုတ်၏ နှုတ်သီးတစ်ခြမ်းကို ဖွဲ့ကိုက်ရန် ကြိုးစားသည်။ ထိုအချိန်မှာပင် လေပြင်းမုန်တိုင်းက ရုတ်တရက် ကျလာ၏။ ဆီးခဲနှင်းလုံးများသည် သူ့ကိုယ်ပေါ်ကို တဖြောက်ဖြောက် လာရိုက်နေကြသည်။ နှင်းမုန်တိုင်းကြီး ကျလာပြီဆိုသည်ကို သိသောအခါ သူ့မှာ သစ်ခွေးယုတ်ကို ပို၍ ဒေါသထွက်လာ၏။

တောတောင်ထဲတွင် ကလေကဝနှင့် တွင်းမဲ့ကျင်းမဲ့ နေလေ့ရှိသော သစ်ခွေးယုတ်သည် ဤကဲ့သို့ နှင်းမုန်တိုင်းကြီး မကြာခင် ကျလာတော့မည်ကို သိသဖြင့် သူ့ကျင်း သူ့တွင်းကို ဦးစွာလာလုထားခြင်း ဖြစ်သည်။ သူတို့မှာမူ ကိုယ်ပိုင်သားရဲတွင်း ရှိကြသူများ ဖြစ်သဖြင့် ရာသီဥတုကို များစွာ သတိမထားမိကြ။ တွင်းမဲ့ကျင်းမဲ့ နေလေ့ရှိသော သစ်ခွေးယုတ်ကမူ နှင်းမုန်တိုင်းကြီး ကျလာလျှင်ခိုကပ်စရာမရှိသူပီပီ ရာသီဥတုကိုသာ အမြဲ သတိထားသူ ဖြစ်နေလေသည်။

ထို့ကြောင့်လည်း ဤသစ်ခွေးယုတ်သည် နှင်းမုန်တိုင်းကြီးကျတော့မည်ကို ကြိုတင်သိသဖြင့် သူ့ သားရဲတွင်းကို လက်ဦးအောင် အပိုင်လာစီးထားခြင်းပင်။

အမကြီးနှင့် ကလေးများက ချမ်းအေးလွန်းသဖြင့် တညည်းညည်း တညူညူ အော်ဟစ်ကြလေ၊ သူက သစ်ခွေးယုတ်ကို ဒေါသထွက်လေပင်။

အမှန်မှာ အမကြီးနှင့် ကလေးများသာမဟုတ် သူလည်း ချမ်းသဖြင့် တဆတ်ဆတ်တုန်လာလေပြီ။ သို့သော် သူများကျင်းကို ဝင်ကစွတ်လုပ်ပြီး လုယူသိမ်းပိုက်ထားသော သစ်ခွေးယုတ်နှင့် သူ့မိသားစုကမူ အပြင်ဘက်၌ ဤထက်အဆပေါင်းများစွာ နှင်းမုန်တိုင်းကြီးကျလာပါစေဟုပင် ဆုတောင်းနေကြပေလိမ့်မည်။ သို့မှသာ အပြင် နှင်းထဲ လေထဲ ရောက်နေကြသော သူတို့မိသားစုမှာ အအေးဒဏ်ကို မခံနိုင်ကြသဖြင့် မြန်မြန်ပြေးကြရမည် မဟုတ်ပါလား။

www.burmeseclassic.com


အေးလာလေ ပို၍ ဒေါသထွက်လာလေဖြစ်သော သူသည် သစ်ခွေး ယုတ်အား ရှိသမျှ ခွန်အားအပြည့်နှင့် ကြိုးစားကိုက်ခဲ၏။ ကုပ်မှခဲ၍ ဆွဲ ထုတ်ရန် ကြိုးစား၏။ နှုတ်သီးချင်းသာကိုက်မိပြီး အရာမရောက်။ အပြင်မှာလို ကိုယ်လုံးချင်း ပူးကပ်တိုက်ခိုက်နိုင်ခြင်း မရှိသဖြင့် ထင်သလောက်မလွယ် ဖြစ်နေသည်။

သစ်ခွေးယုတ်သည် အပြင်အပ တောတောင်ထဲ၌ဆိုလျှင် သူ့အား မယှဉ်ပြိုင်ဝံ့သော်လည်း ယခုကား သားရဲတွင်းတည်းဟူသော အမိုကောင်း အကာအကွယ်ကောင်းကိုရထားသဖြင့် သူကိုက်ခဲ တိုက်ခိုက်သမျှကို လုံးဝ မဖြုံပေ။ နှုတ်သီးချင်း၊ သွားချင်း၊ အစွယ်ချင်းသာ ယှဉ်ပြိုင်နေရသဖြင့် အင်အားချင်း မျှနေ၏။ ကြာသော် အပြင်အပရောက်နေရသော သူ့ကိုယ်လုံး မှာ အေးခဲသွားမတတ် ချမ်းစိမ့်လာပြီး ကိုက်အားလည်း မရှိတော့ပေ။

ထိုစဉ် လေပြင်းတစ်ချက်သည် မညှာမတာ ကျလာပြန်၏။ နှင်းခဲ ဆီးဖတ်များမှာ သူ့ကိုယ်ကို တအားလာရိုက်နေကြသည်။ အမွေးပါးသော သူ့အရေပြားသည် ကျိန်းစပ်နာကျင်လာ၏။ ကျောက်ခဲ၊ မြေစိုင်ခဲများနှင့် တအားပစ်ပေါက်ခြင်း ခံရသလို စူးစူးရှရှ နာကျင်လာသည်။ ကိုယ်ကိုနောက် ဆုတ်၍ တွန့်ခေါ်လိုက်စဉ် အမကြီးနှင့် သူ့ကလေးများသည် ဆီးလုံးနှင်းဖတ် များဒဏ်ကို မခံနိုင်ကြတော့သဖြင့် တအိုင်အိုင်အော်ကာ ထွက်ပြေးသွားကြ သည်။

သစ်ခွေးယုတ်အား ဆက်လက်တိုက်ခိုက်နိုင်ခြင်း မရှိတော့သဖြင့် သူသည်လည်း အမကြီးနှင့် ကလေးများနောက်သို့ ပြေးလိုက်လာရလေသည်။

* * *

နှင်းမုန်တိုင်းကြီးကား တော်တော်နှင့် မစဲနိုင်။

သူတို့မိသားစုသည် တစ်ကိုယ်လုံး ဆီးနှင်းကျိုးပေါင်းတွေ ကပ်ကာ ပင်ကို အညိုရောင်ပင်ပျောက်လာကြ၏။ ဖွေးဖွေးထနေသော ဆီးနှင်းခဲတွေကို ပြေးရင်းလွှားရင်း ခဏ ခဏ တဖြုန်းဖြုန်းခါချကြရသည်။

www.burmeseclassic.com

သည်လိုနှင့် ကျောက်ဆောင်ကြီး တစ်ခုနား ရောက်လာကြ၏။ လေကွယ် ဆီးကွယ်ရာ ကျောက်ဆောင်ကြီး တစ်ခုနား ပြေးအကပ်တွင် သူတို့ထက်ဦးစွာရောက်နှင့်နေကြသော ဝက်ဝံကြီးမိသားတစ်စုက သူတို့ကို မောင်းထုတ်လိုက်ကြပြန်သည်။

ဝက်ဝံကြီးများကို မယှဉ်ပြိုင်ရဲသော သူတို့မိသားစုမှာ နှင်းမုန်တိုင်းကြီး ထဲ ဆက်လက်ပြေးလာကြရ၏။ မကြာခင် နောက်ထပ် ကျောက်ဆောင်ကြီး တစ်ခုနား ရောက်လာကြပြန်သည်။

ဤတစ်ခါတော့ ဘေးကင်းရန်ကင်း ကျောက်ဆောင်နားဝင်ကပ်ကြ၏။ သူတို့ကိုယ်ပေါ် သီးထလာကြသော ဆီးခဲနှင်းဖတ်များကိုလည်း အဆောတလျင် ခါချပစ်ကြရလေသည်။

ဤကျောက်ဆောင် လိုဏ်ခေါင်းကား နှင်းမုန်တိုင်းကြီး မစဲမချင်း သူတို့မိသားစု ခိုအောင်းနေကြရမည့် နေရာပင်တည်း။

* * *

ဝံပုလွေတစ်ကောင်၏ ဆွဲဆွဲငင်ငင် အူလိုက်သံကို ကြားကြရသည်။ ဤသည်မှာ မကြာခင် နှင်းမုန်တိုင်းကြီး စဲတော့မည်ဆိုသော အမှတ်သင်္ကေတပင်။

တစ်နေ့နှင့်တစ်ည တိုက်ခတ်သွားသော နှင်းမုန်တိုင်းကြီး စဲသွားသော အခါ သူတို့မိသားစုမှာ ကျောက်လိုဏ်ခေါင်းထဲက ထွက်လာကြသည်။ သူတို့၏ မြေကျင်းနေသဘာဝမှာ အေးစိမ့်သောကျောက်ခေါင်းထဲ၌ ကြာရှည်နေမရပေ။ သူတို့ကား မြေကျင်းထဲက မြေငွေ့ကိုသာ ကြိုက်ကြ၏။

ပြေးလွှားလာခဲ့ရသဖြင့် အားလုံးဆာလောင်မွတ်သိပ်နေကြသည်။ သူသည် မနေ့က ကိုက်ချီလာခဲ့ပြီး မိမိသားရဲတွင်းနားတွင် ချထားမိခဲ့သော ကြက်ကောင်ကိုသတိရသည်။ တစ်ဆက်တည်းမှာပင် သူ့အိပ်ကျင်းမြေခေါင်းကို လုယူထားကြသော သစ်ခွေးယုတ်တို့၏ မိသားစုကိုလည်း သတိရသည်။

သူတို့မိသားစုသာ နှင်းမုန်တိုင်းထဲ ခိုကိုးရာမဲ့ ပြေးလွှားနေကြသော်လည်း သစ်ခွေးယုတ်တို့ မိသားစုကား သူ၏ သားရဲတွင်းထဲတွင် မြေငွေ့တထောင်းထောင်းနှင့် အိပ်ကောင်းတိုင်း အိပ်နေကြပေလိမ့်မည်။ သူ ရှာဖွေလာပြီး တွင်းနှုတ်ခမ်းတွင် ချထားခဲ့မိသော ကြက်ကောင်ကြီးကိုလည်း တွင်းထဲဆွဲသွင်း၍ မုန်တိုင်းကြီးကျနေချိန်တွင် အရသာရှိရှိစားသောက်နေကြပေလိမ့်မည်။

သူ၏ ဒေါသသည် သူ့တစ်ကိုယ်လုံးကို ပျံ့နှံ့သွား၏။ ဒေါသကြောင့် ဆတ်ခနဲ တစ်ချက်ထခုန်လိုက်သည်။ သံရှည်ဆွဲ၍ တစ်ချက်အူကာ သူ့သားရဲတွင်းရှိရာသို့ တစ်ဟုန်ထိုးပြေးလာမိသည်။ သူကန်ကျောက်ထားခဲ့သော ဆီးနှင်းခဲ အပဲ့အစများသည် သူ့နောက်တွင် ဖွေးဖွေးထ၍ ကျန်ခဲ့၏။ သူ့မိသားစုသည်လည်း သူ့နည်းတူ မိမိတို့၏ သားရဲတွင်းရှိရာသို့ မှန်းပြေးလိုက်လာကြသည်။

ဝမ်းနည်းစရာကောင်းသော အဖြစ်ဆိုးနှင့် ကြုံကြရ၏။ ညကသည်းထန်သွားသော နှင်းမုန်တိုင်းကြီးသည် မြေပြင်တစ်ခုလုံးကို ဆီးခဲနှင်းဖတ်တွေနှင့် ဖုံးအုပ်ထားခဲ့၏။ လဲကျနေသော သစ်ပင်ကြီးအချို့ပင် ဆီးခဲထုထဲ နစ်နေ၏။ သူ၏ သားရဲတွင်းရှိရာကို မမှတ်မိတော့။

လှည့်ပတ်ရှာဖွေကြသည်။ ဒေါသပူဆွေးမှုဖြင့် အူဟစ် အော်ဟောင်ကြသည်။ သစ်ခွေးယုတ်တို့မိသားစု ခိုအောင်းနေကြသော သူတို့၏ သားရဲတွင်းကို အစအနပင် မတွေ့ရ။

အပျင်းထူသော သစ်ခွေးယုတ်မိသားစုကမူ ယခုလို ကျင်းဝကို ဆီးခဲနှင်းမြုပ်တွေ ဖုံးပိတ်နေသည်ကိုပင် ပို၍ သဘောကျနေကြပေလိမ့်မည်။ ယခုလို သားရဲတွင်း နှုတ်ခမ်းဝကို ဆီးခဲနှင်းဖတ်တွေက ဖုံးပိတ်ထားမှ သူတို့သည် မြေအောက်ကမ္ဘာထဲ၌ စိတ်ချလက်ချ နေနိုင်ကြမည် မဟုတ်ပါလား။

ဆီးခဲနှင်းဖတ်တွေ အရည်ပျော်ကျမှ ကျင်းခေါင်းထဲက ထွက်လာကြမည့် သစ်ခွေးယုတ်မိသားစုကို သူ စောင့်ချင်သေး၏။ အပြင်အပတွင်

သစ်ခွေးယုတ်မိသားစုနှင့် သူတို့မိသားစု အသေအကြေတိုက်ခိုက်ချင်သေး၏။ သို့သော် တစ်တောလုံး တစ်တောင်လုံးရှိ မြေပြင်တွေမှာ ရေခဲပြင်ဖြစ်နေသဖြင့် သားရဲတွင်းကို ခန့်မှန်း၍ပင် မရတော့ပေ။

သူတို့မိသားစုသည် အနှစ်နှစ် အလလက ဘိုးစဉ်ဘောင်ဆက်နေလာခဲ့ကြရသော သားရဲတွင်း မြေအောက်ကမ္ဘာကြီးကို နှမြောဝမ်းနည်းစွာနှင့် စွန့်ခွာလာကြရလေသည်။

* * *

ညက နှင်းမုန်တိုင်းကြီးကျသွားသဖြင့် မိုးကောင်းကင်သည် ကြည်စင်ပြာလဲ့နေ၏။ မိုးသားတိမ်စဆို၍ပင် ကောင်းကင်ထက်၌ တစ်ဖဲ့တစ်စကိုမှ မမြင်ရ။ နေရောင်ခြည်သည် အရှေ့ဘက်တောင်တန်းမြင့်ကြီးများပေါ် ကျော်တက်လာလေ၏။

နေရောင်ခြည်ကို မြင်ရသောအခါ သူ အားတက်လာသည်။ မိုးပေါ်ကို မော့ကြည့်၍ တစ်ချက်အူလိုက်၏။ သူတို့ မိသားစုသည် တောင်ချိုင့်လွင်ကြောတစ်ခုကို ဖြတ်လျှောက်လာကြသည်။

ကျောက်ဆောင်တစ်ခုပေါ်တွင် နေစာလှုံနေသော ရေခဲငှက်သုံးလေးကောင်ကို လှမ်းမြင်ရ၏။ သူတို့မိသားစု၏ ဝမ်းဗိုက်များသည် ပို၍ဆာလောင်လာကြလေသည်။

ခြေသံဖွဖွနင်းကာ ရေခဲငှက်ဖမ်းရန် ကျောက်ဆောင်ပေါ် ကုတ်ခြစ်တက်လာကြ၏။ အစာဆာ၍ လောကြီးနေသော သူ့ကလေးတစ်ကောင်သည် ကျောက်တုံးစွန်းပေါ်နားနေသော ရေခဲငှက်တစ်ကောင်ကို ဦးစွာခုန်အုပ်လိုက်၏။ ရေခဲငှက်က ထပျံသွားပြီး သူ့ကလေးသည် ကျောက်ဆောင်ပေါ်မှ လိမ့်ကျသွားသည်။ တခြားရေခဲငှက်တွေလည်း အထိတ်တလန့် အော်ဟစ်ပျံပြေးသွားကြသည်။ သို့သော် ညက နှင်းမုန်တိုင်းကြောင့် အတောင်တွေ ရေစိုနေကြသော ရေခဲငှက်များသည် ဝေးဝေးမပျံနိုင်ကြ။ အနီးအနားက ကျောက်တုံးကြီးတစ်တုံးပေါ် သွားနားနေကြ၏။

သူတို့မိသားစုသည် အာသာရမ္မက်နှင့် ရေခဲငှက်များရှိရာသို့ လိုက်လာကြ၏။ ရေခဲငှက်များ ဝေးဝေးမြင့်မြင့် မပျံနိုင်ကြဆိုသည်ကိုလည်း သတ္တဝါတို့၏ သိစိတ်အရ သိသွားကြသည်။

ထိုစဉ် ဝံပုလွေများ ဒေါသတကြီး အော်သံကို ကြားလိုက်ကြသည်။ သူတို့၏ မျိုးနွယ်ထဲတွင် ဝံပုလွေများကား တောဘုရင်ဖြစ်၏။ မည်သူကမှလည်း သူတို့ကို မတိုက်ခိုက်ရဲကြ။ ဒေါသကြီးပြီး ရက်စက်ကြမ်းကြုတ်ရာတွင်လည်း ပြိုင်ဘက်မရှိသော အမျိုးများပင်။

ထို့ကြောင့် သူတို့မိသားစုသည် ထိတ်ထိတ်လန့်လန့်ဖြစ်သွားကြ၏။ ရေခဲငှက်များကိုလည်း ဆက်မလိုက်ရဲကြတော့။ စောစောက သူတို့လိုက်ဖမ်းကြသော ရေခဲငှက်များမှာ ဝံပုလွေများ ချောင်းမြောင်းနေကြသော သားကောင်များဟု ထင်လိုက်ကြသည်။

သို့သော် သူတို့အထင်မှာ လွဲမှားသွား၏။ တောစမှ ရေခဲလွင်ပြင်သို့ သားကောင်ကြီးတစ်ကောင်ကို မောင်းယူလာကြသော ဝံပုလွေကြီးနှစ်ကောင်ကို ချက်ချင်း မြင်လိုက်ကြရသည်။

ရေခဲငှက်တွေ လန့်ပျံသွားသံကို ကြားလိုက်ရသော သားကောင်ကြီးသည် သူတို့မိသားစုရှိရာနှင့် စောစောက ကျောက်ဆောင်နားတွင် ပုန်းနေကြသော ဝံပုလွေများရှိရာသို့ ဦးတည်ပြေးလာနေရာမှ တစ်ဘက်သို့လမ်းကြောင်းလွှဲ ထွက်ပြေးသွားသည်။ ဤနေရာတွင် ဝံပုလွေအချို့ ပုန်းလျှိုးကွယ်လျှိုး စောင့်နေကြသည်ကို ရေခဲငှက်တွေ လန့်ပြေးသံကြောင့် သိသွားပုံရသည်။

သားကောင်နောက်လိုက်လာသော ဝံပုလွေများနှင့် ကျောက်ဆောင်နားမှ ဖြတ်ဆီးစောင့်နေကြသော ဝံပုလွေကြီးများ အားလုံးမှာ သားကောင်ကြီးနောက် စုပြုံလိုက်သွားကြသည်။ ထိုအခါ သူတို့မိသားစုသည်လည်း မျိုးတူစုဆွေမျိုးဟူသော အသိကြောင့် ဝံပုလွေကြီးများနောက် မယောင်မလည် ပြေးလိုက်လာကြသည်။

www.burmeseclassic.com

သူတို့ မိသားစုမှာ ဝံပုလွေများလို သားကောင်ကြီးများကို လိုက်လံ မဖမ်းဆီးနိုင်သော်လည်း သူတို့၏ အကြီးအမှူး ဆွေမျိုးများဖြစ်ကြသော ဝံပုလွေများ သားကောင်လိုက်ရာတွင် တစ်တပ်တစ်အား ပါဝင်အားပေးကြသလို ဝံပုလွေများ သားကောင်ရလျှင်လည်း အရိုးအရင်းများကို စားရလိုစားရငြား ဖြစ်သည်။ သူတို့မျိုးတူစုထဲတွင် ဝံပုလွေများကို သူတို့မိသားစုနှင့်တကွ အားလုံးက အထင်ကြီးလေးစား ကြောက်ရွံ့ကြလေသည်။

ထို့ကြောင့်လည်း ဝံပုလွေများ သားကောင်ကို ကိုက်လှဲစားသောက်နေကြချိန်တွင် သူတို့မိသားစုသည် ဝံပုလွေများအနား၌ သွားရည်တမျှားမျှားနှင့် ထိုင်စောင့်နေမိကြ၏။ ဝံပုလွေများကမူ မြိန်ရည်ရှက်ရည်စားရင်း သူတို့ မိသားစုအား မလိုလားစွာ ကွက်ကြည့် ကွက်ကြည့် လုပ်နေကြ၏။ ထို့ကြောင့် သူတို့မိသားစုသည် ဝံပုလွေများအနားကို မသီရဲကြ။ စားကြွင်းစားကျန်များကို စားရနိုးနှင့်သာ မနီးမဝေးက စောင့်နေကြရ၏။

ဝံပုလွေများသည် သူတို့မိသားစု စားကြွင်းစားကျန်များကို စားချင်လွန်း၍ ထိုင်စောင့်နေကြမှန်း သိသော်လည်း တောခွေးများလို ပြေးကိုက်ခြင်း၊ ရန်ရှာခြင်းတော့ မပြုကြ။ သူတို့အပေါ်တွင် အမှုထားစရာမလိုဘဲ မလောက်လေး မလောက်စားဟု သဘောထားကြတာလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ တစ်နည်းဆိုရသော် သူတို့မျိုးတူစုထဲတွင် ပါဝင်သော အညတရ မိသားစုတစ်ခုဟူသော သဘောဖြင့် သက်ညှာကြခြင်းလည်း ဖြစ်လေမည်။

ဝံပုလွေများ စားသောက်ပြီး၍ ထွက်ခွာသွားကြသောအခါ သူတို့မိသားစုသည် အကြွင်းအကျန်များကိုစားရန် သူ့ထက် ငါဦး ပြေးသွားကြ၏။ အရိုးအရင်း အကြွင်းအကျန်များကို သူတို့မိသားစု ဖက်ယက်စားနေကြသည်ကို မြင်သော်လည်း ဝံပုလွေများကား လုံးဝ ရန်မရှာကြပေ။ တစ်ချက်နှစ်ချက်သာ လှည့်ကြည့်ပြီး ထွက်ခွာသွားကြ၏။

ထိုအချိန်မှာပင် ကန္တာရ ငှက်ရဲတစ်အုပ်သည် သူတို့ကိုယ်ပေါ်သို့ နှင်းမှုန်တိုင်းထဲက ဆီးခဲနှင်းလုံးများပမာ ပြေးဆင်းလာကြပြီး သူတို့မိသားစုကို

www.burmeseclassic.com


ထိုးဆိတ်ကြလေသည်။ သူသည် ဝံပုလွေများချန်ထားခဲ့သော ခြေထောက်ရိုး တစ်ခုကို ကိုက်ချီ၍ ထွက်ပြေးရ၏။ အမကြီးနှင့် ကလေးများသည်လည်း နိုင်ရာနိုင်ရာ အရိုးအရင်းတွေကို ကိုက်ချီ၍ သူကဲ့သို့ပင် ထွက်ပြေးကြရသည်။

သို့သော် ကန္တာရ ငှက်ရဲများနှင့် ဝေးအောင် လွတ်အောင်မပြေးနိုင်ကြ။ သားစားကြူးသော ငှက်ရဲများသည် သူတို့ပြေးရာသို့ပျံ၍ ထိုးဆိတ်လိုက်ပါ လာကြသည်။ ပြေးမလွတ်မှန်းသိသောအခါ သူတို့မိသားစုသည် ကိုက်ချီ ယူပြေးလာသော အရိုးအရင်းများကို ပစ်ထားခဲ့ပြီး သစ်တောထဲဝင်ပြေး ကြရ၏။

အငြိုးရန်မက်ကြီးသော ငှက်ရဲအချို့သည် သူတို့ မိသားစုအား သစ်တောထဲ ဝင်လိုက်ထိုးဆိတ်ကြ၏။ ထိုအခါ သစ်ပင် သစ်ကိုင်းတွေနှင့် ရုတ်တရက် တိုက်မိပြီး အတောင်ပံကျိုးကာ တစ်ကောင်နှစ်ကောင်သော ငှက်ရဲတို့သည် သူတို့အနား ပစ်ကျလာကြ၏။

ဤတစ်ခါတော့ သူတို့မိသားစု အလှည့်ပင်။ သူတို့ကို လိုက်လံ တိုက်ခိုက်ရင်း အရှိန်လွန်ကာ အတောင်ပံကျိုးပြီး သူတို့ရှေ့ပစ်ကျလာသော ငှက်ရဲတစ်ကောင်စီကို ကိုက်ချီကာ သူတို့မိသားစုသည် တောနက်ထဲ ဝင်ပြေး လာကြလေ၏။

*　　*　　*

တောနက်ထဲတွင် အစာရှာဖွေစားသောက်ရင်း နွေဦးရာသီသို့ ရောက်လာ၏။ မကြာခင် မိုးလရောက်တော့မည်ကို သူတို့စိတ်က သိလာကြသည်။ ထို့ကြောင့် တောင်ကမ်းပါးယံတစ်ခုတွင် သူတို့မိသားစု အိပ်ကျင်း နေကျင်း တူးယက် ကြသည်။ သူတို့မိသားစုသည် ပင်ပန်းကြီးစွာ အိပ်ကျင်းနေကျင်း တူးယက် ကြရင်း ယခင်က သစ်ခွေးယုတ်များလုယူသွားကြသော သားရဲတွင်းဟောင်း ကို သတိရနေကြသည်။

ထိုသားရဲတွင်းလို ကျယ်ပြန့်ရှည်လျားသော မြေအောက်ကမ်းပါးကြီး တစ်ခုကို သူတို့မိသားစုသည် နှစ်ရှည်လများ နားနားနေနေ တူးယက်ကြရပေ

 www.burmeseclassic.com 

လိမ့်မည်။ သူတို့၏ ကျင်းဟောင်း မြေအောက်ကမ်းပါးကား လုံခြုံစိတ်ချရသည့်အပြင် နွေးထွေးသော အငွေ့အသက်လည်း ရှိလေသည်။ နေရာအနေအထားကလည်း ကောင်းမွန်၏။ မည်မျှ မိုးကြီးသည်းထန်စွာရွာရွာ သူတို့မြေအောက်ကမ္ဘာကို မိုးရေများ ရောက်မလာနိုင်ပေ။

သားရဲတွင်းတူးရင်း ဆာလောင်မွတ်သိပ်လာကြသော သူတို့မိသားစုသည် တစ်နေ့သ၌ အစာရှာရန်အလို့ငှာ အနီးပတ်ဝန်းကျင်သို့ လှည့်လည်ထွက်လာကြလေ၏။

သူသည် မို့မောက်သော တောင်ပို့တစ်ခုထက်၌ မြေခွေးတစ်ကောင်ဆောင့်ကြောင့်ထိုင်နေသည်ကို မြင်ရလေသည်။ မြေခွေးသည် အရှေ့အရပ်ကိုမျက်နှာမူကာ မလှုပ်မယှက်ငြိမ်နေ၏။ နေရောင်ထဲ၌ မြေခွေး၏ မလှုပ်မယှက်ထိုင်နေပုံကို ငေးကြည့်ကာ သူသည် များစွာ အံ့သြသွား၏။ ဆောင့်ကြောင့်ထိုင်ရင်း သေများနေသလား ထင်မိသည်။ ဤလိုနွေးထွေးသော ရာသီတွင် ဤကဲ့သို့ ထိုင်လျက်ကြီး သေနိုင်စရာတော့ အကြောင်းမရှိ။ သေချင်းသေလျှင် ဆီးနှင်းများ အဆမတန်ထန်သော ဟေမန္တရာသီဥတု၌သာ သွေးခဲပြီး သေနိုင်၏။ အံ့ဖွယ်ကောင်းလေစွဟု သူ့နှုတ်က မြည်တမ်းမိသည်။

ဝံပုလွေ၊ တောခွေး၊ သစ်ခွေးများအပြင် မြေခွေးဆိုသော တိရစ္ဆာန်မှာလည်း သူတို့မျိုးနွယ်ဝင်ဖြစ်သဖြင့် သူသည် စာနာစိတ်နှင့် မြေခွေးအနားကို ကပ်သွား၏။ ထိုင်လျက်သေနေတာ ဟုတ် မဟုတ်ကိုလည်း လှည့်ပတ်ကြည့်၏။ ပို၍ အံ့သြသွားရသည်။

မြေခွေးငယ်သည်နေကို စေ့စေ့ကြည့်ကာပါးစပ်ကိုလည်း ဟထား၏။

သူ၏ ပြာနှမ်းနက်မှောင်သော မျက်လုံးအစုံသည် နေရောင်ခြည်ထဲ၌ တလက်လက် တောက်ပကွန့်မြူးနေ၏။ မျက်လုံးအစုံမှ အရောင်မျိုးစုံတို့ ဖြာထွက်နေ၏။ တစ်ချက် တစ်ချက်တွင် အပလေကို သူ၏ ဝမ်းဗိုက်ထဲသို့ ညင်ညင်သာသာ ရှူသွင်းနေသည်။

www.burmeseclassic.com


သူ၏ အသိစိတ်တွင် အလင်းရောင်တစ်ခုသည် ရုတ်ခြည်းပေါ်လာလေ၏။ သူတို့အမျိုးထဲတွင် ဝံပုလွေ၊ တောခွေး၊ သစ်ခွေးတို့လို ရက်စက်ကြမ်းကြုတ်သူ။ သူများအိပ်ကျင်းသားရဲတွင်းကို မတရားလုယူသူ၊ သူတစ်ပါး၏ အသက်ကို သတ်ဖြတ်စားသောက်တတ်သူများ ရှိသလို ဤမြေခွေးငယ်ကဲ့သို့ နေကိုရှိခိုးကာ သူတစ်ပါးအသက်ကို သတ်ဖြတ်မစားဘဲ အပလေကိုသာ စားသောက်ပြီး ဓိဝ အသက်ရှင်နေသော သတ္တဝါထူး သတ္တဝါမြတ်လည်း ရှိပေသေးသည် တကား။

ဤမြေခွေးငယ်သည် ဤကဲ့သို့ကြီးမားသော ကာယိန္ဒြေနှင့် သူ၏ ခက်ခဲနက်နဲလှစွာသော အကျင့်သိက္ခာကို ကျင့်ကြံစောင့်စည်းနေသည်မှာ လေးစားဖွယ်ကောင်းလေစွ။ သူ ဤသို့ ကျင့်ကြံအားထုတ်နေသည်မှာလည်း ယခုဆိုလျှင် ရက်ပေါင်းနေ့ပေါင်း ကာလမည်မျှ ကြာညောင်းခဲ့လေပြီ ဆိုသည်ကို သူ မခန့်မှန်းတတ်။

မြေခွေးငယ် ဤသို့ လုံ့လအားထုတ်မှုပြုနေသည်မှာ သူနှင့် တောခွေးမိုက်တို့ ကြက်လုစဉ်ကတည်းက ဖြစ်နိုင်၏။ သို့မဟုတ် သူနှင့် သစ်ခွေးယုတ်တို့ ကျင်းလုကြစဉ်ကပင်လည်း ဖြစ်ကောင်းဖြစ်နိုင်၏။ သို့မဟုတ် နှင်းမှန်တိုင်းကြီး ကျစဉ်ကပင် သူ၏ အကျင့်သိက္ခာကို ခဲခဲယဉ်းယဉ်း စီးဖြန်းကာ မှန်တိုင်းလေပြင်းများကို စားပြီး မလှုပ်မယှက် နေလာခဲ့တာလည်း ဖြစ်နိုင်၏။ ဤမြေခွေးငယ်ကား ထူးဆန်းပေစွ။ အံ့ဖွယ်သရဲရှိပေစွ။

သူတို့မိသားစု စတွေ့ကတည်းကပင် ယခုအချိန်ထိ မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်နေသောမြေခွေးငယ်ကိုကြည့်ကာ သူတို့မိသားစုမှာ အံ့ဩမဆုံး ဖြစ်သွားကြ၏။ ဤမြေခွေးငယ်သည် နောက်ထပ် ရက်လ နှစ်ပေါင်း မည်မျှ ကြာကြာ သူ၏ အကျင့်သိက္ခာကို စောင့်စည်းထိန်းသိမ်းနေလေဦးမည် မသိနိုင်။

ထို့ကြောင့် မြေခွေးငယ်၏ ကောင်းသောအကျင့်စရိုက်ကို နှောင့်ယှက်ရာ ကျမည်စိုးသဖြင့် သူတို့မိသားစုသည် မြေခွေးငယ်အနားမှ တိတ်ဆိတ်ငြိမ်သက်စွာ ထွက်ခွာလာကြရလေသည်။

* * *

 www.burmeseclassic.com 

သူတို့မိသားစုသည် မိမိတို့ သားရဲတွင်းရှိရာ ဤတောင်ကြားလမ်းကလေး အတိုင်း အစာရှာထွက်ရင်း မို့မောက်သော တောင်ပို့ထက်တွင် လေကိုစား၍ တစ်စုံတစ်ခုအတွက် ကျင့်ကြံအားထုတ်နေသော မြေခွေးငယ်အား အမြဲလိုလို သတိထားကြည့်မိကြသည်။

နံနက်တိုင်းလိုလို တောင်ပို့ထက်၌ ဆောင့်ကြောင့်ထိုင်ကာ မလှုပ်မယှက် တစ်စုံတစ်ခုအတွက် ကြိုးစားအားထုတ်နေသော မြေခွေးငယ်ကို နေ့စဉ်တွေ့ရတတ်သလို ထိုမြေခွေးငယ်နေရာနှင့် မနီးမဝေးရှိ တောင်ပို့တစ်ခု ထက်တွင်လည်း ထူးဆန်းသော နောက်ထပ်မြေခွေးတစ်ကောင်ကို တွေ့မိကြပြန်သည်။

ဒုတိယတွေ့ရသော မြေခွေးငယ်သည် ပထမတွေ့ရသော မြေခွေးထက် အလုံးအရပ်အားဖြင့်လည်းကောင်း၊ အသက်အရွယ်အားဖြင့် လည်းကောင်း၊ တည်ငြိမ်သော ဣန္ဒြေအရလည်း ပိုပြီး လေးစားဖွယ်ရှိသည်။ ထို့အပြင် သူနေသော တောင်ပို့သည် ပထမမြေခွေးငယ်နေသော တောင်ပို့ထက် ကြီးလည်းကြီး မြင့်လည်းမြင့်ပေ၏။ သူ၏ တောင်ပို့ပတ်ဝန်းကျင်ရှိ သစ်ပင်ကြီးများသည်လည်း ထိုမြေခွေးကဲ့သို့ပင် ခန့်ထည်မြင့်မားကြကုန်၏။ အောက်ခြေရှင်းသော သစ်ပင်ကြီးများကြောင့် မြေခွေးကြီး ဆောင့်ကြောင့်ထိုင်နေသည်ကို အတော်ဝေးဝေးကပင် မြင်နေရသည်။

ဤဒုတိယမြေခွေးကြီး၏ ထူးခြားချက်မှာ အခြေလေးချောင်း ရှိကုန်ကြသော တိရစ္ဆာန်များ အားလုံးတို့သည် ရှိသမျှသော ခြေလက်လေးဘက် အစုံကို မြေပြင်တွင်ချ၍သွားခြင်း၊ လာခြင်း၊ နေခြင်း၊ ရပ်ခြင်းအမှုကို ပြုတတ်ကြသော် ဤမြေခွေးကြီးကား ခြေနှစ်ချောင်းနှင့် လက်တစ်ဘက်ကိုသာ မြေပြင်ပေါ်တွင်ထောက်၍ ထူးထူးဆန်းဆန်း ဆောင့်ကြောင့်ထိုင်နေ၏။ သုံးချောင်းသော ခြေလက်တို့ဖြင့် ဆောင့်ကြောင့်ထိုင်ကာ သူ၏ကိုယ်ကို မလှုပ်မယှက် ငြိမ်သက်စွာဆောက်တည်ထားခြင်းသည် ရှည်လျားကြာမြင့်စွာသော ကာလ မည်ရွေ့မည်မျှကို ခန့်မှန်းရန်ခက်လှလေသည်။

သူတို့ မိသားစုသည် မြေခွေးတစ်ကောင်ကို တွေ့တိုင်း ထူးခြားမှု တစ်ခုစီကို အံ့သြဖွယ်ရာ တွေ့ရသဖြင့် ယခုလည်း ဤမြေခွေးကြီးအနားသို့ ချဉ်းကပ်သွားကြည့်ကြလေ၏။

သူတို့မိသားစု လေးငါးကောင်သည် သူ့အနားသို့ရောက်လာကြ သော်လည်း မြေခွေးကြီးကား တုတ်တုတ်မျှမလှုပ်ပေ။ ဣန္ဒြေအပြည့်နှင့် တုံဏှိဘာဝေ ဆိတ်ဆိတ်သာနေလေသည်။ မြှောက်ထားသော လက်တစ် ချောင်းကိုလည်း လုံးဝ မြေပြင်သို့ ပြန်မချဘဲ သုံးချောင်းသော ခြေလက်တို့ ဖြင့်သာ မလှုပ်မယှက် ဆောင့်ကြောင့်ထိုင်နေ၏။ သူ၏ တစ်ကိုယ်လုံး၌ အလှုပ်ရှားဆုံး နေရာမှာ မျက်လုံးအစုံသာဖြစ်သည်။ သူငယ်အိမ်ကြည်နေ သော သူ၏ မျက်လုံးအစုံသည် သူတို့မိသားစု အနားသို့ရောက်လာသောအခါ ပို၍ ဝေ့ပတ်လှုပ်ရှားလာသည်။

မြေခွေးကြီး၏ လက်တစ်ဘက်သည် သားကောင်လိုက်ရင်း သော် လည်း ကောင်း၊ ရန်သူနှင့် တိုက်ခိုက်ရာ၌သော်လည်းကောင်း၊ အချင်းချင်း ခိုက်ရန်ဒေါသ ဖြစ်ကြရာမှသော်လည်းကောင်း၊ သို့မဟုတ် မိမိဘာသာမိမိ မတော်တဆ ခြေချော်လက်ချော်ကျရာမှသော်လည်းကောင်း တစ်စုံတစ်ခု ဒဏ်ရာအနာတရဖြစ်ပြီး မြေပြင်သို့ မချမထောက်နိုင်လောက်အောင် နာကျင် နေသလားဟူသော အထင်နှင့် သူတို့မိသားစုသည် မြေခွေးကြီးအနားကို ပို၍ ချဉ်းကပ်ကြည့်ကြ၏။

သူတို့မိသားစုအနေမှာ ရန်သတ္တရုမပြုတတ်သော မျိုးတူစု ဆွေမျိုး သားချင်းများအပေါ် ခင်မင်တွယ်တာချင်စိတ်နှင့် မြေခွေးကြီးကို သေသေ ချာချာ လှည့်ပတ်ကြည့်ရှုကြခြင်း ဖြစ်၏။ မြေခွေးကြီး၏ မြှောက်ထားသော လက်တစ်ဘက်သည် ပကတိအကောင်းပင်တည်း။ ဘာဒဏ်ရာဒဏ်ချက်ကိုမှ မြေခွေးကြီး၏ မြှောက်ထားသောလက်ပေါ်၌ မမြင်ကြရ။

သူတို့မိသားစုသည် ကြီးစွာသော အံ့သြတုန်လှုပ်မှုဖြင့် မြေခွေး ကြီးကို ဆက်လက်ကြည့်ကာ အကဲခတ်နေကြ၏။ အတော်ကလေးကြာလာ

www.burmeseclassic.com


သောအခါ မြေခွေးကြီးသည် ညောင်းညာကိုက်ခဲလာ၍လား မသိ။ လေထဲ မြှောက်ထားရသော လက်တစ်ဘက်ကို မြေပြင်သို့ မတ်မတ်ချလိုက်၏။ မြေပြင်တွင် ထောက်ထားသော နောက်လက်တစ်ဘက်ကိုမူ ရုတ်တရက် မြှောက်လိုက်သည်။

မြေခွေး၏ ရုတ်တရက် လှုပ်ရှားမှုကြောင့် သူတို့မိသားစုသည် ချက်ချင်း အထိတ်တလန့် ဖြစ်သွားကြ၏။ သားငယ် သမီးငယ်များသည် ပို၍ ထိတ်လန့်တကြားဖြစ်ကာ မြေခွေးကြီးအနားမှပင် ခပ်လှမ်းလှမ်းသို့ ခွာပြေးသွားကြ၏။ မြေခွေးကြီးအနားတွင် သူနှင့် အမကြီးတို့သာ မယောင်မလည်နှင့် အကဲခတ်ကျန်ရစ်ကြသည်။

မြေခွေးကြီးသည် စောစောက မြေကမ္ဘာပြင်တွင် ထောက်ထားသော လက်တစ်ဘက်ကို သူတို့ မျက်စိရှေ့၌ပင် လေထဲမြှောက်တင်ပြလိုက်ပြီး လေထဲမြှောက်ထားသော လက်ကိုမူ မြေပြင်ပေါ်သို့ ချက်ချင်းထောက်ချပြလိုက်ပြန်သည်။ မြေခွေးကြီး၏ အပြုအမူနှင့် အကြည့်အရှုတို့သည် သူတို့မိသားစုအား စကားပြောနေသကဲ့သို့ ရှိချေ၏။

ရုတ်တရက် သူ လန့်သွား၏။ မြေခွေးကြီးအား ပိုပြီး အံ့ဖွယ်သမှုလည်း ဖြစ်သွား၏။ ဤမြေခွေးကြီး၏ လက်တစ်ဘက်က လေထဲအမြဲမြှောက်ထားရသည်မှာ သူသည် ကြီးမားထက်သန်သော ခွန်အားများကို ပိုင်ဆိုင်ထားသဖြင့်ဟူသော အဓိပ္ပာယ်ကိုဆောင်နေသည်။

သူ၏ လေးချောင်းလေးဘက်သော ခြေလက်တို့ကို မြေပြင်သို့ ထောက်ချလိုက်ပါက ဤနှစ်သိန်းလေးသောင်းထုရှိသော မဟာပထဝီမြေကြီးသည် ပြိုကျ နစ်ဝင်သွားပေလိမ့်မည်။ သူ၏ ကိုယ်ခန္ဓာသည် အမြင်၌သာ သေးငယ်သော်လည်း စွမ်းအားတန်ခိုးတို့မှာကား လေးလံလွန်းလှသည်။ အလေးပမာဏချင်း ယှဉ်လျှင်သူ၏ သေးငယ်သော ကိုယ်ခန္ဓာသည် စွမ်းအားများကြောင့် နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးထက်ပင် လေးလံနေဟန်ပင်။

အကယ်၍ သူသာ မဟာပထဝီမြေကြီးပေါ် ခြေလက်လေးဘက် စုံထောက်လိုက်ပါက မြေကြီးသည် မုချပြိုကျ ပျက်စီးသွားနိုင်လေသည်။ ထိုအခါ ကမ္ဘာမြေပြင်ပေါ်တွင် မှီတင်းနေထိုင်ကြကုန်သော သက်ရှိသတ္တဝါများအားလုံး သေကြေပျက်စီးကြပေလိမ့်မည်။ သာယာလှပသော တောတောင် ရေမြေ ပင်လယ် သမုဒ္ဒရာတို့သည်လည်း ဆိတ်သုဉ်းပျောက်ကွယ်ခြင်းသို့ ရောက်သွားကြပေလိမ့်မည်။

ဤအချင်းအရာတို့ကို သိမြင်သော စွမ်းအားရှင် မြေခွေးကြီးသည် သတ္တဝါ ဝေနေယျများအား သနားသောအားဖြင့် သူ၏ ခြေလက်လေးချောင်း အစုံကို မြေပြင်သို့ မထောက်မချဘဲ သုံးချောင်းသော ခြေလက်တို့ကိုသာ ထောက်ကာ အသျောင်းအညာခံပြီး ပင်ပန်းဆင်းရဲကြီးစွာ ကျင့်ကြံနေထိုင်ရသူ ဖြစ်လေသည်။

ဤစွမ်းအားရှင် မြေခွေးကြီးကိုလည်း အနှောင့်အယှက်မပေးလိုသဖြင့် သူတို့ မိသားစုသည် ဝမ်းစာရှာဖွေရန် မြေခွေးကြီးအနားမှ ရိုသေကျိုးနွံစွာ လာခဲ့ကြရပြန်လေသည်။

* * *

လေပြင်းသည် တောသုံးထောင်ကို အညှာအတာကင်းမဲ့စွာ တိုက်ခတ်စပြုလာသည်။ သစ်ပင်ကြီးငယ်များသည် တည်ငြိမ်မှုကင်းမဲ့ကို တစ်ချိန်ပြီးတစ်ချိန် စွန့်ခွာနေကြရသည်။ တည့်မတ်ငြိမ်သက်ခြင်းဌာ မစွမ်းသာတော့ဘဲ အမြဲ ထာဝရ ယိမ်းက လှုပ်ရှားနေကြရ၏။

သူတို့ မိသားစုသည် လေထဲ၌ မိုးရနံ့ကို ရှူရှိုက်မိကြ၏။ မိုးလ မရောက်မီ မိုးအောင်းရန် နက်ရှိုင်းလုံခြုံသော ကျင်းပေါက် သားရဲတွင်းများကို ဖောက်လုပ်ကြရန် သူတို့၏ သဘာဝဗီဇစိတ်က လှုံ့ဆော်လာသည်။ ယခု သူတို့ ခိုအောင်းနေသော လက်ရှိသားရဲတွင်းမှာ မိုးကာလ၌ နွေးထွေးမှုမရှိ ဆိုသည်ကိုလည်း သူတို့ သိကြသည်။

ထို့ကြောင့် သူတို့မိသားစုသည် မိုးခိုရန် သားရဲတွင်းဖောက်ကောင်းသော တောင်ခေါင်းကမ်းပါးယံများကို လှည့်ပတ်ရှာဖွေကြသည်။ ဤဒေသ၌ သူတို့ သားရဲတွင်း တူးဖောက်ရန်အတွက် တက်ကြွပျော်ရွှင်လျက်လည်း ရှိကြသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့၏ မျိုးတူစုများဖြစ်ကြကုန်သော စွမ်းအားရှင်မြေခွေးများ အနီးအနားတွင် ရှိကြသဖြင့် ဖြစ်၏။ မြေခွေးများကို သူတို့မိသားစုသည် အထင်ကြီးလေးစားလျက်ရှိကြ၏။ ဤနေရာ၌ မိုးခိုကျင်း တူးဖောက်ထားလျှင် ယခင်က ကျင်းဟောင်းကို သစ်ခွေးများ လာရောက်လုသလို မတော်မတရား လာလုအနိုင်ကျင့်မည့်သူ မရှိဟု ယုံကြည်မိကြသဖြင့် ဖြစ်လေသည်။

အကယ်၍ သူတို့အား မတော်မတရားပြုရန် တစ်စုံတစ်ဦးရောက်လာလျှင်လည်း သူတို့အမျိုးထဲတွင် စွမ်းအားဂုဏ်သတ္တိနှင့် ပြည့်စုံသော ဤမြေခွေးများသည် လက်ပိုက်ကြည့်နေကြမည်မဟုတ်။ မတော်မတရားပြုလာသူများကို တစ်နည်းနည်းနှင့် ဆုံးမဆောင်းလွှတ်ကြပေလိမ့်မည်။ အမျိုးတူသလို မြေခွေးစွမ်းအားရှင်များအပေါ် တလေးတစားရှိကြသော သူတို့ မိသားစုအားလည်း မြေခွေးများက အကာအကွယ်ပေးကြပေလိမ့်မည်။ အနည်းဆုံး မောင်းလွှတ်ခြင်း၊ အကာအကွယ်ပေးခြင်းကို မပြုချင်ကြတောင် ဖျန်ဖြေမှုကိုတော့ ပြုကြပေလိမ့်မည်။

စွမ်းအားရှင်မြေခွေးကသာ ဖျန်ဖြေပေးလျှင် မည်သည့်တိရစ္ဆာန်မဆို သူတို့မိသားစုအား မတရားညှဉ်းဆဲကလူလည်း ပြုမူရဲကြမည်မဟုတ်ဟု ယုံကြည်ထားကြသည်။

ထို့ကြောင့် သူတို့မိသားစုသည် ဤစွမ်းအားရှင်မြေခွေးများရှိရာ ဤဒေသတွင် အခြေတကျ နေထိုင်ရန် မြေသားမာကျောသော တောင်ကမ်းပါးယံတစ်ခုကို အပူတပြင်းရှာဖွေကြ၏။

သူတို့ ကျင်းဖောက်လုပ်ရာတွင် ရေစီးကြောင်းနှင့်နီးခြင်း၊ ကျင်းနားဝန်းကျင်တွင်ရေတင်နိုင်သော အင်းအိုင် ချိုင့်ဝှမ်းမရှိခြင်းတို့ကိုလည်း သဘာဝ

သိစိတ်နှင့် ရှောင်ကြဉ်ကြ၏။ အဘယ့်ကြောင့်ဆိုသော် မိုးကြီး၍ တောင်ကမ်းပါးယံများပြိုကျလျှင် သူတို့တွင်းပါ ပျက်စီးတတ်သည်။ ဝသန်ကာလတွင်းပျက်လျှင် တွင်းသစ်မဖောက်နိုင်မချင်း သူတို့ မိသားစုမှာ အတိဒုက္ခ ရောက်ကြရပေမည်။

သားရဲတွင်းဝန်းကျင်တွင် ရေအိုင်ရေခွက်များရှိပါက သူတို့ကျင်းထဲ ရေစိမ့်ဝင်တတ်၏။ ကျင်းထဲရေစိမ့်ဝင်လျှင် နွေးထွေးသော မဟာပထဝီ မြေကြီးဓာတ်ကို မရနိုင်။ မြေငွေ့မလုံလောက်သော သားရဲတွင်းထဲတွင် အမကြီးများလည်း သားပေါက်မီးနေရန် ခက်၏။

မိုး ဆက်တိုက်ရွာသော နေ့ရက်များနှင့် ဆီးနှင်းပိတ်ဖုံးထားသော ဆောင်းလများတွင် သူတို့ မိသားစုကား မြေခေါင်းသားရဲတွင်းထဲတွင် တစ်ကောင်ပေါ်တစ်ကောင်တင်အိပ်ကာ ဇိမ်ယစ် မေထုန်မှိုဝဲခြင်း အမှုကိုလည်း ပြုတတ်ကြ၏။

ဤသည်ကိုတော့ သူတို့ မျိုးတူစုများ အားလုံးလိုလို သဘာဝသိစိတ် ရှိကြသည်။ ထို့ကြောင့် သူတို့မိသားစုသည် အန္တရာယ်ပြုတတ်သော သားရဲ တိရစ္ဆာန်များ ရုတ်တရက် မမြင်သာသည့် ချုံနွယ်ပိတ်ပေါင်းအောက်တစ်ခု တွင် သားရဲတွင်းတစ်ခုကို ဖောက်လုပ်ကြလေ၏။

စွမ်းအားရှင် မြေခွေးများရှိရာနှင့် နီးသော ဤဒေသကား သူတို့ မိသားစုအတွက် ဘူမိနက်သန် နေရာမှန်ပေတည်း။

* * *

သည်လိုနှင့် သူတို့မိသားစုသည် သွားရင်း လာရင်း အစာရေစာရှာဖွေရင်း မိမိတို့၏ သားရဲတွင်းဝန်းကျင်ရှိ တွေ့သမျှ မြင်သမျှသော မြေခွေးများကို လေးလေးစားစား ယုံကြီးစိတ်နှင့် သတိထားကြည့်ရှုမိကြသည်။

www.burmeseclassic.com


တစ်နေ့သ၌ မြေခွေးတစ်ကောင်သည် ရဲရဲမောင်းမောင်းပွင့်နေသော ပေါက်ပင်တစ်ပင်အောက်တွင် ဆောင့်ကြောင့်ထိုင်ကာ ပေါက်ပွင့်တွေကို ခေါင်းမော့ကြည့်၍ မလှုပ်မယှက် ငြိမ်သက်တည်နေ၏။

တွေ့စကမူ ဤမြေခွေးသည် စားသောက်လိုသော အာလယပြင်းပြကာ ပေါက်ပွင့်များကို သားတစ်အမှတ်ဖြင့် မိုက်မိုက်မဲမဲထိုင်စောင့်နေလေသလားဟု သူ့စိတ်ထဲ ဇဝေဇဝါ ဖြစ်သွားမိ၏။

သို့သော် မြေခွေးဆိုသော တိရစ္ဆာန်များသည် သက်ရှိတိရစ္ဆာန်များထဲ၌ စွမ်းအားအရှိဆုံး ဉာဏ်အမြော်အမြင်အကြီးဆုံးသူများသာ ဖြစ်ကြသဖြင့် ဤသို့တော့ မဟုတ်တန်ရာဟု ယူဆမိပြန်သည်။

ဤမြေခွေးသည်လည်း ယခင့် ယခင်က သူတွေ့ဖူး ကြုံဖူးခဲ့သော မြေခွေးများလို တစ်စုံတစ်ခုသော အကျင့်ကို ခဲယဉ်းပင်ပန်းစွာ တည်ဆောက်အားထုတ်နေခြင်းသာ ဖြစ်ရမည်ဟု ထင်လိုက်ပြန်သည်။

သို့သော် သူ၏ အတွေးမဆုံးမီ လေပြင်းတစ်သုတ်က တစ်မုဟုတ်ချင်း တိုက်ခတ်လာ၏။ လေပြင်းဒဏ်ကြောင့် ပေါက်ပွင့် တစ်ပွင့် နှစ်ပွင့်သည် ပင်ယံထက်မှ ရတ်ကနဲ ကြွေကျလာကြ၏။ ထိုအခါ မလှုပ်မယှက်နှင့် ငြိမ်သက်စွာ ဆောင့်ကြောင့်ထိုင်စောင့်နေသော မြေခွေးသည် ကြွေကျလာသော ပေါက်ပွင့်တစ်ပွင့်ကို အာသာငမ်းငမ်းဖြင့် ပြေးဟပ်လိုက်၏။

သူ အံ့သြသွားရပြန်သည်။ စောစောက သူထင်သကဲ့သို့ပင် ဤမြေခွေးကား ဆင်ခြင်တုံတရားနည်းပါးစွာ အပင်ပေါ်ကပေါက်ပွင့် နီရဲရဲကို သားတစ်မှတ်ပြီး ထိုင်စောင့်နေသူပါတကား။

အသိဉာဏ်နည်းပါးသော ငှက်တိရစ္ဆာန်များပင် ထိုးဆိတ်ကိုက်ဖဲ့ခြင်း မပြုကြသဖြင့် လေကြောင့်သာ ကြွေကျရသော ပေါက်ပွင့်ကို သားတစ်အမှတ်ဖြင့် ပြေးဟပ်လိုက်သော မြေခွေးမိုက်ကို ကြည့်ကာ သူသည် မြေခွေးများကို အလွန် အထင်သေးသွားပြန်၏။

သူ တွေကြည့်နေစဉ် ပထမကြွေကျသော ပေါက်ပွင့်ကို ပြေးဟပ် ကိုက်ခဲလိုက်သော မြေခွေးမိုက်က ထိုပေါက်ပွင့်သည် သားတစ်မဟုတ်မှန်း သိသွားသောအခါ နောက်ထပ်ကြွေကျလာသော ပေါက်ပွင့်တစ်ပွင့်ဆီ ပြေးလိုက် ကိုက်ဟပ်နေပြန်၏။ ထိုပေါက်ပွင့်လည်း သားတစ်မဟုတ်မှန်း သူ သိသွားပြန်သည်။

ထိုအခါ မြေခွေးမိုက်သည် မြေပြင်အောက်ရှိ ပေါက်ပွင့်များကို နောက်ထပ် ထိုးဟပ်ကိုက်ခဲခြင်းမပြုတော့ဘဲ ပေါက်ပင်ပေါ်ရှိ ပေါက်ပွင့်များဆီသို့သာ ခေါင်းမော့၍ ဆောင့်ကြောင့်ထိုင် မှိုင်ငေးစောင့်နေပြန်လေ၏။

ဤမြေခွေးမိုက်သည် ရဲရဲလျှံမောင်း အရောင်ကောင်းသော ပေါက်ပွင့်အား သားတစ်အမှတ်ဖြင့် နောက်ထပ် ဘယ်ရွေ့ဘယ်မျှ ထိုင်စောင့်နေဦးမည် မသိတော့။

သူကမူ မြေခွေးမိုက်ကို မနှစ်လိုစွာ ရှုံ့ချမြည်တမ်းပြီး အစာရှာရန် ထွက်လာခဲ့သည်။ မြေခွေးမိုက်ကား ပေါက်ပင်အောက်တွင် ဆောင့်ကြောင့်ထိုင်ကာ မှိုင်ကျန်ခဲ့လေ၏။

* * *

မိမိ သားရဲတွင်းထဲသို့ သူ ပြန်ရောက်လာသောအခါ စိတ်မချမ်းမြေ့ဖွယ်ရာ ပြဿနာတစ်ခုနှင့် ရင်ဆိုင်တွေ့ရလေသည်။

မနေ့က သူတို့မိသားစု စားသောက်ပြီး ချန်ထားခဲ့ကြသော ကြက်သေတစ်ခြမ်းကို သူ ပြန်လာသောအခါ သားရဲတွင်းထဲ၌ မတွေ့ရတော့ပေ။

သူ့ကလေးများနှင့် အမကြီးတို့ စားသွားကြသည်ဟု ထင်ရလောက်အောင်ကလည်း မနက် အစာရှာထွက်ကြရာတွင် သူကား နောက်ဆုံးမှ သားရဲတွင်းထဲက ထွက်လာသူ။ ယခု ပြန်လာတော့လည်း သူသာ သားရဲတွင်းထဲသို့ ဦးစွာရောက်ရှိလာသူ။ သူထားခဲ့သော သားရဲတွင်းထဲက ကြက်သေတစ်ခြမ်း မည်သူ ခိုးစားမည်ပါလိမ့်။

www.burmeseclassic.com

သူ့ကလေးများနှင့် အမကြီးတို့ ပြန်ရောက်လာကြသောအခါ ဤကိစ္စ သူ မေးလေသည်။

မိသားစုထဲက မည်သူကမျှ မယူမစားရဟု ပြောကြသည့်အပြင် အစာရှာထွက်ရာ၌ နောက်မှထွက်ပြီး အပြင်က သားရဲတွင်းထဲ စောစောပြန် ရောက်နေသောသူ့အား ကလေးများနှင့် အမကြီးတို့ကပါ သင်္ကာယနမကင်း သောအကြည့်နှင့် ကြည့်လာကြ၏။

ယခင့် ယခင်နေ့တွေက သူတို့တစ်တွေ ထားခဲ့ကြသော ကြက်ငှက် ပတတ်ကောင်များ ပျောက်ပျောက်နေသည်မှာလည်း ကြာပြီဟု ဆိုကြသည်။ ဦးစီးခေါင်းဆောင်ဖြစ်သော သူက ခိုးဝှက်စားပစ်သည်အထင်နှင့်သာ မမေး မပြောခဲ့ကြသော်လည်း ကျေနပ်ပုံကား လုံးဝမရကြပေ။

သူ့ကိုငါမယုံ၊ ငါ့ကိုသူမယုံနှင့် ပဋိပက္ခအသွင်ဆောင်လာကြသည်။ ဤသံသယစိတ်နှင့်အတူ တစ်ကိုယ်ကောင်းဆန်သော စိတ်တို့သည်လည်း တစ်ဦးချင်းစီ၌ ကိန်းဝပ်စပြုလာကြသည်။

ယခင်က မည်သူရှာ၍ရရ ရှာဖွေရသမျှသော ကြက်ငှက်များကို သားရဲတွင်းထဲသို့ ကိုက်ချီဆွဲလာတတ်ကြ၏။ သားရဲတွင်းထဲရောက်မှ သူ တစ်ကိုက် ငါတစ်ကိုက် မျှမျှတတ စားသောက်တတ်ကြသည်။

ယခုတော့ ထိုသို့မဟုတ်ပြီ။ မိမိရရှိလာသော ကြက် ငှက် ပတတ် ကောင်များကို လမ်း၌ပင် တစ်ဦးကောင်းတစ်ယောက်ကောင်း အဝအပြဲ စားသောက်တတ်လာကြ၏။ မိမိစားသောက်၍ မကုန်တော့မှ သားရဲတွင်းထဲ ဆွဲလာလေ့ရှိကြသည်။

ပို၍ ဆိုးလာသည်မှာ မိုးသက်မုန်တိုင်းများ သုံးလေးရက် ဆက်တိုက် ကျတော့မည်ကို သဘာဝဗီဇစိတ်ဖြင့် ကြိုတင်သိနေကြသော်လည်း နေ့ဖို့ညစာ မချန်ကြတော့ဘဲ အဝအပြဲစားပြီး သားရဲတွင်းထဲ ပိုးလိုးပက်လက် အိပ်နေ တတ်ကြ၏။

ဤသည်တို့ကိုကြုံလာသောအခါ ဦးစီးခေါင်းဆောင်တစ်ယောက် အနေနှင့် သူ တော်တော် စိတ်ထိခိုက်လာ၏။ စိတ်လည်း တိုလာသည်။ သူတို့ အစာရှာထွက်နေကြစဉ် သားရဲတွင်းထဲက အစာအာဟာရများကို မည်သူများ ခိုးဝင်စားပစ်ပါလိမ့်။

သူ တွေးမရ။ ဤနေရာဝန်းကျင်တွင် သူတို့ မိသားစုကလွဲပြီး ခိုးဝှက်စားတတ်သော သစ်ခွေး၊ တောခွေး၊ ဝံပုလွေများ ဆိုသည်မှာလည်း အသံပင်မကြားရဖူးချေ။ ဤနေရာတွင် သူတို့မိသားစုနှင့် စွမ်းအားရှင်မြေခွေး များသာ ရှိ၏။ စွမ်းအားရှင်မြေခွေးများ ဝင်ခိုးစားလေသလား ဆိုသည် မှာလည်း တွေးပင် မတွေးကောင်းသော အရာသာ။ ဘယ်လိုဖြစ်ပါလိမ့်။ သူ တွေးမရ။

သည်လိုနှင့် သားရဲတွင်းက အစားအစာများ ပျောက်ရှဖန်များလာ၏။ ထို့ကြောင့် ဤပြဿနာကို ရှင်းရန် တစ်နေ့သ၌ သူသည် အစာရှာထွက် သလိုလိုနှင့် သားရဲတွင်းထဲက ထွက်သွားပြီး မနီးမဝေး၌ ပုန်းအောင်းနေ၏။

သူတို့မိသားစုမရှိခိုက် သားရဲတွင်းထဲ မည်သူများ လာဝင်သနည်းဟု ချောင်းမြောင်း ပုန်းအောင်း ကြည့်နေလေ၏။ ထိုစဉ် ရုတ်တရက် မြင်လိုက်ရ သော မြင်ကွင်းကြောင့် သူ ကြီးစွာ အံ့သြသွားရလေသည်။

သူ သားရဲတွင်းဝသို့ ချောင်းမြောင်းကြည့်နေစဉ် ကမ္ဘာမြေကြီး ပြိုကျမှာစိုး၍ ကမ္ဘာမြေကြီးပေါ်တွင် မှီတင်းနေထိုင်ကြသော သတ္တဝါ ဝေနေယျများကို သနား၍ ခြေလက်သုံးချောင်းထဲဖြင့်သာ ထောက်သွားနေရ သော စွမ်းအား ခွန်အားရှင် မြေခွေးကြီးသည် ပုန်းလျှိုးကွယ်လျှိုးနှင့် မယောင်မလည် သူ၏သားရဲတွင်းနား ရောက်လာ၏။

အရည်လဲ့နေသော သူ၏ မျက်လုံးအစုံနှင့် ပတ်ဝန်းကျင်ဘယ်ညာကို အကဲခတ်ကြည့်သည်။ မြေခွေးကြီး၏ စူးရှပြောင်လက်သော မျက်လုံး အကြည့် စွမ်းအားကြောင့် ချုံပုတ်ထဲဝင်ပုန်းနေသောသူပင် မလုံမလဲဖြစ်သွား မိ၏။ သို့သော် မြေခွေးကြီးကိုကား သူ အလွတ်မခံဘဲ ချောင်းကြည့်နေရ၏။

www.burmeseclassic.com


စွမ်းအားရှင် မြေခွေးကြီးသည် မကြာခင်ပင် သူ့သားရဲတွင်းထဲ ခိုးကြောင်ခိုးဝှက်နှင့် ဝင်သွား၏။ မကြာခင်ပင် မြေခွေးကြီးပြန်ထွက်လာသည်။ စွမ်းအားရှင်မြေခွေးကြီး သူ့သားရဲတွင်းထဲမှ ပြန်ထွက်လာသောအခါ ကလေးများနှင့် အမကြီးတို့မသိရအောင် သူဝှက်ထားခဲ့သော ပတတ်ငယ်တစ်ကောင်ကို အနန္တ စွမ်းအားရှင် မြေခွေးကြီးက ခိုးယူကိုက်ချီလာလေ၏။

ဒေါသဖြစ်ဖြစ်နှင့် သူယုတ်မာ ပတတ်သူခိုး မြေခွေးကြီးကို သူ တအားပြေးလိုက်၏။ လျင်မြန်လွန်းသည့် မြေခွေး ဆိုးကို လုံးဝ မမီလိုက်ပေ။ သူကား ခိုးဝှက်စားရခြင်း စရဏကို ကာလမည်မျှကြာကြာ လေ့ကျင့်အားထုတ်ထားသည် မသိ။ သူ၏ ပတတ်ကောင်ကိုလည်း ဘယ်ဆီလွှင့်ပစ်ထားခဲ့သည်မသိ။ ပြေးရင်းလွှားရင်းကပင် လက်သည်မပေါ်အောင် စားပစ်လိုက်လေသလား။ လုံးဝ အစအနရှာမရ။ သူသည် ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ မြေခွေးကြီး ကျင့်ကြံအားထုတ်နေကျ တောင်ပို့သို့လိုက်သွား၏။

သူ့စိတ်နှင့် သူ့အမြင်ကိုပင် သူသံသယပြန်ဝင်သွားသည်။ မြေခွေးကြီးကား နေမြဲ ကျင့်ကြံမြဲအတိုင်း သုံးချောင်းသော ခြေလက်တို့ကို မြေပြင်တွင် ထောက်ကာ မလှုပ်မယှက်နှင့် ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်နေ၏။ နကမ္ပတိ။ လုံးဝ မတုန်လှုပ်။

သူက မြေခွေးကြီးကို ဒေါသနှင့်လှည့်ပတ် ကြည့်၏။ သို့သော်လည်း မြေခွေးကြီးကား တုန်လှုပ်ချောက်ချားမှုကို လုံးဝမပြ။ စရဏအလုပ်တွင် သူ့စိတ် သူ့ကိုယ်တို့ကို လုံးဝတည်ဆောက်ထားဟန်ဖြင့်ငြိမ်သက် တည်ကြည်နေသည်။ ဒေါသဖြစ်လာသောသူပင် စွပ်စွဲပြောဆိုရမှာ အားနာသွား၏။ စောစောကမှ သူ့သားရဲတွင်းထဲ ဝင်ပြီး ပတတ်တစ်ကောင်ခိုးသွားသော မြေခွေးမှာ ဤစွမ်းအားရှင်မြေခွေးကြီးမှ ဟုတ်ပါလေစဟုလည်း သူ့စိတ်သူ သံသယဖြစ်သွားသည်။ ထို့ကြောင့် ရဲရဲဝံ့ဝံ့ မစွပ်စွဲရဲသော သူသည် သူ့သားရဲတွင်းထဲသို့ စိတ်မအီမသာနှင့် ပြန်လာရ၏။

သည်လိုနှင့် နောက်တစ်ရက် ချောင်းနေပြန်ရာ ဤနေ့မှာတော့ လေကိုစား၍ နေမင်းကို ရှိခိုးကာ ကောင်းမြတ်သော စရဏအကျင့်အကြံရှိသူ မြေခွေးငယ်က ဝင်ခိုးပြန်၏။

တစ်နေ့က အတိုင်းပင် သူ တအားပြေးလိုက်၏။ အပြေးအလွှား အလှည့်အပတ် အရှောင်အတိမ်း မြန်ဆန်လွန်းသော မြေခွေးငယ်ကို ဘယ်လိုမှ မမီလိုက်။ သားရဲတွင်းနား ဝန်းကျင်ရှိ သစ်တောထဲ၌ပင် လိုက်ရင်းပြေးရင်းနှင့် မျက်ခြည်ပြတ်သွား၏။

မကျေမနပ်နှင့် တစ်နေ့ကလိုပင် သွားကြည့်ရာ တောင်ပို့ပေါ်တွင် မလှုပ်မယှက်နှင့် ငြိမ်သက်စွာ ကျင့်ကြံအားထုတ်နေသော မြေခွေးငယ်ကို တွေ့ရပြန်၏။ လက်ဆုပ်လက်ကိုင်မမိသဖြင့် ဤမြေခွေးများကို သူခိုးစွပ်စွဲရမှာ အင်မတန်ခက်လေသည်။

မြေခွေးများသည် သဘာဝမိခင်က ပေးထားသော ကံအကြောင်းတရားကြောင့် သွားရာ၊ လာရာ၊ ပြေးရာ၊ လွှားရာ၌ သူတို့ထက် အဆများစွာ လျင်မြန်ကြ၏။ ဉာဏ်နီဉာဏ်နက်နှင့် အကြံအစည်လည်း များကြကုန်၏။ တစ်စုံတစ်ခုအတွက် မလှုပ်မယှက်ဖြင့် ငြိမ်သက်စွာနေတတ်ကြခြင်း စရဏနှင့်လည်း ပြည့်စုံကြ၏။ သူတို့ အလိုရှိအပ်သော အရာဝတ္ထုကို မရမချင်း သည်းခံစောင့်စားတတ်သော စွမ်းအား သည်းခံမှုနှင့်လည်း ပြည့်စုံကြပါပေ၏။

ထို့ကြောင့် ဤနေရာ ဤဒေသတွင် ဆက်နေ၍ မသင့်တော်တော့ဟု ဆုံးဖြတ်ကာ သူသည်မိသားစုအားလုံးကို ဦးဆောင်ခေါ်ငင်ပြီး မသူတော်ကြက်သူခိုးတို့၏ မြေခွေးနယ်မြေမှ ထွက်ခွာလာလေသည်။

* * *

သူတို့မိသားစုသည် တစ်တောဝင် တစ်တောင်တက်နှင့် စမ်းချောင်းများ၊ ရေအိုင်များ၊ တောများ၊ တောင်များကို လှည့်ပတ် ကျော်ဖြတ်လာကြ၏။

လေတဟူးဟူး တိုက်ခတ်နေသော တောကြီးတစ်ခုထဲရောက်လာကြသည်။ သစ်တောကြီးထဲတွင် ရွက်ကြွေခြောက်များ လေထဲဝဲပျံနေကြ၏။ မြေပြင်သို့ တသဲ့သဲ့ တဖြောက်ဖြောက် ကြွေကျနေကြသော ရွက်ကြွေရွက်ခြောက်များ အသံကိုလည်း တစ်တောလုံးဆူညံစွာ ကြားနေရသည်။

သူတို့၏ နား၊ မျက်စိသည် အရိုင်းတို့၏အလေ့အထအတိုင်း အမြင်ပါးသလို အကြားလည်း မြန်၏။ သစ်ရွက်ကြွေကျသံများကြားထဲတွင် သက်ရှိသတ္တဝါများ၏ခြေသံများကိုလည်း မမျှော်လင့်ဘဲကြားလာရသည်။ သူတို့မိသားစု၏ ခြေလှမ်းများသည် တိုင်ပင်မထားကြဘဲ ရုတ်ခနဲရပ်သွားကြသည်။ အမွေးအမှင်များ ကြွလာသည်အထိ နားစွင့်ထားကြ၏။

မကြာပါချေ။ ကြက်သေတစ်ကောင်ကို လက်ဆွဲကာ သူတို့ရှိရာဘက်သို့ လျှောက်လာနေသော လူမုဆိုးတစ်ယောက်ကို ဦးစွာလှမ်းမြင်ကြရသည်။ လူမုဆိုး၏နောက်က တကောက်ကောက်လိုက်ပါနေသော ခွေးတစ်ကောင်ကိုလည်း ထပ်၍မြင်ကြရပြန်၏။ ခွေးဆိုသည်မှာ သူတို့အမျိုးထဲမှ မျိုးတူစုတစ်စုဆိုသည်ကိုလည်း ချက်ချင်း နားလည်သွားကြသည်။ လူမုဆိုးနောက်က လိုက်ပါလာသော ခွေးမှာ သူတို့နှင့်တူမျှသော အရွယ်အစားရှိသည်။

သူတို့၏ အမျိုးထဲတွင် လူသားများအမုန်းတီးဆုံးဖြစ်သော ဝံပုလွေ လို တိရစ္ဆာန်များ ရှိသလို လူသားတို့အချစ်ခင်ဆုံး ခွေးလို တိရစ္ဆာန်များလည်း ရှိနေပြန်၏။

သူတို့၏ အမျိုးခြောက်ပါးထဲတွင် ခွေးကား လူတောသူတော တိုးနိုင်သူ၊ လူသားများကြားထဲ ဝင်ဆံ့သူ၊ လူနှင့်ကျွမ်းဝင်ရင်းနှီးသူဖြစ်၏။

ခွေးသည် လူနှင့် အနီးကပ်ဆုံးနေရသူပီပီ လိမ္မာရေးခြားလည်း ရှိပုံရ၏။ လူသားတို့အား ပါးလျက် နားလျက်လည်း လုပ်ပြတတ်၏။ ခြေနမ်းလက်နမ်းလုပ်ရမှာလည်း လုံးဝ ဝန်လေးပုံမရ။ အမြီးနှန့်၊ လက်ပေးသင်အကျင့်ကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားသူဖြစ်၏။

သူတို့ မိသားစုသည် လူနှင့် ဤမျှ ရင်းနှီးကျွမ်းဝင်နေကြသော ခွေးကို ငေးကြည့်ကာ အံ့သြနေကြ၏။ ထို့ကြောင့် သူတို့အမျိုး ခြောက်ပါး ထဲတွင် မည်သူမျှ မခံစားရဖူးသော အအိပ် အနေ အစားနှင့် အယုအယ၊ အပိုက်အထွေးတို့ကိုလည်း လူများဆီ၌ ခွေးတိရစ္ဆာန်တစ်ကောင်သာ ခံစားခွင့် ရရှိနေသည်ကို သတိပြုမိသွားကြသည်။

ဤအခွင့်အရေးပေါ် တပ်မက်သာယာနေသော ခွေးတိရစ္ဆာန်သည် သခင်အားရ ကျွန်ဝမ်းဝအမှုကိုလည်း ပြုလုပ်တတ်ပုံရ၏။ ခွေးနှင့် လူမုဆိုးတို့ လျှောက်သွားကြပြီး မကြာခင် ခွေးဟောင်သံကို ကြားလိုက်ရပြီး တော တိရစ္ဆာန်တစ်ကောင်၏ မချိမဆန့် အော်ညည်းသံကိုပါ ကြားလိုက်ရသည်။ အခြားသော တောတိရစ္ဆာန်များ ထိတ်ထိတ်လန့်လန့်နှင့် ထွက်ပြေးသွားကြ သည်ကိုလည်း မြင်နေရသည်။

လူမုဆိုးတို့ အလိုရှိအပ်လာလျှင် တောသုံးတောင်၌ ရှိရှိသမျှသော တောတိရစ္ဆာန်များအား ခွေးသည် သူ့သခင် လူသားတို့အတွက် ရှာဖွေ ကိုက်သတ်ပေးမည်မှာ မုချပင်တည်း။ ထို့ကြောင့်လည်း ခွေးသည် လူတော သူတော ဝင်တိုးနေနိုင်ခြင်း ဖြစ်ပေမည်။

သူတို့မိသားစုသည် အမျိုးခြောက်ပါးထဲ၌ ခွေးကို အင်မတန် အထင် ကြီးသွားကြလေသည်။ ထို့ကြောင့် ခွေး၏ ခြေရာနှင့် အနံ့အသက်ကိုခံကာ နောက်ယောင်ခံလိုက်လာကြ၏။ လူမုဆိုးပါနေသဖြင့် လူနှင့်အကျွမ်းတဝင် မရှိသော တောထဲကအရိုင်းအစိုင်း သူတို့မိသားစုမှာ လူနားကိုတော့ ခွေးလို မကပ်ဝံ့ကြ။ သူတို့သည် လူနှင့်ယဉ်ပါးအောင် ခွေးဆွေမျိုးဆီမှ နည်းနာ နိသျှရည်းများကို သင်ကြားလေ့လာကြရပေဦးမည်။

သည်လိုနှင့် သူတို့သည် ခွေးနှင့်မနီးမဝေးမှ နောက်ယောင်ခံလိုက်ကာ လူမုဆိုး၏ အခြေအနေ၊ စရိုက်သဘာဝ၊ သူတို့ မိသားစုအပေါ် ထားရှိမည့် လူတို့၏ သဘောထားကို လေ့လာအကဲခတ်ရင်း ခွေးနောက်က လိုက်လာကြ သည်။

နောက်ယောင်ခံလိုက်လာကြသော သူတို့၏ အနံ့အသက်ကို ခွေးက ရရှိသွားပုံပေါ်၏။ မျိုးတူစုထဲက ဆွေမှန်းမျိုးမှန်းလည်း သိပုံရ၏။ လူမုဆိုးနှင့် အတူ သွားနေရင်းက နောက်သို့ လှည့်လှည့်ကြည့်တတ်သည်။ ညှင်းညှင်း ညံညံ အသံကိုလည်း ပြုသည်။ သူတို့မိသားစုအား နှုတ်ဆက်မိတ်ဖွဲ့လိုသော သဘောဟု အထင်ရသဖြင့် သူတို့မိသားစုက ဝမ်းသာသွားကြသည်။

သို့သော် ခွေးလှည့်ကြည့်တိုင်း ခွေးသခင် လူမုဆိုးကလည်း ပတ်ဝန်း ဘယ်ညာကို မသင်္ကာသော မျက်လုံးအစုံနှင့် ဝေ့ဝိုက်ကြည့်တတ်၏။ လူ မုဆိုး၏အကြည့်မှာ နှစ်လိုဖွယ်မရှိ။ ထို့ကြောင့် လူမုဆိုးလှည့်ကြည့်တိုင်း သူတို့မိသားစုမှာ ရွံ့ရွံ့သွားကြသည်။

သို့သော် လူမုဆိုးကား သူတို့မိသားစုကို လုံးဝမြင်ပုံမရ။ ခွေးကလည်း အနံ့သာရပြီး သူတို့မိသားစု၏ အကောင်အထည်ကို မြင်ပုံမရ။ သူတို့ မိသားစုမှာ တောထဲမွေး တောထဲနေ တောထဲကြီးလာကြသူများပီပီ ခွေးထက် ပင် ခြေသံသာသည်။ သွားမှုလာမှု နေမှုထိုင်မှုတွင်လည်း တစ်ဦးစီ၏လုံခြုံ ရေးကို ကလေးများကအစ သိတတ်ကြသည်။ ထို့ကြောင့် ခွေး၏ မြည်တမ်း သံ ညင်းညင်းညံညံကို ကြားလိုက်ရသော်လည်း ပြန်လည်၍ အသံ မပြုဝံ့ ကြသေး။ ခွေးက သူတို့မိသားစုနှင့် မိတ်ဖွဲ့ရန်အမှုကို လိုလားကောင်း လိုလားမည်ဖြစ်သော်လည်း ခွေးသခင် လူမုဆိုးကိုကား စိတ်မချရသေး။

နေညိုသွားသော ညချမ်းမှာ ဘုတ်အီးသံများနှင့်အတူ လူမုဆိုးနှင့် ခွေးတို့သည် တောထဲက ထွက်သွားကြ၏။ ဖုန်းဆိုးမြေ ကိုင်းတောနားထိ သူတို့မိသားစုကလည်း နောက်ယောင်ခံလိုက်ကြတုန်း။

မကြာမီ လူမုဆိုးနှင့်ခွေးတို့သည် လယ်ကွင်းတစ်ကွင်းထဲ ဆင်းသွား ကြ၏။ သူတို့မိသားစုမှာ ဆက်မလိုက်ရဲကြတော့။ အကာအကွယ် ချုံနွယ် ပိတ်ပေါင်းကင်းမဲ့သော ကွင်းထဲထိ သူတို့မိသားစု ဆက်လိုက်သွားလျှင် ခွေးနှင့် လူမုဆိုးတို့သည် သူတို့မိသားစုကို မုချမြင်ကြပေမည်။ မိမိတို့မှာ လူနှင့် ခွေးကို ယနေ့ ယခုမှ တွေ့ကြရသဖြင့် မိတ်ဆွေလား၊ ရန်သူလား

ခွဲခြား မသိတတ်ကြသေး။ ထို့ကြောင့် လူမုဆိုးနှင့် ခွေးတို့ကိုသာ ခပ်လှမ်းလှမ်းမှ အကဲခတ်နေကြ၏။

လူမုဆိုးနှင့် ခွေးတို့သည် လယ်ကွင်းနားရှိ ဥယျာဉ်ခြံမြေနှင့် အိမ်ဝင်း တစ်ခုထဲ ဝင်သွားကြသည်။ သူတို့မိသားစုမှာ လူမုဆိုးလက်ထဲက ကြက်သေ ကို အာလယဖြစ်ကာ သူတို့၏ ဝမ်းဗိုက်သည် အတိုင်းမသိ ဆာလောင် မွတ်သိပ်လာကြလေသည်။

*　*　*

လောကတစ်ခုလုံးကို အမှောင်သည် ကြီးစိုးစ ပြုလာ၏။

**ခရီးပြင်းနှင်လာကြသော သူတို့၏ ဝမ်းဗိုက်များသည် အစာအာဟာရ** ကို ပြင်းပြင်းပြပြ တောင်းဆိုလာကြ၏။ ထိုအခါ ဤနေ့၌ မြင်လိုက်ကြရသော လူမုဆိုး၏ လက်မှ ကြက်သေသည် သူတို့အမြင်အာရုံထဲ ရောက်လာလေ **သည်။ ဗီဇစိတ်အရ သူတို့အကြိုက်ဆုံး အနှစ်သက်ဆုံးသော အစာအာဟာရမှာ** ကြက်သာဖြစ်လေသည်။

သို့သော် လူနှင့်နီးသော ဤဝန်းကျင်တွင် တောကြီးမြက်မည်းထဲ မှာလို တောကြက်တွန်သံများကို နီးနီးနားနားမှ မကြားရ။ ဝေးလံသော တောင်မြင့်များ၊ တောနက်များဆီကသာ တစ်ချက် တစ်ချက်ကြားရသည်။ သဲသဲကွဲကွဲ ပီပီသသမဟုတ်။ သဲ့သဲ့ ပျပျသာ။

**သူတို့မိသားစုသည် ဆာလောင်မွတ်သိပ်သော အာလယနှင့် ကျီးသံ** ငှက်သံများကို နားစွင့်ကြသည်။ အစာအာဟာရဖြစ်နိုင်သော တောကောင် များကို ရှာဖွေကြသည်။ အိပ်တန်းလုရင်း တကျီကျီ တကျာကျာ ရန်ဖြစ်နေ ကြသော ငှက်ကြီးတစ်အုပ်ကို သစ်ရိုင်းပင်ဖျားပေါ် မြင်နေရ၏။ မြင့်မား ဝေသီသော သစ်ရိုင်းပင်ဖျားမှ ငှက်များကိုမူ သူတို့ တက်မဖမ်းနိုင်ကြ။ မော့ကြည့်ရုံသာ မော့ကြည့်နိုင်ကြ၏။

သို့သော် သူတို့၏ မျက်လုံးများသည် အရောင်တဖျပ်ဖျပ် လက်လာကြသည်။ ပကတိအားဖြင့် နေ့ထက်ညဉ့်၌သာ အမြင်ကြည်လင်တတ်သော သူတို့၏ မျက်လုံးများသည် ချုံဖုတ်မြက်တောထဲမှ မြေဝပ်ငှက်ငယ်များဆီ ရောက်သွားကြပြန်၏။

တောစ ချုံဖုတ်များမှသည် လယ်ကွင်းရိုးပြတ်တောများထိ မြေဝပ်ငှက်များကို ဆင်းဖမ်းကြ၏။ သို့သော် မြေဝပ်ငှက်များသည် သူတို့ထက်ပင် နားပါးကြ၏။ သူတို့၏ ညင်သာစွာလှမ်းလာသော မြေပြင်နှင့် ခြေဖျားတို့ထိသံကိုပင် မိုးချုန်းသံပမာ လန့်ဖျပ်ထွက်ပြေးကြသည်။ တစ်ညလုံးကြိုးစားကြသော်လည်း တစ်ကောင်တလေသော မြေဝပ်ငှက်ကိုမှ မဖမ်းမိကြ။

ရောင်နီလာသောအခါ သူတို့၏ အမြင်မှာလည်း ဝေဝါးစပြုလာသည်။ ဆူညံနိုးထလာကြသော အသံဗလံများကြောင့် အကြားလည်း ရှုပ်ထွေးဝေဝါးလာသည်။ တောနက်ခေါင်ခေါင်ထဲ၌သာ သားကောင်ဖမ်းကျွမ်းကျင်သော သူတို့သည် ဖုန်းဆိုးယာဟောင်းများ၊ ကိုင်းတောလယ်ကွင်းများ၌ မကျွမ်းကျင်ကြသေးပေ။

ထို့ကြောင့် သူတို့မိသားစုသည် နီးစပ်ရာ ချုံဖုတ် တောချုံများထဲ ဝင်ကာ တစ်နေ့လုံး ငြိမ်သက်စွာ ပုန်းအောင်းနေကြရပြန်သည်။

သူတို့ ယခုရောက်ရှိနေကြသောဒေသမှာ နွားများ ကျွဲများ၊ ဆိတ်များ၊ သိုးများနှင့် ဥဒဟိုဖြစ်နေကြ၏။ သူတို့သည် ဆာလောင်မွတ်သိပ်နေကြသော်လည်း ထိုသားကောင်ကြီးများကိုမူ လိုက်လံသတ်ဖြတ်ရန် မစွမ်းဆောင်နိုင်ကြ။ သည်ကြားထဲက တစ်နေ့ကလိုပင် လူသားများနှင့် သူတို့မျိုးစုထဲပါဝင်သော ခွေးဆွေမျိုးများကိုလည်း လှမ်းမြင်နေကြရပြန်သည်။

ခွေးတိရစ္ဆာန်အား တွေ့ကတည်း မြင်ကတည်းကပင် အထင်ကြီးထားကြသော သူတို့မိသားစုသည် ခွေးတို့၏ လှုပ်ရှားသွားလာမှု၊ လူနှင့်လက်ပွန်းတတီးနေတတ်မှုတို့ကို သင်ကြားရယူရန် တစ်ချိန်လုံး အကဲခတ်ကြည့်ရှုကြသည်။

ခွေးများသည် လူနှင့် မကင်းမကွာနေတတ်ကြ၏။ လူများသွားလာနေလျှင် လူတို့၏နောက်ကသာ လိုက်တတ်သည်မဟုတ်၊ ရှေ့ကလည်း သွားနှင့်တတ်သည်ကို မြင်ရ၏။ လူတို့၏ တဲများ၊ တင်းကုပ်များ တလင်း ယာများ စပါးစည် စပါးကျီများကိုလည်း စောင့်ရှောက်အိပ်စက်ပေးတတ်ကြ၏။

သို့သော် လူသာ သူတို့နှင့် အနီးအနားတွင် မရှိလျှင်တော့၊ တစ်ဦး တည်း တစ်ကောင်တည်း မနေတတ်ကြ။ ရွာမှထွက်လာကြစဉ်က လူနှင့် အတူ လိုက်ပါလာကြသော ခွေးများသည် လူသားများနှင့်ပင် အတူတကွ ရွာထဲ ပြန်လိုက်သွားကြပြန်သည်။

မီးခိုးများ တလူလူ လွင့်တက်နေသော ရွာထဲသို့ ခွေးနှင့်လူတို့ ဝင်သွားကြသောအခါ သူတို့မိသားစုမှာ တောစချုံထဲ၌ ဝမ်းနည်းပက်လက် ကျန်နေခဲ့ကြပြန်၏။

* * *

မိုးချုပ်လာပြန်၏။ ရွာထဲမှ ခွေးဟောင်သံများ၊ ကြက်တွန်သံများ၊ လူသံများကို နီးနီးကပ်ကပ်ပင် ကြားနေရသည်။ သူတို့မိသားစုသည် ရတ်တရက် အားတက် ဝမ်းသာသွားကြ၏။ ခွေးနှင့် သူတို့မိသားစုသည် ဆွေမျိုးရင်းချာများ ပီသစွာ ရွာထဲဝင်ပြီး လူတို့ဆီ၌ ခွေးလိုပင် နေထိုင်နိုင်ကြပြီဟု အထင်ရောက်သွားကြ၏။

ဤအတွေးနှင့်ပင် သူတို့မိသားစုသည် ညကြီးမင်းကြီး ရွာထဲဝင်လာကြသည်။ သူတို့ ရွာထဲဝင်လာကြချိန်သည် လူခြေတိတ်သော သက်ကြီးခေါင်းချချိန် ဖြစ်၏။ လူတို့ဆီ၌ ခွေးများ ပျော်ရွှင်ချမ်းမြေ့စွာ ခိုကပ်နေကြသည်ကို သူတို့မိသားစုသည် ရွာထဲရောက်မှ သဘောပေါက်သွားကြလေသည်။

ရွာထဲတွင် လူတွေလွှင့်ပစ်ထားသော အနံ့တကြိုင်ကြိုင် လှိုင်ထနေသော ထမင်းကျန် ဟင်းကျန်ကအစ စားသောက်ဖွယ်ရာများသည် သူတို့

မိသားစုအတွက် မရေမတွက်နိုင်ပေ။ သစ်သီးဝလံတို့၏ အခွံအတွင်းသား များနှင့် အမှည့်လွန်၍ လူများလွှင့်ပစ်ထားသော အသီးအရွက်များ ဆိုသည် မှာလည်း စားမကုန် သောက်မကုန်စရာပေ။

သူတို့ မိသားစုသည် ကန္တာရထဲနေခဲ့ကြစဉ်က တစ်ခါမှ မစားဖူး မသောက်ဖူးကြသော ရွာသူရွာသားတို့၏ စွန့်ပစ်စာများကို တနင့်တပိုး စားကာ ရွာရိုးကိုးပေါက် လျှောက်ကြည့်ကြ၏။ အထူးသဖြင့် သူတို့၏ ဆွေမျိုးရင်းချာများဖြစ်ကြသော ခွေးများကို မိတ်ဖွဲ့ရန် ရှာကြ၏။

ထိုစဉ် အိမ်တစ်အိမ်အောက်မှ ခွေးဟောင်သံကို ကြားလိုက်ရသည်။ သူသည် ဝမ်းသာအားရနှင့် ဟောင်နေသောခွေးကြီး ကြားလောက်အောင် အူလိုက်သည်။ အားလုံး ခွေးကြီးအား နှုတ်ဆက်သလို ကျယ်ကျယ် လောင် လောင် ဝိုင်းအူကြ၏။

သူတို့မိသားစု ထိုသို့သံပြိုင်ဆွဲ၍ အူလိုက်ကြစဉ် အိပ်မောကျနေသော ရွာသူတို့၏ကလေးငယ်များသည် အထိတ်တလန့် ထငိုကြ၏။ မကောင်း ဆိုးဝါးများ ရွာထဲဝင်လာသလို တစ်ရွာလုံး အော်သံဟစ်သံ ကလေးငိုသံ တွေနှင့် ဆူညံသွားသည်။

သူတို့မိသားစုကြောင်ပြီး ရွာလယ်လမ်း၌ ရပ်နေကြစဉ် လူများသည် သူတို့အား ခွေးနှင့်ရှူးတိုက်ကြလေသည်။ လူကိုအမှီသဟဲပြုပြီး သခင်အားရ ကျွန်ဝမ်းဝ လုပ်နေကြသောခွေးများသည် အုပ်လိုက်ထွက်လာကြပြီး သူတို့ မိသားစုကို ဝိုင်းကိုက်ကြ၏။ လူတွေကလည်း ညာသံပေးကာ ခွေးများကို မြှောက်ပေးကြသည်။ လူတွေက သူတို့မိသားစုကို မကောင်းဆိုးဝါးများကဲ့သို့ ဆဲဆိုရေရွတ်ကြသည်။

လူတို့၏ မြှောက်ပေးခြင်းကိုခံရသော ခွေးများသည် အမျိုးခြောက်ပါး ကိုပင် မထောက်ထားဘဲ သူတို့မိသားစုအား ရန်သူကြီးသဖွယ် သဲကြီးမဲကြီး လိုက်ကိုက်ကြ၏။ မှောင်နှင့်မည်းမည်းဖြစ်နေသော ရွာလယ်လမ်း တစ် လျှောက်သည် ချက်ချင်း ပွက်လောရိုက်သွား၏။

www.burmeseclassic.com


သူတို့ မိသားစုမှာ ကမန်းကတန်း ရွာထဲက ထွက်ပြေးကြသည်။ လူတွေရှူးတိုက်ပေးသဖြင့် ခွေးများသည် ရွာအပြင်အထိ ထွက်လိုက်လာကြ၏။ သူတို့မိသားစုကို မညှာမတာကိုက်ခဲကြ၏။ အမျိုးခြောက်ပါးကိုပင် မထောက်ထားသော ခွေးများအား သူနှင့် အရွယ်ရောက်နေကြပြီဖြစ်သော သားသမီးများ၊ အမကြီးများကလည်း ပြန်ကိုက်ကြ၏။ သူတို့မှာ တောသားအရိုင်းတွေပီပီ ခွေးထက်ရဲရင့်ကြသည်။ သူတို့နှင့် အလုံးတူအရပ်တူ ဖြစ်သော ခွေးများကို အသေအကြေ ခုခံတိုက်ခိုက်ကြသည်။ လူသာမပါလျှင် ခွေးများကို သူတို့ လုံးဝ မကြောက်ကြပေ။

အမျိုးခြောက်ပါးကိုပင် ထောက်ထားညှာတာရမှန်း မသိသော ခွေးတိရစ္ဆာန်များကလည်း ဤသည်ကို ရိပ်မိသွားပုံရ၏။ ရွာသူရွာသားတွေ ကျွေးမွေးထားသော အဆီအဆိမ့်တွေကို စားကာ တစ်ညလုံး ခွေးကတက်တွင် ဇိမ်ယစ်အိပ်ပျော်နေကြသော ခွေးများက ဤသည်ကို ရိပ်မိသွားကြပုံရ၏။ သူတို့မိသားစုကို ရဲရဲရင်မဆိုင်ရဲကြတော့။ ခဏသာ ခြိမ်းခြောက်သလို တစ်ချက် နှစ်ချက်လိုက်ကိုက်ပြီး သူတို့ မိသားစု ပြန်ကိုက်သောအခါ သူတို့ အရှင်သခင်များရှိရာ ရွာထဲပြန်ဝင်ပြေးသွားကြ၏။

သည်မှာတွင် သူတို့ မိသားစုအတွက် တစ်သက်စာ ဖူလုံနိုင်သော သင်ခန်းစာတစ်ခုကို ရလိုက်ကြသည်။

သူတို့မိသားစုသည် ခွေးများကဲ့သို့ လူနှင့် အနီးကပ်ဆုံးနေ၍တော့ မရ။ လူများသည် သူတို့အားမလိုလားကြ။ အထူးသဖြင့် အကာလညအချိန်၌ သူတို့၏ အူသံများကို မနှစ်သက်ကြ။ ကလေးသူငယ်များ ချောက်ချားထိတ်လန့်ကြသလို ရွာသူများကလည်း သူတို့၏ အူသံ ဟောင်သံကို မကောင်းဆိုးဝါးအသံလို သဘောထားကြ၏။ လူနားနေပြီး လူပါးဝနေသော ခွေးများကလည်း သူတို့မိသားစု လူနားကပ်လာမှာ မနာလိုကြ။ ထို့ကြောင့် သူတို့သည် ခွေးတိရစ္ဆာန်ကဲ့သို့ လူနှင့် အတူ ပါးလျက်နားလျက် လုပ်၍မရမှန်း သိသွားကြသည်။

www.burmeseclassic.com

သို့သော် ဝံပုလွေ၊ တောခွေး၊ မြေခွေး၊ သစ်ခွေးများလို လူနှင့် အလွန်တရာ ဝေးကွာသော တောတောင် ကန္တာရထဲ၌လည်း သွားနေကြစရာ မလို။ ဝေသီမြင့်ခေါင်သော တောတောင် ကန္တာရထဲတွင် အမျိုးချင်းပင် ထောက်ထားညှာတာခြင်း မရှိကြသော ဝံပုလွေ၊ တောခွေး၊ သစ်ခွေး၊ မြေခွေးများ အနားနေ၍လည်း မဖြစ်။ ယခင်နေဖူးခဲ့ကြရာ သူတို့၏ အမျိုးများသည် သူတို့မိသားစုအား ညှာတာထောက်ထားခြင်းမရှိခဲ့ကြ။ ထို့ကြောင့် သူတို့မိသားစုအနေက လူနှင့်ဝေးသော ကန္တာရထဲ ပြန်သွားနေဖို့ မဝံ့ကြပြန်။ သူတို့နေရမည်မှာ လူနှင့် မနီးလွန်း မဝေးလွန်းဖြစ်သော လူ့ပတ်ဝန်းကျင်၌သာ ဖြစ်၏။

မြို့စွန်ရွာဖျားး၌ သူတို့နေလျှင် လူကိုအမှီပြုကာ လူသားတို့ စွန့်ပစ်ထားသော အစားအစာများကို အမှီသဟဲပြုနိုင်သည်။ ညဆိုလျှင် အသံမပြုဘဲ ရွာထဲဝင်ကာ ရွာသူတို့၏ စွန့်ပစ်ထားသော အစားအစာများကို ရှာစားနိုင်သည်။ လူသူလေးပါးနိုးမသွားလျှင် ခွေးကလည်းသူတို့ကို ရန်မရှာရဲကြ။ ခွေးတိရစ္ဆာန်ကား လူက ရှူးတိုက်မှ လူနောက်ကပါမှ လူအားကိုးနှင့် သူတို့ကို ကိုက်ရဲကြပေသည်။

ထို့ကြောင့် ခွေးအ ကြီးတို့ မိသားစုသည် လူနှင့် လူတို့ဝန်းကျင်ဖြစ်သော မြို့စွန်ရွာဖျားများ၌သာ အခြေချနေထိုင်ကြလေသည်။

**[ စာပေလုပ်သား ။ ။ စက်တင်ဘာ၊ ၁၉၈၅ ]**

www.burmeseclassic.com

# ကိုယ့်သေတွင်း ကိုယ်တူးလာသူ

အယံလောကော အန္တိ ဘူတော။

သူ့လောက သူ့ဘဝသည် အမှောင်ထဲ၌ ကျပ်ညပ်နေသည်။ အမြင် မရှိ၊ အကြားမရှိ၊ အပလေ၏ အထိအတွေ့ဆိုသည်မှာလည်း နတ္ထိ။

သို့သော် နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီး၏ နွေးထွေးသော အတွေ့အထိကိုတော့ သတိပြုမိသည်။ ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းအရာ လေးပါးပေါ် မှီတင်းဖြစ်ပေါ်လာသော သူသည် အစာအာဟာရတည်းဟူသော ချင်ခြင်းကို ချက်ချင်းတပ်မက်လာသည်။

သေးမွှားသော သူ၏ ကိုယ်တွင် ပိညပ်နေသော မြေစိုင်မြေခဲတို့၏ အနံ့သည် ဆာလောင်မွတ်သိပ်မှုကို ပို၍ဖြစ်စေသည်။ အမြင် အကြားတို့ဖြင့် ဆိတ်သုဉ်းနေသော သူ၏ အနံ့ကိုသာ အားထားရ၏ ။ သို့နှင့် အနံ့ရသော မြေသားကို သူ စားလေသည်။

သူစားသော မြေသားသည် ပကတိမြေသားမဟုတ်။ နွားချေးနှင့် ရောပွမ်းသမထားသော မြေသား အစိုင်အခဲဖြစ်သည်။ ထိုမြေသားအစိုင်အခဲကို သူ စားအံ့သောငှာ မိခင်သည် သဘာဝဗီဇစိတ်ဖြင့် ပြုပြင် ဖန်တီးထားခဲ့

သည်။ သို့သော် သူသည် မိခင်ကို မမြင်မတွေ့ရ။ မြေစိုင်ခဲထဲတွင် ညပ်ပိတ်နေသောသူတစ်ဦးကလွဲ၍ မျိုးတူသက်ရှိများကို မထိတွေ့ရ။ မြေစိုင်မြေခဲထဲတွင် သေးငယ်သော သူတစ်ဦးတည်းသာ ညပ်သပ်နေသည်။ သူ၏ပတ်ပတ်လည်တွင် မြေစိုင်ခဲ မြေသားချည်း ဖြစ်သည်။

နွားချေးနှင့်ရောပွမ်းသော မြေသားကို စားမိသောအခါ သူ လူးလွန့်လာသည်။ ခွန်အားဝင်လာသည်။ သူစားမိလိုက်သော နောက်ချေးမြေသည် အာဟာရကြောင့် ပူလောင်မွတ်သိပ်လျက်ရှိသော ဝမ်းမီးကိုသာ ငြိမ်းစေသည် မဟုတ်။ ကိုယ်ခန္ဓာ၏ သက်သောင့်သက်သာ လှုပ်ပတ်လှုပ်ရှားမှုကိုလည်း ရစေသည်။ သည်လိုနှင့် သူသည် ဆာလောင်မွတ်သိပ်လာလျှင် မြေစိုင်ခဲ၏ အတွင်းသားများကို စားသည်။ ပြီး ရုန်းကန်လှုပ်ရှားသည်။ အမြင်ကိုလည်းကောင်း၊ အကြားကိုလည်းကောင်း တောင့်တလျက်ရှိသည်။ သို့သော် အမြင် အကြားသည် သူ့ဆီသို့ ရောက်မလာ။ သူ့လောက သူ့ဘဝသည် အန္တိဘူတော အမိုက်တိုက်သာ ဖြစ်နေသည်။

* * *

သူ လူးလိမ့်လိုက်တိုင်း သူရှိနေသော မြေစိုင်ခဲသည်လည်း လူးလိမ့်နေသလားထင်မှတ်ရသည်။ အမြင်အကြားကို လိုလားနေသော သူသည် မြေသားကိုစားကာ ပို၍လူးလွန့်လှုပ်ရှားသည်။ သူ၏ ကိုယ်နှင့် မြေသားသည် ကြိမ်ဖန်များစွာ ပွတ်တိုက်မှုကြောင့် ကျဉ်းကျပ်ကာ နေသာထိုင်သာရှိလာသည်။ အစောပိုင်းကလို မြေထဲကျပ်ညပ်မနေတော့။ နေရမှုသည် သက်သောင့်သက်သာ ဖြစ်လာ၏။

သဘာဝဘုရားသခင်က ဖန်တီးပေးလိုက်သော သက်ရှိတို့၏ ဗီဇသည် ပို၍ ပီပြင်လာသည်။ ဆာလောင်မွတ်သိပ်မှုဖြစ်၍ သူစားလိုက်သော မြေသားသည် အာဟာရမှ ကျေညက်ကာ ချေးအဖြစ် စအိုပေါက်မှ ထွက်ကျ

လာသည်။ ထိုချေးပေါ်တွင် သူက ပို၍ လူးလိမ့်ရှန်းကန်နေသည်။ သူ့ကိုယ်ပေါ်တွင် ပေကျံနေသော မစင်ချေးမည်းများသည် သူ့ကမ္ဘာ သူ့လောကဖြစ်သော မြေစိုင်ခဲ၏ အတွင်းနံ့ရုံများကို ချောမွတ်လာစေသည်။ သည်လိုနှင့်သူသည် မြေသားကိုစားလိုက်၊ အညစ်အကြေးကိုစွန့်လိုက်၊ ထိုမစင်ပေါ်တွင် လူးလွန့်ရှန်းကန်လိုက်နှင့် သူ့ကမ္ဘာ မြေစိုင်ခဲသည်လည်း မြေကျင်းခေါင်းထဲတွင် လိမ့်လူးကာ မြေလုံးမြေဥ ဖြစ်လာလေသည်။

ထိုမြေလုံးမြေဥကိုလိုက်ကာ ရှည်မျောမျောဖြစ်နေသော သူ့ကိုယ်သည်လည်း တဖြည်းဖြည်း ပုတိုလာလေသည်။ သို့သော် အမြင်လောက၏ အမြင်အကြား အထိအတွေ့ကို အာလျှပြင်းပြနေသောသူသည် မြေကိုစားကာ ဥကျင်းထဲ၌ ပို၍ ရှန်းကန်လှုပ်ရှားနေသည်။ အမြင်မရှိသေးသော်လည်း အကြားကို စတင်ရရှိလာသည်။ မိမိ၏ ညည်းတွားသံ၊ မိမိကိုယ်ခန္ဓာနှင့် မြေနံ့ရုံတို့ ထိတွေ့သံကို ကြားလာရသည်။ ထိုအခါ သူသည် အမြင်ကိုပါ လိုချင်တောင့်တစိတ်နှင့် ပို၍ ရှန်းကန်တော့သည်။

သို့သော် အမြင်ကို မရသေး။ ပင်ပန်းကြီးစွာ ရှန်းကန်လှုပ်ရှားမှုကြောင့် ကိုယ်ခန္ဓာနွမ်းနယ်လာသည်။ အားအင်ဆုတ်ယုတ်လာသည်။ မိမိ၏ ကျင်းပတ်ပတ်လည်ရှိ မြေသားများကိုပင် မစားနိုင် မကိုက်နိုင် ဖြစ်လာသည်။

အဘယ်ကြောင့်ဆိုသော် သူ စားလိုက်၊ မစင်စွန့်လိုက်၊ မစင်က သူ့ကိုယ်ခန္ဓာကို ပေလိုက်။ သူ့ကိုယ်ခန္ဓာကို လူးလွန့်လှုပ်ရှားလိုက် လုပ်ဖန်များလာသောအခါ သူ့ကိုယ်မှ သူ့မစင်များသည် မြေဥအတွင်းသားများကို ပေကျံကာ ချောမွတ်လာသည်။ ပို၍ မာကျောကာ ကိုက်မရ ဖဲ့မရ ဖြစ်လာသည်။

ထိုအခါ သူ မစားနိုင်တော့။ မည်းလုံးတောင့်တင်းနေသော သူ့ကိုယ်ခန္ဓာသည်လည်း အာဟာရမဝင်သောအခါ ပျော့အိသွားသည်။ သူ့ကိုယ်ခန္ဓာမှ မစင်ချေးမည်းများ ယိုထွက်သွားသောအခါ သူ့ ကိုယ်ရောင်မှာ ပြောင်လက်လာသည်။

www.burmeseclassic.com

သို့သော် သူကား လုံးဝမလှုပ်ရှားနိုင်တော့ပေ။ မြေစိုင်ခဲပမာ ပကတိငြိမ်သက်သွားသည်။ အားအင်ကုန်ခန်းသွားသဖြင့် ဘယ်လိုမှ မလှုပ်ရှားနိုင်တော့ပေ။

* * *

မလှုပ်မယှက်နှင့် ငြိမ်သက်စွာနေရင်းက အပေါ်ယံ အရေခွံများ တစ်လွှာပြီး တစ်လွှာ ကွာကျသွားသည်။ ဇီဝအသက်သည် သူ့ခန္ဓာကိုယ်မှ ထွက်ခွာသွားခြင်း မရှိသော်လည်း သူကား လုံးဝ မလှုပ်ရှားနိုင်တော့။ ထိုအခါမှ သူ့ခန္ဓာကိုယ်သည် ပို၍ အရွေးစင်ကာ မည်းလုံးနေရာမှ ကြေးဝါရောင်တောက်ပြောင်လာလေသည်။ သို့သော် လှုပ်ရှား၍ကား လုံးဝမရသေး။

သည်လိုနှင့်သူသည် ရက်သတ္တပတ်နှစ်ပတ်လောက်ကြာသောအခါ မျက်စိ နား၊ နှာ၊ အင်္ဂါခြေလက်တို့ ပုံကြမ်းပေါ်လာသည်။ အသက်ဇီဝရှိသည်ဟု ဆိုသော်လည်း သူကား လုံးဝ လှုပ်ရှားလူးလွန့်နိုင်ခြင်း မရှိသေး။

နောက်ထပ် တစ်ပတ်ခန့်တွင် သူ၏ တစ်ကိုယ်လုံးသည် ကြေးဝါရောင်မှ ရွှေရောင်သို့ ပြောင်းလာ၏။ ထိုမှတစ်ဖန် ရွှေရောင်မှ ကြေးနီရောင်သို့ ပြောင်းသွားပြန်သည်။ ထိုအခါ လူးလွန့်စပြုလာ၏။ မျက်စိ၊ နား၊ နှာ၊ အင်္ဂါ ခြေလက်တို့သည်လည်း ပီပီပြင်ပြင်ပေါ်လာတော့သည်။

အံ့သြဖွယ်ကောင်းသည်မှာ သူသည် လုံးဝ မစားမသောက်ဘဲ ရက်ပေါင်း သုံးလေးဆယ် အသေလို မလှုပ်နိုင် မလွန့်နိုင်နေလာခဲ့သော်လည်း ဇီဝအသက်ကား ပျောက်ကွယ်မသွားခဲ့ပေ။ ယခင်ကစားသောက်ခဲ့သော ဥခွံအတွင်းမှ ခြောက်သွေ့မာကျောနေသော မြေသားနံ့ရံများကိုလည်း စားမရတော့ပေ။ သို့သော် သူသည် အလိုလို အင်အားတစ်ရပ် ဖြစ်ထွန်းလာသည်။ ထိုအခါ ပို၍ ရုန်းကန်လှုပ်ရှားလာသည်။ တစီစီ အော်ဟစ် မြည်တမ်းခြင်းကိုလည်း ပြုလာသည်။

ခွန်အားပြည့်ဖြိုးလာသော သူသည် တစ်နေ့သ၌ သူ့ကမ္ဘာ သူ့လောကဖြစ်သော သူ ဖွဲ့ကိုက်စားထား၍ ပါးလွှာနေသော သူ့ ဥခွံကို ကိုက်ခွဲ

www.burmeseclassic.com


လိုက်၏။ ထိုအခါ သူ၏ ညီအစ်ကိုမောင်နှမများကို မြေထဲလိုဏ်ဂူထဲ၌ တစီစီ အော်ဟစ်ရန်းကန်၍ တွေ့ရသည်။ အထီးကျန်ဆန်ခဲ့ရသော သူ့ဘဝ သည် ယခုမှ ပို၍စိုပြည်သွားသည်။ သူတို့အားလုံးသည် မြေဥခွံကို ကိုက်ခွဲ ကာ ထွက်လာကြသူများချည်းဖြစ်၏။

သူတို့ အားလုံးသည် တစ်ကောင်နှင့် တစ်ကောင်တိုးတိုက်ကာ မြေထဲကမ္ဘာ လိုဏ်ခေါင်းမှ အပြင်လောကသို့ထွက်ရန် အလုအယက်ကြိုးစား ကြသည်။ သည်သို့ ကြိုးစားကြရင်း သူတို့၏ ကြေးနီရောင် ကိုယ်ခန္ဓာသည် မည်းနက်လာ၏။ သူတို့၏ သွားများနှင့် ကိုယ်ခန္ဓာသည် မာကျောသန်စွမ်း လာသည်။ အတောင်များကို ဖြန့်ကား၍ မြေခေါင်းလိုဏ်ကျင်းထဲ၌ စမ်းသပ် ပျံသန်းကြသည်။ လိုဏ်ခေါင်းက ကျဉ်းနေသဖြင့် နံရံနှင့်လည်းကောင်း၊ တစ်ကောင်နှင့် တစ်ကောင်သည်လည်းကောင်း တိုက်မိကာ မြေပြင်ထဲ ပစ်ကျတတ်သည်။

သည်လိုနှင့် သူတို့သည် အပြင်သို့တိုးထွက်ရန် လမ်းပေါက်ရှာ ကြသည်။ လိုဏ်ခေါင်းရှိ တခြားမြေသားနံရံများထက် ပျော့ပျောင်းသော မြေတစ်နေရာကို တွေ့ကြသည်။ ထိုမြေနေရာကို အပြင်ထွက်လိုစိတ်နှင့် သူတို့သည် အလုအယက် ကိုက်ဖောက်ကြ၏။

အမှန်မှာ ယခု သူတို့ကိုက်ဖောက်နေကြသော မြေပျော့လမ်းကြောင်း မှာ သူတို့အား ပေါက်ဖွားရန် သူတို့အဖေ ဝင်လာစဉ်က ကိုက်ဖောက်ထား ခဲ့သော လမ်းကြောင်းပင်။ ထိုလမ်းကြောင်းမှာ သာမန် မြေအရောင်နှင့်မတူဘဲ တစ်မူထူးခြားစွာ အရောင်ပြောင်းနေ၏။

အပြင်လောကသို့ သူတို့တိုးထွက်ရန် ကြိုးစားနေကြသော အခါ သမယသည် ဝသန္တ ကာလ၏ ဦးစွာသောလဖြစ်နေလေရာ မြေသားများမှာ ပျော့အိနေသဖြင့် အလွယ်တကူပင် ကိုက်ဖောက်ထွက်လာနိုင်ကြလေသည်။

*　　*　　*

www.burmeseclassic.com

သူတို့သည် အပြင်လောက အာကာသထဲ၌ စိတ်လွတ်ကိုယ်လွတ် ဝဲပျံနေကြသည်။ မကြာပါချေ။ အပြင်အပ အာကာသလေကို ရှူရှိုက်မိသည်နှင့် တစ်ပြိုင်နက် ဖိုစိတ် မစိတ် ဝင်လာကြသည်။ ဖိုစိတ် မစိတ်နှင့်အတူ အစာအာဟာရ၏ ချင်ချင်းတပ်မက်စိတ်သည်လည်း နိုးကြားလာပြန်သည်။ သည်လိုနှင့် သူတို့သည် ကျွဲချေး နွားချေးနံ့ကိုခံကာ လောလောလတ်လတ် ကျွဲနွားများ ယိုချထားခဲ့သော ချေးပုံထဲ ပျံဝဲခုန်ဆင်းကြသည်။ ကျွဲချေး နွားချေးကို စားကြသည်။ မိုးပေါ်ပျံတက်၍ လေထဲ၌ မိတ်လိုက်ကြသည်။ ဆာလောင်မွတ်သိပ်လာသောအခါ ကျွဲချေး နွားချေးပုံထဲ တစ်ဖန်ပြန်ဆင်း၍ စားကြပြန်သည်။

သည်လိုနှင့်အမများတွင် မျိုးစေ့ချလိုသော ဆန္ဒစိတ် ပြင်းပြလာကြသည်။ သူမတို့၏ သဘာဝ ဗီဇစိတ်နှင့် ဥချရန် နွားချေး ကျွဲချေးပုံအောက်ကို ကျင်းဖောက်ကြသည်။ သူတို့ဝင်ဆံ့ရုံ ကျင်းဖောက်ရာတွင် မိုးရေနှင့် စိုထိုင်းပြီး ပျော့ညံ့သောမြေသားများ လွတ်ကင်းသွားသည်အထိ ကျင်းအနက် တူးဖောက်ကြသည်။ မြေထဲကို တစ်ကိုယ်စာဝင်ဆံ့ရုံ လမ်းကြောင်း ခပ်ရွေ့ရွေ့ဖောက်သွားရာမှ မိုးလွတ်မြေမာသို့ရောက်သောအခါ ကလိုင် လိုဏ်ခေါင်းကြီးတစ်ခုကို သဘာဝအသိဖြင့် ဖောက်လုပ်ကြပြန်၏။

ဥချရန်လိုဏ်ခေါင်း ကလိုင်ဖောက်ပြီးသောအခါ မူလ ဝင်လာသော ကျင်းပေါက်ငယ် လမ်းကြောင်းအတိုင်း အပြင်သို့ ပြန်ထွက်လာ၏။ ထို လမ်းကြောင်းအတိုင်း အပြင်မှ ကျွဲချေး နွားချေးများကို လိုဏ်ခေါင်းထဲ အခေါက်ခေါက်အခါခါ သယ်ချသည်။ ဥချရန် လုံလောက်သော ကျွဲချေး နွားချေးကို ရပြီးသောအခါ လမ်းကြောင်းကျင်းဝကို မြေပျော့ ကျစ်စာခဲများနှင့် ပြန်ပိတ်သည်။

ဤသို့ ပြန်ပိတ်ခြင်းမှာ သူ၏ လိုဏ်ခေါင်းထဲသို့ လမ်းကြောင်း ကျဉ်းပေါက်မှ မိုးရေများဝင်မလာနိုင်အောင် ဖြစ်သည်။ သူ ဥချသော အချိန်သည် မိုးဦးကျ သမယသာရှိသေးသဖြင့် မိုးသည်းထန်သော မိုးလယ်ကာလများ၌ လိုဏ်ခေါင်းထဲ ရေဝင်လာမှာ စိုးရိမ်၍ဖြစ်သည်။

နောက်တစ်ချက်မှာ သူဝင်လာသော လမ်းကြောင်းအတိုင်း သူနှင့်တကွ သူ၏သားသမီးဥများကို စားသောက်လိုသော ပိုးမွှားတိရစ္ဆာန်များနှင့် လူသားတို့၏ အန္တရာယ်ကို ကြောက်၍ဖြစ်သည်။

(သို့သော် သူက ကျင်းလမ်းကြောင်းကို မည်မျှပင် ပိတ်ထား ပိတ် ထား၊ တပေါင်း တန်ခူးကာလသို့ ရောက်လျှင် လူသားများသည် ပေါက်တူး ကိုယ်စီနှင့် ဒီပိုးရှာ ထွက်တတ်ကြပြီး ဒီပိုးကောင်ငယ်များကို တူးဖော် စားသောက်တတ်ကြသည်သာ)။

သူ မြေပြင်ထဲမှ ဥချရန်ဆင်းလာသော လမ်းကြောင်းကျဉ်းပေါက်ကို ပြန်ပိတ်ပြီးသော ဒီပိုးမသည် ဥချရင်း ထိုဥများကို တစ်လုံးပြီးတစ်လုံး နွားချေး ကျွဲချေးရောသော မြေစေးနှင့် မွမ်းမံသည်။ ဥဆယ်လုံး ဆယ့်ငါးလုံး အုပြီး မွမ်းမံပြီးသောအခါ ဒီပိုးမသည် သေသွားလေသည်။

သူ ဥအုရန် မြေကျင်းထဲ တူးဝင်လာစဉ်ကမှ သားပေါက်လိုသော ဆန္ဒစိတ်နှင့် သားပေါက်ဥချရင်း သေဆုံးသွားရမည့်အရေးကို လုံးဝ တွေးခဲ့ သိခဲ့ဟန် မတူချေ။

အမှန်မှာ ဒီပိုးမသည် သူ့ သေတွင်း သူ တူးဝင်လာသူများသာ ဖြစ်ချေသည်။

**[ သဘင် ။ ။ နှိုဝင်ဘာ၊ ၁၉၈၅ ]**

www.burmeseclassic.com

# တန်ခိုးရှင်နှင့် အကြင်လူသား

သူ့အား သူ့အမေသည် သစ်ခေါင်းထဲ၌ မွေးဖွားခဲ့သည်။ သူသည် အမှောင်ထဲတွင် စမ်းတဝါးဝါး တွားသွားနေခဲ့ရသည်။ ဆာလောင်မှုနှင့်အတူ ညှီစို့စို့ အနံ့အသက်တစ်ခုကို ဦးစွာသတိထားမိသည်။ ထိုအနံ့သည် သူ့ဝမ်းဗိုက်ကို ပို၍ ဆာလောင်စေကြောင်း သိသည်။

ကြမ်းတမ်းခက်ထရော်သော အတွေ့အထိများနှင့်အတူ သူ့အမေ၏ အကြေးခွံများကြားထဲမှ ခြကောင်ငယ်များကို စတင် စမ်းမိသွားသည်။ ခြကောင်ငယ်များကို စားသောက်ရင်း သူ့မျက်စိနှစ်ကွင်းသည် အလင်းရလာလေသည်။

သူ့အမေသည် သူ ကောက်စားနိုင်ရန် အကြေးခွံများကို ကြွရွထောင်ဟပေးထားသည်။ တစ်နေ့တွင် သူ့အမေ ကိုယ်ပေါ်မှ ခါချဉ်နှင့် ခြကောင်ငယ်များကို ကောက်စားရင်း သူ့အမေ၏ လှုပ်ရှားရွေ့လျားမှုကို သတိပြုမိသည်။ သူသည် အမေ့ကိုယ်ပေါ် ခွစီးကာ သူ့ အမေနှင့်အတူ သစ်ခေါင်းမှ အပြင်လောကသို့ ထွက်လိုက်လာရသည်။ သူ့အမေသည် သစ်ခေါင်းပေါ်က ဆင်းကာ ပိုးပရွက်များကို ရှာဖွေကောက်စားလေသည်။ သူ့အမေနှင့် အတူပါလာသော သူသည်လည်း သူ့အမေကိုယ်ပေါ်မှဆင်းကာ

မိခင်နည်းတူ ပိုးပရွက်ကောင်များကို ရှာဖွေကောက်စားလျက် ရှိသည်။ ပိုးပရွက်များကို ရှာဖွေကောက်စားရင်း သူ့အမေနှင့် ဝေးကွာခဲ့သည်။ အစာကြောင့် သူ့အမေကို သတိမထားမိ။ သူ သတိရစဉ်တွင် သူ့အမေသည် အနားၥ်မရှိတော့ပေ။ ဘယ်ဆီ ဘယ်ဒေသရောက်သွားပြီဟုလည်း လုံးဝ မခန့်မှန်းတတ်တော့။ သူသည် မြေပြင်၌ ခဏတော့ ယောင်နန ဖြစ်နေလေ၏။

အနား၌ အမေ မရှိသောအခါ အားငယ်ကြောက်ရွံ့စိတ်သည် ရုတ်ခြည်း သူ့အသိထဲ ဝင်ရောက်လာ၏။ မြေပြင်ကို နှုတ်သီးနှင့်ထိနမ်းကာ အမေ့အနံ့ကို ရှာကြည့်သည်။ အနံ့ရသော လမ်းကြောင်းအတိုင်း သူ တွားလိုက်လာသည်။ သူ့အမေနှင့်သူ စောစောက အတူဆင်းလာခဲ့ကြသော သစ်ပင်ရင်းသို့ ပြန်ရောက်လာ၏။ ခပ်ကိုင်းကိုင်းဖြစ်နေသော သစ်ပင်ပေါ် တွားတက်လာ၏။ သူ့ကို မွေးဖွားခဲ့ရာ သစ်ခေါင်းထဲသို့ ပြန်ရောက်လာသည်။သို့သော် သူ့အမေကို မတွေ့ရတော့။ ကာလကြာမြင့်စွာ ခိုအောင်းနေခဲ့သော သစ်ခေါင်းထဲတွင် သူ့အမေ၏ အနံ့အသက်ကိုသာ မွှန်နေအောင် ရှူရှိုက်ရလေသည်။

သူ့အမေသည် သူ့အား စွန့်ပစ်ထားခဲ့လေပြီ။ အားငယ်စိတ်နှင့်အတူ ငိုက်မျဉ်းမှုသည်လည်း အလိုလိုရောက်လာပြန်၏။ သူသည် သစ်ခေါင်းပေါ် မေးတင်ကာ နွမ်းလျမောပန်းစွာ အိပ်ပျော်သွားလေသည်။

* * *

လေရူးသည်သစ်တောထဲသို့ မွှေ့ဝင်လာသည်။ တရှဲရှဲမြည်သွားသော သစ်ရွက်ခတ်သံများနှင့်အတူ တသဲသဲကြွေလွင့်သွားကြသော ရွက်ကြွေခြောက်များ အသံကိုလည်း ကောင်းစွာကြားလိုက်ရသည်။ သစ်ခေါင်းဝတွင် မေးတင်ကာ လေညင်းခံငိုက်မျဉ်းနေသော သူသည် မျက်လုံးကို မဖွင့်ချင် ဖွင့်ချင်နှင့် နွေးကွေးလေးလံစွာ တစ်ချက်ဖွင့်လိုက်သည်။ မြောက်မြားလှစွာသော သစ်ရိုင်းပင်များ ကြားထဲတွင် စောစောကလေကြောင့် ကြွေလွင့်နေကြသော ရွက်ခြောက်များကို လှမ်းမြင်လိုက်ရလေသည်။

www.burmeseclassic.com


သူသည် ပျင်းကြောတစ်ချက်ကို အားရှိပါးရှိ ဆွဲဆန့်လိုက်သည်။ တစ်ကိုယ်လုံးရှိ သံချပ်ဝတ်အကြေးခွံများ ထောင်ထလာ၏။ ခြေလက်တို့ကို အစွမ်းကုန် ဆန့်ထုတ်ပစ်လိုက်သည်။ ငိုက်မျဉ်းမှုတို့ ရုတ်ခြည်း ပျောက်လွင့်သွား၏။ လန်းဆန်းသွားသည်။ အားသစ်သည် သူ့ကိုယ်ခန္ဓာထဲသို့ အလိုအလျောက် ဝင်ရောက်လာလေ၏။ လန်းဆန်းမှုအားသစ်နှင့်အတူ ဝမ်းဗိုက်၏ ဆာလောင်မွတ်သိပ်မှုသည်လည်း တစ်ခဏချင်း နိုးကြွလာလေသည်။

သစ်ခေါင်းမှထွက်ရန် တစ်ကိုယ်လုံးကို လှုပ်ရှားလိုက်သည်။ ရွှေ့ရွှေ့တွားချွထွက်လာ၏။ ဖင်ဦးခေါင်းထောင်၍ သစ်ပင်ပေါ်မှဆင်းရန် အားယူလိုက်စဉ် ထူးခြားသော အသံတစ်ခုကို ပင်စည်အောက်မှ ကြားလိုက်ရသည်။ အခြေလေးချောင်းရှိသော တောတိရစ္ဆာန်ကြီးတစ်ကောင်သည် သူရှိရာ သစ်ပင်ကြီးနားသို့ ဦးတည်လာနေသည်။ ရွက်ကြွေခြောက်တွေကို ဖြိုးဖြိုးဖြောက်ဖြောက် နင်းပြေးလာနေ၏။ တောတိရစ္ဆာန်ကြီးမှာ သူ့ကိုယ်ဆယ်ဆမက ကြီးမားသည်။ အညိုရောင်အမွေးတို့ဖြင့် တစ်ကိုယ်လုံး ချောမွတ်နေသည်။

အားကိုးရန်အမိလည်းမရှိသော သူသည်အားငယ်သွား၏။ သူ့အားရန်မူရန် လာလေသလားဟူသော အတွေးကြောင့် တစ်ကိုယ်လုံးမွန်ထူ သွား၏။ ချက်ချင်း အကြောအခြင်များ ဆိုင်းသွားသည်။ ကြောက်ရွံ့စိတ် ကြောင့် ခြေလက်တို့ တဆတ်ဆတ် တုန်ယင်လာ၏။ သူ၏ ကောင်းစွာ အလေ့အကျင့်မရသေးသော ခြေသည်းလက်သည်းများသည် ပင်စည်မှသစ်ခွံကို ကုတ်မမြဲ ခြစ်မမြဲ ဖြစ်နေ၏။ အထူးသဖြင့် လေးလံ၍ အကြေးပြားထူသော အမြီးပိုင်းကို ထိန်းထားရသည်မှာ ပို၍ ပင်ပန်းလာသည်။ တစ်ကိုယ်လုံး အအေးဒဏ်ကြောင့် ခြေချောင်း လက်ချောင်းတွေက အကြောတက်လာသည်။

သစ်ပင်ဖျားမှ ဆင်းလာသော သူသည် လမ်းခွတ်လတ်၌ ဆင်းရအခက် ပြန်တက်ရအခက် ဖြစ်နေ၏။ သူကြောက်နေသော တောတိရစ္ဆာန်

ကြီးသည် ရုတ်ခြည်း သူ့အောက်သို့ ရောက်လာ၏။ သူသည် ကြောက်စိတ်နှင့် သစ်ခေါင်းသို့ ပြန်တက်ပြေးရန် ကိုယ်ကို ဆတ်ခနဲလှည့်လိုက်၏။ ထိုစဉ် သူ့ကိုယ်သူ မထိန်းနိုင်ဘဲ သစ်ပင်ပေါ်က လိမ့်ကျသွားလေသည်။ လန့်ဖျပ်၍ ကိုယ်ကိုကျုံ့လိုက်ရာ သူ့ကိုယ်သည် လေထဲ၌ အလိုလိုကရွတ်ခွေလို လုံးကျစ် သွားလေ၏။ သူသည် သတိလစ်မတတ် ဖြစ်သွားလေသည်။

ဝုန်းခနဲ မြေပြင်နှင့်သူ့ကိုယ်တို့ ထိလိုက်သံကို သူ့နားက ကြားလိုက် ရ၏။ နာကျင်ခြင်းတော့ အလျဉ်းမရှိ။ မြေပြင်တွင် တစ်ပတ်နှစ်ပတ် အခွေလိုက် လိမ့်သွားသည်။ ဦးခေါင်းသည် အတွင်းအခွေထဲရောက်နေသဖြင့် ကျောက်ခဲသစ်ခက်များနှင့် ထိခိုက်မှုမရှိ၊ အမြီးဖျား အကြေးခွံတစ်ခုသာ ကျောက်တုံးနှင့် ရိုက်မိ၍ အနည်းငယ် ပဲ့စဉ်သွားသည်။

သူ သစ်ပင်ပေါ်၌ ရှိခဲ့စဉ်က မြင်လိုက်ရသော ချေ (ဂျီ) တိရစ္ဆာန်ကြီး သည် တဝေါင်ဝေါင်အော်ဟစ်ကာ ဆောက်တည်ရာမရ လန့်ဖျပ်ထွက်ပြေး သွားသည်။ သူသည် တော်တော်ကျေနပ်သွား၏။ သူ့ဆယ်ကိုယ်စာမျှရှိသော တိရစ္ဆာန်ကြီးသည် သူ့ကိုကြောက်၍ ထွက်ပြေးသွားလေပြီ။ မြင့်မားသီခေါင် သော သစ်ပင်ပေါ်က လိမ့်ကျသော်လည်း သူကား ဘာမှမဖြစ်၊ ခွေလျက်က သူ နားစွင့်နေ၏။ တိရစ္ဆာန်ကြီး၏ အော်ဟစ်သံသည် တစ်ဘက် တောင် ကမ်းပါးယံသို့ပင် ရောက်သွားလေပြီ။ သူသည် ခွေလိပ်နေသော သူ့ကိုယ်ကို ပြန်ဆန့်ဖြေလိုက်သည်။ သူ့ကိုယ်၏ အလေးပိမှုကြောင့် လက်ညှိုး လက်သန်း လုံးခန့်ရှိသော သစ်ကိုင်းခြောက်များပင် ကျိုးကြေသွားကြသည်။ ကျောက်တုံး တစ်ခုလည်း ပွန်းသွား၏။ သူသည် အကျေနပ်ကြီး ကျေနပ်ကာ သစ်ခြောက် ရွက်တောတွင် တစ်လှမ်းချင်း လှမ်းသွားနေမိ၏။ အကြောက်ပြေသွားသဖြင့် ဝမ်းဗိုက်က ပို၍ ဆာလောင်မွတ်သိပ်လာပြန်သည်။

သွားရင်းနှင့် အစာရှာလျက်ရှိရာ သစ်ရွက်ခြောက်များပေါ်တွင် ခါချဉ်ကောင်များကို တွေ့ရလေသည်။ ခါချဉ်ကောင်များသည် ဖင်ထောင် ကာ စီတန်းသွားလာနေကြသည်။ သူသည် ခါချဉ်ကောင်များကို စတင်

ကောက်စား၏။ သစ်ပင်ပေါ်က အတန်းလိုက်ဆင်းလာကြသော ခါချဉ်ကောင်များသည် သူ ကောက်စားသောအခါ သစ်ပင်ပေါ်သို့ ပြန်တက်ပြေးကြသည်။ သူလည်း အပြေးနှေးသော ခါချဉ်ကောင်များကို ကောက်စားရင်း ခါချဉ်များနောက်သို့ တွားလိုက်လာသည်။ သစ်ပင်ရင်းတစ်ခုသို့ ရောက်လာ၏။ ခါချဉ်ကောင်များ ဆုတ်ခွာတက်ပြေးသွားကြသည့်အတိုင်း ခါချင်ကောင်များကို စားရင်း နောက်ကလိုက်လာ၏။ ခါချဉ်ကောင်များ တက်သွားကြသော သစ်ပင်မှာ သူ စောစောက တက်ရောက် ငိုက်မျဉ်းနေခဲ့သော သစ်ပင်ကဲ့သို့ ခပ်ကိုင်းကိုင်းရှိသည်။ မတ်စောက်နေသော သစ်ပင်မဟုတ်သဖြင့် အလွယ်တကူပင် တက်လိုက်လာလေသည်။

ခါချဉ်ကောင်များသည် သစ်ရွက်တွေကို လုံးထွေး၍ အသိုက်လုပ်ထားကြသည်။ သစ်ရွက်တစ်ရွက်နှင့် တစ်ရွက်ကို သူတို့၏အာခံတွင်းမှ အစေးနှင့် ဆွဲကပ်၍ အိမ်ဆောက်ထားကြ၏။ အိမ်တွင်းထဲဝင်ပြေးသွားကြသော ခါချဉ်ကောင်များကို သူသည် ရှေ့လက်နှစ်ချောင်းဖြင့် ကုတ်ဖြဲပြီး နှုတ်သီးနှင့် ထိုးမွှေ၏။ ခါချဉ်အိမ်မှာ ချက်ချင်းပျက်စီးသွားသည်။ မိသမျှ ခါချဉ်ကောင်များကို အငမ်းမရစားသည်။ သူတို့၏ အသိုက်အမြုံကို လာဖျက်သော သူ့တစ်ကိုယ်လုံးကို ခါချဉ်ကောင်များက ဝိုင်းအုံကိုက်ခဲကြသည်။ သို့သော် ကျောက်တုံးကျောက်ခဲများကိုပင် ပွန်းပဲ့စေသော သူ့ကိုယ်သည် ခါချဉ်ကိုက်ရုံဖြင့် အယားပင်မပြေ။ တစ်ကိုယ်လုံးသည် ပို၍ ယားယားဖြိန်းဖြိန်း ဖြစ်လာ၏။ ထိုအခါ တစ်ကိုယ်လုံးရှိအကြေးခွံများကို ကြက်သီးမွှေးညင်းထစွာ ထောင်လိုက်မိသည်။ ငမိုက်သား ခါချဉ်များသည် သူ၏ အထပ်ထပ်သော အကြေးခွံများထဲ ဝင်ကိုက်ပြန်၏။ သို့သော် သူကား အယားပင်မပြေ။ ဖြန့်ထောင်ထားသော အကြေးခွံများကို ပြန်၍ ရုပ်ပစ်လိုက်၏။ အကြေးခွံများကြားထဲတွင် ခါချဉ်များ ညပ်မိ၍ မသေမရှင် ရုန်းကန်နေကြ၏။

ခါချဉ်ထုပ် တစ်ထုပ်ကုန်သောအခါ သူ ဗိုက်ပြည့်၏။ သစ်ပင်ရင်းသို့ ပြန်ဆင်းရန် ကြိုးစားသည်။ ခါချဉ်ကောင်များကိုစား၍ တရွေ့ရွေ့တက်လာ

www.burmeseclassic.com


တုန်းကမူ ဆာလောင်မွတ်သိပ်မှုကြောင့် သစ်ပင်ဖျားသို့ ရောက်မှန်းမသိ ရောက်လာခဲ့၏။ ယခု ပြန်ဆင်းလာသောအခါ ခရီးက ရှည်ကြာနေသည်။ သူ၏ သဘာဝမှာ ဗိုက်ပြည့်သွားသည်နှင့် မိမိကိုယ်ကို ထိန်းမရလောက်အောင် ငိုက်မျဉ်းချင်လာ၏။ ငိုက်မျဉ်းချင်စိတ်နှင့် သူ့ကို မွေးဖွားခဲ့ရာ သစ်နန်းဗိမာန်ကို လွမ်းလာသည်။ ငိုက်မျဉ်းစွာဆင်းရင်းက သတိလွတ်ပြီး သစ်ပင်ပေါ် အမြင့်ဖျားက လိမ့်ကျသွားပြန်၏။ လေထဲကလမ်းတွင် တရေးရ၍ မြေပြင်သို့ ရောက်က ပြန်နိုးထသည်။ လုံးလိပ်ခွေကျစ်နေသော ကိုယ်ကို မနာမကျင်ဘဲ ပြန်ဆန့်သည်။ ပြီး သူ့သစ်နန်းသို့ သူပြန်လာ၏။ သူ့ကိုယ်ပေါ်ရှိ အထပ်ထပ်သော အကြေးခွံများကြားထဲတွင် ဆာလျှင်စားသောက်နိုင်သော ခါချဉ်ကောင်များ အသိန်းအသန်းလည်းပါလာကြရာ ဤတစ်ခါတော့ စိတ်ချလက်ချ ငိုက်မျဉ်း အိပ်စက်နိုင်လေပြီ။

သည်လိုနှင့် သူသည် သစ်နန်းအောက်သို့ ရောက်လာသမျှသော သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်ဆတ်၊ ဖွတ် ပဒတ်တို့ကို ခြောက်လှန့်သည်။ ကျား၊ ပြောင်၊ ဝံ၊ သစ် စသည့် တိရစ္ဆာန်ကြီးများကိုလည်း အလွတ်မပေး သစ်ပင်ပေါ်မှ ခုန်ချ၍ ခြောက်လှန့် မောင်းထုတ်တတ်၏။ ကြာသော် သူ့သစ်နန်းနားကို မည်သည့်တောတိရစ္ဆာန်မှ မသီရဲကြတော့။ ဖြတ်၍ပင် မပြေးရဲကြတော့။ သို့မှသာ သူလည်း ကောင်းစွာ ငိုက်မျဉ်းအိပ်စက်ရလေ၏။

ဤတော ဤတောင်တွင် သူ့လောက်တန်ခိုးအာဏာကြီးသူ မရှိတော့၊ သူ့ကို ရင်ဆိုင်ဝံ့သူ မရှိတော့၊ သူသည် မည်သည့်သက်ရှိသတ္တဝါကိုမှ မှုနေစရာမလိုတော့ဟု စိတ်ကြီးဝင်လျက်ရှိလေသည်။

* * *

တစ်နေ့သ၌ သူ၏ ငိုက်မျဉ်းမှုကို အသံတစ်ခုက နှောင့်ယှက်လာပြန်သည်။ သူနှင့် မနီးမဝေးရှိ သစ်တောထဲမှ သစ်ခုတ်သံတစ်ခုကို နားမချမ်းသာစရာ

ကြားနေရသည်။ နားအလွန်ပါးသော သူသည် ထိုအသံကို နားစွင့်နေ၏။ မကြာခင် သစ်ပင်ကြီးများ ပြိုလဲကျသံကို ကြားရသည်။ သစ်ပင်ကြီးများကိုပင် ပြိုလဲကျသွားနိုင်လောက်အောင် စွမ်းဆောင်နိုင်သူကို အံ့သြသွားသည်။ မကြာခင် သစ်ခုတ်သံနှင့်အတူ သူနှင့်နီးသောနေရာမှ သစ်ပင်ကြီးတစ်ပင် လဲကျသံကို ထပ်ကြားလိုက်ရပြန်သည်။ ဤတစ်ခါ လဲကျသွားသော သစ်ပင်မှာ အထိကရ ကြီးမားပုံရ၏။ တစ်တောလုံး တစ်တောင်လုံးပင် ပဲ့တင်လည်ဟည်းထပ်သွားလေ၏။

အသံရှင်သည် သူ့ သစ်နန်းပင်ကြီးကိုပင် လဲပြိုကျသွားအောင် လာလုပ် လေမလား၊ စိုးရိမ်ပူပန်စိတ်သည် ချက်ချင်းဖြစ်လာ၏။ သို့သော် များစွာတော့ စိုးရိမ်စရာမရှိ။ အသံရှင်သည် သူ့သစ်နန်းအောက်ကို ရောက်လာသည်နှင့် ခုန်ချချောက်လှန့်၍ မောင်းထုတ်ပစ်လိုက်ရုံသာ။

'ဝေး၊ မောင်ပြူး'

'ဂူး'

ဒုတိယမြောက် ထူးခြားသော အသံတစ်ခုကို ကြားရပြန်သည်။ ယခင်က လုံးဝမကြားဖူးသော အသံ။ ထိုအသံကြောင့် အသည်းထဲ အူထဲက ယားကျိကျိဖြစ်လာ၏။ ဝေဒနာသည် အသည်းထဲ အူထဲက လည်ချောင်းကို တက်ဆောင့်လာသည်။ ကိုယ်ကို တစ်ချက်တွန့်လိုက်သည်။ လည်ချောင်းထဲတွင် တစ်ဆို့ဆို့ကြီးဖြစ်နေသော ဝေဒနာကို ညှစ်ထုတ်၍ အော်ဟစ်လိုက်မိသည်။

'ဂူး'

အံ့သြသွားမိသည်။ စောစောကကြားလိုက်ရသော သူ့ဝမ်းဗိုက်ထဲမှ အသည်းတွေ အူတွေကို ယားကျိကျိဖြစ်ခဲ့သော အသံနှင့် ထပ်တူထပ်မျှ မြည်မိသွားသည်။ သူ့အသံကို သူ မယုံသဖြင့် ထပ်၍ တစ်ခါအော်ကြည့်ပြန်၏။ ဂူးဟုသာ ထွက်လာပြန်သည်။ နောက်တစ်ခါ ထပ်အော်ပြန်၏။ ထိုနည်းလည်းကောင်းပင်။

www.burmeseclassic.com


သစ်ရွက်ခြောက်ပေါ် နင်းလျှောက်လာသော ခြေသံတစ်သံကြားရသည်။ သူသည် မကြာခဏ ဂူး ဂူးဟု အော်မြည်ရင်း ခြေသံလာရာသို့ သစ်နန်းပေါ်က လှမ်းကြည့်နေသည်။ သစ်ခုတ်သမားသည် သူရှိရာ သစ်ပင်အောက်သို့ ရောက်လာ၏။

'ဝေး မောင်ပြူး'

'ဂူး'

'ဂူး'

သစ်ခုတ်သမားကြီး၏ အသံက မယုံသင်္ကာမှုဖြင့် ပိုကျယ်သွားသည်။ သူက ဂူးဟု ထူးလိုက်သလို သူနှင့် ခပ်လှမ်းလှမ်းရှိ စောစောက သစ်ပင်ကြီးလဲပြိုကျရာမှလည်း ဂူး ဟူသော ထူးသံတစ်ခုကို သူကောင်းစွာ ကြားလိုက်ရသည်။

သစ်ခုတ်သမားကြီးသည် များစွာ သံသယဖြစ်သွားသည်။ သစ်ပင်ပေါ် မော့ကြည့်၏။ မောင်ပြူးဟု တီးတိုးခေါ်သည်။ သူက ဂူးဟု ပြန်ထူးလိုက်သည်။ သစ်ခုတ်သမား၏ ခြေလှမ်းသည် အထိတ်တလန့်ဖြစ်ကာ နောက်သို့ဆုတ်သည်။ သစ်ပင်ပေါ်ကိုလည်း မျက်လုံးကျွတ်ထွက်မတတ် စိုက်ကြည့်နေသည်။

သူ့သစ်နန်းအောက်သို့ ရောက်ရှိလာသမျှသော သက်ရှိသတ္တဝါများအား ချောက်လှန့်နေကျ သူသည် ဤတစ်ခါလည်း သစ်ခုတ်သမားကို ချောက်လှန့်ရန် အချိန်ကျရောက်လာပြီဟု အလိုလို ကမ္မဇိဒ္ဓိတစ်ခုက အသိပေးလိုက်သည်။ ဂူးဟု တစ်ချက်အော်ကာ သူသည် သစ်ပင်ပေါ်က ခုန်ချလိုက်သည်။

'အမယ်လေးဗျ၊ သေ သေပါပြီ၊ သရဲ သရဲ'

သစ်ခုတ်သမားကြီးသည် ငယ်သံပါအောင်အော်ဟစ်ကာ အထိတ်တလန့် ထွက်ပြေးသွားလေသည်။

www.burmeseclassic.com

သူသည် အတိုင်းမသိ ဝမ်းသာသွား၏။ ရှည်ရှည်လျားလျား အော်ပြေး သွားသော သစ်ခုတ်သမား၏ အသံကိုပင် သူသည် နောက်ထပ် နှစ်ခါ သုံးခါကြားလျှင် ပြန်အော်တတ် မြည်တတ်မည်ဟု စိတ်ထဲက ထင်လိုက် သည်။ လောလောဆယ်တွင်မူ သစ်ခုတ်သမားဆီက ရလိုက်သော 'ဂူး' ဟူသော အသံကို မမေ့ပျောက်နိုင်အောင် တဂူးဂူး အော်မြည်ကာ သူ့သစ်နန်း သို့ ပြန်တက်လာလေသည်။

ဤတော ဤတောင်တွင် သူ့ကို ယှဉ်ဝံ့မည့် သူသည် မရှိတော့ပြီ၊ သူသည်သာ တန်ခိုးရှင်ဖြစ်နေလေသည်။

* * *

စောစောကမှ သူသည် နူးညံ့သော မြေခြတစ်ကျင်းကို အဝအပြဲစားကာ သစ်နန်းသို့ ပြန်လာခဲ့၏။ ဗိုက်လေးလေးနှင့် ငိုက်မျဉ်းဖို့ ပြင်ခါစသာရှိသေး သည်။ အသံတစ်သံက သူ့ကို နှောင့်ယှက်လာပြန်၏။ နားပါးလွန်းသော တန်ခိုးရှင်ခမျာမှာ ကောင်းစွာ ငိုက်မျဉ်းဖို့မရ။ ညလည်းည၊ နေ့လည်းနေ့ အသံမျိုးစုံက သူ့ကို နှောင့်ယှက်နေကြ၏။ ထို့ကြောင့် သူသည် ယခုအခါ သက်ရှိသတ္တဝါတို့၏ ဘာသာဗေဒ အတော်များများကိုလည်း နားရေဝ၍ အော်တတ်မြည်တတ်နေပြီး သူတို့၏ အော်သံကို နေ့စဉ်လိုက်အော်၍ ခြောက်လှန့်နေရသည်ကပင် အလုပ်တစ်ခုလိုဖြစ်နေ၏။ သို့သော် မြေ၌ ကျက်စားသော သက်ရှိသတ္တဝါတွေကိုသာ သူတို့၏ အသံတုနှင့် ခြောက်လှန့် ၍ရသော်လည်း မိုးကောင်းကင်ယံ၌ ပျံဝဲသော ငှက်များကိုမူ သူတို့ အသံ တုနှင့် ချောက်လှန့်၍ မရ။ ကြောက်လည်း မကြောက်ကြ။ တစ်နေ့သ၌ ငှက်အော်သံတစ်ခု လိုက်အော်မိ၍ ငှက်အမြောက်အမြားရောက်လာကာ သူ့ကို ဝိုင်းဝန်းထိုးဆိတ်ကြသဖြင့် သစ်ခေါင်းနက်ထဲ ဝင်ပြေးပုန်းခဲ့ရသည်။

ထိုငှက်အုပ်၏ သင်ခန်းစာပေးခဲ့မှုကြောင့် နောက်တော့ သူသည် ငှက်အော်သံများကို နားလျှံအောင် ကြားရသော်လည်း လိုက်မအော်ရဲတော့ ပေ။ နှုတ်ကို စောင့်စည်းနေရလေ၏။

 www.burmeseclassic.com 

ယခု မြေပြင်မှ ညိုးညိုးညံညံ အော်လာသံမှာ ငှက်သံမဟုတ်မှန်းတော့ သူ သိသည်။ သို့သော် ငှက်အုပ်ကို သတိရနေ၍ ချက်ချင်း လိုက်မအော်ဝံ့သေး။ အသံကြားရာသို့သာ သစ်နန်းပေါ်က လှမ်းမျှော်ကြည့်နေ၏။

အခြေလေးချောင်းရှိသော တိရစ္ဆာန်နှစ်ကောင်သည် မြေပြင်ကို နမ်းရှုပ်ကာ သူ ရှိနေရာ သစ်ပင်ရင်းသို့ ဦးတည်လာနေကြသည်။ တိရစ္ဆာန်နှစ်ကောင်၏ နောက်တွင် သူ တစ်နေ့က ခြောက်လှန့်လိုက်သောသတ္တဝါကဲ့သို့ ခြေနှစ်ချောင်းနှင့် လိုက်လာကြသော သတ္တဝါနှစ်ကောင်။

အခြေလေးချောင်းရှိသော တိရစ္ဆာန်နှစ်ကောင်သည် သူ့သစ်နန်းသစ်ပင်ကို ကုတ်ခြစ်တွယ်တက်ကာ ခေါင်းမော့၍ တဝေါင်ဝေါင် ဟောင်သံပေးနေကြ၏။ သူသည် ခဏချင်း အသံကိုကျက်မိသွားပြီး ပြန်အော်သည်။ သို့သော် ထိုတိရစ္ဆာန်နှစ်ကောင်က မကြောက်၊ ထွက်၍လည်း မပြေးကြ။ ဟောင်မြဲ ဟောင်နေကြ၏။ ခြေနှစ်ချောင်းရှိ သတ္တဝါနှစ်ကောင်ကမူ ခြေလှမ်းတုံ့သွားကြ၏။ သစ်နန်းပေါ်သို့လည်း မော့ကြည့်ကြသည်။ သစ်ပင်ရင်းသို့မူ သူတို့ ဝင်မလာကြ။ သူတို့တပည့် ဖြစ်ပုံရသော တိရစ္ဆာန်နှစ်ကောင်ကသာ ပင်စည်ကို ကုတ်ခြစ်၍ တဝေါင်ဝေါင်ဟောင်နေကြလေ၏။

သူသည် နောက်ဆုံးနည်းဖြစ်သော ခုန်ချ ချောက်လှန့်နည်းနှင့် ကိုယ်ကို လုံးခွေလိပ်ကာ သစ်ပင်ပေါ်က ခုန်ချလိုက်၏။ ဟောင်နေသော တိရစ္ဆာန်နှစ်ကောင်၏ ဂိန်ခနဲ လန့်မြည်သံတစ်ချက်ကို ကြားလိုက်ရသည်။ သူ့အနားသို့ ပြေးလာကြသော ခြေသံများကိုလည်း ကြားရသည်။ ပြီး–

'တွေ့ပြီ၊ တွေ့ပြီ၊ တို့သစ်ခုတ်သမားတွေကို အသံတုနဲ့ ခြောက်ခြောက်နေတာ၊ လက်စသတ်တော့ ဒီ သင်းခွေချပ်ကြီးကိုးကွ၊ ဒီကောင်တွေက လူသံတုနဲ့ သူရဲ တစ္ဆေယောင်ဆောင်ပြီး လူတွေကို ခြောက်လှန့်တတ်တာ၊ ခုတော့ အသံတုဝိဇ္ဇာ မိပြီ'

တစ်ယောက်သောသူ၏ အပြောကြောင့် သူသည် လိပ်ခွေထားသော ကိုယ်ကိုပင် ပြန်မဆန့်ရဲသေးဘဲ ငြိမ်နေ၏။

 www.burmeseclassic.com 

'ဟုတ်တယ်ကွ၊ ဒီကောင်တွေက လူသံကိုတုပြီး အော်တတ်ရုံတင် မကဘူး၊ တိရစ္ဆာန်တွေ အော်မြည်သံကိုလည်း တုတုပြီး လိုက်အော်မြည် တတ်တာ၊ မုဆိုးတွေကို ချေအော်သံ၊ ဝက်အော်သံနဲ့ သစ်ပင်ပေါ်က လှည့် စားပြတာလည်း သင်းခွေချပ်ပဲ၊ သင်းခွေချပ်ကို အဲဒါကြောင့် တချို့က သရဲ တစ္ဆေ ထင်ကြတာ၊ တစ်နေ့က မောင်ပြုးတို့ကို ချောက်လှန့်လိုက်တာလဲ ဒီကောင်ကြီးပဲ'

တစ်ယောက်သောသူသည် သူ့ကို ဆွဲမြှောက်ကာ မြေပြင်တွင် တဖုန်းဖုန်း ကိုင်ရိုက်ပစ်ပေါက်နေ၏။ သူသည် လုံးဝ မလှုပ်ရှားရဲတော့၊ သူ၏ ကိုယ်ကို ပို၍ လုံးကျစ်မာကျောအောင်သာ အားရှိသမျှ ခွေလိပ်ထား ရ၏။

'ဟား ဟား၊ မင်း သင်းခွေချပ်ကို ဒီလို ကိုင်ရိုက်လို့ကတော့ ယားတောင် ယားမှာ မဟုတ်ဘူးကွ၊ အိမ်ရောက်တော့ ရေနွေးပွက်ပွက်ဆူနဲ့ လောင်းလိုက်မှ အကြေးခွံတွေ အလွှားလိုက်ကွာကျပြီး ဆန့်သွားမှာ၊ ဒီအလုံး အခွေလိပ်အတိုင်းပဲ ထမ်းယူ၊ ဒီနေ့ တို့တော့ သင်းခွေချပ်သား ဝဝကြီး စားရပြီ ဟီဟီ'

ဤတော ဤတောင်တွင် သူ့ထက်တန်ခိုးအာဏာကြီးသူမရှိဟု အထင်ရောက်နေခဲ့သော သင်းခွေချပ်ခမျာ ယခုတော့ ဘာမျှမတတ်နိုင် တော့ချေ။ သူ့ထက် အသိတန်ခိုးကြီးသူ လူသားတွေက သူ့အား သတ်စားရန် ဖမ်းဆီး ယူဆောင်သွားလေပြီ။

**[ ပန်ရုပ်စုံ ။ ။ ဇန်နဝါရီ၊ ၁၉၈၄ ]**

www.burmeseclassic.com

# မိခင်စိတ်

သူ့နောက်တွင် ရေလုံးရေသီးကလေးများ ပလုံစီ၍ လိုက်ပါလာကြ၏။ နေရောင်ကြောင့် ရေလုံး ရေသီးကလေးများသည် ပုလဲလုံးများသဖွယ် လှပနေကြသည်။ သူသည် သန္တာကျောက်တန်းအောက်သို့ ဆင်းလာ၏။ အဖြူ၊ အပြာ၊ ခရမ်း ရောင်စုံပြွမ်းသော ပုလဲလုံးများကား သူ့နောက်၌ ပါလာကြဆဲ။

ရေပြင်ကို ထိုးဖောက်နိုင်သော နေ၏စွမ်းအားသည် သူ့နောက်တွင် ကျန်ခဲ့လေပြီ။ စိမ်းမှိုင်းညိုပြာသော အဏ္ဏဝါသစ်တောကို ရေနက်ထဲတွင် လှမ်းမြင်ရသည်။ သူသည် သစ်တောပေါ်သို့ ကူးခတ်ဆင်းသက်လာသည်။ သူ့ကိုယ်နှင့် ပွတ်တိုက်သွားသော ရေရှိန်ကြောင့် ရေမှော်ပင်များ၏ အညွန့် အဖူးများသည် ယိမ်းလူးပ်သွားကြသည်။

သန္တာကျောက်ခက်ပင်များ အကြိုအကြားရှိ ရေမှော်ပင်များမှ အညွန့် အဖူးများကို သူ စားသည်။ တစ်ပင်မှတစ်ပင် တစ်တောမှတစ်တောသို့ ကူးရင်း သူသည် အဏ္ဏဝါသစ်တောအတွင်း၌ လူးလာတုံ့ခေါက် ကူးခတ် လျက် ရှိလေသည်။

 www.burmeseclassic.com 

သူ လုံးဝ မလှုပ်ရှားလိုက်ရဘဲ သူ့ကိုယ်သည် ရေဖိအားကြောင့် ရွေ့လျားသွား၏။ ရေလှိုင်းသေကြီးတစ်လုံးသည် သူ့ကိုယ်ကို ရိုက်ခတ်သွားသည်။ ရေအောက်ငလျင်လားဟူသော အတွေးကြောင့် သူသည် လူးပြန်သွားသော သူ့ကိုယ်ကို ထိန်းလိုက်သည်။ ပတ်ဝန်းကျင် ဘယ်ညာကို ကြည့်၏။

စိမ်းပြာနေသော ရေထဲတွင် မည်းပုပ်သော အရာဝတ္ထုကြီးတစ်ခုသည် သန္တာလိုဏ်ခေါင်းထဲမှ ရုတ်တရက်ထွက်ပေါ်လာသည်။ ရေမှော်ပင်များ ယိမ်းညွတ်လှုပ်ခါနေကြ၏။ ရေလုံးပူစီဖောင်းများ ကွဲပေါက်ကုန်၏။ သူ ချက်ချင်းသိလိုက်၏။ ကျောက်ခေါင်းအောင်းနေသော ငါးကြီးတစ်ကောင်သည် သူ့ကို ရန်ရှာရန် လိုက်လာနေလေပြီ။

ဤသန္တာကျောက်ဆောင်နားမှ အဏ္ဏဝါသစ်တောကို အပိုင်စားယူထားသော ငါးတောက်တူကြီးသည် သူ ပိုင်သော အဏ္ဏဝါသစ်တောမှ အဖူးအညွန့်များကိုမှ ရွေးစားရပါမည်လားဟု သူ့ကို ကိုက်သတ်ရန် ဒေါသတကြီးနှင့် လိုက်လာနေလေပြီ။

ခြေလက်အစုံကို ပို၍ ဆန့်ထုတ်လိုက်သည်။ အဏ္ဏဝါသစ်တောအောက်ထဲ စိုက်ဆင်းလိုက်၏။ မြေပြင်နှင့် သူ့ကိုယ် ထိမိသောအခါ သဲများကို ယက်ကန်ပစ်လိုက်သည်။ သဲမှုန့်များ ပြန့်ကျဲသွား၏။ ရေလည်း နောက်ကျိသွားသည်။ သူ့ အမြင်ပင် မကြည်မလင်ဖြစ်သွား၏။ သူ့ကိုယ်သည် သန္တာကျောက်ဆောင်ပေါ် ခိုကပ်နေသော ပင်လယ်ခရုကြီးများနှင့် ကျောက်စွန်း ကျောက်ချွန်များကို ဝင်တိုက်မိသည်။ ပင်လယ်ခရုကြီးများ ကိုက်ဖြတ်ထား သော အဏ္ဏဝါသစ်တောထဲမှ မှော်ပင်မှော်ခက်များကိုလည်း မမြင်မစွမ်းနှင့် တက်နင်းမိသွားသည်။

သည်လိုနှင့်သူသည် သန္တာကျောက်ဆောင်နား အဏ္ဏဝါသစ်တော ထဲက ပြေးထွက်လာခဲ့ရလေ၏။

* * *

ရေအောက်တွင် သူနေခဲ့ရသည်မှာ နာရီပေါင်းအတော်ကြာသွားပြီ။ ကောင်းစွာ အသက်ရှူမဝ ဖြစ်လာသည်။ ပသိထဲဝင်နေသော ရေများကို ပြန်ထုတ်ရသည်မှာ လွယ်ကူမှုမရှိတော့။ သူသည် ရေပြင်ပေါ်သို့ တက်လာ၏။ မြစ်ပြင်သည် ပုဇွန်ဆီရောင်ထနေသည်။ ဦးခေါင်းကို လေထဲမော့၍ ပင်လယ်လေကို တစ်ဝကြီး ရှူရှိုက်ပစ်လိုက်လေသည်။ ခွန်အားတို့သည် အလိုလိုပြည့်လာလေ၏။

ရေထဲငုပ်ဆင်းလိုက် ရေပေါ်ပြန်တက်လာလိုက်နှင့် သူမြူးနေသည်။

ရက်ပေါင်းများစွာ မေ့ထားခဲ့သော ဝေဒနာတစ်ခုသည် သူ့အာရုံကို လှုပ်နှိုးလိုက်၏။ မြူးနေသော ခြေလက်များ လှုပ်ရှားမှုဟူသမျှ တဒင်္ဂရပ်သွားသည်။ တုန်ယင်လိုက်မောသွား၏။ စောစောကခွန်အားတို့ ခဏချင်းယုတ်လျော့ ကုန်ခန်းသွားသလို ခံစားလိုက်ရသည်။

လှိုင်းရှင်တို့ ပြေးသွားရာဘက်သို့ ဦးခေါင်းလှည့်လိုက်သည်။ ညို့မှိုင်းနေသော တောင်တန်းများကို ဦးစွာမြင်ရ၏။ တောင်တန်းတောအုပ်များ အောက်ခြေတွင် သဲသောင်တို့ ဖွေးဖွေးထနေသည်။ ယင်းအောက်ရေစပ်တွင်တော့ မည်းနက်နေသော ကျောက်ဆောင် ကျောက်တန်းကြီးများ။

ရတ်ခြည်း အသိတစ်ခု နိုးထလာ၏။ ချင်ခြင်းတစ်ခုသည် ရင်ထဲပြည့် လာ၏။ သူ့သားသမီးများရှိရာသည် ဤအဏ္ဏဝါပြင်မဟုတ်။ ဤရေပြင်၏ အဆုံးအစပ်မှ သဲသောင်သာဖြစ်သည်။ တစ်ကိုယ်လုံး ကျဉ်သွားအောင် ခံစားလိုက်ရသည်။

ကမ်းခြေဘက်အတန်ကြာ ငေးမျှော်နေသည်။ သူသည် ဆောက်တည်ရာမရ ဖြစ်လာ၏။ သူ့သားသမီးများကို သန္ဓေသား သွားချခဲ့စဉ်က လမ်းကြောင်းကို ပြန်ရှာနေသည်။ ဘယ်ဆီဘယ်ဒေသလောက်တွင် ရှိနိုင်လိမ့်မည်ကို တွေးဆသည်။ ခဏအကြာမှာပင် ရေလမ်းကြောင်းသည် သူ့အာရုံ၌ ထင်လာလေသည်။

 www.burmeseclassic.com 

လှိုင်းရှင်များကို တအိအိစီးကာ သူသည် ကမ်းခြေဘက်သို့ကူးခတ်လာသည်။ သူ့စိတ်မှာ သူ့သားသမီးများကိုတွေ့ရန် လှုံ့ဆော်လျက်ရှိသည်။ ကူးခတ်လာနေရင်းက သန္ဓေသားများ သွားချထားခဲ့ရသည်ကို မြင်ယောင်လာသည်။

ကမ်းနှင့်နီးလာ၏။ ငါးများသည် သူ့နောက်ကိုလိုက်ကာ နှောင့်ယှက်နေကြသည်။ ငါးအုပ်ကြီးတွေကို သူ ကွေ့ရှောင်၏။ ကျောက်ဆောင်ကျောက်စွန်းများကို လှည့်ပတ်သွားသည်။ သို့သော် အုပ်ထဲမှ ငါးကြီးများသည် သူ့နောက်ကို လိုက်မြဲလိုက်လာနေကြ၏။ သားသမီးဇောနှင့် အလျင်မြန်ဆုံး သူ ကူးခတ်နေသည်။

ကမ်းစပ်နားရှိ ကျောက်ဆောင် ကျောက်တန်းကြီးတစ်ခုအနီးသို့ ရောက်လာသည်။ ရေထဲမှ ခေါင်းမော့၍ လေကို တစ်ဝကြီးရှူသွင်းသည်။ သူ့ကိုယ်ကို ရေထဲ၌ ငြိမ်သက်စွာ ခေတ္တဖော့ထားလိုက်လေ၏။

*        *        *

သူ့ခေါင်းပေါ်မှ စူးရှကျယ်လောင်သော အော်မြည်သံများနှင့်အတူ သူသည် ထိုးသုတ်ခြင်းကို ရုတ်တရက် ခံလိုက်ရသည်။ သို့သော် သူ့ကိုယ်သည် လေထဲမြင့်ပါမသွားဘဲ ရေထဲသို့သာ ရုတ်တရက် နစ်သွားသည်။ မာကျောသော သူ့ကျောကုန်းကို မည်သည့် ညှပ်ငှက် စွန်ရဲကမှ ထိုးသုတ်မရမှန်း သူ သိလိုက်သည်။

ရေထဲမှ သူ ပြန်ပေါ်လာ၏။ သူ့နောက်လိုက်လာသောငါးအုပ်ထဲမှ ငါးတစ်ကောင်သည် သိန်းငှက် စွန်ရဲတစ်ကောင်၏ ခြေထောက်ကြားထဲ လူးလွန့်ပါသွား၏။ သိန်းငှက် စွန်ရဲနောက်ပါသွားသော ငါးနှင့်ရွယ်တူမျှသော ငါးတို့သည် လန့်ဖျပ်ထွက်ပြေးကြသည်။ ကြီးသောငါးများကမူ သူ့နောက်သို့ လိုက်လာမြဲ လိုက်လာကြ၏။ ရေပေါ်ကို အမှောင်ထုက ပိကျလာသည်။

www.burmeseclassic.com


သူသည် ငါးကြီးများကို မမှုပေ။ သူ့အာရုံတွင် သူ့သားသမီးများကို တွေ့လို မြင်လိုစိတ်သာ ပြင်းပြနေသည်။ ထို့ကြောင့်လည်း သူသည် ရန်မူရန် ဝိုင်းဖွဲ့လိုက်လာကြသော ငါးအုပ်ကြီးကို လုံးဝမမှုဘဲ ကမ်းခြေဘက်သို့သာ အဆောတလျင် ကူးခတ်လာနေ၏။ သဲသောင်ထဲမှ ပေါ်ထွက်လာကြမည့် သူ့သားသမီးများနှင့် သူသည် ဤညဥ့် တွေ့မှဖြစ်မည်။ လုံးဝအလွဲမခံနိုင်။ သူ့နှင့် သူ့သားသမီးများ လွဲမိလျှင် အားလုံး ငါးစာ ငှက်စာ ဖြစ်ကုန်လေမည်။ သူသည် အန္တရာယ်ကြားထဲမှ သူ့သားသမီးများကို ပင်လယ်ထဲအရောက် လမ်းပြခေါ်ဆောင်ရန် ဤနေ့ညဥ့် တာဝန်ရှိနေလေသည်။

သူ့တစ်ကိုယ်စာမျှ ဝင်ဆံ့ရုံရှိသော ကျောက်တန်းနှစ်ခုကြားထဲ သူ ဝင်လိုက်၏။ ရေစီးသည် သူ့ကိုယ်ကို သိသိသာသာ တိုးနေသည်။ သူ့ထက် ကိုယ်လုံးကြီးသောငါးများသည် ပင်လယ်ဘက်ရှိ ကျောက်တန်းကြား ရေစီးကြောင်းဝတွင် ရစ်သီရစ်သီလုပ်၍ ကျန်ရစ်ခဲ့ကြသည်။ ကျောက်တန်းကြား ရေစီးထဲမဝင်နိုင်သော ငါးကြီးများသည် သူနှင့် သူ့သားသမီးများ ဤကျောက်တန်း ရေစီးကြောင်းကြားလမ်းမှ ပြန်ထွက်လာကြလျှင် တိုက်ခိုက်သတ်ဖြတ်စားသောက်ရန် အသင့်စောင့်ဆိုင်းနေကြပုံရသည်။ အပြန်တွင် ဤလမ်းက မပြန်မိဖို့ကို သူ သတိရသည်။ ငါးကြီးများသည် သူ့ကိုယ်ထက်မှ ကလေးငယ်များကို နိုင်နိုင်နင်းနင်း စားသောက်ချင်၍ တမင်လိုက်လာကြပုံ ရလေသည်။ သူ ကလေးများခေါ်ရန် သွားသည်ကိုလည်း ရိပ်မိကြပုံရလေသည်။

ရေစီးထဲတွင် သူ့ထက် ပြေးအားမြန်သော ငါးသုံးလေးကောင်သည် ကျောက်ဆောင်ကြား ရေစီးကြောင်းအတိုင်း သူ့နောက်သို့ ဝင်လိုက်လာကြပြန်သည်။ ဤတစ်ခါ သူသည် သည်းခံချင်စိတ်မရှိတော့။ သူ့ကိုယ်နှင့်ရွယ်တူမျှသော ငါးများကို ကျောက်ဆောင် ရေစီးကြောင်းကြားတွင် သူ လိုက်၍ တိုက်ခိုက်ပစ်သည်။ ဤငါးများသည် မိမိကို ရန်မမူနိုင်သော်လည်း အပြန်ခရီးတွင် ကလေးများအတွက် စိတ်မချရ။ အလာတုန်းကပင် အပြန်ခရီးအတွက် လမ်းရှင်းထားခဲ့ရန် သူ့အသိမှာ နှိုးဆော်ပြီးသား ဖြစ်သည်။

ငါးများကို သူ့ကိုယ်နှင့် လိုက်တိုက်သလို ခြေလက်ဦးခေါင်းတို့နှင့်လည်း တိုးဝှေ့ယက်ကန်ပစ်၏။ သူ၏ မာကျောသော ကိုယ်ခန္ဓာနှင့် စွမ်းအားတို့ကြောင့် ငါးများသည် ရေစီးကြောင်း ကျောက်ဆောင်ကြားမှ သွေးရူးသွေးတန်းနှင့် ထွက်ပြေးသွားကြ၏။

တစ်ကိုယ်စာဝင်ဆံ့ရုံမျှသော ကျောက်ဆောင်ကြား ရေစီးအတိုင်း ကမ်းစပ်ဘက်သို့ သူ ကူးလာ၏။ ကျောက်ဆောင်ပေါ်တွင်နားနေကြသော ညဥ့်ငှက်များ၏ အော်မြည်သံက ပိုကျယ်လာသည်။ ညဥ့်ငှက်ကြီးများ၏ အော်ဟစ်ညည်းညူသံနှင့် အတောင်ပံခတ်သံတို့သည် ပတ်ဝန်းကျင်ကို လှုပ်ခတ်သွားလေသည်။

ထိတ်ထိတ်လန့်လန့် အော်လိုက်သော ညဥ့်ငှက်တစ်ကောင်၏ အသံနှင့် သွေးရူးသွေးတန်း အတောင်ပံဖြန့်လိုက်သံတို့ကြောင့် သူ့လက်ခြေတွေ တုံ့သွားသည်။ ကျောက်ဆောင်ကြား ရေစီးကြောင်းဝမှ တဝုန်းဝုန်း ရေပြိုကွဲသံကို ကြားလိုက်ရသည်။

သူသည် အတွေ့အကြုံအရ သိလိုက်လေပြီ။

ကျောက်ဆောင်ပေါ် နားနေကြသော ညဥ့်ငှက်များထဲမှ ငှက်ရဲတစ်ကောင်သည် စောစောက သူ့နောက်လိုက်လာသော ငါးအုပ်ကြီးမှ ငါးတစ်ကောင်ကို ဆင်းကုတ်လေပြီ။ ညဥ့်ငှက်ရဲသည် ကြီးမားသောငါးကို အပေါ်သို့ မချီ၍ မရ။ ငါးကသာ ရေထဲဆွဲပြေး၏။ သူ့ကျောကုန်းပေါ်တွင် ခြေသည်းချင်း ယှက်နေပြီး ရုတ်တရက်ဖြုတ်မရသော ငှက်ရဲကြီးကို ငါးကြီးက ရေထဲနှစ်သတ်ရန် ကြိုးစားနေ၏။ အတောင်ပံဖြန့်ကားသော ငှက်ကြီးကလည်း သူ၏ အတောင်ပံကို လေထဲရေထဲ ဖြန့်ကား၍ ခုခံသည်။ မထင်မှတ်ဘဲ ဖြစ်သွားသဖြင့် သူ၏ ကုတ်ခြစ်ထားသော ခြေသည်းကိုလည်း ရုတ်တရက် ဖြုတ်ရန် အချိန်မရတော့။ သည်လိုနှင့် ငှက်ရဲကြီးနှင့် ငါးကြီးတို့သည် ရေပေါ်တွင် တဝုန်းဝုန်းတိုက်ခိုက်နေကြသံ ကြားရလေသည်။ ကျောက်ဆောင်ပေါ်မှ အကူလိုက်သွားသော ငှက်များ အချိန်မမီခင် ငါးကြီးသည် ငှက်ရဲအား

ရေထဲနှစ်မြှုပ်ဆွဲယူ သွားသံ ကြားရသည်။ ငှက်ရဲ၏ အထိတ်တလန့်အော်သံ လည်း ပျောက်သွားလေ၏။

*  *  *

သူသည် ညဥ့်ငှက်ရဲများ၏ အော်ဟစ်မြည်ကြွေးသံကို နားစွင့်ရင်း ကျောက်ဆောင်ကြား ရေစီးကြောင်းအဆုံးတွင် ခြေလှမ်းတုံ့လိုက်၏။ ရေမရှိသော သဲသောင်ပေါ်သို့ ရုတ်တရက် သူ မတက်ရဲ။ သူ့ကို ညဥ့်ငှက်ကြီးများ မြင်သွားလျှင် ဝိုင်းဝန်းထိုးဆိတ်ကြမှာ စိုးရွံ့နေသည်။

သူသည် သူ့အတွက်သာမဟုတ် သူ့သားသမီးများအတွက်လည်း ပူပန်နေ၏။ ဤကျောက်ဆောင်ပေါ်၌ ဤညဥ့်ငှက်ကြီးများ ဤသို့သာ တစ်ညလုံးရှိနေကြလျှင် သူ့သားသမီးများသည် ဘယ်နည်းနှင့်မျှ သူတို့ရန်မှ လွတ်နိုင်ကြမည်မဟုတ်၊ သူ့သားသမီးများ သူ့အနံ့ရ၍ သဲသောင်ထဲမှ ထွက်လာကြသည်ကို မြင်လျှင် ညဥ့်ငှက်ကြီးများသည် သူ့သားသမီးများကို မုချ ထိုးသုတ်ကြပေလိမ့်မည်။ ရေနှင့် မြေပြင်မှာသာ ကျက်စားတတ်သော သူသည် ညဥ့်ငှက်ကြီးများကို မိုးပေါ်ပျံလိုက်တက်၍ မတိုက်ခိုက်နိုင်ပေ။ ရေထဲက ငါးများကို သူ မမှုသော်လည်း ညဥ့်ငှက်စွန်ရဲကြီးများကိုမူ စိုးရွံ့လာမိသည်။

ကျောက်ဆောင်ကို ပြေးလာတိုက်နေကြသော လှိုင်းရှင်တို့၏ အသံက ပိုကျယ်လာ၏။ ဒီရေတက်လာပြီကို သူသိသည်။ ကျောက်ဆောင်ကြား ရေစီးကြောင်းအဆုံးမှ သဲသောင်ကို ငေးမျှော်ကြည့်ကာ သူ့စိတ်သည် လေးလံလျက် ရှိ၏။ ဒီရေအတက်ရပ်၍ ရေအိနေချိန်တွင် သူ့သားသမီးများသည် သူရှိရာသို့ မုချဆင်းလာကြပေတော့မည်။ ညဥ့်ငှက်ကြီးများကား ယခုထိ ကျောက်ဆောင်ကို မစွန့်ခွာကြသေး။ သူ့သားသမီးများ ဤနေ့ည ဆင်းလာကြမည်ကို သိသဖြင့် တမင် စောင့်နေကြလေသလား။ သို့မဟုတ်

သူ့ကိုမြင်ထားကြပြီဖြစ်သော်လည်း သားသမီးများဆင်းလာမှ သူတို့သားအမိကို တိုက်ခိုက်စားသောက်ရန် စဉ်းလဲသောအကြံနှင့် ငြိမ်နေလေသလား။ သူ့ကိုယ်သည် ချက်ချင်း ဂနာမငြိမ်ဖြစ်လာလေသည်။

*　*　*

လဝန်းသည် တောင်တန်းပေါ်ကျော်လာ၏။ သူ့သားသမီးများရှိရာ သောင်ပြင်ကို သူ ငေးကြည့်နေသည်။ လရောင်ထဲတွင် သောင်ပြင်သည် တစ်ပြူးတစ်ပြန့် လဲလျောင်းနေသည်။ သူ့ သားသမီးများ သောင်ပြင်ပေါ်မှ ဆင်းလာကြလျှင် သူ မြင်သာနိုင်လေပြီ။

သူ့ကိုယ်ကို ရေစပ်စပ်မှ သောင်စပ်သို့ ရွှေ့တွားလိုက်သည်။ လှိုင်းရှင်တို့၏အသံက ပိုကျယ်လာ၏။ စောစောက သူ ခေတ္တနားနေခဲ့သော ကျောက်ဆောင်ကြား ရေစီးကြောင်းတွင် ရေတွေပြည့်လာ၏။ တဖြည်းဖြည်းနှင့် ညဉ့်ငှက်တို့ အော်သံက ကျဲသွားသည်။ မကြာခင် ကျောက်ဆောင်ကြီး ရေထဲမြုပ်သွား၏။ နားနေစရာမရှိသော ညဉ့်ငှက်တို့လည်း ပျံသွားကြလေပြီ။

ညဉ့်ငှက်တို့ အော်မြည်သံ တိတ်သွားသောအခါ သူ စိတ်ပေါ့သွားသည်။ လရောင်ဖြင့် တစ်မျှော်တစ်ခေါ် မြင်နေရသော သောင်ပြင်ကိုသာ စိတ်စောစွာ ငေးမျှော်နေသည်။ ဤလို ဘေးအန္တရာယ်ကင်းချိန်တွင် သူ့သားသမီးများကို ဆင်းသက်လာကြသည်ကို တွေ့လိုမြင်လိုနေပေသည်။ တဖြည်းဖြည်းနှင့် ဒီရေသာပြန်ကျသွား၏။ သူ့သားသမီးများကား တစ်ကောင် တစ်မြီးမျှ ပေါ်မလာကြသေး။ ကျောက်ဆောင် ကျောက်တန်းတို့ အလျှိုအလျှို ပြန်ပေါ်လာကြသည်။ လှိုင်းသံတို့ တိုးသွား၏။ လထွက်လာသော အရပ်တွင် ရောင်နီကို စမြင်ရသည်။ ဖြူဖွေးသော လရောင်များ ညှိုးမှိန်သွားသည်။ ကောင်းကင်တွင် သွေးရောင်ရဲရဲတို့ လွှမ်းလာသည်။

သူသည် ရေစပ်သို့ သူ့ကိုယ်ကို ရွှေ့ဆင်းလာ၏။ ရေနှင့်အလှမ်းဝေးသော အရပ်သည် သူ့အတွက် မနေကောင်းသောအရပ်ဖြစ်သည်။ လုံခြုံမှုမရှိသော အန္တရာယ်နေရာဖြစ်သည်။ ထို့ကြောင့် ဒီရေကျသွားရာသို့ သူသည် တရွေ့ရွေ့ နောက်ပြန်ဆုတ်နေရ၏။ ဦးခေါင်းကမူ သူ့ သားသမီးများ ဆင်းလာကြမည့် သောင်ပြင်သို့သာ ငေးမျှော်လျက်။

လရောင်နှင့်မြင်ခဲ့ရသော သဲသောင်သည် နေရောင်နှင့်ပို၍ ရှင်းလင်းပီပြင်လာသည်။ သည်လိုနှင့် ဒီရေသည် တစ်ခေါက်ပြန်တက်စ ပြုလာပြန်၏။ လှိုင်းသံတို့က ပို၍ ကျယ်လောင်လာကြပြန်သည်။ သူ့သားသမီးများကိုကား အစအနပင် မမြင်ရသေး။ သူကား သူ့သားသမီးများ သောင်ပြင်ပေါ်က ဆင်းလာကြမည်ကို ဆက်လက်မျှော်နေဆဲ။

အမှန်ကမူ သူ့ ဥများအားလုံးကို သူ အုချခဲ့သော ညကပင် လူတို့ ဖော်ယူသွားကြပြီဆိုသည်ကို လိပ်မကြီးခမျာ မသိရှာပေ။

[ ငွေတာရီ ။ ။ ဒီဇင်ဘာ၊ ၁၉၈၃ ]

www.burmeseclassic.com

# ကိုယ်အငှားနဲ့ သူ့ခန္ဓာ

မိခင်သည်သူ့အား ဆီးချိုတစ်ခုအောက်၌ မွေးဖွားလိုက်သည်။ သူ့တစ်ကိုယ်လုံးမှာ သဲတွေနှင့် လူးနေ၏။ ကျိန်းစပ်နာကျင်သောဝေဒနာကို ဦးစွာခံစားရသည်။ တစ်ကိုယ်လုံးကို လှုပ်ရှားတွန့်လူးနေရ၏။

ပင်လယ်ကမ်းခြေနှင့်နီးသဖြင့် ရေလှိုင်းတို့၏ စီစီညံညံအော်မြည်သံများကိုလည်း ကြားရသည်။ ခြေချောင်း လက်ချောင်းငယ်များနှင့် မိခင်ကို တို့ထိကြည့်၏။ မိခင်၏ အခွံမာကြီးကို စမ်းမိသည်။

သူ တို့ထိလိုက်၍လားမသိ၊ မိခင်သည် သူ့အနားမှ ဖင်တရွတ်ဆွဲကာ ထွက်သွား၏။ မိခင်ကြီး၏ အခွံမည်းမည်းကြီးကို သူ မြင်လိုက်ရသည်။ သို့သော် သူ့ကိုယ်တွင်ကား မိခင်ကြီးလို အခွံမာမရှိ။ ပကတိနူးညံ့သော အသားကိုယ်ချည်းသက်သက် ဖြစ်သည်။

သဘာဝ ဘုရားသခင်သည် မိခင်ကဲ့သို့ သူ့အား ဘာကြောင့် အခွံမာဝတ်ခြုံ မပေးလိုက်သည်ကို သူ သဘောမပေါက်ပေ။ အနားဝန်းကျင်ကို သတိထားကြည့်၏။ သူ့လိုပင် အဝတ်အခွံဗလာနှင့် များစွာသော မွေးချင်းပေါက်ဖော်များကို မြင်ရသည်။ အားလုံး လှုပ်လှုပ်ရွရွနှင့် အမှောင်ထဲမှာ

တွားသွားနေကြ၏။ သူလည်း အများတကာနည်းတူ နုနုဖပ်ဖပ် ကိုယ်ကို တွားသွားနေမိ၏။

သဲပြင်နှင့်ထိတွေ့နေရသော ဦးခေါင်းပိုင်းနှင့် ခြေလက်တို့သည် တလှုပ်လှုပ် တရွရွနှင့် ယားကျိကျိဝေဒနာကို ခံစားလာရ၏။ အမြီးပိုင်း ဖင်ကမူ သဲပြင်နှင့်ထိတိုင်း နာကျင်နေသည်။ ထိုအခါ အမြီးပိုင်းကို သူ လှုပ်ယမ်းနေရသည်။ သူ၏ အမြီးပိုင်းသည် နူးညံ့လွန်းသဖြင့် သူလှုပ်လိုက် တိုင်း လေတိုးနှုန်းကိုပင် သိနေရသည်။ တစ်ကိုယ်လုံး ယားယံလာသလို ခံစားရ၏။ သဲပွင့် သဲမှုန်များနှင့်လည်း အထိမခံနိုင်။ လေတိုက်သည်ကိုပင် ယားယံတတ်သော ဤအမြီးဖင်ပိုင်းကို ဘာနှင့်ဖုံးလွှမ်းထားရ ကောင်းလေ မလဲဟု သူ တွေးမိသည်။

မိခင်ကြီး ထွက်ခွာသွားစဉ်က အခွံမည်းမည်းသည် သူ့မျက်စိထဲတွင် ကွင်းကွင်းကွက်ကွက် ပေါ်လာ၏။ အမြီးဖင်ပိုင်းကို ဖုံးဝှက်ထားရန် အခွံ တစ်ခုကို အမှောင်ထဲ၌ သူ စမ်းမိသွား၏။ အလွန်သေးငယ်သော ခရုခွံလေး တစ်ခု။ သူ့မိခင်သည် ဤအခြေအနေကိုသိ၍ ဤဆီးချုံအောက်က သဲခုံ ပေါ်တွင် သူ့ကို ပစ်ထားခဲ့လေသလား ထင်လိုက်သည်။

သူ အလွန်ဝမ်းသာသွား၏။ ဖင်တရွတ်တိုက် ဆွဲသွားနေသော သူ့အမြီးပိုင်းကို ခရုခွံထဲသွင်းကြည့်လိုက်သည်။ ဖင်အမြီးပိုင်းတင်မက သူ့ တစ်ကိုယ်လုံးပါ ခရုခွံထဲ ကျုံ့ဝင်သွား၏။ ခရုခွံမှ ကိုယ်တစ်ပိုင်းကို ပြန်ထုတ်ရသည်။ လက်ခြေများကိုထုတ်၍ သဲပြင်တွင်လျှောက်ကြည့်၏။ တရွတ်တိုက် ဆွဲသွားရသော်လည်း ဖင်မနာတော့။

ပဋိစ္စသမုပ္ပာဒ်၏ သဏ္ဌာန်တိသဘောအရ ပြင်းထန်သော နာကျင်မှု ဝေဒနာက ချုပ်ငြိမ်းသွားသည်။ ထိုအခါ ဆာလောင်မွတ်သိပ်မှုတည်းဟူသော ဝေဒနာသစ်သည် ဆက်စပ်၍ ဖြစ်ပေါ်လာပြန်၏။ အစာအာဟာရတည်း ဟူသော ချင်ခြင်းဝေဒနာသည် သူ့တစ်ကိုယ်လုံးကို ပူလောင်ပြင်းပြစွာ တောက်လောင်လျက်ပေါ်လာသည်။

 www.burmeseclassic.com 

သူသည် အစာရှာခြင်းအလို့ငှာ ဆီးချုံအောက် သဲသောင်ထဲမှ တွား ထွက်လာ၏ ။ သူ့ လိုပင် အစာအတွက် ပျာယာခတ်နေကြသော သားချင်း ပေါက်ဖော်များကိုလည်း မြင်ရသည်။

သူတို့အားလုံး ဖင်တရွတ်တိုက်ကာ ဆီးချုံထဲမှ ထွက်လာကြ၏ ။ အချို့ဆိုလျှင် ဤလောကကြီး၌ ဖင်တစ်နေရာစာပင် ထည့်သွင်းထားရန် နေရာ မရကြသေးသဖြင့် သူ့ နောက်က ကိုယ်တုံးလုံးနှင့် မောကြီးပန်းကြီး လိုက်လာနေကြသည်။

သို့သော် ဝေးဝေး မလှမ်းလိုက်ရ။ စူးရှကျိန်းစပ်သော နေရောင်ခြည် သည် သူတို့အားလုံးကို ဟန့်တားလိုက်၏ ။ သူတို့၏ မျက်လုံးများသည် ရုတ်ခြည်းပြာဝေသွားကာ ချက်ချင်းအကန်းများလို ဖြစ်သွားကြသည်။ နေရောင်ခြည်ကြောင့် အားလုံး ငြိမ်ကုပ်သွားကြသည်။ မိမိတို့မွေးဖွားရာ ဆီးချုံထဲ ပြန်ဝင်ကြ၏ ။ နေရောင်ခြည်သည် ဆီးချုံထဲကိုပင် ချမ်းသာမပေးဘဲ ကွက်တိ ကွက်ကျား ထိုးဖောက်ထား၏ ။

နေရောင်ခြည် နေပူပြောက်များကို ရှောင်ဖယ်ကာ သူတို့အားလုံးသည် ဆီးရွက်ကြွေအောက်များ၊ သစ်ကိုင်းသစ်တုံးအောက်များ၊ ကျင်းများ၊ အခေါင်း ပေါက်များ၊ ခရုခွံ၊ ပေါင်းခွံ ဇရာမကြီးများထဲ ဝင်ပုန်းနေကြ၏ ။

နေရောင်ခြည်ကို သူတို့ ကြောက်နေကြသည်။ နေရောင်ခြည်ထဲတွင် သူတို့၏ မျက်စိအစုံသည် ဘာမှမမြင်ရဘဲ အကန်းကဲ့သို့ ဖြစ်နေကြလေသည်။ ထို့ကြောင့် အားလုံး ငြိမ်ကုပ်နေကြရ၏ ။ဗိုက်ထဲက ဆာလောင်မွတ်သိပ်နေ သော်လည်း တုတ်တုတ်မျှ မလှုပ်ဝံ့။

* * *

သူတို့သည် တစ်နေ့လုံး ဆီးချုံအောက်ထဲ ငြိမ်ကုပ်နေခဲ့ကြရ၏ ။ တဝေါဝေါ အော်မြည်၍ ပြေးလာလိုက်၊ ရှဲခနဲ ညာသံပေး၍ ပြန်ဆင်းသွားလိုက်လုပ်နေ

ကြသော လှိုင်းဆူသံများသည် တဖြည်းဖြည်း ဝေးသွားကြ၏။ ငြိမ်သက်ခြင်းသည် အစပြုလာ၏။ ဒီရေဆုတ်သွားသံနှင့်အတူ နေခြည်လည်း ရုတ်သွားလေပြီ။ အမှောင်သည် လောကတစ်ခုလုံးကို ဝါးမျိုကြီးစိုးစ ပြုလာလေသည်။

ထိုအချိန်တွင် သူတို့သည် ဆီးချုံအောက်မှ အုပ်ဖွဲ့၍ထွက်လာကြ၏။ သူတို့ ပေါက်စနအကောင်ငယ်များသာမဟုတ်၊ အခွံမာနှင့် အကောင်ကြီးများသည်လည်း သစ်ပင်များ၊ ချုံဖုတ်များပေါ်မှ အလျှို အလျှို ဆင်းလာကြသည်။

အကောင်ကြီးများ၏ နောက်ကို သူတို့ လိုက်ကြသည်။ သူနှင့်မွေးချင်းပေါက်ဖော်များကိုယ်တွင် ယခုထိ အချို့မှာ အခွံအဝတ်မပေါ်လာကြသေး။ သဲသောင်ပြင်အဆုံး ကျောက်ပြင် ကျောက်တန်းများပေါ် သူတို့ဆင်းလာကြသည်။ အကောင်ကြီးများသည် ကျောက်တန်း ကျောက်တုံးများပေါ် တွယ်ကပ်၍ တရွေ့ရွေ့တွားသွားနေကြသော ခရုကောင်များ၊ ပေါင်းကောင်များကို ကိုက်သတ်စားကြသည်။ သူတို့ကိုယ်ပေါ်တွင် ဝတ်ဆင်လာကြသော သူတို့ကိုယ်နှင့် အံဝင်ခွင်ကျ မရှိသော အခွံအကြီးအသေးများကို စွန့်ပစ်၍ တော်ရာသင့်ရာ အခွံများထဲဝင်ကြသည်။ အကြီးများစွန့်ပစ်လိုက်သော အခွံငယ်များကို သူနှင့်တကွသော မွေးချင်းပေါက်ဖော်များသည် အလွယ်တကူ ဝင်ဝင်စွပ်ကြ၏။ မိမိ နိုင်ရာ နိုင်ရာ ခရုကောင်၊ ပေါင်းကောင်ငယ်များကိုလည်း ကိုက်ဖြတ်သတ်စားကြသည်။

သူတို့တွင် ခရုကောင် ပေါင်းကောင်များကို ကိုက်ဖြတ်စားသောက်နိုင်ရန် သဘာဝဘုရားသခင်က ညှပ်လက်မတစ်ခုနှင့် အမွေးအမင်ကြားထဲတွင် အဆိပ်ရည်များကို ထည့်ပေးထားလေသည်။ ထို့ကြောင့်လည်း ခရုကောင်၊ ပေါင်းကောင်များသည် သူတို့ကိုက်သတ်လိုက်သည်နှင့် ချက်ချင်းသေသွားကြသည်။

သူတို့သည် ကျောက်တန်း ကျောက်တုံးများပေါ် အစာရှာစားနေကြရင်းက သဘာဝဗီဇစိတ်နှင့် ဒီရေပြန်တက်လာတော့မည် ဆိုသည်ကို သိကြသည်။

 www.burmeseclassic.com 

ပင်လယ်ပြင်မှ လေသည် ဒီလှိုင်းများကို သယ်ဆောင်လာကြတော့မည် ဆိုသည်ကိုလည်း သိကြသည်။ ဒီရေတက်လာလျှင် ကျောက်ဆောင်ကျောက်တန်းများသည် ဒီလှိုင်းကြားထဲ ပင်လယ်ရေငန်ထဲ နစ်မြုပ်သွားကြပေတော့မည်။ ထိုအခါ ခရုများ၊ ပေါင်းကောင်များလို ရေထဲကြာကြာ မနေနိုင်ကြသော သူတို့သည် ပင်လယ်ကမ်းဘေးရှိ သစ်တောများ၊ ဆီးချုံများသို့ တစ်ဖန် ပြန်တက်လာကြရပြန်လေသည်။ အလင်းကြောက်သော သူတို့သည် တစ်နေ့လုံး သစ်တောချုံဖုတ်ထဲ ငြိမ်ကုပ်နေကြရပြန်၏။

* * *

သူတို့သည် တစ်နေ့တခြား ကြီးထွားလာသော ကိုယ်ခန္ဓာကြောင့် အဝတ်အခွံမှာ သုံးရက်တစ်ခါ လေးရက်တစ်ခါ လဲဝတ်နေကြရသည်။ ထိုအခါ အခွံအဝတ် ရှားပါးမှုသည် အားလုံးလိုလိုကို အမြဲ စိတ်သောကပေးလျက်ရှိလေ၏။

သေးငယ်သော ခရုခွံ၊ ပေါင်းခွံများကို ဝတ်ဆင်မိလျှင် သူတို့ကိုယ်ကမလုံပေ။ ထိုအခါ လေပြင်းပြင်းတိုက်သောဒဏ်ကိုပင် မခံနိုင်သော သူတို့ကိုယ်ခန္ဓာနုနုဖတ်ဖတ်များမှာ နာကျင်လာပြန်၏။ တစ်ခါတစ်ခါ လေထဲ၌ပါလာသော သဲမှုန်သဲပွင့် ကလေးများကလည်း လေအားနှင့် သူတို့ကိုယ်ပေါ်လာထိတတ်သည်။ ထိုအခါ ဆတ်ဆတ်ခါမျှ နာကျင်ရပြန်၏။ ယင်းကြောင့် အလင်းကွယ်ရာ နေရောင်ကွယ်ရာကိုသာမဟုတ် လေကွယ်ရာကိုပင် ရှာဖွေ၍ငြိမ်ကုပ်နေကြရသည်။

အချို့အကောင်ကြီးများဆိုလျှင် လေထဲတွင် သဲပွင့် သဲမှုန်များများမပါနိုင်သော သစ်ပင်ကြီးများပေါ်ထက်ပင် တက်နေတတ်ကြ၏။ သစ်ပင်ခေါင်းများ၊ အလင်းအားနည်းရာများတွင်ငြိမ်ကုပ်၍ လေခံနေတတ်ကြ၏။

သူသည်လည်း အကောင်ကြီးများနည်းတူ သစ်ပင်ပေါ်သို့ ကြိုးစားပမ်းစားတက်၏။ သို့သော် မတော်တရော် ဝင်စွပ်ထားရသော သူ့ခရုခွံကြီးကလေးလံသဖြင့် သစ်ပင်ပေါ် တက်မရ၊ ခဏခဏ ပြုတ်ကျတတ်သည်။

သူ့လို တွယ်ကပ်လိုက် ပြုတ်ကျလိုက်ဖြစ်နေကြသော မွေးချင်းပေါက်ဖော်များသည်လည်း သစ်ပင်ရင်း၌ ပုံနေတတ်ကြ၏။

ထို့ကြောင့် သူသည် တစ်ည၌ အစာရှာထွက်ရင်း ကျောက်တုံးကျောက်တန်းပေါ်တွင် သူနှင့်အံဝင်ခွင်ကျဖြစ်မည့် ခရုတစ်ကောင်ကို ကိုက်သတ်စားကာ အခွံအဝတ်ကိုလည်း ယူလိုက်သည်။ ဤသို့နှင့် သူသည် အဖော်အပေါင်းများနှင့်အတူ ညတိုင်း ပင်လယ်ကမ်းစပ်ရှိ ကျောက်တုံးကျောက်တန်းများပေါ်သွားကာ အစာရှာ၊ အခွံအဝတ်ရှာလုပ်ငန်းများကို နေ့တရှူဝ လုပ်နေရလေသည်။

* * *

သည်လိုနှင့် သူတို့သည် တစ်ညမှာ ဒီရေကျသွားသည်နှင့် တစ်ပြိုင်နက် ပင်လယ်ကမ်းခြေရှိ ကျောက်တုံး ကျောက်တန်းများပေါ် အစာရေစာနှင့် အခွံအဝတ်ရှာရန် ဆင်းလာကြ၏။

များပြားလွန်းသော သူတို့၏ ခြေသံနှင့် ဟစ်မြည်သံတို့မှာ တစ်ဆယ့်ရှစ်ခေါဘဏ်ီသော ဒီဝိဇ်တပ်မကြီးများ ပြိုဆင်းလာသလို ဆူညံနေသဖြင့် သူတို့ရန်ကို ကြောက်နေရသော ခရုကောင်များ၊ ပေါင်းကောင်များသည် သူတို့ ဆင်းမလိုက်နိုင်သော ရေနက်ထဲဆင်းပြေး ပုန်းရှောင်နေကြသည်။ သူတို့ကလည်း မီရာမီရာ ခရုကောင်၊ ပေါင်းကောင်များကို လိုက်လံဖမ်းဆီးနေကြသည်။

ထိုအချိန်မှာပင် လေပြင်းသည် တသွင်သွင်တိုက်ခတ်လာ၏။ လှိုင်းလုံးကြီးများသည် မကြုံစဖူး ထူးကဲစွာ အော်မြည်လာကြ၏။ လှိုင်းလုံးကြီးများ၏ အော်မြည်လာသံမှာ ပြေးနိုင်မှလွတ်မယ်ဟော့ဟု ကြုံးဝါးလာကြသလိုပင်။

 www.burmeseclassic.com 

သူတို့သည် ကမန်းကတန်းနှင့် ဆီးချုံသစ်တောများရှိရာသို့ သဲသောင်ကိုဖြတ်ကာ တက်ပြေးလာကြသည်။ မကြာခင် မုန်တိုင်းကြီးကျလာတော့မည်ဆိုသည်ကို သူတို့အားလုံး ချက်ချင်းသိလိုက်ကြသည်။ လှိုင်းလုံးကြီးများသည် သူတို့နောက်က အဆောတလျင် ပြေးလိုက်လာကြ၏။

အခွံကြီးကြီးများကို ဝတ်ဆင်ထားမိကြသောအချို့အဖော်များသည် လေးလံသောအဝတ်အခွံကြီးများကို ရုတ်တရက် မသယ်နိုင်ဖြစ်ကာ လှိုင်းကြား ရေကြားထဲ နစ်မြုပ်သေပျောက်၍ ကျန်ခဲ့ကြ၏။

မုန်တိုင်းကြီးကြောင့် အငြိုးကြီးလာကြသော လှိုင်းလုံးများသည် သဲသောင်ပြင်၌ မီလိုက်သမျှသော အဖော်များကို ရေထဲမြုပ်သတ်ပစ်လိုက်သည်။ လှိုင်းလုံးကြီးများသည် ဤသည်နှင့်ပင် မကျေနပ်ကြသေး။ သူတို့နေထိုင်ကြရာ ဆီးချုံများအစသို့ပင် တက်လိုက်လာကြ၏။ မကြာခင် သူတို့ခိုအောင်းရာ ဆီးချုံကိုပင် နစ်မြုပ်ပစ်ရန် ခြိမ်းခြောက်လာကြပြန်သည်။

ထိုအခါ သူတို့အားလုံး ချုံတောထဲရှိ သစ်ပင်မြင့်များပေါ်သို့ ပြေးတက်ကြရပြန်သည်။ အခွံအဝတ်လေးလံ၍ သစ်ပင်မြင့်များပေါ် မတက်နိုင်ကြသော အဖော်များကို လှိုင်းလုံးကြီးများသည် အဆီးအတားမရှိ သတ်ဖြတ်နေ၏။

အနေ့နေ့ အရက်ရက်က သူတို့နေထိုင်ခဲ့ကြသော ဆီးချုံဖုတ်များသည် အားလုံး၊ လှိုင်းအောက်ရေအောက် ရောက်ကုန်ကြ၏။ သူတို့ တက်ရောက်ခိုအောင်းနေကြသော သစ်ပင်ကြီး အရင်းပိုင်းပင် ရေမြုပ်သွားလေပြီ။

သူနှင့် အဖော်အပေါင်းများစွာတို့သည် ငြိမ်ကုပ်ကာ သစ်ပင်ထက်မှ လှိုင်းလုံးကြီးများကို ထိတ်ထိတ်လန့်လန့်နှင့် ငုံ့ကြည့်နေကြ၏။ မကြာခင် လှိုင်းလုံးကြီးများသည် သူတို့ရှိရာ သစ်ပင်ရင်းသို့ရောက်လာ၏။ လေကလည်း ပိုကြမ်းလာသည်။ လေဒဏ်ကို မခံနိုင်သောသူတို့သည် ပင်စည်ကြီး၏ လေကွယ်ရာဘက်သို့ ရွှေ့နေရသည်။ သည်တွင် တစ်ကောင်နှင့် တစ်ကောင်

တိုးတိုက်မိ၍ အချို့တွေ အောက်သို့ပြုတ်ကျသွားကြသည်။ သူနှင့်တကွ သူ့အဖော်များအားလုံးသည် ပင်စည်ကြီး၏ လေကွယ်ရာဘက်တွင် ကျပ်ခဲနေကြ၏။

လှိုင်းလေကြမ်းလာသောအခါ သူနှင့်တကွ အကြောက်လွန်နေကြသူများမှာ သစ်ပင်ပေါ် တွားတက်ကြပြန်၏။ လေပြင်းမုန်တိုင်းကြောင့် သစ်ပင်ကြီးသည် တယိမ်းယိမ်းလှုပ်နေ၏။ ခြေမမြဲ လက်မမြဲသော သူ့အဖော်များနှင့် မတန်တဆကြီးမားသော ခရုခွံ၊ ပေါင်းခွံများကို ဝတ်ဆင်လာကြသူ အချို့လည်း သစ်ပင်ပေါ်က ပြုတ်ကျကုန်ကြသည်။ လေးလံကြီးမားသော ခရုခွံ ပေါင်းခွံများကို သူတို့ မထိန်းထားနိုင်ကြပေ။

သစ်ပင်များပေါ်တွင် သူတို့ထက်ဦးစွာ ရောက်နေသူများလည်း ရှိသေး၏။ အချို့ဆိုလျှင် အကြောက်လွန်ကာ အဝတ်အခွံပင် ဘယ်မှာကျွတ်ကျန်ခဲ့သည် မသိ။ ကိုယ်တုံးလုံးနှင့် ဖြစ်၏။ သို့မဟုတ် လေးလံသော အခွံကြောင့် အန္တရာယ်ဖြစ်မှာစိုး၍ တမင် ချွတ်လွှင့်ပစ်ခဲ့ကြတာလည်း ဖြစ်နိုင်၏။

သူတို့ ထင်သကဲ့သို့ပင် ပင်စည်ခါးပိုင်းထိ ရေတက်လာ၏။ ပို၍ အကြောက်ပို လာကြသောသူတို့မှာ သစ်ပင်ပေါ်ဆောက်တည်ရာမရ ဖြစ်လာကြသည်။ လေတစ်ဘက်သို့ ပြောင်းတိုက်လာပြန်သောအခါ လေကွယ်ရာ ပင်စည်ကြီး၏ နောက်တစ်ဘက်ကို အလုအယက်ရွှေ့ပြောင်းနေရာယူကြရပြန်၏။ သည်မှာလည်း တစ်ကောင်နှင့်တစ်ကောင် တိုးတိုက်မိကာ လှိုင်းထဲရေထဲ အချို့ပြုတ်ကျသွားကြပြန်သည်။ အခွံအဝတ်ကို အနေတော် ဝတ်ဆင်လာသူကမူ သတိကြီးစွာနှင့် လေကွယ်ရာ ပင်စည်တစ်ဘက်သို့ သတိနှင့်ရွှေ့လာရ၏။

လှိုင်းလုံးကြီးများသည် မကြာခင် ပင်လယ်ထဲ ပြန်ဆင်းသွားကြ၏။ လေတိုက်လည်း စဲသွားသည်။ ဒေါသတကြီးအော်ဟစ်နေသော လှိုင်းအော်သံ

များကိုလည်း မကြားရတော့။ တဖြည်းဖြည်းနှင့် လေရော လှိုင်းပါ ငြိမ်သက်သွားကြ၏။

သူသည် စိတ်လက်ပေါ့ပါးစွာဖြင့် သစ်ပင်အောက် ငုံ့ကြည့်လိုက်သည်။ ပင်လယ်ရေငန်များကိုပင် လုံးဝ မမြင်ရတော့။ သို့သော် သူတို့ တက်ရောက်နေကြသော သစ်ပင်ကြီးခြေရင်းနှင့် ဆီးချုံများအားလုံးကိုတော့ ဒေါသကြီးသော လှိုင်းလုံးကြီးများသည် သဲတွေနှင့် ဖုံးပစ်ထားခဲ့ကြလေ၏။

လှိုင်းလေငြိမ်သွားပြီဖြစ်သဖြင့် သူနှင့်တကွသော ဝင်ကစွပ်ကောင်များသည် သစ်ပင်ပေါ်က အဆောတလျင် ပြေးဆင်းလာကြလေ၏။ သူတို့သည် အစားအစာနှင့် အဝတ်အခွံရှာရန် ပင်လယ်ကမ်းခြေသို့ ပြန်ဆင်းကြရပေဦးမည်။

[ သဘင် ။ ။ မတ်၊ ၁၉၈၅ ]

www.burmeseclassic.com

# သစ္စာဖောက်

သူသည် တိတ်ဆိတ်ငြိမ်သက်နေခြင်းကိုသာ လိုလား၏။ ဆူညံခြင်းကို လုံးဝ မနှစ်သက်တတ်။ သူ့နားကလည်း ပါးလွန်းသည်။ တစ်ခါတစ်ခါ သစ်တောကို လေပြင်းတိုးသံ သစ်ခြောက်ရွက်များ တသဲ့သဲ့ကြွေကျသံ၊ တောသစ်သီးလုံးများ တဖြောက်ဖြောက်ကြွေကျသံနှင့် တောတိရစ္ဆာန်များ အော်မြည်ညည်းတွားသံတို့ကိုပင် သူ့နားက မကြားချင်။ ထို့ကြောင့်လည်း သူသည် အသံမျိုးစုံတို့ဖြင့် ဆူညံနေတတ်သော ပတ်ဝန်းကျင်နှင့် အပြင်လောကကို ရှောင်နေသည်။ တိတ်ဆိတ်အေးချမ်းသော သူ့မြေအောက်ကမ္ဘာထဲ၌သာ သူ့မိသားစုနှင့်သူ အေးချမ်းဆိတ်ငြိမ်စွာ နေထိုင်လေ့ရှိသည်။

တစ်နေ့သ၌ အစာရှာဖွေစားသောက်ရန် မြေအောက်ကမ္ဘာကျင်းထဲမှ အပြင်လောကသို့ သူ့မိသားစုနှင့်အတူ သူ ထွက်လာသည်။ လေနှင့်ကြွေလွင့်ပြီး သူ့ကျင်းဝကို လာပိတ်နေကြသော သစ်ရွက်ခြောက်များကို ဦးစွာ ဖယ်ရှားပစ်ရသည်။ သစ်ရွက်ခြောက်များပေါ်တွင် တင်ကျန်နေသော နှင်းရည်နှင်းစက်များကိုလည်း လျှာနှင့်လျက်၍ သောက်လေသည်။ သူ့နည်းတူ သူ့နောက်ပါလာကြသော သူ့မိသားစုများကလည်း နှင်းရည်များကို လျက်သောက်ကြလေ၏။

www.burmeseclassic.com


နှင်းရည်သောက်ရင်း သူတို့မိသားစုသည် ဆင်ခြေလျှောအတိုင်း စမ်းပေါက်တစ်ခုနား ဆင်းလာကြသည်။ သူ့နောက်တွင် စီတန်းလိုက်ပါလာကြသော သူ့ မိသားစုကို တစ်ချက် သူ လှည့်ကြည့်သည်။ အားလုံး ပျော်ပျော်ရွှင်ရွှင် မြူးမြူးကြွကြွပင်။ ဤတောတောင်တွင် သူတို့မိသားစုကို ရန်မူရဲသော တောတိရစ္ဆာန်ဆို၍လည်း တစ်ကောင်တစ်မြီး၊ တစ်အုပ်တစ်မျှ မရှိကြ။ တောဘုရင်ဖြစ်သော ကျားကြီးများပင် သူတို့မိသားစု ထွက်လာကြသည်ကို မြင်လျှင် မယောင်မလည်နှင့် ရှောင်သွားကြ၏။ တခြားတောတိရစ္ဆာန်များဆိုလျှင်မူ သူတို့ မိသားစုအနားကိုပင် မသီရဲကြ။ ဝေးဝေးကပင်ရှောင်ပြေးတတ်ကြ၏။ ထို့ကြောင့်လည်း သူတို့မိသားစုမှာ အနှောင့်အယှက်ကင်းစွာ အစာရှာဖွေ စားသောက်နိုင်ကြသည်။ ဤတော ဤတောင်တွင် စိုးရိမ်ကြောင့်ကြမဲ့စွာ လွတ်လွတ်လပ်လပ် သွားလာနေနိုင်ကြသည်။

တောင်ချိုင့်တစ်ခု၏ စမ်းပေါက်နားရှိစိမ်းလန်းသော ဆင်ငိုမြက်ခင်းပြင်နားသို့ မိသားစုလိုက်ဆင်းလာကြသည်။ ဆင်ငိုမြက်ဥတွေမှာ သူတို့အကြိုက်ဆုံး အစားအစာဖြစ်၏။ သူတို့ တူးဖော်စားသောက်ရန် ရည်ရွယ်ထားသော ဆင်ငိုမြက်ခင်းနား အရောက်တွင် ဝက်အော်သံများကို ကြားကြရသည်။ သူတို့ မိသားစုကိုမြင်သည်နှင့် ဝက်များသည် ကစဉ့်ကလျားထွက်ပြေးသွားကြ၏။ မြက်ခင်းကား ဝက်တွေဦးသွား၍ ထောင်းလမောင်းကြေသွားလေပြီ။ ဆင်ငိုမြက်ဥများတွင်မက မြက်ဖုတ်လောက်မြုပ်နေသော ခရုလုံးများပါ တက်တက်စင်သွားလေသည်။

သူသည် ဝက်ပုပ်များကို ဒေါသဖြစ်စွာနှင့် သူတွေ့ထား မြင်ထားဖူးသော နောက်ထပ် ဆင်ငိုမြက်ခင်းတစ်ခင်း ရှိရာသို့ ဦးဆောင်ထွက်လာလေသည်။ မြက်ခင်းတွင် မြက်ဥများကို အေးအေးလူလူ တူးဖော်စားသောက်နေကြစဉ် တစ်ကြိမ်တစ်ခါမှ မကြားဖူးသေးသော အသံထူး အသံဆန်းတစ်ခုကို ကြားလိုက်ရသည်။ ထိုအသံသည် သူ၏ ပါးလွန်းသော နားထဲတစ်ချက်ချင်း စူးဝင်လာ၏။ အလွန်နားကလောစရာကောင်းသော အသံပင်။

သူသည် တမြုံ့မြုံ့ဝါးနေသော ဆင်ငိုမြက်ဥများကိုပင် ဆက်မဝါးမိတော့ဘဲ အသံကို နားစွင့်လိုက်မိ၏။ သူ၏ ထူးခြားစွာ နားစွင့်နေမှုနှင့်အတူ သူ့မိသားစုသည်လည်း သူ့နည်းတူ အသံလာရာဆီသို့ နားစွင့်နေကြသည်။ ကြောက်လန့်၍ မဟုတ်။ နားထဲစူးဝင်လာသော အသံကို နားကလော၍ ခံပြင်း၍သာ ဖြစ်သည်။ သူတို့ မိသားစုကား ဆူညံမှု၊ နားကလောမှုကို လုံးဝ မခံနိုင်ကြ။

တစ်ချက်ချင်း တဝုတ်ဝုတ် ဟောင်လိုက်လာသော အသံက ထူးဆန်းသည်။ တိရစ္ဆာန်အချင်းချင်း ကိုက်ခဲသတ်ဖြတ်လိုသော ဒေါသသံအပြည့် ပါသည်။ မာန်ဝင်နေသော အာကလောင်ခြစ်၍ ဟောင်သံက ဟိန်းထွက်လာသည်။ တစ်တောလုံး တစ်တောင်လုံးဆူညံသွား၏။ ဆူဆူညံညံ အသံဗလံများကို နားမခံနိုင်ကြသော သူတို့မိသားစုနှင့်လည်း ပိုနီးလာ၏။ နားထဲ ပိုခံပြင်းလာသည်။ ထို့ကြောင့် သူတို့ မိသားစုအားလုံးသည် အသံရှင်ကို မည်သူမည်ဝါဖြစ်မှန်း သိလိုသဖြင့် အကုန်နားစွင့်နေကြ၏။

အစကမူ ချေ (ဂျီ) ငယ် ဟောက်သံလားဟု ထင်မိ၏။ လုံးဝမဟုတ်။ သူသည် ဤတော ဤတောင်၌ ကျားမြည်သံကအစ တောတိရစ္ဆာန်မျိုးစုံနှင့် ငှက်မျိုးစုံတို့၏ မြည်သံများကို အကြိမ်ပေါင်းမရေတွက်နိုင်အောင် ကြားဖူးထားသည်။ ယခု အော်မြည်လာသံမှာ ဘယ်တိရစ္ဆာန်အော်မြည်လာသံနှင့်မှ မတူ။ ကိုယ်ပိုင်စွမ်းအားဖြင့် တစ်ပါးသူကို ကိုက်ခဲသတ်ဖြတ်ရန် လိုက်လံအော်ဟစ်လာသံထက် အားကိုးတစ်ခုခု၊ အမှောင့်ပယောဂ တစ်ဦးဦးက ဝင်ပူးစေခိုင်းလာသံကို အားမာန်အဖော်အပြည့်ပါလာသံ။

အသံမှာ ပို၍ နီးလာသည်။ ဆင်သံ၊ ကျားသံ၊ ပြောင်သံ၊ ဆတ်သံ၊ ဝက်သံ၊ ချေ (ဂျီ)သံ စသည် သူ ကြားဖူးခဲ့သမျှ အသံများစွာကို သူပြန်စဉ်းစားသည်။ မည်သည့်တောတိရစ္ဆာန်၏ မြည်သံနှင့်မှမတူ၊ တစ်မူထူးခြားရန်လိုလားသောအသံပင်။ အလွန်နားကလောလာသောအသံကို နားစွင့်ကာ

 www.burmeseclassic.com 

သူတို့ မိသားစုအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ထို့ကြောင့် သူတို့မိသားစုသည် သဘာဝ ဖန်ဆင်းရှင်က ပေးအပ်ထားသော ကိုယ်ပေါ်က ဆူးတောင်တွေကို ချက်ချင်း အသင့်ပြင် ထောင်ထားလိုက်ကြသည်။

တစ်ခါမှ မကြားဖူးသော ထူးထူးခြားခြား အသံရှင်သည် သူတို့ဆီ လာပြီး သူတို့ကို ရန်မူလာလျှင် ကိုယ်ပေါ်က ဆူးချွန်တွေကို ရုတ်ခြည်း ခါထုတ်ပစ်ပြီး ရန်သူကို တိုက်ခိုက်ရန်ဖြစ်၏။ သူတို့ မိသားစုသည် ဤသို့ပင် တောတိရစ္ဆာန်များကို ဆူးချောင်းတွေနှင့် ပစ်လွှတ်ပြီး အနားမသီရဲအောင် ခြောက်လှန့် ကာကွယ်ခဲ့ကြသည်။ သူတို့ ဆူးတွေနှင့်လှမ်းပစ်၍ မထိလျှင်လည်း အရေးမကြီး။ ဆူးနှင့် လှမ်းပစ်ခဲ့၍ မထိနိုင် မဖောက်နိုင်သော အရေထူ အရေပျော့ တောတိရစ္ဆာန်များဆိုလျှင် ကိုယ်ပေါ်က ဆူးတောင် ဆူးချွန်တွေကို ဖြန့်ထောင်ထားလိုက်ရုံသာ။ သားစားကြူးသော ကျားရဲက လာကိုက်မလား၊ လာကိုက်လှည့်။ ကိုက်သည်နှင့်တစ်ပြိုင်နက် ကျား၏ အာခံတွင်းကို ဆူးစူး၍ အော်ပြေးရမည်။ ခြေထောက်နှင့် နင်းမလား၊ ကိုယ်နှင့် ဖိသတ်မလား။ လာခဲ့။ ရန်သူ၏ ခြေထောက်နှင့် ကိုယ်လုံးက သူတို့ ကိုယ်ခန္ဓာကို မဖိမနင်းမိမီ သူတို့ဖွရှ ဖြန့်ထောင်ထားသော ဆူးတောင် တွေက ရန်သူတောတိရစ္ဆာန်၏ ခြေထောက်တွေကို ဦးစွာ စူးဝင်ကြပေလိမ့်မည်။ အဖျားတွင်အဆိပ်ပါသော သူ့ဆူးတောင်၏ ထိရှစူးကျင်ခြင်းကို ဘယ်တောတိရစ္ဆာန်မှ မခံနိုင်ကြ။ အနက်ရစ်တစ်မြုပ် အဆိပ်စူးခံရသော တောတိရစ္ဆာန်မှာ လုံးဝ မသေနိုင်သော်လည်း နာကျင်ကိုက်ခဲကာ ခြေလှမ်းရာပေါင်းများစွာ ပြေးနေရပေမည်။ ထိုအဆိပ်ဆူးတောင်နှင့်ပင် သူတို့ မိသားစုမှာ ဤတော ဤတောင်ရှိ ကျားရဲနှင့်တကွသော အန္တရာယ်ပြုတတ်သူ မှန်သမျှကို ဆုံးမထားရလေသည်။ ထို့ကြောင့် တောတိရစ္ဆာန်များသည် သားစဉ်မြေးဆက် သူတို့ မိသားစုနှင့် ကင်းကင်းရှင်းရှင်းနေကြ၏။ သူတို့ရှိရာ မြေအောက်ကမ္ဘာနားကို မည်သူမှ မလာရဲ။ တစ်ခါ တစ်ခါ မလွှဲမရှောင်သာ၍ ကျင်းပေါ်ရှိ မြေပြင်ထက်မှ ဖြတ်ပြေးသွားတတ်ကြသော

ခြေသံများလောက် သာ ကြားရသည်။ ဤသည်ကိုပင် သူတို့မိသားစုကလည်း အိပ်ပျော်နေရာမှ လန့်နိုးရပါမလားဟု အားလုံး စိတ်တိုတတ်ကြ၏။ သူတို့မှာ နားပူသည်ကို ဤမျှထိ မခံချင်ကြသူတွေ။

ထို့ကြောင့် ယခု ဆူညံအော်ဟစ်ကာ ပြေးလာနေသော အသံကို မလိုမုန်းထားစွာ အားလုံးနားစွင့်ထားကြ၏။ သူတို့ကို အန္တရာယ်ပြုလာလျှင် ဆူးချောင်း ဆူးတောင်တွေနှင့် လှမ်းပစ်ရန်ကိုလည်း အသင့်ပြင်ထားကြ၏။ ကလေးတွေကအစ ကြောက်ရွံ့ထိတ်လန့်မှုတော့ မည်သူမျှ မဖြစ်ကြ။ တဝုတ်ဝုတ် တဝေါ်ဝေါ် ဟောင်လာသော ဆူညံသံကို နားမခံသာ၍ ပစ်ခတ်ခြောက်လှန့်ရန်သာ။

တဝုတ်ဝုတ်ဟောင်လိုက်သော အသံရှင်၏ ခြေသံနှင့်အတူ သူ့ကို ကြောက်ရွံ့၍ ဆောက်တည်ရာမရ ပြေးလာသော တောတိရစ္ဆာန်တစ်ကောင်၏ ခြေသံက သူတို့အနားရောက်လာသည်။ သူတို့ မိသားစုသည် ဆူးတောင်တွေကို ထောင်ကာ ငေးကြည့်နေကြ၏။ ကျီခနဲမြည်လိုက်သော ချေ (ဂျီ) ငယ်၏ အထိတ်တလန့်အော်လိုက်သံနှင့်အတူ အသံရှင်၏ ကိုက်ခဲမာန်ဖီလိုက်သံက သူတို့နားထဲမှာ ဆူညံပေါက်ကွဲသွားသည်။ သူတို့ မျက်စိရှေ့၌ပင် ချေ (ဂျီ)ငယ်သည် လဲကျသွား၏။ အသံရှင်သည် ချေ (ဂျီ)ငယ်ကို ကျားကုတ်ကျားခဲ ကိုက်လှဲလိုက်သည်။ ခဏသာကြာ၏။ ဆန့်ငင်ဆန့်ငင်ဖြစ်နေသော ချေ (ဂျီ)ငယ်နားကို အသံရှင်၏သခင် ရောက်လာသည်။ ထူးခြားသောအသံရှင်နှင့် သူ့သခင်ကိုကြည့်ကာ သူတို့ မိသားစုမှာ ဖွတ်မေ့ပတတ်မေ့ ဖြစ်သွားကြ၏။

'ဝုတ်'

'ဝုတ်'

သူတို့မိသားစုကို ခွေးတိရစ္ဆာန် မြင်သွားပုံရ၏။ ချက်ချင်း လှမ်းဟောင်၏။ သူတို့ သခင်အားကိုးနှင့် ချေ (ဂျီ)ငယ်ကို ကိုက်လှဲထားရာမှ သူတို့မိသားစုနားသို့ တဝုတ်ဝုတ်ဟောင်ကာ ပြေးလာသည်။ သူ့သခင်ကမူ

www.burmeseclassic.com


သူတို့မိသားစုကို လန့်၍ ချက်ချင်း အနားကိုမလာရဲသေး။ သူ့ခွေးကိုပင် ပြန်ခေါ်၏။ သို့သော် သခင်အားရ ကျွန်ဝမ်းဝလုပ်ချင်နေသော ခွေးတိရစ္ဆာန်သည် သူတို့မိသားစုအား ဟန်နှင့်မာန်နှင့် ကိုက်ခဲသတ်ဖြတ်ရန် ပြေးလာ၏။ သူတို့မိသားစုကား ဤတော ဤတောင်တွင် မည်သူ့ကိုမျှ ကြောက်ရွံ့တတ်သူများ မဟုတ်ကြ။ ထို့ကြောင့် ခွေးတိရစ္ဆာန် ပြေးလိုက်လာသည်ကို မြင်သော်လည်း လုံးဝ ထွက်မပြေးကြ။ အတွေ့အကြုံအရ ကလေးတွေကအစ ကိုယ်ပေါ်က ဆူးတောင်တွေကို ချက်ချင်းဖြန့်ထောင်ကာ တိုက်ခိုက်ရန် အသင့်ပြင်ထားကြသည်။

သူကား ခွေးတိရစ္ဆာန်ကြီးကို ဒေါသဖြစ်ကာ သတိနှင့် စူးစိုက်ကြည့်နေ၏။ အခြေလေးချောင်းရှိသော သတ္တဝါအချင်းချင်း ကိုယ်ချင်းမစာနာဘဲ ချေ(ဂျီ)ငယ်အား အခြေနှစ်ချောင်းရှိသော သူ့သခင်သတ္တဝါကြီးကို ကိုက်သတ်ပေးရုံနှင့် အားမရသေး၊ မျက်နှာလို မျက်နှာရနှင့် သူတို့မိသားစုကိုပါ ကိုက်သတ်ရန် ပြေးလာချေ၏။ သူသည် ဒေါသဖြစ်ဖြစ်နှင့် ဆူးတစ်ကမ်းသို့ အရောက်တွင် သူ့ကိုယ်မှဆူးတွေကို ခါထုတ်ပစ်လိုက်သည်။ သူ့အခြေအနေကို စောင့်ကြည့်နေသော သူ့မိသားစုတွေကလည်း ကိုယ်ပေါ်က ဆူးတွေကို သစ္စာဖောက်ခွေးတိရစ္ဆာန်ဆီ ခါလွှတ်လိုက်ကြသည်။ သူတို့ကိုယ်ပေါ်မှ ခါလွှတ်ပစ်လိုက်ကြသော ဆူးတောင်များသည် သစ္စာဖောက်ခွေးတိရစ္ဆာန်ကို ဘယ်နှစ်ဆူး ထိသွားသည်မသိ၊ တဂိန်ဂိန် အော်ကာ သူ့သခင်ရှိရာသို့ ချက်ချင်း ပြန်ပြေး၏။ သူတို့မိသားစုမှာ တဖြန်းဖြန်း တဖြုန်းဖြုန်း ခါထုတ်လိုက်သော ဆူးတောင်များကိုကြောက်ကာ သူ့သခင်က သစ်ပင်ကြီးတစ်ပင်နှင့် သူ့ကိုယ်ကို ကွယ်ကပ်ထားသည်။ သူ အကာအကွယ် ယူထားသော သစ်ပင်၏ ပင်စည်အခေါက်ခွံ၌ပင် သူ၏ ဆူးတောင် သုံးလေးချောင်း စူးစိုက် စူးနစ်ဝင်နေသည်ကို မြင်ရ၏။ သူ မပြေးသလို သူတို့မိသားစုလည်း မည်သူမျှ ထွက်မပြေးကြ။ သစ္စာဖောက်ခွေးတိရစ္ဆာန်နှင့် သူ့သခင်ကိုသာ စိုက်ကြည့်နေကြ၏။ နောက်တစ်ခါ ဆူးတောင်တစ်ကမ်းသို့ သစ္စာဖောက်

ခွေးတိရစ္ဆာန်နှင့် သူ့သခင်တို့ ပြန်ရောက်လာကြလျှင် သူတို့ ကိုယ်ပေါ်တွင် နောက်ထပ်ကျန်နေသေးသော ဆူးတောင်များနှင့် ပစ်လွှတ်ရန် ချိန်ရွယ်ထားကြသည်။

မလာရဲကြတော့။ ခွေးတိရစ္ဆာန်နှင့် သူ့သခင်တို့သည် သူတို့ မိသားစုကို ကြောက်ရွံ့သွားကြလေပြီ။ ဆူးစူးခံထားရသော သစ္စာဖောက် ခွေးတိရစ္ဆာန်မှာ သူ့သခင်နားတွင် တဂိန်ဂိန်အော်နေ၏။ သို့သော် သူ့သခင်ကမူ သူ့ကို ကယ်ရန်မဆိုထားနှင့် သူကိုက်ပေးထားသော ချေ (ဂျီ)ငယ်ကိုပင် မကောက်ရဲသေးဘဲ သစ်ပင်ကြီး၌သာ ကိုယ်ကို ကပ်၍ ပုန်းနေ၏။ သူတို့ မိသားစုဆီက နောက်ထပ်ပစ်လွှတ်မည့် ဆူးတွေကို ကြောက်နေလေသည်။

ခွေးတိရစ္ဆာန်နှင့် သူ့သခင်တို့က သူတို့မိသားစုဆီသို့ နောက်ထပ်ရန်ရှာရန် မကပ်ဝံ့ကြတော့ပေ။ သူတို့မိသားစုသည်လည်း သူတို့သိုက်နန်းရှိရာ မြေအောက်ကမ္ဘာသို့ အေးဆေးစွာ ပြန်လာကြလေသည်။ သို့သော် ဖြူကောင်တို့၏ စိတ်ထဲ၌မူ ခွေးတိရစ္ဆာန်အား လုံးဝမကျေနပ်ကြ။ အခြေလေးချောင်းရှိသော တိရစ္ဆာန်အချင်းချင်း ကူညီရိုင်းပင်းရမည့်အစား အခြေနှစ်ချောင်းရှိသော သတ္တဝါကိုသာ မျက်နှာလိုမျက်နှာရ မျိုးတူဇာတ်တူအချင်းချင်းကို လိုက်လံ ကိုက်သတ်ပေးနေခြင်းသည် တိရစ္ဆာန်လောကကို သစ္စာဖောက်ခြင်းပင်။

တိရစ္ဆာန်လောကကို သစ္စာဖောက်နေသူကား ခွေးတိရစ္ဆာန်ပင်တည်း။

[ သဘင် ။ ။ ဧပြီ၊ ၁၉၆၄ ]

www.burmeseclassic.com

# တိုက်ပွဲပျော်တို့၏ ဘဝခရီး

သက်ရှိသတ္တဝါတိုင်းသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရား လေးပါးပေါ် မှီတင်း၍ ရှင်သန်ကြီးထွားလာကြရလေသည်။

လက်ရှိ ပစ္စက္ခဖြစ်စဉ် ဘဝတွင် ဇီဝအသက်ရှင်သန်ရေး၌ အာဟာရသည် အရေးအကြီးဆုံးသော အကြောင်းတရားတစ်ခုပင်။

ထို့ကြောင့် အသက်ရှိသူတိုင်းသည် လောကသို့ ခြေချမိသည်နှင့် တစ်ပြိုင်နက် အစာအာဟာရကို အော်ဟစ်တောင်းဆိုတတ်ကြလေသည်။

သူတို့သည်လည်း ဥခွံမှ ထွက်လာကတည်းကပင် မွတ်သိပ်ဆာလောင်သော ဝေဒနာကပါလာလေသည်။ ထို့ကြောင့် လောကသို့ရောက်ရောက်ချင်း ကျီကျီကျာကျာနှင့် အစာအာဟာရကိုသာ အော်ဟစ်တောင်းဆိုနေကြလေသည်။

ဤသည်ကိုသိသော မိခင်ကြီးသည် ရုတ်ခနဲ သိုက်မြုံမှ ထွက်ပျံသွား၏။ သားငယ် သမီးငယ်များ၏ အာဟာရကို ပေးစွမ်းနိုင်ရန် မိခင်စိတ်နှင့် အစာရှာထွက်သွားခြင်းဖြစ်လေသည်။

မျက်စိနှစ်ကွင်းပင် အလင်းမရကြသေးသော သူတို့သည် အစာအာဟာရကို တောင့်တရင်း သိုက်မြုံထဲတွင် ကျီကျီကျာကျာ အော်ကာ ကျန်ရစ်ခဲ့ကြလေသည်။

သူတို့၏ အသိုက်သည် ဝေသီမြင့်ခေါင်သော သစ်ရိုင်းပင်တစ်ပင်၏ ခွကြားတွင် ရှိ၏။ ထို့ကြောင့် လေသည် အဆမတန်တိုက်၏။ အစာအာဟာရ၏ ချင်ခြင်းကို အော်ဟစ်တောင်းဆိုနေကြသော သူတို့ပါးစပ်ထဲ အပ လေများ ဝင်လာသည်။ အသက်ရှူလိုက်တိုင်း ပါးစပ်ထဲသို့ ဝင်လာသောလေသည် သူတို့၏ နှာခေါင်းနှစ်ပေါက်မှ ပြန်ထွက်သွားကြ၏။

သို့သော် တဒင်္ဂ၌ ထိုအပလေကို ရှူရှိုက်လုပ်နေရခြင်းကပင် ဝမ်းဗိုက်၏ ဆာလောင်မွတ်သိပ်မှုကို ငြိမ်းအေးသွားစေသကဲ့သို့ပင်။ ထို့ကြောင့် သူတို့သည် ပါးစပ်ကိုအစွမ်းကုန်ဟကာ အစာအာဟာရကို အော်မြည်တောင့်တရင်း လောလောဆယ်တွင် အာနာပါန အလုပ်ကိုသာ ဆက်လုပ်နေကြရလေသည်။

* * *

သူတို့၏ အသိုက်သည် သိမ့်ခနဲ တုန်ခါသွား၏။ ဖြဲဟထားကြသော သူတို့၏ ပါးစပ်ထဲကို အစာအာဟာရတို့ ရောက်ရှိလာသည်။ မိခင်ကြီး၏ နှုတ်သီးနှင့် ထိတွေ့အစာကျွေးမွေးမှုကို နွေးထွေးစွာ ခံစားနေကြရသည်။

သူတို့၏ ဆာလောင်မွတ်သိပ်မှုသည် မိခင်ကြီး၏ မစို့မပို့ကျွေးမွေးသော အစာအာဟာရ၌ တင်းတိမ်ရောင့်ရဲမှု မရှိကြ။ ဆာလောင်မြဲ ဆာလောင်လျက် မွတ်သိပ်မြဲ မွတ်သိပ်လျက်သာ။

ထိုအခါ သူတို့သည် အော်မြည်ကြပြန်သည်။ အစာအာဟာရအလို့ငှာ သူတို့ကိုယ်နှင့် ထိတွေ့နေသော မိခင်ကြီး၏ ကိုယ်ကိုပင် အစာအာဟာရအဖြစ် နှုတ်သီးနုနုကလေးတွေနှင့် ထိုးစမ်းပေါက်ကိုက်နေကြသည်။

မိခင်ကြီး အနေကမူ ဤသည်ကိုပင် သူ့အား သားသမီးများက ကျီစယ်ကစားနေကြသည်ဟု ထင်ပုံရ၏။ ထို့ကြောင့် မိခင်ကြီးသည် သူတို့

အား တစ်ဖန်ပြန်လည်၍ သူမ၏ နှုတ်သီးကြီးနှင့် သားသမီးများ၏ လည်တိုင်၊ တောင်ပံ၊ ပေါင်ခြံကြားများကို မနာမကျင်လေအောင် သာသာ ညင်းညင်း ထိတွေ့ထိုးဆွပေးလေ၏။

မိခင်ကြီး၏ ကျီစယ်မှုကြောင့် သူတို့၏ ဆာလောင်မွတ်သိပ်မှုသည် ပို၍ ပြင်းပြလာကြသည်။ မမြင်မကန်းနှင့် အသိုက်ထဲတွင် ဆောက်တည်ရာမရ ခုန်ပေါက်မိသည်အထိ ဖြစ်ကြရ၏။

သူတို့က အစာအာဟာရကိုချည်းသာ အော်ဟစ်တောင်းဆိုနေကြသောအခါ မိခင်ကြီးသည် နားငြီးသွားပုံရ၏။ သူတို့ရှိရာ အသိုက်ထဲမှ ခဏခွာကာ သစ်ကိုင်းတစ်ကိုင်းပေါ်နားနေ၏။ သူ့သားသမီးများ၏ အခြေအနေကိုလည်း မကြာခဏ ငုံ့ကြည့်နေလေသည်။

အပလေကိုရှုကာ ကြိမ်ဖန်များစွာ ပွားများထားသော အာနာပါန၏ တန်ခိုးအစွမ်းနှင့် သူတို့သည် မိခင်ကြီး သူတို့အနား၌ ရှိနေသေးကြောင်း သိနေကြရသည်။ မိခင်ကြီး၏ ကိုယ်ငွေ့နှင့် အနံ့များကိုလည်း ရှူရှိုက်မိနေကြသည်။

ထိုအခါ သူတို့၏ သိစိတ်တွင်ဖြစ်ပေါ်နေသော ဆာလောင်မွတ်သိပ်မှုဝေဒနာသည် သည်းမခံနိုင်စွာ ပေါက်ကွဲပေါ်ပေါက်လာ၏။ ချင်ခြင်း၏ နှိုးထမှုကြောင့် အသိုက်ထဲမှ သစ်ရွက်ခြောက်၊ မြက်ခြောက်နှင့် တုတ်ချောင်းများကိုပင် စမ်းတဝါးဝါး ကိုက်ခဲမိကြသည်။

မိခင်ကြီး၏ ကျွေးမွေးသော အစာအာဟာရနှင့်စာလျှင် သူတို့ကိုက်ဝါးမိကြသော အရာတို့မှာ ကြမ်းတမ်းခက်ထရော်လွန်းသဖြင့် နှုတ်သီးနုနုလေးများပင် နာကျင်ကုန်ကြ၏။ ထိုအခါ၌ကား ဤအရာသည် စားဖွယ်သောက်ဖွယ်မဟုတ်၊ အာဟာရ မဟုတ်ဆိုသည်ကို သူတို့သည် အလိုလိုသိသွားကြလေသည်။

မိခင်ကြီးဆီမှ ကိုယ်သင်းနံ့ကို ရနေကြသဖြင့် အစာကို အော်ဟစ်တောင်းဆိုကြပြန်သည်။ အစာအာဟာရ၏ မွတ်သိပ်ဆာလောင်မှုကြောင့်

ဆောက်တည်ရာမရ ဖြစ်နေကြသော သားသမီးများကို မကြည့်ရက်သော မိခင်ကြီးသည် အစာရှာဖွေရန် ရုတ်ခနဲ ထပျံသွားလေသည်။

မိခင်ကြီး ထပျံသွားမှုကြောင့် သစ်ခွကြားရှိ သူတို့၏ သိုက်မြုံလေးသည် သိမ့်ခနဲ လှုပ်သွားကာ ကျန်ခဲ့လေ၏။

* * *

သူတို့၏ဝမ်းဗိုက်သည် အခါခပ်သိမ်း တောက်လောင်လျက်ရှိသည်။ အစာအာဟာရ၏ ဆာလောင်မှုဝေဒနာကြောင့် တစ်ရံတစ်ဆိတ်မျှ ငြိမ်သက်စွာ နေ၍ မရကြ။ အမြဲရုန်းကန် လှုပ်ရှားပြီး အော်ဟစ်နေကြ၏။

လောကသို့ စတင်ခြေချကတည်းက အပလေကိုရှူရှိုက်မှုဖြင့် အာရုံ ကြောတွေ နိုးကြားနေကြသော သူတို့သည်အစာအာဟာရကို တောင့်တရင်း အစာရှာရာမှပြန်လာမည့် မိခင်ကိုသာ စောင့်မျှော်နေကြသည်။

တိုက်ခတ်နေသော လေအလျင်ထဲတွင် မိခင်ကိုယ်သင်းနံ့ကိုသာ ခံနေကြသည်။ သူတို့၏ အာနာပါနစွမ်းအားသည် မိခင်ကြီး မည်မျှဝေးဝေးသို့ ရောက်သွားပြီး မည်မျှနီးနီးသို့ ပြန်ရောက်လာနေပြီဆိုသည်အထိ သိနေကြသည်။ ထို့ကြောင့်လည်း လေရှူရှိုက်မှုကို တစ်ရံတစ်ဆိတ် မပြတ်လုပ်နေကြခြင်းဖြစ်၏။

မကြာခင်ပင် လေထဲ၌ အနံ့တစ်ခုကို ရှူရှိုက်မိကြသည်။ သို့သော် မိခင်၏ ကိုယ်နံ့မဟုတ်။ သူတို့၏ မျိုးတူစုထဲမှ တစ်ဦးဦး တစ်ကောင်ကောင်၏ ကိုယ်နံ့သာ။

မိခင်ကိုသာ ထိတွေ့ဖူးသော သူတို့သည် ယခု အနံ့မှာ ဖခင်၏အနံ့လေလောဟု တွေးမိသွားကြ၏။ မိခင်သည် သူတို့အား အစာအာဟာရကို ရှာဖွေကျွေးမွေးနေသလို ဖခင်သည်လည်း ယခုအခါ မိခင်ကဲ့သို့ တစ်လှည့်တစ်ပြန် အစာကျွေးရန်လာလေပြီဟု ထင်သွားကြ၏။ ထိုအခါ ဆာလောင်

မွတ်သိပ်မှုနှင့်အတူ အစာအာဟာရကို ပို၍ ကျယ်ကျယ်လောင်လောင် အော်ဟစ် တောင်းဆိုမိကြလေသည်။

ရုတ်ခနဲ သူတို့တစ်ကိုယ်လုံးကို လေဟပ်သွား၏။ တောင်ပံခတ်သံကြီးနှင့်အတူ သူတို့ထဲမှ တစ်စုံတစ်ဦး၏ အော်ဟစ်ညည်းတွားသံကို ရုတ်ခြည်းကြားလိုက်ရသည်။ သိုက်မြုံထဲမှ ထွက်ပါသွားသော သူတို့၏ အဖော်အော်သံမှာ ထိတ်လန့် ချောက်ချားစရာ ကောင်းသည်။ ရုတ်တရက် လေထဲမြောက်ပါသွားသူ၏ အသံသည် မည်သို့မျှ မရှည်ကြာလိုက်။ ခဏခြင်း ဆိတ်သုဉ်းသွားသည်။

သူတို့၏ အဖော်တစ်ဦးသည် ရန်သူ့လက်ထဲပါသွားပြီး ထိတ်လန့်ကြောက်ရွံ့မှုကြောင့် သူတို့နှစ်ကောင်၏ပါးစပ်သည် ရုတ်တရက် ပိတ်သွားကြသည်။ အသက်ကိုပင် မှန်မှန် မရှူရဲကြတော့ဘဲ အသိုက်ထဲတွင် ချောက်ချားနေကြ၏။ အားကိုးအားထားရာ မိခင်ကြီး၏ အနံ့ကိုပင် ခံစားသိရှိအောင် အသက်ပြင်းပြင်း မရှူရဲဖြစ်သွားကြသည်။

ရန်သူသည် သူတို့အဖော်အား မည်သည့်အရပ်ဒေသသို့ ယူဆောင်သွားလေပြီဆိုသည်ကိုလည်း မခန့်မှန်းတတ်ကြ။ သူတို့၏ အမြင်အာရုံ၌ အလင်းတည်းဟူသော ဟင်းလင်းပြင်သာရှိပြီး အရာဝတ္ထုတစ်ခုကို ကွဲကွဲပြားပြား မမြင်နိုင်စွမ်းကြသေးပေ။ သူတို့ မြင်နေရသော အလင်းရောင်လွင်ပြင်ကျယ်ကြီးသည်လည်း အမှန်ကတော့ အမှောင်နှင့် ဘာမှ မခြားပေ။

ထိတ်ရွံ့ ချောက်ချားသောစိတ်ကြောင့် မိခင်ကြီး၏ ကိုယ်နံ့ကိုပင် တဒင်္ဂမေ့သွားကြသည်။ ထို့ကြောင့် သိုက်မြုံ သိမ့်ခနဲလှုပ်သွားသည်ကိုပင် ရန်သူပြန်လာပြီဟူသော စိုးရွံ့စိတ်နှင့် အထိတ်တလန့် အော်မိကြသည်။

သူတို့၏ အလန့်တကြား အော်မြည်သံနှင့်အတူ မိခင်ကြီး၏ ပူဆွေးတမ်းတသံကိုလည်း ရုတ်ခြည်း ကြားလိုက်ကြရသည်။ မိခင်ကြီးသည် ခါတိုင်းနေ့တွေလို ရှာဖွေရလာသော အစာအား နှုတ်သီးချင်းတေ့ကာ ကျွေးမွေးခြင်း

အလုပ်ကိုပင် ဤနေ့၌ မလုပ်နိုင်တော့ပေ။ သားပျောက်သောမိခင်ကြီး၏ သောက ပရိဒေဝမီးသည် အဆီးအတားမရှိ တောက်လောင်နေပေပြီ။

မိခင်ကြီးသည် ရလာသောအစာကို အသိုက်ထဲ ပစ်ချထားခဲ့ကာ တကစ်ကစ်အော်မြည်ပြီး မိုးပေါ်ပျံတက်သွားပြီး အရှိန်အဟုန်ပြင်းသော ဂဠုန်တောင်ပံစုံကို တဖျောင်းဖျောင်း ရိုက်ခတ်ကာ အနီးဝန်းကျင်၌ ရန်သူကို လှည့်ပတ်ရှာဖွေနေ၏။ ပါးစပ်ကလည်း တကစ်ကစ်နှင့် စိန်ခေါ်သံကိုပြု၏။

မိခင်ကြီးသည် သူတို့ရှိသော အသိုက်ကိုဗဟိုပြုကာ အရပ်ရှစ်မျက်နှာ၌ ရန်သူကို ရှာဖွေနေသည်။ တောင်သို့လည်းကောင်း၊ မြောက်သို့လည်း ကောင်း၊ အရှေ့သို့လည်းကောင်း၊ အနောက်သို့လည်းကောင်း ပစ္ဆိမုတ္တရာယ၊ ဒိသာယ မိခင်ကြီးရောက်သွားရာ အရပ်တိုင်းကို သူတို့က ကိုယ်သင်းနံ့ခံ၍ သိနေကြသည်။ ကြိမ်ဖန်များစွာ ပွားများထားသော အာနာပါနာ၏ တန်ခိုး အစွမ်းသည် ဟင်းလင်းပြင်လေဟာနယ်ထဲ၌ သူတို့အား အသိပေးနိုးဆော် လျက် ရှိလေသည်။

သူတို့ဝန်းကျင်သည် မိခင်ကြီးရှိနေသည်ဟူသော အသိစိတ်ကြောင့် အကြောက်ပြေသွားကြ၏။ ဆာလောင်မွတ်သိပ်မှုသည် တစ်ဖန်ပြန်၍ နိုးထ လာကြပြန်သည်။ ထိုအခါ အသိုက်ထဲတွင် မိခင်ကြီးပစ်ချထားခဲ့သော သားကောင်တစ်ကောင်၏ အပိုင်းအစများကို သူတို့ ပထမဆုံး ကိုယ့်ခွန် ကိုယ့်အား ကိုယ်သုံးကာ ကောက်စားဖြစ်ကြလေသည်။

မိမိတို့၏ ကိုယ့်ခွန်ကိုယ့်အားနှင့် ထိုးဆိတ်ကောက်စားရသော အစာ အာဟာရသည် မိခင်ကြီးကိုယ်တိုင် ခွံ့ကျွေးသော အစာအာဟာရထက်များစွာ အရသာရှိလေသည်။ နှုတ်သီးနှင့် ထိုးဆိတ်ကောက်ယူလိုက်တိုင်း သွေးညှီနံ့ များသည် သူတို့၏ နှာသီးနှစ်ပေါက်မှ အသည်းနှလုံးထိ စွဲငြိ၍ ဝင်သွားကြ၏။ ကိုယ်တိုင် ကောက်ယူထိုးဆိတ်စားရသော အာဟာရကြောင့် တစ်ကိုယ်လုံး ခုန်ဆွခုန်ဆွဖြစ်နေကြရာ တစ်ခါတစ်ခါ အသိုက်နှင့် ခြေထောက်ပင်မထိသော ခံစားမှုအသစ်တစ်ခုကိုလည်း ကြည်ကြည်နူးနူး ခံစားရမိကြပြန်လေသည်။

အတွေ့အကြုံသစ်ကြောင့် ကြောက်ရွံ့စိတ်တွေပျောက်ကာ သူတို့၏ အတောင်ပံများကိုပင် ဝမ်းပန်းတသာ လေထဲ၌ လွှဲခတ်မိကြ၏။ အမွေးအမှင် မရှိသော သူတို့၏ အတောင်ပံနှစ်ဘက်က လေထုနှင့် ဖိတိုက်မိသောအခါ ထပ်ဆင့်၍ အတွေ့အကြုံသစ်၊ အာရုံခံစားမှုအသစ်တစ်ခု ပေါ်လာပြန်သည်။

လေထဲတွင် အတောင်ပံများ လှုပ်ခတ်နေရသောအထိအတွေ့အပေါ် သာယာကြည်နူးစိတ်နှင့် သူတို့သည် အတောင်ပံများကို အကြိမ်ပေါင်း မရေတွက်နိုင်အောင် လေထဲ၌ လှုတ်ခတ်နေကြသည်။

သူတို့၏ မိခင်ကြီးသည် ပူဆွေးမြည်တမ်းကာ ပြန်ရောက်လာ၏။ ရန်သူကို တွေ့ခဲ့ပုံမရ။ သူတို့စားသောက်ပြီး၍ ကျန်သော အစားအစာများကို နေ့းကွေးလေးလံစွာ စားပြီး အသိုက်ထဲ၌ပင် အိပ်စက်လေသည်။

သူတို့ နှစ်ဦးသည်လည်း မိခင်ကြီး၏ ရင်ငွေ့ကိုလုံ့ကာ မိခင်ကြီး၏ တောင်ပံကြားတွင် ငိုက်မြည်းသွားကြလေ၏။

မိခင်ကြီး အသိုက်ထဲမှ ထွက်ပျံသွားသည်နှင့် အားငယ်စိတ် ဝင်လာကြသည်။ သူတို့၏ အစာတောင်း အော်မြည်သံသည် ရန်သူအားဖိတ်ခေါ်သလို ရှိလေသလားဟု တွေးမိကြ၏။ ထို့ကြောင့် ဤနေ့၌ သူတို့ လုံးဝ မအော်မြည်ရဲကြတော့ပေ။ ဆိတ်ဆိတ်သာနေကြ၏။ မနေ့က မိခင်ကြီး ယူလာပေးထားခဲ့သော အစားအစာ အပုံ့အစများလည်း အသိုက်ထဲတွင် အကြွင်းအကျန်အဖြစ် ရှိနေသေးသဖြင့် ငြိမ်နေကြသည်။

လေထဲတွင် မိခင်ကြီး၏ အနံ့နှင့်အတူ မနေ့က သူတို့အဖော်တစ်ဦး အား ကိုက်ချီသွားသော ရန်သူ၏ အနံ့ကို မကွဲမပြား ထွေးထွေးရောရော ရှူရှိုက်မိကြ၏။ ကြောက်ရွံ့ ထိတ်လန့်စိတ်သည် ကြီးစွာ ဝင်လာကြပြန် လေသည်။

ထိုအချိန်မှာပင် ရန်သူအား အလစ်စောင့်ဆိုင်း၍ တိုက်ခိုက်လိုက်သော မိခင်ကြီး၏ ဟစ်ကြွေးသံသည် မိုးယံဘဝဂ်ထိ ပျံတက်သွား၏။ မိခင်ကြီး၏ အောင်နိုင်သောအသံကိုကြား၍ သူတို့က အသိုက်ထဲမှ အားရ

www.burmeseclassic.com


ဝမ်းသာ ထခုန်ကြသလို အလစ်ခံလိုက်ရသော ရန်သူ၏ အထိတ်တလန့် အော်မြည်သံမှာလည်း ချောက်ချားဖွယ်ရာကောင်းလေသည်။ မိခင်ကြီးနှင့် ရန်သူတို့သည် လေဟာပြင်ထဲ၌ လုံးထွေးသတ်ပုတ်ရင်း သူတို့အသိုက်နား ရောက်လာကြသည်။

ဤမှာတွင် ကြီးစွာထိတ်လန့်သွားကြသော သူတို့၏ မျက်စိနှစ်ကွင်း သည် ဘွင်းခနဲ အလင်းကို မြင်လိုက်ရသည်။ ရုတ်တရက် ကျိန်းစပ်သွားသော မျက်လုံးထဲမှ အလင်း၏ တွန်းအားနှင့် ဖြစ်တည်မှု ဒြပ်စင်များသည် ချက်ချင်း တစ်ခုပြီးတစ်ခု ဆက်စပ်ပေါက်ကွဲသွားသည်။ မျက်တောင်တစ်ခတ် လျှပ် တစ်ပြက်အတွင်း အနီ အဝါ အပြာ အစိမ်း စသည်အရောင်များ ရောထွေး ဖြစ်ပျက်ပြီး အလင်းကိုပီပီသသ မြင်သွားကြလေသည်။

မိခင်ကြီးသည် ပြာလွင်သော မိုးကောင်းကင်ထက်မှ ရန်သူအား အပြီးသတ် တိုက်ခိုက်ပစ်ချလိုက်သည်။ မိခင်ကြီး၏ စွမ်းအားနှင့် စွမ်းပကား ကို မြင်ရသော သူတို့သည် မိခင်ကြီးနည်းတူ တောင်ပံများကို လေထဲလွှဲခတ် ကာ ကျယ်ကျယ်လောင်လောင် အော်လိုက်ကြလေသည်။

*    *    *

အာရုံသစ်များသည် သူတို့၏ ကိုယ်ပေါ်သို့ တစ်ခုပြီးတစ်ခု ဝင်ရောက်လာ လေသည်။ ပြာလွင်သော မိုးကောင်းကင်ထက်တွင် လေနှင်ရာပါနေကြသော တိမ်ဖြူ၊ တိမ်ပြာ၊ တိမ်ဝါများကို မော့ကြည့်ကာ သူတို့၏ စိတ်သည်လည်း မိုးပေါ်၌ ပျံသန်းနေကြလေသည်။

မိခင်ကြီး၏ ပျံသန်းလှုပ်ရှားမှုများကို နေ့စဉ်မြင်နေရသော သူတို့စိတ် ထဲမှာ အလိုလို ခွန်အားတွေ ဖြစ်လာ၏။ ခုန်ချင် ပျံချင်စိတ်နှင့် မရိုးမရွ မချင့်မရဲ ဖြစ်နေကြ၏။ အထူးသဖြင့် သူတို့အသိုက်နား ဝဲပျံလာကြသော ရန်သူများအား မိခင်ကြီးက အလစ်ထိုးသုတ်တိုက်ခိုက်နေသည်ကို မြင်ရသော အခါ သူတို့စိတ်ထဲမှာ ပို၍ မရိုးမရွဖြစ်လာကြ၏။

www.burmeseclassic.com


သည်လိုနှင့် အသိုက်ထဲတွင် အချင်းချင်း ထိုးဆိတ်ကိုက်ဖဲ့ကြ၏။ တစ်ကောင်နှင့်တစ်ကောင် ကျီစားသန်ကြရာမှ ရန်ဖြစ်ကြတော့သည်။ တစ်ကောင်နှင့် တစ်ကောင် ရန်သူပမာ အသေအကြေ တိုက်ခိုက်ရန်ကိုပင် ဝန်မလေးကြတော့ဘဲ တိုက်ပွဲဝင်ရန် ခွန်အားတွေ အလိုလိုပြည့်လာကြသည်။

အမွေးအတောင် မစုံကြသေး။ မပျံနိုင်ကြသေး။ မိမိ အစားအစာကိုပင် မိမိရှာဖွေ မစားနိုင်ကြသေးသော်လည်း သူတို့၏ စိတ်ထဲတွင် အမြဲတိုက်ပွဲကို မျှော်လင့် တောင့်တနေကြသည်။ တစ်ကောင်နှင့်တစ်ကောင် စူးစူးရဲရဲ အကြာကြီးစိုက်ကြည့်ကာ စူးစူးရှရှအသံကိုလည်း စဉ်ဆက်မပြတ်အော်မြည်နေတတ်သည်။

အမွေးအတောင် မစုံကြသေးသော်လည်း ယခင်ကလို ကြောက်စိတ်မရှိကြတော့။ သွေးညှီသွေးနံ့ရလျှင် တိုက်ချင်ခိုက်ချင်သော သူတို့၏ ဇာတိစိတ်က ပိုပြီး ထကြွသောင်းကျန်းလာကြသည်။ ဤလိုအချိန်မျိုးတွင် ယခင်က သူတို့၏အဖော်အား အလစ်ထိုးသုတ်သွားသော ရန်သူကိုပင် သူတို့ခွန်သူတို့အားနှင့် တိုက်ခိုက်ထိုးသုတ်ရန် ဝန်မလေးဖြစ်နေကြသည်။

သူတို့ကိုယ်တွင်း အဇ္ဈတ္တတွင် မည်မျှ သွေးဆာ၍ မည်မျှတိုက်ခိုက်ချင်ဖြစ်နေကြသော်လည်း အမွေးအတောင်ပင် မစုံသေးသော၊ ကောင်းကင်မိုးယံထက်ပင် မပျံမတက်နိုင်ကြသေးသော သူတို့ သားသမီးများအကြောင်းကို မိခင်ကြီးကား ကောင်းစွာသိလေသည်။ ထို့ကြောင့်လည်း တစ်ကောင်သောသားငယ်သည် ရန်သူ့လက်ထဲပါသွားဖူးသော သင်ခန်းစာကိုယူကာ မိခင်ကြီးသည် သူတို့နှင့် ဝေးဝေးသွားပြီး အစာမရှာဘဲ ဝန်းကျင်တစ်ခို၌သာ လှည့်ပတ်ကာ အစာရှာနေရလေ၏။

မိခင်ကြီးသည် သူတို့အား အစာရှာကျွေးသလို ရန်သူတို့၏ ဘေးရန်မှလည်း ကာဆီးပေးနေတုန်းပင်။

သည်လိုနှင့် တစ်နေ့တွင် မိခင်ကြီးယူလာပေးသော ကြွက်ဝမ်းပူလေးတစ်ကောင်ကို လုယက်စားသောက်ရာမှ သူတို့နှစ်ကောင်သည် မပြေငြိမ်းနိုင်သော ရန်ပွဲကို ဆင်နွှဲကြလေသည်။

www.burmeseclassic.com


နေ့စဉ်နှင့်အမျှ သွေးဆာပြီး တိုက်ချင် ခိုက်ချင်နေကြသော သူတို့နှစ်ကောင်အတွက် ဤနေ့တွင် ကြွက်သေတစ်ခု အရင်းပြုကာ သူသေကိုယ်သေ တိုက်ခိုက်ကြတော့သည်။

တစ်ပါးသူတို့၏ ရန်မှသာ ကာကွယ်ပေးသော မိခင်ကြီးသည် သူတို့နှစ်ကောင် ကြွက်သေလုရင်း အသေအကြေတိုက်ခိုက်နေကြသည်ကို လုံးဝတားမြစ်အော်ဟန့်မှုမပြု။ ဝမ်းသာအားရနှင့်သာ ငေးကြည့်နေ၏။ တိုက်ပွဲဥ္သာ ပျော်မွေ့နိုင်သော သူ့သားသမီးတို့၏ အတွင်းစိတ်ကို မိခင်ကြီးကား ပကတိ ဖောက်ထွင်းသိမြင်နေသူ ပမာပင်။

သူတို့နှစ်ကောင် အသေအကြေ ကိုက်ခဲနေကြသည်ကို မြင်သော်လည်း လုံးဝ တုန်လှုပ်မှုကိုမပြ။ မိခင်ကြီး၏ ကြည့်နေဟန်မှာ တိုက်ပွဲပျော်တို့အား ကောင်းချီးသြဘာပေးနေသလိုပင်။

သည်လိုနှင့် သူသည် သူ့အဖော်အား လည်ကုပ်ကို တအားခဲကာ အသိုက်ထဲမှ အောက်သို့ပစ်ချလိုက်လေ၏။ သူ့အဖော်သည် အထိတ်တလန့်အော်ဟစ်ကာ ဒလိမ့်ကောက်ကွေးနှင့် သစ်တောထဲထိုးကျသွားလေ၏။

သူသည် အောင်နိုင်သူတစ်ယောက်၏ ကြွေးကြော်သံကို ပြုလိုက်သည်။ သို့သော် အခွန်းပေါင်းများစွာ မကြုံးဝါးလိုက်ရ။ သူတို့နှစ်ဦး၏ တိုက်ပွဲကို စိမ်းစိမ်းကြီးကြည့်ရှုနေသော မိခင်ကြီးသည် ရုတ်တရက် အသိုက်ထဲ ခုန်ဆင်းလာကာ သူ့အား အသိုက်ပေါ်မှ ကန်ချလိုက်လေသည်။

* * *

သူသည် အတောင်အလက် မစုံသေးသော်လည်း မြေပြင်ပေါ်သို့ ပေါ့ပေါ့ပါးပါးပင် ကျလာသည်။ သူ စောစောက ကိုက်ချလိုက်သော အဖော်ကို ရှာကြည့်သော်လည်း အနီးဝန်းကျင်၌ မမြင်ရပေ။ ထိုသူသည် မြေပြင်သို့ သူ့ထက်ဦးစွာ ရောက်သွားသူဖြစ်သဖြင့် သူ့လမ်း သူ သွားလေပြီ။

www.burmeseclassic.com

သူသည်လည်း သူ့လမ်း သူလျှောက်ရုံသာ။

ထိုအခါမှစ၍ သူသည် မိခင်ကြီးအား လုံးဝ မမြင်မတွေ့ရတော့ပေ။ ဤသည်ကို သူကလည်း ဝမ်းမနည်း။ သူနိုင်လျက်နှင့် အသိုက်အမြုံမပိုင်ခဲ့ရသည်ကိုသာ ပြန်တွေး၍ ဒေါသဖြစ်ရ၏။

သည်အချိန်ကစ၍ သူ့လမ်း သူ စလျှောက်ရတော့သည်။

ကောင်းကင်မိုးယံထက်သို့ ပျံမတက်နိုင်သော်လည်း သစ်ပင်ကြို သစ်ပင်ကြား၊ ချုံကြိုချုံကြားတွင် သူ သွားလာပျံသန်းနေသည်။ အထူးသဖြင့် အမြင့်မှ အနိမ့်သို့ ခုန်ပျံသန်းရသော အလုပ်ကိုမူ သူ ကောင်းစွာကျွမ်းကျင်နေလေပြီ။ မိခင်ကြီးသည် သူ့အား ခြေထောက်နှင့် အသိုက်ထဲကကန်ချပြီး ဤအတတ်ပညာကို သင်ပေးလိုက်သည် မဟုတ်ပါလား။

* * *

သူသည် ပထမက မျိုးတူများဖြစ်ကြသော ငှက်မျိုးစုံတို့ ပျံသန်းသွားလာနေကြသည်ကိုကြည့်ကာ သူတို့နှင့် အရောတဝင်နေရန် ကြိုးစားကြည့်၏။ သို့သော် သူ့အား မည်သည့်ငှက်ကမှ အကပ်မခံကြ။ သူ့ကိုမြင်လျှင် သူ့ထက် ငယ်ရွယ်သူတွေက ပြေးရှောင်ကြသလို ကြီးသူများကလည်း အဖက်မလုပ်နေကြသည်။

ငှက်လောကကြီးတစ်ခုလုံးက သူ့အား အန္တရာယ်ကောင်တစ်ကောင်လို သဘောထားကြသည်။ ပစ်ပယ်ခြင်း၊ အထင်အမြင်သေးခြင်း၊ အရာမသွင်းခြင်းသဘော မဟုတ်ဘဲ သူ့ကို ကြောက်ရွံ့ထိတ်လန့်နေကြခြင်း အသွင်ကိုသာ ဆောင်နေကြလေ၏။ ထို့ကြောင့် သူသည် တခြားငှက်များနှင့် နီးနီးနားနားပင် နေမရတော့ဘဲ အထီးကျန်တစ်ကောင်တည်း ဖြစ်နေရလေ၏။

သည်လိုနှင့် သူသည် တစ်နေ့သ၌ မြေတွင် တွားသွားနေသော တီရွှာန်တစ်ကောင်ကို သစ်ပင်ထက်မှခုန်အုပ်၍ တိုက်ခိုက်၏။ သူ၏

ကုတ်ချွန်သော နှုတ်သီးမြမြနှင့် ချွန်ထက်သော ခြေသည်းများကြားတွင် တွားသွားသတ္တဝါလေးသည် ဆန့်ငင်ဆန့်ငင်ဖြစ်ကာ အသက်ပျောက်သွားလေသည်။

ဤသည်မှာ သူ၏ ပထမဆုံးသော အောင်ပွဲပင်တည်း။

* * *

သူသည် မြေပြင်တွင် တွားသွားတတ်သော တိရစ္ဆာန်များနှင့် ပိုးမွှားဟူသမျှကို အငမ်းမရ သတ်ဖြတ်စားသောက်ရင်း မိုးထက်အဇ္ဈောပေါ် ပျံတက်လာလေသည်။ လေထဲတွင် တောင်ပံတစ်ချက်မှမခတ်ဘဲ အကြာကြီးဝဲပျံနေ၏။ သူ အကြိမ်ပေါင်း မရေတွက်နိုင်လောက်အောင် စိတ်ကူးအိပ်မက်မက်ခဲ့ရသော လေတွင် ဝဲပျံမှုအတတ်နှင့် လတ်ဆတ်သန့်စင်သော အာကာသလေ၏ အထိအတွေ့ကို တဝကြီး ခံစားရလေပြီ။

သွေးစိမ်းရှင်ရှင်တို့၏ ချိုမြိန်သော အရသာနှင့် ညှီဟောက်သော အနံ့အသက်တို့သည် သူ့တစ်ကိုယ်လုံးတွင် အစဉ်အမြဲ ပျံ့နှံ့နေလေသည်။ ထိုအခါ သွေးဆာတတ်သောဝသီနှင့် တိုက်ခိုက်လိုမှုတို့သည် ချက်ချင်းနိုးကြွလာပြန်လေ၏။

တောင်ကုန်းများ၊ တောအုပ်များပေါ် ပျံဝဲနေရာမှ ယာခင်းများ၊ လယ်ခင်းများ၊ ကိုင်းတောများပေါ် ရောက်လာ၏။ သူသည် မြေပြင်၌လည်းကောင်း၊ တောတောင်များပေါ်၌လည်းကောင်း၊ သူ ပျံဝဲရာ အောက်မှ ထက်ကြပ်မကွာ ရွေ့လျားပါနေသော မိမိအရိပ်ကို ငုံ့ကြည့်ကာ ပီတိဖြစ်လျက်ရှိလေသည်။ တကစ်ကစ်နှင့် ကျယ်လောင်စူးရှသော အသံကိုလည်း အကြိမ်ပေါင်း များစွာ ဟစ်ကြွေးလျက်ရှိလေသည်။

သည်လိုနှင့် သူသည် လယ်ကွင်းထဲမှ ကြွက်တစ်ကောင်ကို ဦးစွာဆင်းဖမ်း၏။ သူ၏ ရှည်လျားစူးရှသော ခြေသည်းထဲ ဆန့်ငင် ဆန့်ငင်ပါ

လာသော လယ်ကြွက်ကြီး၏ ဦးခေါင်းကို လေထဲ၌ပင် နှုတ်သီးနှင့် ကိုက်ဖောက် သတ်ပစ်လိုက်လေသည်။

အာကာသမှ ထိုးဆင်းတိုက်ခိုက်ယူရသော တိုက်ပွဲကို သူ ပို၍ သဘောကျသွား၏။ အတောင်ပံနှစ်ဘက်ကို ရုတ်ခနဲ ဆွဲသိမ်းကာ လေထဲမှ အသည်းတအေးအေးနှင့် သားကောင်ရှိရာသို့ တစ်ဟုန်ထိုး ပြေးဆင်းသုတ်ချီရသော အလုပ်မှာ သွေးဆာတတ်သော သူ့အတွက်ပို၍ အရသာရှိလေသည်။ မြေပြင်ပေါ်မှ သူ့အရိပ် ဖြတ်ကျော်ခြင်း ခံရသော တိရစ္ဆာန်ဟူသမျှသည် ရုတ်ခြည်း အသက်ပျောက်သွားတတ်ကြသလို ငြိမ်ကုပ်သွားတတ်ကြသည်။ ဤသို့ တိရစ္ဆာန်များ ကြောက်လန့်တကြီးနှင့် မှင်တက်မိသွားကြခြင်းသည် သူ့အတွက် အကောင်းဆုံးတိုက်ကွက်ဖြစ်လေသည်။

သူသည် တောင်တန်းတောအုပ်ပေါ် အစာရှာရခြင်းထက် ယာဟောင်း၊ ကိုင်းတော၊ လယ်ကွင်းများပေါ် အစာရှာရခြင်းကို ပိုနှစ်သက်လာသည်။ တောင်ကုန်း၊ တောအုပ်များပေါ်၌ အစာရှာရခြင်းမှာ ထင်သလောက် မလွယ်ပေ။ စူးရှသော သူ့အကြည့်များသည် သစ်ရွက်စိမ်းများ ချုံပုတ်များကို ဖောက်ထွင်း၍ မမြင်နိုင်သလို သစ်ကိုင်းပေါ်နားနေသော ငှက်ကလေးများကို ထိုးသုတ်ရန် ပြေးဆင်းလျှင်လည်း ငှက်ကလေးများသည် ရုတ်ခနဲ သစ်တောထဲ ခုန်ဆင်းသွားတတ်ကြသည်။

တစ်နေ့တွင် ကညင်ပင်ကြီးတစ်ပင်ပေါ်က ရှဉ့်ပေါက်တစ်ကောင်ကို လိုက်ဖမ်းရာ ကညင်ပင်ကြီး ကိုင်းတစ်ကိုင်းနှင့် ရုတ်တရက် တိုက်မိသဖြင့် တောင်ပံတစ်ဖက်ပင် နာသွား၏။ ထို့ကြောင့် ယခုအခါ သူသည် အမြင်ရှင်းသော လယ်ကွင်းရိုးပြတ်တောများ၊ ယာခင်းဟောင်းများ၊ ကိုင်းတောများ၌သာ ဝဲပျံအစာရှာလျက် ရှိလေသည်။ အမြင့်မှလှမ်းကြည့်သော သူ့အမြင်ထဲတွင် လယ်ကြွက်ကြီး တစ်ကောင်အား ဝါးမျိုရန် ညို့ဖမ်းနေသော လင်းမြွေကြီး တစ်ကောင်အား အပေါ်စီးမှ ပီပီပြင်ပြင် မြင်ရလေသည်။ ကြွက်သား ကြွက်သွေး စားဖူးသော သူ့ အသိစိတ်တွင်မူ မြွေသား မြွေသွေးစားလိုသော

ဇာတိစိတ်က ရုတ်ခြည်းနိုးကြွလာပြန်၏။ သူသည် လယ်ကွင်းပေါ် ပြင်းစွာ တိုက်ခတ်နေသော လေအလျင်ကိုခွဲဖြတ်ကာ လင်းမြွေကြီးရှိရာသို့ ထိုးချ လိုက်သည်။

လယ်ကြွက်ကို စားလိုမှုနှင့် အစာငန်းနေသော လင်းမြွေကြီးသည် ရုတ်ခြည်း သူ့ခြေသည်းနှစ်ဘက်ပေါ် စူးနစ်၍ပါလာ၏။ သို့သော် ပွဲဦးထွက် မြွေတိုက်ပွဲတွင် သူခြေသည်းများသည် မှန်းခြေမကိုက်ဖြစ်သွားသည်။ မြွေ၏ ကုတ်ဆက်ကို မှန်းကုတ်သော သူ့ခြေသည်းများသည် ကုတ်ဆက်မှလွဲကာ ကိုယ်အလယ်ပိုင်းကို ကုတ်မိသွား၏။ ဤသည်မှာ ကောင်းကင်ထက်မှ သူ ကြည့်စဉ်က မြွေသည် ဤမျှကြီးမားလိမ့်မည်ဟု မထင်ခဲ့ခြင်းလည်း ပါ၏။ မြွေကြီးသည် သူ့ရင်ဘတ်ကို တစ်ချက်ပေါက်သည်၊ အမွေးအမှင်ထူ သော သူက မမှု၊ သူ၏ စက်လက်နက်သဖွယ်ချွန်မြသော နှုတ်သီးကမူ မြွေကြီး၏ ဦးခေါင်းကို ဒက်ခနဲ ဒက်ခနဲ ပေါက်သတ်မိပြီးသား ဖြစ်သွား လေ၏။ တနင့်တပိုးကြီး လေးလံသော လင်းမြွေကြီးကို တန်းလန်းကြီး ဆွဲချီကာ သူသည် တောင်စောင်းပေါ်ရှိ သစ်ပင်ခွကြားတစ်ခုသို့ ပြေးပျံလာ သည်။ ချိုမြိန်သော လင်းမြွေကြီး၏ အသွေးအသား အနံ့တို့က သူ့ဝမ်းဗိုက် ကို ဆာလောင်စေလေသည်။

သစ်ပင်ကြီးနားရောက်လာသောအခါ ခရီးတစ်လျှောက်လုံး ဆွဲယမ်း လှုပ်ခါလာသော သူ့စွမ်းအားကြောင့် လင်းမြွေကြီးသည် အရိုးအဆစ်တွေ ပြုတ်ကာ ဆန့်ဆန့်ကြီးသေနေလေပြီ။ သူသည် လင်းမြွေကြီးအား စိမ်ပြေနပြေ စားသောက်ရန် သစ်ပင်ခွကြား၌ နားလိုက်လေ၏။

ထိုစဉ် တကစ်ကစ်နှင့်မာန်ဖီပြီး ပျံလိုက်လာသော စွန်ရဲကြီး တစ် ကောင်၏ ကြုံးဝါးသံကို ကြားလိုက်ရသည်။ သူ ပိုင်ဆိုင်သောနယ်ပယ်မှ လုယူထိုးသုတ်သွားသော လင်းမြွေကြီး၏ ဥပါဒါန်ကြောင့် စွန်ရဲကြီးသည် သူ့အား အငြိုးကြီးစွာနှင့် စတင်တိုက်ခိုက်လေသည်။ မျိုးတုစုခြင်း တိုက်ပွဲကို မဆင်နွှဲခဲ့ဖူးသော သူသည် ရုတ်တရက်ကြောင်သွား၏။ သူ့ထက် တစ်ဆမျှ ကြီးသော စွန်ရဲကြီးကိုလည်း ရုတ်တရက် ကြောက်ရွံ့ထိတ်လန့်သွားသည်။

www.burmeseclassic.com


ဧရာမ စွန်ရဲကြီးသည် ဤသည်ကိုပင် အခွင့်ကောင်းယူကာ သူ တိုက်ခိုက်ယူလာသော လင်းမြွေကြီးကို ကုတ်ချီယူပြေးသွား၏။ သူသည် အင်အားချင်း မမျှသည်ကိုပင် သတိမရလိုက်နိုင်တော့ဘဲ အာဟာရ၏ ချင်ခြင်းရမ္မက်နှင့် စွန်ရဲကြီးနောက်ကို ပြေးလိုက်ထိုးကိုက်၏။ စွန်ရဲကြီး၏ ခြေနှစ်ခုကြားမှ လင်းမြွေလွတ်ကျသွားသည်။ ထိုအခါ စွန်ရဲကြီးသည် ကြီးစွာ ဒေါသပေါက်ကွဲပြီး သူ့ကို အသေအကြေတိုက်ခိုက်တော့သည်။

လေထဲမှ လုံးထွေးကျလာကြရင်း စွန်ရဲကြီးသည် လမ်းခွတ်လပ်၌ သူ့ကို ဆောင့်ကန်ပစ်လိုက်၏။ ရုတ်တရက် သူ့ခေါင်းသည် ထုံကျဉ်သွားလေသည်။ စူးရှသော မျက်လုံးအမြင်များလည်း ဝိုးဝါးသွား၏။ တစ်ကိုယ်လုံးမှ ကျွတ်ထွက် လွင့်ပျံသွားသော အမွေးများသည် လေထဲတွင် လွင့်ပျံနေကြသည်။

သူ သတိရသောအခါ မြေပြင်နှင့် ဆောင့်မိရန် ဝါးတစ်ရိုက်ပင် မလိုတော့ပေ။ ကိုယ်ရှိန်သတ်ကာ ရုတ်တရက် ထပျံသည်။ အငြိုးကြီးသော စွန်ရဲကြီး၏ တရစပ် ကိုက်ခဲထိုးကုတ်ခြင်းကို ခံလိုက်ရပြန်သည်။ အာကာသကို သူတစ်ဦးတည်း စိုးမိုးပိုင်ဆိုင်ထားသော စွန်ရဲကြီးသည် လင်းမြွေကြီးကိုပင် မေ့သွားကာ သူ့နောက်ကိုသာ အတင်းပြေးလိုက် ထိုးကိုက်လေတော့သည်။

ရှိသမျှခွန်အားနှင့် သူ ခုခံ ပြန်ကိုက်သေး၏။ သို့သော် တိုက်ပွဲပေါင်းများစွာတွင် အောင်ပွဲရထားသော စွန်ရဲကြီးကို သူ ဘယ်လိုမှ မယှဉ်ပြိုင်နိုင်တော့ပေ။ တောင်ပံနှစ်ဘက်ဖြင့် ခြေနှစ်ဘက်က လေးလံလာသည်။ အကိုက်ခံရပေါင်းများသဖြင့် ဦးခေါင်းနှင့် တစ်ကိုယ်လုံးသည်လည်း နာကျင်လာလေပြီ။

သူသည် ရှုံးနိမ့်သူတို့၏ အသံကို ပြုရ၏။ တောင်ချိုင့်တစ်ခုနားသို့ ပြေးဝင်ရန် ကြိုးစားလိုက်မိသည်။ သို့သော် စွန်ရဲကြီးကား သူ့အား ချမ်းသာမပေး။ လိုက်မြဲလိုက်ကာ တိုက်မြဲတိုက်ခိုက်၏။ ဤမျှ အငြိုးကြီးနေသော စွန်ရဲကြီးကို သူ အကြောက်ကြီး ကြောက်လာ၏။ သူငယ်စဉ်က တစ်ကောင်

သော သူ့အဖော်အား မိခင်ကြီးအလစ်တွင် ထိုးသုတ်ယူသွားသည်မှာ ဤ တိရစ္ဆာန်ကြီးပင် ဖြစ်လေမလားဟု တွေးလိုက်၏။ သူတို့ကြီးပြင်းလာလျှင် သူ့နယ် စားကျက်ကို လာလုတိုက်ခိုက်မှာ စိုးသဖြင့် ဤစွန်ရဲကြီးသည် သူတို့အား ငယ်စဉ်ကပင် အပြတ်ရှင်းသတ်ရန် ရန်ငြိုးထားသူသာ ဖြစ်လေ သည်။

ဤမျှ ရန်ငြိုးကြီးနေသူအား ခုခံတိုက်ခိုက်နေလျှင် သေဖွယ်သာ ရှိသည်ကို ချက်ချင်း သိလိုက်သော သူသည် စွန်ရဲကြီးနယ်ပယ်မှ အထိတ် တလန့်အော်ကာ တောင်ကြားထဲ ဝင်ပြေး လာရလေ၏။

နာကျင်ပန်းဟိုက်မှုနှင့်အတူ သူသည် အရွက်စိပ်သော သစ်ပင်ကြီး၏ အရိပ်တစ်ခုထဲ ဝင်ပုန်းနေရ၏။ အငြိုးကြီးသော စွန်ရဲကြီးသည် စိန်ခေါ်သံကို အခါခါမြည်ကြွေးပြီး တောင်ချိုင့်ကြားတွင် သုံးလေးပတ် ပျံဝဲနေသည်။

သူသည် စွန်ရဲကြီးကို ထွက်မတိုက်ဝံ့တော့ပေ။ တိုက်ပွဲအတွေ့အကြုံ နည်းပါးမှုကြောင့် ကြောက်ရွံ့သွား၏။ စွန်ရဲကြီးက မည်မျှစိန်ခေါ် အော်ဟစ် နေသော်လည်း သူကား တုတ်တုတ်မှ မလှုပ်ရဲတော့ဘဲ ငြိမ်ကုပ်နေရလေ၏။

စွန်ရဲကြီးပြန်သွားမှ သစ်ရွက်အုပ်ထဲက သူ ထွက်လာရဲလေသည်။ ကြောက်စိတ်ပြေပျောက်သွားသောအခါ ဆာလောင်မှုဝေဒနာသည် တစ်မုဟုတ်ချင်း ပြန်ပေါ်လာပြန်၏။ ထိုအခါ တောင်တန်းများပေါ် ပျံဝဲပြီး အစာရှာရပြန်လေ၏။

*   *   *

နယ်သစ် ပယ်သစ်ကို နောက်ထပ် မရှာရသေးသော သူသည် မိုးဥတုနှင့် ဆောင်းကာလ တစ်လျှောက်လုံးကို သည်တောင်ကြောကုန်းစင် တစ်ဝိုက် ၌သာ အချိန်ကုန်စေလေ၏။

www.burmeseclassic.com


ယာခင်းဟောင်းများတွင် ကြွက်များ၊ ယုန်များ၊ ရှဉ့်ပေါ်များ၊ ကြက်များကို ထိုးသုတ်ဖမ်းစားရင်း အင်အားသစ်တို့သည် နိုးကြား ပေါ်ပေါက်လာပြန်လေသည်။

တောင်ကြောကုန်းတန်းတစ်လျှောက်၌ လေဟုန်စီးကာ သူ အစာရှာရပြန်သည်။ သည်နယ်တစ်ဝိုက်တွင် ရန်သူများကို မတွေ့ရသေး။ သည်ဒေသသည် သူ၏ ကြီးစိုးမင်းမူရာဒေသ ဖြစ်လာသည်။

နွေဦးပေါက်ကာလတွင် သူ့အာရုံ၌ ထူးထူးခြားခြား အနံ့အသက်တစ်မျိုးကို ရှူရှိုက်မိသည်။ ထိုအနံ့အသက်ကြောင့် သူ့အမွေးအတောင်တို့သည် ကြွရွ ပွယောင်းလာသည်။ လည်ပင်းတစ်လျှောက်မှ အမွေးများသည် ပြန်လည်ပြားချပ်သွားခြင်းမရှိဘဲ အမြဲ ထိုးထိုးထောင်ထောင်ဖြစ်နေ၏။

ဝေဒနာသစ်ကြောင့် သူ စိတ်တိုလာသည်။ လေဟုန်စီးကာ ပျံဝဲနေရင်းက အာရုံသစ်အနံ့များသည် သူ့ကို နှောင့်ယှက်လျက် ရှိကြသည်။ အတိတ်ကာလကို လေထဲတွင် အတောင်မခတ်ဘဲ လေဟုန်စီး လေဈာန်ခံနေ၍မရ ဖြစ်လာသည်။ သူ့စိတ်သည် ကြီးစွာလှုပ်ရှားလာ၏။ ဝေဒနာသစ်၏ အနံ့အသက်များအပေါ်တွင် သာယာတပ်မက်မှုတို့ကလည်း ဖြစ်ပေါ်လာသည်။ သစ်ပင်ပေါ်နားနေစဉ်၌လည်း တစ်စုံတစ်ခုကို အလိုမကျဖြစ်ကာ သစ်ခွံများကို နှုတ်သီးနှင့် ပေါက်ကိုက်ထိုးဆွနေမိသည်။

ဂနာမငြိမ်စိတ်နှင့် လေထဲပျံတက်လာ၏။ သည်မှာတင် ခံစားရှူရှိုက်ဖူးသော အနံ့အသက်တစ်ခုကို သူထပ်၍ရှူရှိုက်မိပြန်၏။ ဤတစ်ခါ အာကာသထဲ၌ လေဟုန်စီးနေ၍ မရတော့။ အနံ့လာရာသို့ သူ တောက်လျှောက်ကြီးဝဲပျံလိုက်လာလေသည်။

တွေ့ပါပြီ။ သူ့အား အသေအကြေတိုက်ခိုက်ဖူးသော စွန်ရဲကြီးနှင့် သိန်းငှက်မငယ်တစ်ကောင်။ သိမ်းငှက်မငယ်ကိုမြင်သောအခါ သူသည် စွန်ရဲကြီးအား လုံးဝ ကြောက်စိတ်ပျောက်သွားသည်။ ခွန်အားသစ်နှင့်အတူ သူသည် စွန်ရဲကြီးအား ချက်ချင်း ရင်ဆိုင်တိုက်ခိုက်လေသည်။

ဤတစ်ခါ စွန်ရဲကြီးသည် သူ၏ ရဲရဲရင့်ရင့် တိုက်ခိုက်မှုကို မရှုမလှ ခံရလေတော့သည်။ စွန်ရဲကြီး၏ ဦးခေါင်းကို သူ၏ တောင်ပံနှင့် တဖျောင်းဖျောင်း ရိုက်ခတ်ပစ်သည်။ ခြေသည်း ချွန်ထက်ထက်နှင့် ကျောကုန်းမှ အမွေးများကို ပလူပျံသွားအောင် ကုတ်ဖဲ့ဆွဲခါပစ်လိုက်သည်။ မော့လာသော ဦးခေါင်းကို သန်မာချွန်ထက်သော သူ၏ နှုတ်သီးကောက်ကောက်နှင့် တအားပေါက်ကိုက်ချလိုက်သည်။ ကိုယ်ချင်းပူးကပ်မိသည်နှင့် တစ်ပြိုင်နက် လည်ကုတ်ကို မိမိရရ ကိုက်ခဲကာ စွန်ရဲအိုကြီးအား လေဟာပြင်ထဲမှ ပစ်ကန်ချလိုက်လေသည်။ အောင်အောင်မြင်မြင် ကလဲ့စားချေလိုက်ရသော သူသည် သိမ်းငှက်မငယ်နောက် ဝဲပျံလိုက်လာသည်။

တကစ်ကစ် အော်မြည်ပျံပြေးသွားသော သိမ်းငှက်မငယ်သည် ရုတ်တရက် လေဆန်ထဲပြေးမပျံနိုင်ဘဲရှိ၏။ နိမ့်မြင့်စီးမျောနေသော လေစီးကြောထဲ၌သာ မျောပါနေကြ၏။ မကြာပါချေ။ လေလှိုင်းထဲတွင် လူးလာပြေးပျံနေသော သိမ်းငှက်မငယ်အား သူသည် လျှပ်တစ်ပြက် ဝင်ရောက်ကာ အပိုင်သိမ်းယူလိုက်လေသည်။

* * *

နယ်ပယ်သစ်ကို စိုးမိုးလိုက်နိုင်သော သူနှင့် သိမ်းငှက်မတို့သည် တောင်ပံချင်းယှက်ကာ ကောင်းကင်၌ ပျံဝဲနေကြလေ၏။ သည်လိုနှင့် အာရုံသစ်တစ်ခုသည် နိုးကြွလာပြန်၏။ သူတို့မောင်နှံသည်များစွာ ရှာဖွေရခြင်းမရှိဘဲ တောင်စောင်းတစ်ခုနား ရောက်လာကြ၏။ ကညင်ပင်ကြီး၏ ကိုင်းတစ်ကိုင်းအောက်မှ တွဲရရွဲဆွဲနေသော ပျားတစ်အုံကိုမြင်ကြရသည်။ ထိုအခါ ပြိုင်တူထိုးဆင်းပြီး ပျားသူငယ်အိမ်ရှိရာ ပျားသလက်ကို ကိုက်ဖဲ့ပျံတက်လာကြ၏။

ပျားသူငယ်အိမ်အား လာရောက်ထိုးသုတ်သွားသော သူတို့မောင်နှံနောက်ကို ပျားများသည် အုပ်ဖွဲ့လိုက်လာကြ၏။ အသိန်းအသောင်းမကသော ပျားကောင်များသည် သူတို့မောင်နှံအား မီရာ၌ပင် ကိုက်တုပ်ထိုးဆိတ်ကြ၏။

www.burmeseclassic.com


သို့သော် ထောင်သောင်းမကသော ပျားကောင်များ ထိုးတုပ်ကိုက်ခဲကြသော်လည်း အမွေးအမှင်ထူသော သူတို့ဇနီးမောင်နှံကား ဘာမှမဖြစ်ပေ။ လေကြောကို တည့်တည့်မတ်မတ် ပျံတက်ရင်းကပင် ကိုက်ချီယူလာကြသော ပျားသူငယ်အိမ်များကို အားပါးတရ ဝါးစားပစ်ကြလေသည်။

ဒေါသပေါက်ကွဲနေကြသော ပျားများသည် လေကြောထဲ သူတို့မောင်နှံအား တည့်တည့်မတ်မတ် ပျံတက်ပြေးလိုက်လာနိုင်ကြခြင်း မရှိ။ ပါးလျားသေးငယ်သော ပျားငယ်တို့၏ အတောင်ပံသည် လေပြင်းသောဒဏ်ကို မခံနိုင်ကြသဖြင့် သူတို့၏ သိုက်အုံရှိရာသို့သာ ပြန်ဆင်းပြေးသွားကြရလေသည်။

သည်လိုနှင့် သူတို့မောင်နှံသည် ချိုမြိန် အီဆိမ့်သော ပျားငယ်များကို အာလယတက်ကာ အခေါက်ခေါက်အခါခါ ထိုးသုတ်စားသောက်နေကြသည်။ ထောင်ပေါင်းများစွာသော ပျားကြီးများကလည်း သူတို့နောက်ကို ဒေါသတကြီးနှင့် အခေါက်ခေါက်အခါခါ လိုက်လံကိုက်တုပ်ကြ၏။ သို့သော် သူတို့၏ တိုက်ခိုက်မှုမှာ အချည်းနှီးသာ။

သွေးညှီနံ့လွှမ်းသော သားစိမ်း ငါးစိမ်းကောင်များနှင့်စာလျှင် အဆီရည် တည်ကာစ ပျားကောင်ငယ်များမှာ သူတို့ဇနီးမောင်နှံအတွက် ပို၍ ခံတွင်းတွေ့လှလေသည်။

ထို့ကြောင့်လည်း သူတို့ဇနီးမောင်နှံသည် ပျားအုံကြီးနားက မခွာနိုင်ကြတော့ဘဲ နေ့စဉ်ရက်ဆက်ပင် ပျားသူငယ်နုနုများကို ထိုးသုတ်စားသောက်လျက် ရှိနေကြလေသည်။

သို့သော် မကြာပါချေ။ သူတို့ ဇနီးမောင်နှံနှင့် ပျားများ တရှန်းရှန်း တဝုန်းဝုန်း နေ့စဉ် တိုက်ခိုက်နေကြရသောအခါ အသံဗလံများကြောင့် စည်းပေါက်သွား၏။ သစ်ခုတ်သမားများသည် စွန်သတ်ပျားကို ဖွပ်ယူရန် မီးတုတ်၊ ဝါးပြောင်း၊ ဝါးကျည်တောက်တွေနှင့် ရောက်လာကြ၏။

www.burmeseclassic.com


စွန်သတ်ပျားအုံကို လူသားတွေ ဖွပ်ယူသွားကြသောအခါ သူတို့ မောင်နှံမှာလည်း မည်သို့မျှ မတတ်နိုင်ကြတော့ဘဲ ထိုအရပ်မှ စွန့်ခွာလာခဲ့ကြ ရလေ၏။

*　　*　　*

သူတို့သည် ချိုမြိန် အီဆိမ့်သော ပျားအုံကြီးကို စွန့်ခွာလာခဲ့ကြရသလို မိုးတွင်းတွင် အစာရှာခက်ခဲသော အရပ်များကိုလည်း စွန့်ခွာထားခဲ့ကြ၏။

သည်လိုနှင့် ရာသီဥတုကောင်းမွန်သော မိုးနှောင်းကာလ တစ်နေ့သ၌ သိမ်းငှက်မငယ်သည် သူ့ကို စွန့်ခွာသွားပြန်လေသည်။ တောက်ပသော နေရောင်ခြည်ထဲတွင် အတူပျံဝဲ နေစာလှုံနေကြရင်းက ပျောက်ခြင်းမလှ ပျောက်သွား၏။

သိမ်းငှက်မလေးကိုရှာရင်း သူသည် တောင်ကုန်းများ၊ တောအုပ် များကို ဖြတ်ကျော်လာသည်။ မိုးကောင်းကင်တစ်ခုလုံးကို စိုးမိုးပိုင်သထားသူ တစ်ဦးပမာ လေဟုန်စီးကာ ဝဲပျံနေ၏။

သူသည် သိမ်းငှက်မလေးကိုရှာရင်း မြို့ရွာများပေါ်ရောက်လာ၏။ သိမ်းငှက်မကိုကား မတွေ့ရသေး။ အမှန်မှာ သိမ်းငှက်မငယ်သည် သားသမီး ငယ်များ မွေးဖွားရန်အတွက် အသိုက်အမြုံကို သူ မသိအောင် တမင် ခြေရာ ဖျောက်သွားခြင်းပင် ဖြစ်လေသည်။ သူသည် သိမ်းငှက်မကို ဆက်ရှာရင်း ရွာသူရွာသားတို့၏ ကြက်ကလေး ငှက်ကလေးများကို ဝင်ရောက်ထိုးသုတ် သည်။ ရွာစွန်ရွာဖျားရှိ တဲနား အိမ်နားတွင် လှည့်ပတ် ပျံသန်းနေသည်။

တစ်နေ့သ၌ လယ်တဲနားတစ်ခုမှ ကြက်ကလေးတစ်အုပ်ကို ဝင် ရောက် ထိုးသုတ်ရန် အဆင်းတွင် သူ၏ အရိပ်ကို ကြက်မကြီးမြင်သွား၏။ ကြက်မကြီးသည် သူ့ကလေးများအားလုံးကို ရင်အုပ်ထဲသွင်းပြီး ကာကွယ် သည်။ ကြက်မကြီးက အရှိန်ပြင်းစွာ ထိုးဆင်းလာသော သူ့ကို လှမ်း ခွပ်၏။ ကိုယ်ကို မထိန်းနိုင်ဖြစ်ပြီး ကြက်မကြီး၏ ခွပ်လက်ထဲ တည့်တည့်

www.burmeseclassic.com

မတ်မတ် ဝင်မိလျက်သား ဖြစ်သွားသည်။ ကြက်မကြီး၏ ဆီးခွပ်မှုကြောင့် သူ့မျက်လုံးတစ်ဘက် ပြာဝေသွားသည်။ လှည့်အရှောင်လိုက်တွင် သူ့ကိုယ်လည်း ခြံတိုင်တစ်ခုနှင့် ဝင်တိုက်မိ၏။

မြေပြင်တိုက်ပွဲကို မကျွမ်းကျင်သောသူသည် လေထဲပျံတက်လာ၏။ ကြက်မကြီး၏ ကတော်တိုက်သံနှင့် ကြက်ကလေးများတို့၏ အထိတ်တလန့် အော်ကြသံတို့မှာ ရုတ်ခြည်း ဆူညံသွားသည်။ သူသည် နောက်ထပ် ကြက်ကလေးတစ်ကောင်ကို ရလိုရငြား တစ်ပတ်ပျံဝဲလာသေး၏။

သည်မှာတွင် ကြက်သားပေါက်မနား၌ လူသားတစ်ယောက် မတ်တတ်ရပ်နေသည်ကို မြင်ရသည်။ ကြက်မကြီးသည် လူသားအားကိုးနှင့် တစ်ကိုယ်လုံးရှိ အမွေးအမှင်များကို ထောင်ကာ သူ့အား စိန်ခေါ် ကတော်တိုက်နေလေသည်။

သူသည် နာကျင်သော ဒေါသစိတ်နှင့် ကြက်မကြီးကိုပင် ဆင်းကုတ်ရန် အားယူလိုက်၏။ ထိုစဉ် လူသားကြီးဆီမှ ပစ်လွှတ်လိုက်သော ခဲလုံးလေးတစ်လုံးသည် သူ့ကိုယ်နားက ဗွီခနဲ ဖြတ်သွားသည်။ သူ့ကိုယ်ကိုပင် လေဟပ်သွား၏။ လူသားကြီးသည် သူ ပျံဝဲနေသော အခြေအနေကိုမော့ကြည့်ကာ စောင့်ဆိုင်းနေသည်။ မနီးမဝေးရောက်လာတိုင်း လေးခွနှင့် လှမ်းလှမ်းပစ်ခဲ့၏။ ခဲလုံးလေးများသည် သေးငယ်သလောက် အရှိန်အဟုန်ပြင်းလွန်းသဖြင့် သူ လှည့်ထွက်လာရလေသည်။

* * *

ရေပေါ် ပျံဝဲကာ ရေထဲဆင်းနားနေကြသော စင်ရော်ငှက်တစ်အုပ်ကို အပေါ်စီးက သူကြည့်နေ၏။ ပင်လယ်ပြင် စင်ရော်ကြီးများသည် လေထဲတက်ပျံလိုက်၊ ရေပြင်ထဲ နားလိုက်နှင့် ပျော်မြူးနေကြ၏။

ရေတွင် နားနေနိုင်ကြသော စင်ရော်များကိုမြင်ရသောအခါ သူ့စိတ်ထဲမှာ သိမ်းငှက်မကို သတိမရတော့။ စင်ရော်တို့၏ အစွမ်းအစကိုသာ တအံ့တသြ ငေးမောပျံကြည့်နေသည်။

စင်ရော်များသည် လှိုင်းလုံးထိပ်များဆီမှ ငါးများကိုလည်း ထိုးသုတ်စားသောက်နေကြသည်။ စင်ရော်ကြီးများ ငါးရှာစားနေကြသည်ကို မြင်ရသောအခါ သူ့ ဝမ်းမီးသည် တရှိန်ရှိန်တောက်လောင်လာ၏။ စင်ရော်ကြီးတို့၏ ထိုးသုတ်သတ်ဖြတ်ခြင်းခံရသော ငါးများဆီမှ သွေးညှီသွေးနံ့များသည် သူ၏ ဆာလောင်မွတ်သိပ်နေသော အာလယကို ပြင်းပြင်းပြပြ နှိုးဆွပေးနေလေသည်။

သူသည် ကောင်းကင်ယံထက်တွင် ပျံဝဲနေရာမှ ရေပြင်နှင့်နီးနီးသို့ ထိုးဆင်းလာ၏။ သည်မှာတင် လှိုင်းခေါင်းဖြူများ၏ ထိပ်တွင် တလိမ့်လိမ့်ပါနေကြသော ငါးများကို မြင်လိုက်ရသည်။

ဆာလောင်မွတ်သိပ်မှုနှင့် သွေးဆာတတ်မှုတို့သည် တိုက်ပွဲဝင်ရန် သူ့ကို စေ့ဆော်လျက်ရှိကြလေပြီ။ သို့သော် ရေထဲမှ ငါးများကို ဆင်းဖမ်းရန်မှာကား သူ့အတွက် တစ်ခါဖူးမျှ မကြုံဖူးသေးသော တိုက်ပွဲပင်။

သူသည် စင်ရော်ကြီးများ ထိုးသုတ်စားသောက်နေကြသော ငါးများဆီမှ သွေးညှီနံ့ကိုခံကာ ရေစပ်ရှိ ကျောက်ဆောင်ကြီးပေါ်ခဏနားလိုက်သည်။ ပင်လယ်လေကို တစ်ဝကြီး ရှူရှိုက်ကာ စင်ရော်ကြီးများ ငါးဖမ်းနေကြသည်ကို အားကျစွာ ငေးကြည့်နေ၏။

ငြိမ်နေ၍ မရတော့။ သူ ရှူရှိုက်လိုက်တိုင်း ငါးများဆီမှ သွေးညှီသွေးနံ့များသည် သူ့စိတ်ကို အမြဲစေ့ဆော် နေလေပြီ။

ကျောက်ဆောင်ပေါ်မှ ရုတ်ခနဲ ထပျံလိုက်၏။ လှိုင်းလုံးကြီးများပေါ် ရောက်သွားသည်။ လှိုင်းစီး၍ မြူးနေကြသော ငါးများကို မြင်လိုက်ရသည်။ လှိုင်းလုံးနှင့်အတူ ရုတ်တရက် ငါးများပျောက်သွားပြန်၏။ သူသည် ရေပြင်ထက်၌ တစ်ပတ် နှစ်ပတ် ဝဲပျံနေသည်။

လှိုင်းခေါင်းဖြူကြီးထိပ်မှ ငါးတစ်ကောင်ပေါ်လာသည်။ တိုက်ပွဲဝင်ခါနီးတိုင်း မြည်တတ်သော တကစ်ကစ်အသံကို မြည်ကြွေးကာ သူသည် လှိုင်းခေါင်းဖြူထိပ်မှ ငါးကို ဆင်းကုတ်၏။ သူ့ခြေထောက်တွေ ရေစိုသွားသည်။ ငါးကို မမိလိုက်။

သူ ဟစ်ကြွေးသံကြောင့် စင်ရော်ကြီးများသည် သူ့ကို သတိပြုမိသွားကြသည်။ ငါးမမိလိုက်သော သူ့အား လှောင်ပြောင်လိုသော အကြည့်နှင့် စင်ရော်ကြီးများ ဝိုင်းကြည့်နေကြသည်ဟု ထင်လိုက်ရသည်။

ရက်စိတ် ဒေါသနှင့်အတူ မာန်ဖီဟစ်ကြွေးကာ ဒုတိယအကြိမ် လှိုင်းခေါင်းဖြူထိပ်မှ ငါးလေးတစ်ကောင်ကို ဆင်းကုတ်သည်။ ဤတစ်ခါတော့ ငါးလေးသည် သူ့ခြေသည်းနှစ်ဘက်ကြားထဲ စူးပါလာ၏။ သို့သော် လှိုင်းထိပ်နှင့် မလွတ်သဖြင့် သူ့ကိုယ်တစ်ဝက် ရေစိုသွားလေသည်။

အောင်ပွဲရသောအသံကို ကျယ်ကျယ်လောင်လောင်ဟစ်ကြွေးကာ ကျောက်ဆောင်ကြီးဘက် ဝဲပျံလာ၏။ ကျောက်ဆောင်ပေါ်နားကာ ဆန့်ငင်ဆန့်ငင်ဖြစ်နေသော ငါးလေးကို ခြေထောက်နှင့် ဖိကုတ်ထားရသည်။

တိုက်ပွဲသစ်၏ အောင်ပွဲအတွက် သူ စိတ်မချသေး။ ပတ်ဝန်းကျင်ဘယ်ညာကို အကဲခတ်ကြည့်၏။ ယခင်က သူ တိုက်ခိုက်၍ရထားသော လင်းမြွေကြီးအား စွန်ရဲကြီး လာလုသလို အနီးအနားတွင် လုယက်တိုက်ခိုက်နိုင်သူ ရှိ မရှိ ကြည့်ရ၏။ အထူးသဖြင့် သူ့ကိုယ်နှင့် ရွယ်တူလောက်နီးနီးရှိသော ပင်လယ်ပျော်စင်ရော်ကြီးတွေကို သူ စိတ်မချ။

သို့သော် စင်ရော်ကြီးများသည် သူ့ကို ရန်မမူကြ။ ဘာသာလဝါသာ အော်ဟစ်မြူးထူးနေကြ၏။ သူသည် ရေစိုလာသော အမွေးအမှင်များကို တဖြုန်းဖြုန်း ခါပစ်လိုက်၏။ ရေသီးရေမွှားများသည် ဘေးသို့ စဉ်ထွက်သွားကြလေသည်။

ခြေသည်းထဲတွင် မိနေသော ငါးလေးကို ကြည်နူးဝမ်းသာစွာ ငုံ့ကြည့်လိုက်၏။ ငါးကိုစားသောက်ရန် ခြေသည်းများကို ဆန့်ဖြုတ်သော

အခါ တော်တော်နှင့် ပြန်ဖြုတ်မရ ဖြစ်နေ၏။ တအားကုတ်ဖမ်းထားသော သူ့ခြေသည်းများသည် ငါး၏ ကိုယ်ပေါ်တွင် အရင်းထိ စူးနစ်နေကြသည်။

တောင်ပံနှင့် နှုတ်သီးကို အားပြုကာ ခြေသည်းကြားထဲက ငါးလေးကို ဖြုတ်ရ၏။ တော်တော်နှင့် ဖြုတ်မရသောအခါ နှုတ်သီးနှင့် ထိုးဆိတ်ကိုက်ဝါး စားရသည်။ ငါးအသားမှာ ကြက်ငှက်များအသားထက် နူးညံ့သဖြင့် သူ့ ခြေသည်းများ အတိုင်းအဆမရှိ စူးဝင်နေကြလေသည်။

သို့သော် သူပျော်သွား၏။ ဤကျောက်ဆောင်ကိုအမှီပြုကာ သူသည် ငါးဖမ်းသောအလုပ်နှင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ပြီဟုလည်း သိလိုက် ၏။ ပင်လယ်ငါးကို စားသောက်ရသောအခါ ခွန်အားတို့သည် ပို၍ ပြည့်ဖြိုး လာလေသည်။

သည်လိုနှင့် တစ်နေ့မှာ ကျောက်ဆောင်ပေါ် အသိုက်လာလုပ်နေ ကြသော ဇီဝဇိုး ငှက်ငယ်တစ်ကောင်ကို အမှတ်မထင် ဖမ်းစားလိုက်မိ၏။ ဤမျှထူးခြားသော အရသာကို တစ်ကြိမ်တစ်ခါမှ မစားသောက်ဖူးသော သူသည် တစ်ကိုယ်လုံးရှိ အမွေးအမှင်များပင် ချက်ချင်းထောင်ထသွားလေ၏။

ကုန်းနေ ရေနေတိရစ္ဆာန်ဟူသမျှထဲတွင် ဤဇီဝဇိုးငှက်ငယ်လို အရသာထူးခြားပြီး အသွေးအသားကောင်းသော တိရစ္ဆာန်ကို သူ မစား မသောက်ဖူးသေးပေ။ ထို့ကြောင့် လှိုင်းလုံးကြီးများထိပ်မှ ရေစိုခံကာ ငါးဖမ်းရသောအလုပ်ကိုပင် သူ မေ့သွားလေသည်။ သူ့ကိုယ်ခန္ဓာမှ တောင့်တ နေသော အသွေးအသားများမှာ ဇီဝဇိုး ငှက်ငယ်များ၏ အသွေးအသားများ သာ။

သူသည် နေ့စဉ်လိုလိုပင် မိုးပေါ်မှ တိမ်ညွှန့်ကိုစားပြီး အန်ဖတ်နှင့် အသိုက်လာလုပ်ကြသော ဇီဝဇိုးငှက်ငယ်များကို တစ်ကောင်ပြီးတစ်ကောင် အာသာငမ်းငမ်းနှင့် ဖမ်းစားသတ်ဖြတ်လျက် ရှိလေသည်။

သို့သော် မကြာပါချေ။ ငှက်သိုက်ရှာသော လူသားများသည် ကျောက်ဆောင်ပေါ် ရောက်လာကြ၏။ ထိုအခါ သူ့ကို လိုက်လံပစ်ခတ်

ကြသည်။ သူ့အား အကြိမ်ကြိမ်နှောင့်ယှက်ဖူးသော သူ၏ အစာအာဟာရ များကို အကြိမ်ကြိမ်လုယူဖူးကြသော လူသားများကို သူ အကြီးအကျယ် ဒေါသဖြစ်သွားသည်။ သူ့လက်ထဲမှ ပျားသူငယ်များနှင့် ကြက်ငှက်များကို လုယူကြသော လူသားများသည် ယခုလည်း အလွန် အရသာထူးသော ဇီဝဓိုးငှက်ငယ်များကို လုယူရန် ကျောက်ဆောင်များပေါ် ရောက်လာကြ ပြန်လေပြီ။

ယခင်က လူသားများနှင့်စာလျှင် ယခု လူသားများသည် သူ့အပေါ် ပို၍ အငြိုးကြီးနေကြသည်။ ငှက်သိုက်ကျောက်ဆောင်ပေါ် မဆိုထားနှင့် အနီး အနားတွင် သူ ပုံ့ဝဲနေသည်ကိုပင် လုံးဝမလိုလားကြ။ မီးရာလက်နက်နှင့် လှမ်းပစ်ကြ၏။ ခြောက်လှန့်ရုံမဟုတ် သေတွင်းသို့ပို့ရန် တမင်ချောင်းမြောင်း၍ ပစ်ခတ်ကြသည်။

ဇီဝဓိုးငှက်ငယ်များ၏ သွေးသား အာလယပြင်းပြနေသောသူသည် ညအချိန် လူအလစ်၌ ဇီဝဓိုးငှက်ငယ်များကို ဖမ်းစားရန် ကြိုးစားကြည့် သေး၏။ သို့သော် အချည်းနှီးသာ။ သူ့အား လွန်စွာအငြိုးထားသော လူသား များသည် အကာလ ညအချိန်၌ပင် သူ့အား အလစ်မပေးဘဲ စောင့်ကြို ပစ်ခတ်ကြ၏။ ကြာသော် သူသည် ဇီဝဓိုးငှက်ငယ်များ အသိုက်လုပ်တတ် သော ကျောက်ဆောင်နားပင် မသီရဲဖြစ်လာရသည်။

ထာဝရသွေးဆာပြီး တိုက်ပွဲတွင်ပျော်တတ်သော်လည်း လူသား များနှင့် ဘက်ပြိုင်ကာ တိုက်ပွဲမဝင်နိုင်သောသူသည် ဇီဝဓိုးငှက်ငယ်များရှိရာ ကျောက်ဆောင်ကို သည်လိုနှင့် စွန့်ခွာခဲ့ရလေသည်။

သို့သော် ပင်လယ်ကမ်းခြေကိုကား သူ မခွာနိုင်သေး။

* * *

ဇီဝဓိုး ငှက်ငယ်များ၏ အသွေးအသားပေါ် အာလယ တပ်မက်နေသော သူသည် ရတ်တရက် မဖြတ်နိုင်သော သံယောဇဉ်ကြောင့် ကျောက်ဆောင်များ ရှိရာ ပင်လယ်ကမ်းခြေနားတစ်ဝိုက်၌သာ ရစ်သီပျံ့ဝဲလျက် ရှိနေပေသည်။

ဓိဝဓိုး ငှက်ငယ်များရှိရာ ကျောက်ဆောင်တိုင်းလိုလို၌ လူသားများက မပြတ်မလတ် စောင့်ကြည့်နေကြသောအခါ သူသည် လှိုင်းခေါင်းဖြူများ ထိပ်မှ ငါးဖမ်းသောအလုပ်ကိုပင် ပြန်လုပ်နေရလေသည်။

ထိုညက မိုးကောင်းကင်ပေါ်တွင် ထွန်းပသော လဝန်းကိုမြင်ရသည်။ လရောင်သည် ပင်လယ်ရေပြင်ပေါ်သို့ အဆီးအတားမရှိ ထိုးကျနေ၏။ ပင်လယ်စင်ရော်ကြီးများသည် လရောင်ထဲဝဲပျံကာ လှိုင်းခေါင်းဖြူများထိပ်မှ ငါးများကို ဖမ်းစားလျက်ရှိကြသည်။

အကယ်၍ သူ့ဝမ်းမီးသာ တရှိန်ရှိန် တောက်လောင်မနေခဲ့ပါလျှင် ညသည် အင်မတန် သာယာကြည်နူးဖွယ်ကောင်းလေသည်။ ဝမ်းဗိုက်၌ အစာအာဟာရသာ အပြည့်အဝရှိနေခဲ့လျှင် သူသည်လရောင်ကို အကြာကြီး ငေးကြည့်ကောင်း ငေးကြည့်နေပေလိမ့်မည်။

သို့သော် ယခုတော့ သူ့မှာ လရောင်ကို ငေးကြည့်မနေအားပေ။ မွတ်သိပ်ဆာလောင်နေသော ဝမ်းဗိုက်ကို ဖြည့်ဆည်းပေးရန် လှိုင်းခေါင်းဖြူ ထိပ်မှ ငါးတစ်ကောင်ကို အလျင်စလို ထိုးသုတ်ဆင်းကုတ်ရလေသည်။

သူ ဆင်းကုတ်လိုက်သောငါးကို အတောင်ပံအားကိုးနှင့် မချီလိုက်သောအခါ သူ ထိတ်လန့်သွားသည်။ သူ ဆင်းကုတ်မိသောငါးမှာ ယခင်ကလို အသေးအမွှားလေး မဟုတ်၊ သူ့ကိုယ်ထက်ပင်ကြီးသော ငါးကြီးတစ်ကောင် ဖြစ်နေ၏။ သူ့စိတ်သည် ဓိဝဓိုး ငှက်ငယ်များ၏ အသွေးအသား၌သာ အာလယ ပြင်းပြနေသဖြင့် ငါး အကြီးအသေးကို သတိမေ့သွားခြင်း ဖြစ်၏။ ပြီး ကြက်မကြီး ဆီးခွပ်ခံထားရသော သူ့မျက်စိတစ်ဘက်မှာလည်း ညဆိုလျှင် ယခင်ကလို အမြင်မထက်မြက်ဘဲ မှုန်ဝါးနေတတ်၏။ နောက်တစ်ချက်မှာ သူ၏ ကြီးရင့်လာသော ဇရာဒုဘလအရွယ်နှင့် လရောင်ထဲမှ လှိုင်းရိပ် ရေစုန်းတို့၏ အရောင်များကြောင့် ငါးကြီးကို မှားကုတ်မိလေပြီ။

သူ ကုတ်ထားသော ငါးကြီးက ရုန်းကန်လိုက်သောအခါ သူ့ကိုယ်မှာ လှိုင်းပေါ်လဲကျသွား၏။ သတိရ၍ သူ့ခြေသည်းအစုံကို ကမန်းကတန်း

ပြန်ဖြုတ်၏။ လုံးဝဖြုတ်၍မရတော့။ ရှည်လျားသော သူ့ခြေသည်း ခြေချောင်းများသည် ပျော့ညံ့သော ငါးကြီး၏ အသားကို ပြုတ်တူနှင့်ဆွဲညှပ်ထားသလို စူးနစ်နေလေသည်။

ရေထဲတွင် သူ့ထက်အင်အားကြီးသော ငါးကြီးသည် သူ့ကို ရေထဲဆွဲနှစ်ရန် ကြိုးစား၏။ ရုတ်တရက် ခြေသည်းကို ဖြုတ်မရသောသူက ရေထဲနစ်ပါမသွားရန် အတောင်ပံနှစ်ခုကို ဖြန့်ခံထား၏။ သူ၏ ရှည်လျားကြီးမားသော အတောင်ပံနှစ်ခုကြောင့် ငါးကြီးသည် သူ့အား ရုတ်တရက် ရေထဲဆွဲနှစ်၍မရ ဖြစ်နေသည်။

သူကမူ ရေပြင်ပေါ်တွင် အတောင်ပံနှစ်ဘက်ကို တဖျောင်းဖျောင်းရိုက်ခတ်ကာ ငါးကြီးကိုယ်ပေါ် ကုတ်မိထားသော ခြေသည်းရှည်များကို ဖြုတ်ရန်သာ ကြိုးစားနေ၏။ သို့သော် ရေထဲနစ်နေသော ခြေနှစ်ချောင်းကမူ ကုန်းပေါ်လေပေါ်မှာလို အားမရှိ၊ အအေးကြောင့် ကြွက်တက်ကာ ဖြုတ်မရဖြစ်နေ၏။

သူက ရေပြင်ကို အတောင်ပံနှင့်ဖြန့်ခံ အားပြုထားသဖြင့် သူ့အားရေနက်ထဲ ဆွဲနှစ်၍မရသောအခါ ငါးကြီးသည် တိုက်ကွက်ပြောင်းပြီး ရေပေါ်ရှပ်ပြေး၏။ အတောင်ပံရှည်ကြီးနှစ်ဘက် ဖြန့်ခံထားသော သူ့အနေမှာ ငါးကြီး ရှပ်ပြေးရာနောက် မောကြီးပန်းကြီး လွင့်ပါနေရ၏။

ရေပြင်နှင့် ထိထားသော သူ့အတောင်ပံနောက်မှ ရေပန်းရေမွှားများသည် ဖွေးဖွေးလှုပ်ကာ စဉ်ကျန်ခဲ့ကြသည်။ သည်ကြားထဲ လှိုင်းခေါင်းဖြူများနှင့် ဝင်တိုးသောအခါ သူ့ တစ်ကိုယ်လုံးမှာ ရေရွှဲရွှဲနစ်သွားသည်။ ရေမွန်းသွားသော သူသည် ကြောက်ကြောက်ရွံ့ရွံ့နှင့် ငယ်သံပါအောင်အော်လိုက်၏။

သူ၏ အော်သံကြောင့် စင်ရော်ကြီးများပင် လန့်ပျံအော်ဟစ်ကြ၏။ သူ ရေပြင်ပေါ် ရှပ်တိုက်ပြေးဆွဲ ခံနေရခြင်းကို စင်ရော်ကြီးများ လာရောက်ကြည့်သွားကြသည်။ သို့သော် မျိုးမတူသော သူ့အား ဝိုင်းမကူညီကြ။

www.burmeseclassic.com


မတန်မရာ အစာငမ်းလွန်းသည်ဟုပင် ဆဲဆို မြည်တမ်းသွားကြသလား ထင်လိုက်ရ၏။

စင်ရော်ကြီးများ ပြန်သွားကြသောအခါ သူ့မှာ ပို၍ အားငယ်လာသည်။ သို့သော် သတိကိုကား တစ်ချက်ကလေးမှ အလစ်မပေးရဲ။ သူ သတိလစ်၍ အတောင်ပံနှစ်ဘက်ကို ရပ်လိုက်မိသည်နှင့် တစ်ပြိုင်နက် ငါးကြီးသည် သူ့အား အသူတစ်ရာနက်သော ရေအောက်ပင်လယ်ထဲ ဆွဲမြုပ်သွားမည်မှာ မုချပင်။

သူကသာ ဆောက်တည်ရာမရဘဲ တကစ်ကစ်အော်ဟစ်နေသော်လည်း ငါးကြီး၏ ဆွဲပြေးနှုန်းမှာကား လုံးဝ အရှိန်လျော့မသွား။ ပို၍ပင် မြန်လာ၏။ အမှန်မှာ သူ့အား ရေထဲဆွဲနှစ်၍မရသော ငါးကြီးသည်လည်း သွေးရူးသွေးတန်းနှင့် ပြေးနေခြင်းသာ။

အတောင်ပံနှစ်ဘက်ကို လေတိုးအား ရေတိုးအားတို့ကြောင့် အားအင်ကုန်ခန်းလာသည်။ တစ်ချက် တစ်ချက်တွင် အတောင်ပံနှစ်ဘက်သည် နောက်သို့လန်သွားကြ၏။ သတိနှင့် အံကြိတ်ထိန်းထားရင်းက အားပျော့လာသည်။

ရေထဲတွင် အလွန်အားသန်သော ငါးကြီးသည် သူ့အတောင်ပံနှစ်ဘက်နောက်သို့ လန်ထွက်သွားတိုင်း သူ့ကို ရေနက်ထဲဆွဲမြုပ်ရန် ကြိုးစားသည်။ ထိုသို့ ငါးကြီးက ကြိုးစားအားထုတ်လိုက်တိုင်း သူ့ကိုယ်တစ်ဝက်သည် ရေထဲ နစ် နစ် ပါသွားတတ်သည်။

ရှိသမျှခွန်အားကို အစွမ်းကုန်ညှစ်ထုတ်ကာ သူသည် အတောင်ပံနှစ်ဘက်ကို ခိုင်ခိုင်မာမာ ဖြန့်ခံထား၏။ သို့သော် အားအင်ကုန်ခန်းလာသော သူ့ အတောင်ပံနှစ်ဘက်သည် သူ့အင်နှင့်အားနှင့် ဖြန့်ခံထားသည့်ကြားထဲက နောက်သို့လန်သွားကာ အတောင်ချင်း ပူးကပ်သွားလေသည်။

www.burmeseclassic.com

သည်မှာတင် ငါးကြီးသည် သူ့အား ရေထဲသို့ စွပ်ခနဲ ဆွဲမြုပ်သွားလေ၏။ ချက်ချင်းပင် သူသည် သတိလစ်ကာ အဏ္ဏဝါသချိုင်းအောက်သို့ လိုက်ပါသွားရလေ၏။

သွေးညှိနံ့ကို နှစ်ခြိုက်၍ တိုက်ပွဲ၌သာ မွေ့လျော်ပျော်ပိုက်တတ်သော သူသည် ဤတိုက်ပွဲ၌ပင် သူရဲကောင်းတို့၏ ကျဆုံးနည်းဖြင့် ဘဝနိဂုံးချုပ်သွားရလေတော့သည်။

[ မိုးဝေ ။ ။ ဧပြီ၊ ၁၉၈၅ ]

BURMESE CLASSIC .com

www.burmeseclassic.com

# စာရေးသူ၏
# စာပေနှင့် ဘဝဖြစ်စဉ် မှတ်တမ်း

၁၉၄၀ ။မြန်မာသမားတော်ကြီး (စာတော်ဖတ်) ဦးတောက်ဖြူ ဒေါ်ချက်တောင်းမ တို့မှ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ချောင်းဝကျေးရွာတွင် ဩဂုတ်လ ၁၈ ရက်၊ တနင်္ဂနွေနေ့၌ ဖွားမြင်။ မွေးချင်း ကိုးယောက်အနက် တတိယမြောက်သား။ (ဒုတိယအုပ်စု ပထမလူ) ငယ်မည်အရင်း ဖိုးကျော့၊ မှတ်ပုံတင်အမည် မြင့်လွင်။

၁၉၄၈ ။မိမိရွာ ဘုန်းတော်ကြီးကျောင်းနေ၊ ပရိတ်ကြီး၊ လောကနီတိ၊ သင်္ဂြိုဟ်၊ သဒ္ဒါ၊ ဆန်း၊ အလင်္ကာ၊ အဘိဓာန်၊ သင်္ချာ၊ နက္ခတ်၊ ဗေဒင်၊ သံဒိဋ္ဌ တစ်ရိုးပေါက်။

၁၉၅၇ ။ရန်ကုန်ရောက်၊ ဖန်ချက်စက်၊ သံပုန်းစက်တို့တွင် အလုပ်ဝင်လုပ်၊ အလွတ်ပညာသင်ကျောင်းတက်။

၁၉၆၀ ။ပြည်သူ့ဂုံနီစက်ရုံတွင် အလုပ်သမား၊ စာကြည့်တိုက်မှူးလုပ်။

၁၉၆၅ ။အောက်တိုဘာလထုတ် မြဝတီမဂ္ဂဇင်းတွင် *ဆင်မာန်နှင့် ငှက်ညာဏ်* ဝတ္ထု အခန်းဆက်နှင့် စာပေနယ်ရောက်။

၁၉၆၈ ။*ဆင်လိုက်ခြင်း* ဝတ္ထု အလယ်တန်း မြန်မာစာ စကားပြေလက်ရွေးစင် ကျောင်းသုံး ပြဋ္ဌာန်းခံရ (၁၉၇၈ အထိ)

၁၉၇၂ ။*အောင်ပွဲသို့ချီရာဝယ်* ဖြင့် အမျိုးသားစာပေဆု ရသည်။ *မြေဆီမဲမဲ သွေးရဲရဲ* လုံးချင်းထုတ်ဝေ။

www.burmeseclassic.com

၁၉၇၃ ။*လွန်လေသောအခါ၊ ချစ်ငြိုးရစ်ချည်၊ ငြိုးမာန်လျှော့ဖြေ၊ ဝမ်းရေး ထက်ပင် ခက်ပါသည်၊ လောဘမြစ်ပင်လယ်၊ နန်းရပ် ထီးဖြူလှုယူမယ် မြင်သည်* **ထုတ်ဝေ။**

၁၉၇၄ ။*အမှောင်လမ်းက သူတို့အပြန်၊ ဆင်လုပ်သား* **ထုတ်ဝေ။**

၁၉၈၁ ။*မျှော်ရသူတို့ ဗျာပါဝေ* **ထုတ်ဝေ။**

၁၉၈၂ ။*ပြန်မပြောချင်ဘူး၊ ဟူးကောင်းတောင်ကြား* **ထုတ်ဝေ။**

၁၉၈၃ ။*အလွန်းကန္တာ တောကန္တာ၊ ဆင်မိုးလုံ၏ နောက်ဆုံးအဖြေ* **ထုတ်ဝေ။**

၁၉၈၅ ။*သမုဒယ ဤပင်လယ်၊ ဆောင်းရက်ရှည်တဲ့နွေဒေသ* **ထုတ်ဝေ။**

၁၉၈၆ **။ဘယ်လူလဲ မဂ္ဂဇင်းဝတ္ထုရှည်ကို တက္ကသိုလ်တင့်လွင်ဦး၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ နွမ်းဂျာသိုင်းတို့နှင့်။**

။*ဆင်မာန်နှင့် ငှက်ညာဏ်ကို* **ဒဂုန်ရွှေမျှား၊ မြဝဇီတို့နှင့်။**

။*ဂမ္ဘီရရွှေအိုးကြီး* **ကို သူရိန်ဆွေနှင့် တွဲ၍ထုတ်ဝေ။**

၁၉၉၀ ။*အင်တွဲပို့လျက် အရှာထွက်* **ဖြင့် စာပေဗိမာန်ဝတ္ထုရှည်စာမူဆုရသည်။**

၁၉၉၁ ။*သေရွာပြန်တို့၏ အဏ္ဏာဝါခရီး* **ဖြင့် စာပေဗိမာန်စာမူ ဝတ္ထုရှည်ဆုရသည်။**

၁၉၉၂ ။*ကမ္ဘဇိဒ္ဓိ* **ဖြင့် စာပေဗိမာန် စာမူ ဝတ္ထုတိုဆုရသည်။**

၁၉၉၃ ။*မြန်မာ့မုဆိုး* **ဖြင့် စာပေဗိမာန် စာမူ ဝတ္ထုရှည်ဆုရသည်။**

၁၉၉၉ ။*ရာဇာဌာဏ်* **ဖြင့် စာပေဗိမာန်စာမူ ဝတ္ထုရှည်ဆုရသည်။**

၂၀၀၀ ။*ပင်လယ်ကျားနှင့် အဏ္ဏာဝါမီးစုန်းများ၊ ဆင်သချိုင်းရှာပုံတော်နှင့် ရေဆင်* **ထုတ်ဝေ။**

၂၀၀၃ ။*သေရွာပြန်တို့၏ အဏ္ဏာဝါခါနီး၊ ဆင်လုပ်သား* **(ဒုကြိမ်)၊***ဆင်သေကုန်း အရှေ့မြောက်ဖျားမှ နဂါးမီးတောက်ခြင်းနှင့် မဂ္ဂဇင်းဝတ္ထုရှည်များ၊ ပုံလွှား၊ လောဘမြစ်ပင်လယ်နှင့် ဂမ္ဘီရရွှေအိုးကြီး* **ထုတ်ဝေ။**

**[မှတ်ချက်။ ။ ဂျပန်နိုင်ငံ အော်ဆာကာ တက္ကသိုလ်မှ ပါမောက္ခ တိုရိုအိုနို** *နုတ်မလိုက်သောနေ့* **ဂျပန်ဘာသာပြန်နှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဝတ္ထု အချို့ကို ဘာသာပြန် ထုတ်ဝေဖူးသည်။]**

www.burmeseclassic.com

မြန်မာ့ဝတ္ထုတိုအဖွဲ့တွင် တစ်ဘာသာခြားနေသည့်
ပထမဆုံးသော စုစည်းမှု

# မိုးကျော့

# မီးလောင်မြေနှင့် အခြားဝတ္ထုတိုများ



တောခွေးမ၊ အောက်ချင်းငှက်၊ လင်းတ၊ ကတိုး၊
ဇီဝဇိုး၊ လင်းနို့၊ ဥဩ၊ ခွေးအ၊ ဒီပိုး၊ သင်းခွေချပ်
လိပ်၊ ဝင်ကစွပ်၊ ခွေး၊ ငွန်ရဲ စသည့် တိရစ္ဆာန်တို့၏
စိတ်ဝင်စားဖွယ် ဓလေ့ သဘာဝ အလေ့အထများကို
သည်းထိတ်ရင်ဖို ရသပေး ရေးဖွဲ့ထားသည့်
ဝတ္ထုတိုများ